
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မိန်းမလှကျွန်းက....လွမ်းအောင်ဖန်

မင်းဘုန်းထီး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေး အတွက် နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၂၆၀၄၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၂၄၀၆၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၇ ခုနှစ် အောက်တိုဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| | | |
|---|---|---|
| အခန်း(၁) | သုံးမည်ရ နှန်းဝေ | ၅ |
| အခန်း(၂) | ကြောပြသနာ | ၁၅ |
| အခန်း(၃) | ဘုန်းရှင်ကံရှင် ပါရမီရှင်များ | ၃၃ |
| အခန်း(၄) | ဘဝဟောင်းက ချစ်တဲ့သူ | ၄၅ |
| အခန်း(၅) | ပြန်ရမယ့်မည် ဌာနေဆီ | ၅၄ |
| အခန်း(၆) | အငိုပ်ပွဲချစ်သူ | ၅၉ |
| အခန်း(၇) | မြို့ပ်စိမ်းစွေဦးမှာ ဆုတ်ရူးပန်ချွယ် | ၈၄ |
| အခန်း(၈) | အချင်နဲ့ဘော့ မတွေ့ပါလေ | ၉၉ |
| အခန်း(၉) | ချိန်းတဲ့ရက်မှာ သူ မလာ | ၁၀၆ |
| အခန်း(၁၀) | ဝိဇ္ဇာရှင်းပေ | ၁၃၄ |
| အခန်း(၁၁) | ယတြာ | ၁၄၃ |
| အခန်း(၁၂) | ကိုယ်ပြင်ကိုယ်ခံ | ၁၅၉ |
| အခန်း(၁၃) | မီးမြင့်မှိုင်းပွဲ ထူးယှဉ်ပွဲ | ၁၇၁ |
| အခန်း(၁၄) | ဥမ္မာဒန္တီရှင် ကြာဖြူကာန် | ၁၈၁ |
| အခန်း(၁၅) | မေတ္တာရှိရင်နွဲ့မို့ လွဲနိုင်ပါဘူး မောင်ရယ် | ၂၀၆ |
| အခန်း(၁၆) | ရှေ့မှာသွား ပါးလည်းမဟုတ် | ၂၁၇ |

## အခန်း(၁)
## သုံးမည်ရ နှန်းဝေ

ခင်းကို ယာသံဆင်းမည် . . .
ဆင်းရင် လေးနဲ့ခွင်းမည် . . .
ထိုမှဆိုးကို ထိုးရွှီးရိုက်မည် . . .
ထီးရိုးကို မိုးကြိုးပစ်မတဲ့ . . . စာရှိပါသည်။
ထောင့်သုံးရာတစ်ခုတာစ၍ ရတနာဆိုတာ လိုရာရနိုင်ပြီ. . .

"ကြောက်ပါပြီခင်ဗျ၊ နောက်ဆို သားသား ကျောင်းမှန်မှန် တက်ပါတော့မယ်ခင်ဗျ၊ ကျုတိုရိုရယ်တွေလည်း မှန်မှန်ဖြူပါတော့

www.burmeseclassic.com

www.burmeseclassic.com


မယ်ခင်ဗျ။ 'အိမ်ကပို့လိုက်တဲ့ ကျောင်းလခတွေကိုလည်း ဖဲရိုက်မပစ်ပါတော့ဘူးခင်ဗျ။ ကိုကျော်ဝင်းကြီး ဘီယာသောက်ဖို့ခေါ်ရင်လည်း လိုက်မသွားတော့ပါဘူး ခင်ဗျ။ မဆိုပါနဲ့တော့ခင်ဗျ"

ရန်ကုန်တက္ကသိုလ် ပင်းယဆောင် အပေါ်ဆုံးထပ်ရှိ ကျောင်းသားများ ရေချိုးခန်းတစ်ခန်းထဲမှ ကျောင်းသားတစ်ဦး၏ စကြာသိုက် သီချင်းတစ်ပိုဒ်ကိုဆိုလိုက်သံ အဆုံးတွင် တစ်ခန်းကျော် ရေချိုးခန်းထဲမှနေ၍ အခြားကျောင်းသားတစ်ဦး၏ ယခုကဲ့သို့ ငယ်သံပါအောင် အော်ဟစ်တောင်းပန်သံကြောင့် အနီးရှိ ရေချိုးခန်းများထဲမှ ရေချိုးနေကြသော ကျောင်းသားများနှင့် ရေချိုးခန်း လူလွတ်ချိန်ကို အပြင်မှစောင့်နေကြသော ကျောင်းသားများက တဝါးဝါးတဟားဟားနှင့် ရယ်မောလိုက်ကြပါသည်၊

မင်းဆင်ဖြူရှင် ××× အင်းဝပြည် ထီးနန်းစိုက်ခဲ့သည် ××× မကြာမီ ဟံသာဝတီပြည့်ရှင်မင်းက ××× ထောင့်ဘစ်ရာဆယ့်သုံးခုမည် စစ်သည်တော်ဗိုလ်များနဲ့အတူ ××× တိုက်ခိုက်သို့အောင်သည် ××× အင်းကို ဟသ်ာဆင်းမယ်လို့ အာဓိဋ္ဌာန်ပါနဲ့ စာသကာ ခင်မောင်ရင်ဆိုသည်၊

ဆိုသူကလည်း မလျှော့၊ အောင်မြင်သော သူ့အသံဝါကြီးဖြင့် သီချင်းကို ဆက်၍ သီဆိုလိုက်ပါသည်။

သူ့အသံ သူ့ဆိုဟန်နှင့် သူဆိုသည့် သီချင်းကို ကြိုက်နှစ်သက်သူ ကျောင်း သားများကလည်း . . .



"ဘာရာဗို"

"ဝမ့်(စ်)မိုး"

စသည်ဖြင့် တောင်းချီးကြဘာပေးကာ နောက်တစ်ခေါက် တစ်ကျော့သီဆိုပါရန် လက်ခုပ်လက်ဝါးတီးရင်း တောင်းဆိုလိုက်ကြပြန်ပါသည်၊

သူတို့ပင်းယဆောင်တွင်သာမက သူနှင့် ရင်းနှီးခင်မင်သူများက သူ့ကို ဂန္ဓဝင် နန်းဝေဟုလည်းကောင်း၊ ဘိုးတော် နန်းဝေဟုလည်းကောင်း နောက်ပြောင် ခေါ်ဝေါ်တတ်ကြပါသည်၊

ပထမဦးစွာ ဂန္ဓဝင် နန်းဝေဟု ခေါ်ဆိုရသည့်အကြောင်းကို ရှင်းပြရန် လိုအပ်မည်ထင်ပါသည်၊

သူ့နာမည်အရင်းက နန်းဝေ၊ ဇာတိက ရောဝတီတိုင်း၊ ဘိုကလေးမြို့နယ်ထဲက သမိန်ထောကျေးရွာကြီးမှ ဖြစ်ပါသည်၊

သူ့အရပ်က ငါးပေ ဆယ်လက္မခန့်မို့ မြန်မာထဲမှာတော့ ထောင်မောင်းသည်ဟု ဆိုရမည်ဖြစ်ပါသည်၊ ယင်း ထောင်မောင်းသည့် အရပ်နှင့် လိုက်ဖက်စွာ ကျယ်ပြန့် သောရင်အုပ်၊ မလိုအပ်သည့် အဆီပိုများ မရှိသည့် အချိုးအစားကျနသည့် ခန္ဓာကိုယ် ကြံ့ခိုင်မှုနှင့် ချောမောပြေပြစ်သည့် မျက်နှာကိုလည်း ပိုင်ဆိုင်ထားသည်မို့ ယောကျ်ားချင်းပင် နှစ်လိုအားကျစွာ ကြည့်ရှုရသည့် လူချောလူလှတစ်ဦး ဖြစ်ပါသည်၊

သို့သော် . . .

နန်းဝေက သူ့ခေတ် သူ့အခါလိုက် ပေါက်ပေါက်နေသည်


www.burmeseclassic.com

www.burmeseclassic.com

ဒက်ကရွန်၊ တက် ထရွန်၊ ပိုလီအက်စတာ စသည့် ဖျင်များကို မဝတ်ဆင်ဘဲ အနားပြာ ပေါ်ပလင်သားလို လည်တစ်ဝိုင်းချုပ်ထားသော အင်္ကျီလက်ရှည်နှင့် မုံရွာထွက် ဖျစ်ကားတံဆိပ် ပလေကတ်လုံချည်ကို သာလျှင် စွဲစွဲမြဲမြဲဝတ်ဆင်လေ့ ရှိပါသည်။

ကျောင်းတက်လျှင်၊ အငြင်ထွက်လျှင် ပင်နီတိုက်ပုံကို ဝတ်ဆင်တတ်သလို ချမ်းအေးသည့်ကာလများမှာတော့ ဘလေဇာကုတ်အင်္ကျီ နက်ပြာနှင့် သူတို့တောရပ် တောရွာအခေါ် မဟာဖလာခေါ် သက္ကလပ်မာဖလာ အပြာရောင်အကွက်ကို လည်ပင်းတွင် တစ်ပတ်ရစ်ပတ်ကာ ဝတ်ဆင်လေ့ရှိပါသည်။

သူ့အဆင်အပြင်က ခေတ်ဟောင်းရုပ်ရှင် ဗိုလ်အောင်ဒင် ဇာတ်ကားထဲမှ မင်းသားခင်မောင်ရင် ဝတ်ဆင်သည်နှင့် တူနေသည့် အတွက် တစ်ခါတစ်ရံ သူ့ကွယ်ရာတွင် ဗိုလ်အောင်ဒင်ဟုလည်း နောက်ပြောင်ခေါ်ဝေါ်ကြပါသည်၊

အဝတ်အစား အဆင်အပြင်တင်လားဆို မဟုတ်သေးပါ၊ ယခုလိုမျိုး သီချင်းဆိုပါလျှင်လည်း ထိုအချိန်က ခေတ်ပေါ် တစ်နည်းအားဖြင့် ကာလပေါ် သီချင်းများကို လုံးဝမဆိုဘဲ ရတနာပုံ မောင်စု၏ တခ်ရွာသား၊ ဥဩဘသောင်၏ ဘုံဓမ္မတာ မင်းကုသ၊ တက္ကသိုလ်ဒေသြန်၏ ရွှေစံပယ်ရုံ၊ ပြည်လှဖေ၏ ကဥ္စန၊ ပပဝင်း၊ ဂုဏ်မြင့်သူ၊ စောင်း ဦးဘသန်း၏ ပွဲကြိုက်မယ်၊ ခင်မောင်ရင်၏ ဘိုးဘိုးအောင်၊ နဝင်းနီ၊ တောသားကြီး ဆိပ်ကမ်းသာ စသည့်သီချင်းများနှင့် မောင်တင်မောင်၏ ဘုန်းမောင့် သက်လယ်၊ ဘရဏီ၊ သုံးပန်လှ စသည့် ဂန္ထဝင်သီချင်းကောင်းများကိုသာ





ရွေးချယ်၍ သီဆိုတတ်သဖြင့် အပေါင်းအသင်းများက သူ့ကို ဂန္ထဝင်နန်းဝေဟု ခေါ်ဝေါ်ခဲ့ကြပါသည်၊

ဆက်လက်၍ သိုးတော် နန်းဝေဟု ခေါ်ဝေါ်သမုတ်ရခြင်း အကြောင်းကိုလည်း ရှင်းပြရပါလိမ့်မည်။

နန်းဝေက ည ည အိပ်ရာဝင်ခါနီးပြီဆိုပါလျှင် ဘုရားကို အကြာကြီးရှိုး ဝတ်ပြုတတ်သလို ဂုဏ်တော်ပုတီးကို အနည်းဆုံး ကိုးပတ် စိပ်ပြီးကာမှ အိပ်ရာသို့ ဝင်တတ်ပါသည်။

အခြားကျောင်းသား အများစုကဲ့သို့ အချိန်ကျလျှင် လက်ဖက်ရည်ဆိုင်ထိုင်တာတို့၊ တက္ကသိုလ်ကျောင်းသူ အချောအလှလေးများကို ချက်စိအရသာခံရင်း အင်းလျားကန်ပေါင်ရိုးတွင် ဟန်ရေးပြတာတို့၊ ရုပ်ရှင်ကြည့်တာတို့၊ ချောင်ကောင်းကောင်းတွင် ဖဲရိုက်တာတို့ မလုပ်ဘဲ. . .

သထုံလမ်းက တက္ကသိုလ်အလေးမရုံတွင် ကိုယ်ကာယ လေ့ကျင့်ခန်းများ သွားရောက်လေ့ကျင့်ခြင်း သို့တည်းမဟုတ် အခန်းအောင်း၍ ဂုဏ်တော်ပုတီးစိပ်ခြင်း စသည့်အလုပ်များကိုသာ လုပ်လေ့ရှိပါသည်၊

နောက်ထပ်မှာ သူ မှန်မှန်လုပ်လေ့လုပ်ထရှိသည့် အလုပ်တစ်ခု ရှိပါသေးသည်။ ယင်းအလုပ်မှာ တနင်္ဂနွေနေ့ နံနက်တိုင်း ရွှေတိဂုံဘုရားသို့ သွားရောက်ကာ ဘုရားဖူးခြင်း။ ဝန်းရေချမ်း ဆိမ်း ကပ်လှူခြင်းနှင့် အဓိဋ္ဌာန်ပုတီးစိပ်ခြင်းပင် ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

အဓိဋ္ဌာန်ပုတီးစိပ်ရာတွင်လည်း တစ်နေရာထည်းတွင် စိပ်သည်မဟုတ်ပါ. . .

၁။ အရှေ့ဘက်ခုခ် အာရုံခံတန်ဆောင်းအတွင်းမှ ကကုသန် ဘုရားရှေ့

၂။ တောင်ဘက်အာရုံခံ တန်ဆောင်းအတွင်းမှ ကောဏာ ဂုံဘုရားရှေ့

၃။ အနောက်ဘက်မုခ် အာရုံခံတန်ဆောင်းအတွင်းမှာ ကဿပ ဘုရားရှေ့

၄။ မြောက်ဘက်မုခ် အာရုံခံတန်ဆောင်းအတွင်းမှ ဂေါတမ ဘုရားရှေ့

၅။ တနင်္ဂနွေထောင့်

၆။ အင်္ဂါထောင့်

၇။ စနေထောင့်

၈။ ရာဟုထောင့်

၉။ ရွှေတိဂုံဘုရား အထက်ပစ္စယံရှိ ထစ်ဝရ ပတ္တမြားမျက်ရှင် ဘုရားရှေ့ စသည့် ကိုးနေရာကိုးဌာနတွင် တစ်နေရာတွင် ဂုဏ်တော် ပုတီးကိုးပတ်ကျ လှည့်လည်၍ စိပ်လေ့ရှိပါသည်။

ပထမတော့ သူ့အပြုအနေကို သူငယ်ချင်းများက သတိမထားမိပါ။ တစ်နေ့တွင် တစ်နယ်တည်းသား သူငယ်ချင်းများဖြစ်ကြသည့် မြင့်သိန်းနှင့် စိုးကြည်တို့က သူတို့ဝါ ရွှေတိဂုံဘုရားသို့ ဘုရားဖူးအတူ





လိုက်ချင်ပါသည်ဆို၍ ခေါ်သွားရာမှ သတိထားမိခြင်းဖြစ်ပါသည်။

ထိုနေ့က ရွှေတိဂုံဘုရား ရင်ပြင်ပေါ်သို့အရောက်တွင် နန်းဝေက သူ ဘုရားဝတ်ပြုဦးမည်၊ ပြီးလျှင် ပုတီးစိပ်မည်ဟု မြင့်သိန်းနှင့် စိုးကြည်တို့ အသိပေးခဲ့ပါသည်။ သူတို့ကလည်း ပေါ့ပေါ့တန်တန်ပင် ဟိုနားဒီနား လျှောက်သွားဦးမည်၊ ခဏနေလျှင် ဤနေရာသို့ ပြန်လာခဲ့မည်ဟု ပြောကာ ထွက်သွားခဲ့ပါသည်။

နာရီဝက်ခန့်ကြာသွားပြီးနောက် နန်းဝေရှိရာ အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းသို့ မြင့်သိန်းနှင့် စိုးကြည်တို့ ပြန်လည်ရောက်ရှိ၍ လာကြပါသည်။

နန်းဝေတစ်ယောက်ကတော့ ပုတီးစိပ်နေတုန်းပင်။

"ဟေ့ကောင် မြင့်သိန်း မြင့်သိန်း၊ ဟိုမှာကြည့်စမ်း မင်းကောင် ကြမ်းပြင်ကနေ အပေါ်သို့ တစ်လက်မလောက် မြင့်တက်နေပြီ ထင်တယ်"

"ဟင် . . . ဟင် ဟုတ်လား၊ ဘယ်မှာလဲ. . . ဘယ်မှာလဲ"

ဘုရားဖူးလာ ကောင်မလေးများကို တမေ့တမော လိုက်ကြည့်နေသော မြင့်သိန်းက စိုးကြည်၏စကားကြောင့် နန်းဝေရှိရာသို့ ကမန်းကတန်း လှမ်း၍ကြည့်လိုက်ပါသည်။

"ဟာကွာ. . . မင်းကလည်း ဘယ်မှာဟုတ်လို့လဲ"

"အဟတ်. . . ဟတ်. . . ဟား ဟား ဟား"

နန်းဝေက ကြမ်းခင်း ဖယောင်းပုဆိုးသားပေါ်တွင် တင်ပလ္လင်ခွေ ထိုင်ကာ ပုတီးစိပ်နေတုန်းပင်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့မိတ်ထဲမှာ ဒီတောင် သိဒ္ဓိတွေမြောက် ထွက်ရပ်ပေါက်ပြီး ကောင်းကင်ပေါ် ပျံနဲ့များ ကြွသွားမလားလို့ စဉ်းစားပြီး ကြည့်နေရင်း တကယ်ပဲ ကြမ်းပြင်ပေါ်ကနေ လေထဲကို ကြွတက်သွားသလားလို့ ထင်သွား လို့ပါကွ"

"အဟတ်. . . ဟင်း. . . ဟား. . . ဟား. . . ဟား"

"ဟော့ကောင် စိုးကြည်. . . တိုးတိုးရယ်ပါကွ ဟိုမှာ ဘုရားရှိခိုး နေတဲ့လူတွေ ပုတီးစိပ်နေတဲ့လူတွေကို အားနာစရာ"

"ခွိး. . . ခွိး"

စိုးကြည်က သူ့ပါးစပ်ကိုသူ လက်နှင့်အုပ်၍ ရယ်သောခြင်း အလုပ်ကို အတင်းပင် ဘရိတ်အုပ်လိုက်ရပါသည်။

ခဏအကြာတွင် စောစောက ပုတီးစိပ်နေသော နန်းစေ တစ်ယောက် ပုတီးစိပ်ပြီးသွားဟန်ဖြင့် ဘုရားကို ဦးသုံးကြိမ်ချလိုက် သည်ကို မြင်တွေ့လိုက်ရပါသည်၊

"တဲ. . . ဘယ်လိုလဲ ဘိုးတော်နန်းစေ မင်းကိစ္စပြီးပြီလား၊ ပြီးရင် ပြန်ကြရအောင်"

"ဘယ်ပြီးဦးမှာလည်းကွ၊ ခုမှ ပုတီးတိုးပတ်ပဲ စိပ်ရသေးတယ်"

"ဟော့. . . မင်းက ဘယ်နှပတ်စိပ်မှာတဲ့လဲ"

"ရှစ်ဆယ့်တစ်ပတ်"

"မြတ်စွာဘုရား"

"ဟုတ်တယ်. . . ငါက ပုတီးစိပ်ရင် ဒိဗ္ဗေတိဂုံဘုန်းတော်ပေါ်က ကိုးနေရာ ကိုးဌာနမှာ တစ်နေရာကို ပုတီးကိုးပတ်ပြည့်အောင် လှည့်ပြီး





စိပ်တယ်ကွ"

"လောကီပညာ ထွက်ရပ်လမ်းကို လိုက်စားတဲ့လူတွေ၊ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေ အားလုံး အဲဒီကိုးဌာနမှာ အဓိဋ္ဌာန်ပုတီးစိပ်တာတို့ တရားထိုင် တရားရှုမှတ်တာကို လုပ်လေ့ရှိတယ်ကွ၊ မန်လည် ဆရာတော်ဘုရားကြီးလို ထင်ရှားကျော်ကြားတဲ့ ဆရာတော်ဘုရားကြီး တွေလည်း အဲဒီကိုးရပ်ကိုးဌာနကို လှည့်ပြီး ဘုရားကို ပူဇော်ကြတယ်ကွ"

"ဒါဆိုရင် မင်းကတော့ ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့လို ဘယ်တော့ ထွက်ရပ်ပေါက်မှာလဲ၊ မင်းပေါက်မြောက်သွားရင် ငါတို့ နှစ်ယောက်ကိုလည်း စောင့်ရှောက်ပါသူငယ်ချင်းရာ"

"သိပ်ပြီးလောဘမကြီးပါဘူး၊ ပိုကာဝေါင်းရင် ဂျိုကာနှစ်ကောင် အမြဲပါအောင် စောင့်ရှောက်ပါဘွာ နော်. . . နော်"

"သွားစမ်းပါကွာ. . . ပေါက်တတ်ကရတွေ"

"ဒါနဲ့ . . . မင်း တို့နဲ့အတူ မပြန်ဘူးပေါ့"

"ဟင့်အင်း . . . ငါ ပုတီးဆက်ပြီးစိပ်ရဦးမယ်"

"ဟော့ကောင် . . . ရှင့်သိန်း ဘယ်လိုလဲ ဘိုးတော်ပြီးတဲ့အထိ နေမှာလား၊ ပြန်မှာလား"

"အာ . . . အဲဒီလောက်ကြီးတော့ ဘယ်သူနေနိုင်မှာလဲကွ၊ သူ ပုတီးစိပ်လို့ ပြီးတဲ့အထိဆိုရင် နေ့လယ် ဆယ့်နှစ်နာရီထိုးသွားမှာကွ တော်ကြာ အဆောင်က ထမင်းလွတ်သွားလို့ အပြင်မှာ ဝယ်စားနေ ရဦးမယ်"

"ဟုတ်တယ်၊ လတုန်းခါနီးဆိုတော့ ပိုက်ဆံလည်းပြတ်နေပြီ၊



www.burmeseclassic.com

www.burmeseclassic.com

အကောင်း ဆုံးတစေ့ာ ဒီကောင့်ကို ထားခဲ့ပြီး တို့နှစ်ယောက် ပြန်ကြမယ် ဘယ်နှဲ့လဲ"

"ဒါတော့ ခင်းတို့သဘောပဲလေ ခု မင်းတို့နှစ်ယောက် ဘုရားကို ဘာရည်ရွယ်ချက်နဲ့ လာကြတာလဲ"

"ဘာရည်ရွယ်ချက်မှ မရှိဘူး၊ မင်းနဲ့ အဖော်လိုက်မယ်၊ ဘုရားဖူးမယ်၊ ပြီးတော့ ဘုရားကိုလာတဲ့ ကောင်မလေးတွေထဲက ချောချောလှလှ လေးတွေကို လိုက်ရှာပြီး မျက်စိတိုအာစာကျွေးမယ်၊ ဒါပဲပေါ့"

"အေး ... အဲဒါဆို ရင်လည်း စောစောစီးစီးပြန်ကြတာ အကောင်းဆုံးပဲပေါ့ ကွာ၊ ငါလည်း ဆက်ပြီးအလုပ်လုပ်လိုက်ဦးမယ်"

"ဟေ့ကောင် ... နန်းဝေ"

"ဟင်"

"မင်း ရွှေတိဂုံဘုရားတနေ့ အဆောင်ကို ပြန်ရင် ဘာနဲ့ပြန်လာမှာလဲ"

"ဘတ်(စ်)ကားစီးပြီး ပြန်လာမှာပေါ့ကွ၊ ဘာဖြစ်လို့လဲ

"သိပါဘူးကွာ ... ပွဲထဲက ငရိုက္ကရားခင်းသားလို ပြဒါးရှင်လုံးကို ငုံပြီး ကောင်းကင်ကများ ပျံလာမလားလို့ပါ ဘိုးတော်ရာ ဟဲ ... ဟဲ"

ထိုနေ့ကစ၍ မြင့်သိန်းနှင့် စိုးကြည်တို့နှစ်ယောက် ကောင်းမှုဖြင့် ဂန္ထဝင် နန်းဝေ အပြင် ဘိုးတော် နန်းဝေဆိုသည့် နာမည်တစ်လုံးပါ တိုး၍သွားခဲ့ပါသည်။

. ✿ ✿ ✿



## အခန်း (၂)
## စကြာပြဿနာ

××× ရတနာပုံ ××× နေ့တက်ဆုံးပေးရသည် ×××
ရှင်းမုဆိုးဆက်ကို ထီးရိုးရိုက်ခဲ့သည် ×××
ဘုရားပါတော်မူသည် ××× ဇာတာမေးလို့ဆွေးရသည်
အလောင်းတော်လည်း လာချိန်နီး ××× ထီးကနက်စည် ×××

"ဟေ့ကောင် နန်းဝေ"

"ဘာလဲကွ"

"ညနေတုန်းကလည်း ရေချိုးနေရင်းနဲ့ မင်း အဲဒီသီချင်းကို


www.burmeseclassic.com

www.burmeseclassic.com


ဆိုတယ်၊ ခုလည်း အဲဒီသီချင်းကိုပဲ ထင်ဆိုနေတယ်"

"အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ဂန္ထဝင် နန်းဝေရ၊ ခုလိုအချိန်မျိုးမှာ ခင်းရဲ့ အဲဒီသီချင်းကြီး အစား ... တိုလေကွာ"

"ယုဂန်ဆွေခွန်း ငွေဝန်းသိတဂူ တိမ်ယံကြားက အလှပြကာပြု ဆိုတဲ့ သီချင်းမျိုး၊ ဒါမှမဟုတ် သဉ္စာလိ ... အိပ်ရာခန်းက ... စိတ်ကမှန်းလို့ တမ်းတမိတယ် ... မောင့်ရွှေရှင် ... ဘဝင်ထဲမှာ စွဲတယ် ... အသားတော် ကဥ္စန ခင်ခင်ပျိုအလှရယ် ဆိုတဲ့ မင်းကြိုက်တဲ့ ခေတ်ဟောင်းဂန္ထဝင်သီချင်းတွေကို ဆိုပါတော့လားလို့"

"ခုတော့ တစ်ချိန်လုံး အင်းကို ယာသာဆင်းမည်၊ ဆင်းရပ်လေးနဲ့ခွင်းမည် ဆိုတဲ့ သီချင်းကိုချည်း ဆိုနေတော့ဘာပဲ၊ ငါသာ မင်းလိုအသံကောင်းရင် ခုအချိန်မှာ သိရိဆောင်အရှေ့တိုသွားပြီး တယောလေးနဲ့"

"×××ဆွတ်ချူရန် ××× ခတ်ပါရဲ့ ×××မျှတ်ပါနဲ့သက်လယ် ××× အံ့ပုန်းမောင့်မျက်နှာငယ်မှာ ×××ကွတ်မလယ်နိုင်ဘဲတို့

×××မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား ×××ရွှေစံပယ်ဖြူ ပန်ချင်သူ တွေများတို့ ဘာတို့ ဆိုတဲ့သီချင်းတွေနဲ့ သွားပြီး ကြူပါ တယ်ကွာ"

ည ကိုးနာရီခန့်အထိ စာကျက်အပြီးတွင် နန်းဝေ၊ စိုးကြည်နှင့် မြင့်သိန်းတို့သုံးယောက် အဆောင်မှထွက်ကာ ဦးချစ်ဆိုင်သို့သွားရောက်ပြီး ဆက်လက်၍ စာကြည့်နိုင်အောင် လက်ဖက်ရည် သောက်ခဲ့ကြပါသည်။



ဦးချစ်ဆိုင်မှ ပြန်ချိန်မှာတော့ ညဆယ်နာရီခန့်ပင် ရှိနေပါပြီ။ စိန်ပန်းပင်များ၊ ကံ့ကော်ပင်များနှင့် ရေတမာပင်များ၏အရိပ်ကြောင့် သူတို့ဖြတ်သန်းလာသည့် ဒဂုံဆောင်ရှေ့ကလမ်းသည် ခေတ်မီးတိုင်မှ မီးသီးများ၏ အလင်းရောင်ပင် တိုး၍မပေါက်ဘဲ အမှောင်ရိပ်များကသာ ကြီးစိုး၍နေပါသည်။

တော်သလင်းလဆန်း ဆယ့်လေးရက်မို့ ကောင်းကင်တွင် လမင်းကြီးက ပြည့်လုပြည့်ခင်ထိအောင် သာ၍နေပါသည်။

သို့ပါသော်လည်း မကန်းကွက်ဆင်တိမ်ညိုအုပ်များက တစ်သုတ်ပြီးတစ်သုတ် ရိပ်ခနဲ ရိပ်ခနဲ ဖုံးအုပ်ကျော်ဖြတ်၍ သွားနေသည့် အတွက် လင်းလိုက် မှောင်လိုက်ဖြင့် ဆလိုက်မီးထိုးနေသလို ဖြစ်၍ နေပါသည်။

သုံးယောက်သား ရင်ဘောင်တန်း၍ လျှောက်အလာတွင် နန်းဝေက စကြာသိုက် သီချင်းတစ်ပုဒ်ကို သူတစ်ကိုယ်စာကြားရုံလေး သီဆိုလိုက်သည်ကို မြင့်သိန်းက ကြားသွားပြီး ပြဿနာလုပ်နေခြင်း ဖြစ်ပါသည်။

"ဟုတ်သားပဲ ... မြင့်သိန်းပြောလည်း ပြောစရာပဲ၊ မင်းက တယောလည်း ထိုးတတ်တယ်၊ မယ်ဒလင်လည်း ကောင်းကောင်းတီးတတ်တယ် သီချင်းဆိုတာလည်း ကောင်းကကောင်းပါဘိသနဲ့ ခုလိုမျိုး လေညင်းကလေးတလည်း တသုန်သုန်တိုက်ခတ်နေတဲ့အချိန်မျိုးမှာ အလွမ်းသီချင်း၊ အချစ်သီချင်းလေးတွေ ဆိုမှ သဘာဝတရားကြီးနဲ့ ပိုပြီး ဟာမိုနီဖြစ်တော့မှာပေါ့ နန်းဝေရ"



www.burmeseclassic.com

www.burmeseclassic.com

သူတို့သုံးယောက်သား အစိပထိလမ်းမကြီးကို ဖြတ်ကျော်ကာ အဆောင် ရှေ့သို့ပင်ရောက်လာကြပါသည်။

"ဟော့တောင် နန်းဝေ ငါ အဆောင်တိုပြန်ပြီး တယောဖြစ်ဖြစ် မယ်ဒလင် ဖြစ်ဖြစ် ပြန်ယူမယ်၊ မင်းတို့နှစ်ယောက် ဒီကစောင့်နေ၊ ပြီးရင် ရတနာဆောင်ရှေ့ကို သွားပြီး သီချင်းဆိုကြမယ်၊ ဘယ်နဲ့လဲ"

"နေစမ်းပါ စိုးကြည်ရာ၊ တို့မှာ မိုးသားတွေတက်လာနေပြီ တော်ကြာနေ မိုးရွာချမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

နန်းဝေ ပြောသလိုပင် စောစောတုန်းက ခပ်ပါးပါး တိမ်အစု အအုပ်များနေရာတွင် တိမ်ခဲညိုညို အုပ်ကြီးများက ထရိပ်ရိပ်တလိပ်လိပ် နှင့် စုဝေးရောက်ရှိ၍ လာပါသည်။

"ကဲ . . . ဒါဆိုရင် တို့အဆောင်ဂိတ်ဝမှာပဲ ခဏထိုင်ပြီး စကား ပြောကြတာပေါ့၊ မိုးရွာတော့လည်း အဆောင်ထဲကို ပြေးဝင်ကြရုံပေါ့ကွာ"

ဒီလိုနှင့် နန်းဝေတို့သုံးယောက် မင်းသာဆောင်အဝင်ပေါက် ဂိတ်ဝက အုတ်ခုံကြီးပေါ်တွင် ထိုင်လိုက်ကြပါသည်။

ဝင်းခနဲ . . . လက်ခနဲ လျှပ်စီးတွေက လင်းလက်၍လာပါ သည်။ လျှပ်စီးရောင်နှင့် မရေးမနှောင်းမှာပင် တဂျိန်းဂျိန်းနှင့် မိုးခြိမ်းသံ ကလည်း ထွက်ပေါ်၍လာပြန်ပါသည်။

"စကြာမင်းလေးကို ခရုဗျာဖျောက်ဖျက် တွပ်မှုက်လိုက်တဲ့အချိန် မှာ အဲဒီလိုပဲ လျှပ်စီးတွေလက်ပြီး မိုးကြိုးတွေ ပစ်ခဲ့တယ်တွ"

"အင်"

"အဓိ"





ရုတ်တရက်ပြောလိုက်သော နန်းဝေ၏စကားကြောင့် စိုးကြည် ရော မြင့်သိန်းပါ အာမေဋိတ်သံကိုယ်စီ ထွက်၍သွားကြပါသည်။

မိုးခြိမ်းသံကြောင့် ထင်ပါသည်။ သစ်ပင်ကြီးများပေါ်တွင် အိပ်တန်းတက်နေ ကြသော ကျီးငှက်များက တအအနှင့် အလန့်တကြား ထ၍အော်က ရုတ်ရုတ်ရက်ရက်နှင့် ပျံသန်းကုန်ကြပါသည်။

"မင်းတို့ . . . အတိတ်နိမိတ် တဘောင် စနည်း စတဲ့ စကားတွေအပေါ် ဘယ်လိုမြင်လဲဟင်၊ ဥပမာကွာ . . . အိမ်မြှောင်စုတ် ထိုးတာ၊ အိမ်မှာပျားစွဲတာ၊ ငှက်ဆိုးထိုးတာ၊ မျက်ခုံးလှုပ်တာ၊ နှုတ်ခမ်း လှုပ်တာ စတဲ့တိစ္ဆမျိုးတွေနဲ့ ပတ်သက်လို့ပေါ့"

"ဒါကတော့ နန်းဝေရာ အရှေ့တိုင်းမှာပဲဖြစ်ဖြစ်၊ အနောက် တိုင်းမှာပဲဖြစ်ဖြစ် လူမျိုးတိုင်းမှာ မိရိုးဖလာယုံကြည်မှု အယူအဆ အစွဲအလမ်းလေးတွေ အနည်းနဲ့အများ ရှိကြတာပဲ၊ ဥပမာ အနောက်တိုင်း က လူတွေဟာ ၁၃ ဂဏန်းကို ကြောက်ကြတယ်။ အမင်္ဂလာ ဂဏန်း တစ်ခုအနေနဲ့ ယူဆကြတယ်။ အဲဒါကို တို့အရှေ့တိုင်းကလူတွေကပါ ရှုံးကြောင်မှုးကြောင်နဲ့ ၁၃ ဂဏန်းဆိုရင် ဒုက္ခတစ်ခုခုနဲ့ တွေ့တော့မယ့် အတိုင်း ကြောက်လန့်လာကြတယ်"

"အဲဒီလိုသာဆိုရင် ၁၃ ရက်နေ့ရောက်တာနဲ့ အကုန်လုံး သေကြေပျက်စီးကြရတော့မှာလား၊ လူ့ဘဝစ်ယောက်ဟာ မွေးဖွားလာ ပြီးတဲ့နောက် အသက် ၁၃ ရက်၁၃လ ၁၃ နှစ်ရောက်တာနဲ့ ဒုက္ခရောက် ရကာတဲ့လား၊ တို့ဆီမှာတော့ ကားဝယ်စီးရင် ကားနံပါတ်တွေကိုပေါင်းလို့ ၁၃ ရမယ်ဆိုရင် အဲဒီကားက ရောင်းမထွက်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"အဟင်း . . . တင်း အဲဒီ ၁၃ နံပါတ်ရတဲ့ကားတို ငါ့ကို အလကားပေးပါလား၊ အိမ်နံပါတ် ၁၃ ခြံနံပါတ် ၁၃၊ အခန်းနံပါတ် ၁၃ တွေကို မနေရဲရင် ငါ့ကိုအလကားပေးပါလား"

"ဟုတ်တယ် နှန်းဝေရ ဒီကောင် စိုးကြည်ပြောတာ မှန်တယ်၊ ငါတို့မြို့မှာ တော်တော်ချမ်းသာတဲ့ ဦးဘစိန်ဆိုတဲ့ သူဌေးတစ်ယောက်ရှိတယ်၊ တို့နဲ့လည်း ဆွေမကင်းမျိုးမကင်း ဆိုပါတော့ တစ်ခါတော့ သူတို့ တိုက်ရဲ့ အောက်ထပ် ထမင်းစား ခန်းထောင့်မှာ ခြအိမ်တစ်အိမ် ပေါ်လာတယ်လေ။ အမှန်တော့ မြေကြီးအောက်မှာရှိနေတဲ့ ခြက အုတ်နံရံ အကွဲကြားကနေထွက်လာပြီး နွံ့တွေနဲ့ အိမ်ဆောက်တာပဲ၊ တို့တောတွေမှာ သဲပဲပုံပုံ၊ ကျောက်ပဲပုံပုံ၊ စပါးငဲပုံပုံ အဲဒီအပုံတွေက အောက်ခြေက ကျယ်ပြီး အထက်ကို ရှူးသွားတာပဲ . . .

အဲဒါကို ဦးဘစိန်တို့မိသားစုက ရာဇမတ်တွေကာ၊ ထဲခွန်ကုက္ကားတွေစိုက်၊ ဖယောင်းတိုင်တွေထွန်း၊ ဆွမ်းတွေတင်ပြီး ဖင်ဘူးတောင်းထောင် ကန်တော့ကြတော့တာပဲ၊ အဲဒီခြတောင်ပို့ကလည်း တစ်နေ့ထက်တစ်နေ့ ကြီးကြီးလာလေ သူတို့ကလည်း အိမ်ထဲမှာ ရွှေတောင်ကြီးပေါက်လာတယ်များ ထင်နေလားမသိဘူး၊ သိပ်ကို ပီတိတွေ ဖြစ်လေပေါ့ကွာ၊ ခြတောင်ပို့က ကြီးလာတာနဲ့အမျှ အိမ်ကြမ်းခြင်းအောက်က မြေကြီးတွေက အိမ်ပေါ်ကို ရောက်လာတာဘို သူတို့မသိဘူးလေ ဒီလိုနဲ့ အိမ်ကြမ်းပြင်က တဖြည်းဖြည်းနဲ့ နိမ့်ကျလာတော့တာပေါ့ . . .

အဲဒီအခြေအနေကို ဦးဘစိန်ရဲ့သား ညာဏ်ပေါ်ဆိုတဲ့ကောင်က သိတယ်၊ ညာဏ်ပေါ်က ငါနဲ့ အပေါင်းအသင်းလေ၊ လူက ခပ်ဆိုးဆိုးခပ်တေတေရယ်၊ အဖေက ရပ်ကွက်လူကြီး၊ ဘုရားဒါယကာ ကျောင်းဒါယကာ သားက အရက်ခွက်ပုံးသမား၊ ဒါနဲ့ တစ်နေ့တော့ ငါက ညာဏ်ပေါ်ကို မြှောက်ပေးတာပေါ့ . . .

မင်းတို့အိမ်က မင်းအဖေ၊ တို့အမေတို့ အမွှေးတိုင်ထွန်း၊ ဖရောင်းတိုင်ထွန်း၊ ဆွမ်းတင်၊ အုန်းပွဲငှက်ပျောပွဲထိုးပြီး ထိုင်ကန်တော့နေတဲ့ တောင်ပို့ကြီးက ဘာမှမဟုတ်ဘူး၊ ခြတောင်ပို့ကြီး၊ အဲဒီအထဲမှာ ခြမင်းဆိုတာ ရှိတယ်ပေါ့"

"ခြမင်းဆိုတာ ဘာလဲကွ"

စိုးကြည်က မြင့်သိန်း၏စကားကို ဖြတ်၍မေးလိုက်ပါသည်။

"ခြမင်းဆိုတာက ခြတောင်ပို့တစ်ခုမှာ တစ်ကောင်သာရှိတဲ့ ခြအကြီးကြီးပေါ့ကွာ၊ သူ့ကိုယ်လုံးက လက်ညှိုးလက်မ အလုံးလောက်ရှိတယ်၊ အဲဒီကောင်ကို ကြော်စားရင် ဒါမှမဟုတ် အရက်နဲ့ စိမ်သောက်ရင် ဖော်ရိုဖိုဝင်သားစားမိတဲ့ ဇျတ်ဝိ ဇျတ္တ ညီအစ်ကိုလို အရမ်းအားတွေ ရှိသွားလိမ့်မယ်လို့ ညာဏ်ပေါ်ကို ငါက မြှောက်ပေးတာပေါ့၊ တစ်နေ့ . . . သူ့အိမ်ကလူကြီးတွေ အပြင်သွားနေတုန်းမှာ ညာဏ်ပေါ်က အရက်မူးမူးနဲ့ အဲဒီခြတောင်ပို့ကို ပေါက်တူးတစ်လက်နဲ့ ဖြိုပြီး ခြမင်းဆိုတာကို ရှာတော့တာပေါ့ . . .

ညာဏ်ပေါ်ဆိုတဲ့ကောင် ခြမင်းကို ရမရတော့မသိဘူး၊ ဦးဘစိန်တို့လင်မယား အပြင်ကလည်း ပြန်လာရော အိမ်နောက်ဘက် အခန်းထဲက ခြတောင်ပို့ကြီးလည်း မြေစိုင်မြေခဲ မြေမှုန့်တွေဖြစ်နဲ့ ပေပွပြန့်ကျဲနေတာကို တွေ့လိုက်ရတော့တာပေါ့၊ အဲဒီမှာတင် ဘာပြော



www.burmeseclassic.com

www.burmeseclassic.com


ကောင်းမလဲ ညဏ်ပေါ်ကို ထားဝယ်ကြိမ်နဲ့ ဆော်ပလော်တီးတာ ရပ်ကွက်ကဝင်ပြီး အဆွဲမြန်ပေလို့ပေါ့၊ အဲဒီကောင် တစ်ပတ်လောက် အိပ်ရာထဲက မထနိုင်ဘူး . . .

ငါ့ကိုလည်း အခါပေးဦးပုည လုပ်ရပ်မလားဆိုပြီး ငါ့အမေ အမေကိုလာတိုင်လို့ အမေရယ် ဒေါသထွက်ပြီး နားရင်းကိုအုပ်တာ၊ လူကို လေးဘက်ပစ်ကျသွားတာပဲ"

"အဟတ် . . . ဟတ် . . . ဟား . . ဟား . . . ဟား"

မြင့်သိန်း၏စကားကြောင့် စိုးကြည်နှင့် နန်းဝေတို့နှစ်ယောက် အော်ဟစ်ရယ် မောလိုက်ကြပါသည်။

"အမှန်တော့ကွာ ဒါတွေအားလုံးဟာ ဥပါဒါန်တွေပါပဲ၊ လူ တစ်ယောက်ဟာ နှုတ်ခမ်းလှုပ်ပြီး မကြာခင် တစ်ဦးနဲ့တစ်ဦး စကားများ ရတယ်ဆိုပါစို့၊ အဲဒီလူဟာ နှုတ်ခမ်းလှုပ်တဲ့အတွက် ရန်ဖြစ်ရတယ်ဆိုတဲ့ အစွဲက ဝင်သွားရော၊ အဲ . . . နောက်လူ တစ်ယောက်က နှုတ်ခမ်း လှုပ်ပြီး မကြာခင်မှာ အစားကောင်း အသောက်ကောင်းကို စားရသောက် ရရင် အဲဒီဒုတိယလူက နှုတ်ခမ်းလှုပ်ရင် အစားကောင်း အသောက် ကောင်း စားရသောက်ရတယ်လို့ ယုံကြည်ယူဆသွားပြန်ရော၊ အဲဒါ ကြောင့် သဘာဝတရားကြီးကို ကျော်လွန်ပြီး ငါတော့ ဘာကိုမှ အယုံ အကြည်မရှိဘူးကွ"

ရုပ်ဝါဒသဘောတရား စာအုပ်များကို ဖတ်ရှုလေ့လာအားသန် သော စိုးကြည်က သူ့သဘောထားကို ပြောပြလိုက်ပါသည်။

"အေးပေါ့ကွာ . . . မင်းတို့က အကြောင်းအရာတစ်ခုရဲ့



ဖြစ်ပေါ်လာမှုကို အကျိုးသင့်အကြောင်းသင့် လက်ဆုပ်လက်ကိုင် သက်သေပြမှ အမှန်အကန်ပါလို့ ယုံကြည်လက်ခံတဲ့လူတွေဆိုတော့ တချို့ တချို့သော ကိစ္စတွေရဲ့ ဖြစ်တည်မှုမှာ မင်းတို့ကို မြင်သာထင်သာအောင် ချမပြနိုင်ခဲ့ရင် မင်းတို့ ဘယ်လိုယုံနိုင်မှာလဲနော်၊ ဒါပေမယ့် မင်းတို့ကို ငါ ဥပမာတစ်ခုပြောမယ်၊ ခု ကြည့်စမ်း . . . လေတွေ တိုက်နေတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒီလို လေတိုက်နေမှန်း မင်းတို့ ဘယ်လိုလုပ်သိလဲ"

"ဟ . . . ခံစားမှုအရ ငါတို့ကို လေတွေလာတိုးနေလို့ သိတာ ပေါ့၊ ပြီးတော့ ဟိုမှာ လေတိုက်လို့ သစ်ပင်တွေ လှုပ်ရမ်းနေတာ မင်း မမြင်ဘူးလား"

"ကောင်းပြီ . . . ခု လေတိုက်နေတာကို မင်းတို့ လက်ခံ တယ်နော်၊ ဒါဆိုရင် အဲဒီလေကို မင်းတို့မြင်သလား"

"ဒါတော့ ဘယ်မြင်ပါ့မလဲကွ"

"မင်းတို့ မျက်စိနဲ့ မမြင်မတွေ့နိုင်ရင် လက်နဲ့ ဆုပ်ကိုင်မပြနိုင်ရင် မရှိဘူး မမြင်ဘူး မြင်တွေ့စမ်းသပ်နိုင်မှ ရှိတယ်ဆိုတဲ့ အယူအဆက ဘယ်ရောက်သွားပြီလဲ၊ အဲ . . . နောက်တစ်ခုက မင်းအဖေကို မင်း မြင်ဖူးလား"

"ဟ . . . အဖေက ခုထိသက်ရှိထင်ရှား ရှိနေတာပဲကွ"

"ထားပါတော့ကွာ . . . မင်းအဘိုးကိုရော မြင်ဖူးလား"

"အဘိုးကလည်း ကျန်းကျန်းမာမာကြီးနဲ့ အိမ်မှာရှိနေတာပဲ"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် အဲဒီအဘိုးရဲ့အဖေ၊ မင်းရဲ့အဘိုးကိုရော မြင်ဖူးလား"

"ဟင့်အင်း . . . မမြင်ဖူးဘူး ငါ့ခမွေးခင်ကတည်းက ငါ့အဘိုးရဲ့အဖေ ငါ့အဘိုးက ဆုံးပြီ"

"ကောင်းပြီ . . . မင်းအဘိုးရဲ့အဖေကို မင်း မမြင်ဘူးတာနဲ့ပဲ လောကကြီးမှာ အဲဒီပုဂ္ဂိုလ်မရှိခဲ့ဘူးလို့ မင်းပြောနိုင်လား"

"ဟ . . . ငါ့အဘိုးရဲ့ အဖေရှိလို့သာ ငါ့အဘိုးရှိခဲ့သလို၊ ငါ့အဘိုးရှိခဲ့လို့ ငါ့အဖေဆိုတာ ရှိခဲ့တယ်၊ အဲဒီလို ငါ့အဖေရှိခဲ့လို့ ခု ငါရှိနေတာပေါ့"

"ဒါပဲပေါ့ ဝိုးကြည်ရာ တချို့တချို့သော အကြောင်းအရာတွေဟာ တကယ်ရှိခဲ့ပါတယ်။ ရှိခဲ့တဲ့အကြောင်းကိုတော့ လက်တွေ့မပြနိုင်ပေမယ့် ခုလို ကျိုးကြောင်း ဆက်နွယ်မှုသဘောတရားအရ လက်ခံနိုင်ရလိမ့်မယ် သူငယ်ချင်း"

"ထားပါတော့ကွာ . . . ခု မင်းပြောနေတဲ့ကိစ္စနဲ့ စောစောတုန်းက အတိတ် နိမိတ် တဘောင်ဆနည်း ဆိုတဲ့ ကိစ္စနဲ့ ဘာဆိုင်လို့တုန်း"

"မင်းကို ငါပြောပြမယ်၊ မြို့ဇင်မြဲ့ရေးပြီး ခင်မောင်ရင်ဆိုခဲ့တဲ့ အယူတော် မင်္ဂလာသီချင်းထဲမှာ . . .

ကလေး ×××သာဘင်သည့်'×××သူရွှေပျ ×××သုံးဦးစကားကို နာယူမှတ် သားပါ ××× အတိတ်တောက်တတ်ရန် မမှားဘူးလို့ ကျွန်တော်ခင်မောင်ရင် ကြားဖူးပါတယ်ခင်ဗျာ ×××

အောင်ဇေ ××× တောင်သပြေ ဒီပါ ××× ဩဘာထွန်းတဲ့ လက်ျာကျွန်း မြတ်မှာတဲ့။





တို့မြန်မာနိုင်ငံဟာ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းမှာရှိပြီး ဩဘာနိမိတ်ထွန်းသတဲ့၊ သဘောကတော့ တို့နိုင်ငံမှာ အကောင်းပဲ ဖြစ်ဖြစ်၊ အဆိုးပဲဖြစ်ဖြစ် တစ်ခုခု ဖြစ်ပေါ်တော့မယ်ဆိုရင် အဲဒီလို ဖြစ်လာမယ်ဆိုတဲ့အကြောင်း ကြိုတင်ပြီး သင်္ကေတ တွေ နိမိတ်တွေ ပြတယ်ဆိုပါတော့ . . .

အဲဒီတော့တာ နိမိတ်ကောက်တတ်မယ်ဆိုရင် ကောင်းတာတွေ၊ မင်္ဂလာရှိတာတွေ ဖြစ်လာတော့မယ်ဆိုရင် ကြိုတင်ပြီး သိရသလို၊ မကောင်းတာတွေ၊ အဆိုး အပြစ်တွေ ဖြစ်လာတော့မယ်ဆိုရင်လည်း ကြိုတင်ပြီးသိရတဲ့အတွက် အဲဒီဘေးအန္တရာယ်တွေ ကပ်ဆိုးတွေက လွတ်မြောက်အောင် ကြိုတင်ပြီး အကာအကွယ်၊ အဟန့်အတားတွေ လုပ်လို့ရတာပေါ့၊ ညနေတုန်းက ငါဆိုနေတဲ့ စကြာသိုက်သီချင်းကလည်း အဲဒါပဲတွေ၊ 'အင်းကို ဟသာ်ဆင်းမည်၊ ဆင်းရင် လေးနဲ့ခွင်းမည် ထိုမုဆိုးကို ထီးရှိုး ရိုက်လိမ့်မည်၊ ထီးရိုးကို မိုးကြိုးပစ်လိမ့်မည်' ဆိုတဲ့ တဘောင်က အရင်ဆုံးပေါ်ခဲ့တယ် . . .

အဲဒီတဘောင်က ကုန်းဘောင်ခေတ်မတိုင်ခင်က ပေါ်ခဲ့တဲ့ တဘောင်နော်၊ ဆင်ဖြူရှင်မင်းက အင်းဝမှာ ထီးနန်းစိုက်ခဲ့တယ်၊ ဟံသာဝတီမင်းက ၁၁၁၃ ခုနှစ်မှ အင်းဝကို တိုက်ခိုက်သိမ်းပိုက်ခဲ့တယ်၊ ကဲ . . . အင်းကို ဟသာ်ဆင်းမည်ဆိုတဲ့စကားက မှန်မသွားဘူးလား . . .

ဟော . . . ဟသာ်ကို မုဆိုးက လေးနဲ့ခွင်းလိမ့်မည်တဲ့၊ အဲဒီဟံသာဝတီ မင်းဆက်ကို မုဆိုးဖိုရွာက ဦးအောင်ဇေယျဆိုတဲ့ အလောင်းဘုရားက တိုက်ထုတ်အောင် နိုင်ခဲ့ပြီတယ်လေ၊ အဲဒီ


www.burmeseclassic.com

www.burmeseclassic.com

အလောင်းဘုရားက စခဲ့တဲ့ မုဆိုး ဆယ့်တစ်ဆက်မြောက် သိပေါ်ဘုရင် လက်ထက်မှာ ထီးရိုးဆိုတဲ့ စနေနံ အင်္ဂလိပ်က တိုက်ခိုက်သိမ်းပိုက် လိုက်တဲ့အတွက် တို့နိုင်ငံဟာ သူ့ကျွန်ဖြစ်ခဲ့ရပြန်တယ်၊ ယော . . . အဲဒီအချိန်မှာ တဘောင်တွေပေါ်လာပြန်ရော . .

'ခအောစိုးကာ သူမိစ္ဆာ

ဆိုင်ရာ ကြွက်ကျားတိုက်လိမ့်မည်'တဲ့၊

အဲဒီ အင်္ဂလိပ် မိစ္ဆာကောင်တွေ တို့နိုင်ငံကို နှစ်တစ်ရာလောက် အုပ်စိုး ပြီးတဲ့အခါမှာတော့ ကြွက်ဆိုတဲ့ မြန်မာနဲ့ ကျားဆိုတဲ့ ရှမ်း၊ ကရင်၊ ကချင်၊ ရခိုင် စတဲ့ တိုင်းရင်းသားတွေ စုပေါင်းတိုက်ခိုက်လိုက်တဲ့အတွက် မိစ္ဆာအင်္ဂလိပ်ကောင်တွေ အရှုံးပေးထွက်ပြေးသွားကြရပြန်တယ် မဟုတ်လား . .

စောစောတုန်းက ငါဆိုပြတဲ့ သီချင်းလေးထဲက ထီးရိုးကို မိုးကြိုးပစ်မတဲ့ ဆိုတဲ့ တဘောင်အတိုင်းပဲ ထီးရိုးဆိုတဲ့ စနေနံ အင်္ဂလိပ်ကို ဘိုက်တဲ့အခါမှာ မြန်မာ့လွတ်လပ်ရေးတပ်မတော်နဲ့အတူ ပူးပေါင်း တိုက်ခိုက်ခဲ့တဲ့ ဂျပန်တပ်က ဗိုလ်မှူးကြီး ဆူဇူကီးကို ဗိုလ်မိုးကြိုးဆိုတဲ့ နာမည်ပေးခဲ့တာကိုပဲကြည့်လေ . .

ခု ငါပြောခဲ့တဲ့ အကြောင်းအရာတွေဟာ ငါစိတ်ကူးယဉ်ပြီး ပြောတာ တစ်ခုမှမပါဘူးနော်၊ ဒါဟာ တကယ်ဖြစ်ပျက်ခဲ့တဲ့ သမိုင်းကြောင်းတစ်ခုပဲဆိုတာ မင်းတို့ အသိပဲ၊ အမှန်တော့တွာ အဲဒီစကြာသိုက်သီချင်းဟာ တို့မြန်မာလူမျိုးတွေရဲ့ ယုံကြည် သက်ဝင်မှုကို အကြောင်းပြုပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး





တပ်လှန့်သံ သီချင်းတစ်ပုဒ်ပဲ သူငယ်ချင်း . .

လူမျိုးခြား မိစ္ဆာကောင်တွေရဲ့ စိုးမိုးအုပ်ချုပ်မှုကို တွန်းလှန်မယ့် သာသနာပြု မင်းကောင်းမင်းမြတ်ကို မျှော်တဲ့သီချင်းပဲ . .

ပါတော်မူပြီးစ သူ့ကျွန်ဘဝမှာ ဆရာ ညာဏ် ရေးခဲ့တဲ့ ပြည်တုန်းဘောင် သီချင်း၊ ဦးရာပြတ်ရဲ့ ရွှေပြည်ကြီးသီချင်း၊ နန်းတော်ရှေ့ ဆရာတင်ရဲ့ မင်းလောင်းမျှော် သီချင်း၊ ဆရာရွှေတိုင်ညွန့်ရဲ့ စကြာသိုက် သီချင်းတွေဟာ နယ်ချဲ့မိစ္ဆာကောင် တစ္ဆေ သရဲတွေအတွက် ကမ္ဘာဝါ ရွတ်တော်သံတွေ ဖြစ်ခဲ့တယ်ကွ"

မှုလက အုတ်ခုံပေါ်တွင် ထိုင်နေရာမှ မတ်တတ်ရပ်ကာ တက်တက်ကြွကြွ ပြောဆိုနေသော နန်းဝေကို မြင့်သိန်းနှင့် စိုးကြည်က အံ့အားသင့် ကြည့်နေမိကြပါသည်။

"နယ်ချဲ့ခေတ်မှာ ခင်မောင်ရင်၊ အဲ . . . ခင်မောင်ရင်ကို တို့တွေသိခဲ့တာက ရုပ်ရှင်မင်းသား အဆိုတော်လို့ပဲ သိခဲ့ကြတာနော်၊ အမှန်တော့ ခင်မောင်ရင်က တို့ဗမာ အစည်းအရုံးဝင် သခင် ခင်မောင်ရင်ကွ ၊ အဲဒီတုန်းက ခင်မောင်ရင်ရဲ့ စကြာသိုက်သီချင်း ဟာ မြန်မာတစ်ပြည်လုံးကို လွှမ်းမိုးသွားပြီး တိုင်းတစ်ပါးသား ကုလားဖြူ ကောင်တွေရဲ့ လက်အောက်ကနေ လွတ်မြောက်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာခဲ့ပြီး . .

ထုန်းဘောင်နေမျိုး သတိုးပျက် မုဆိုးဆက်ဖြစ်တဲ့ ... ရာဇ စကြာဝင်းလောင်း ပေါ်လာလိမ့်ဦးမယ်လို့ လူအများက ယုံကြည်မျှော်လင့် လာကြတယ်လေ . . ဖြစ်နိုင်တာ မဖြစ်နိုင်တာ၊ ဟုတ်တာ မဟုတ်တာကို



www.burmeseclassic.com

www.burmeseclassic.com

အသာထား နယ်ချဲ့ရန်ကို တွန်းလှန်လိုစိတ်၊ ကိုယ့်မင်းကိုယ့်ချင်းနဲ့ လွတ်လပ်တဲ့နိုင်ငံသားအဖြစ် ရောက်ချင်တဲ့ စိတ်တွေ ပေါ်လာတာကိုက အလွန်ကြီးမားတဲ့ အမြတ်အစွန်းပဲသူငယ်ချင်း"

"စကြာမင်းဆိုတာ ဘာလဲကွ"

"ဂျိန်း . . . ဒိန်း . . . ဒိန်း"

ဝင်းခနဲ လျှပ်စီးလက်လိုက်ခြင်းနှင့်အတူ မိုးကြိုးပစ်သံကြီးက ကျယ်လောင်စွာ ထွက်ပေါ်၍လာပါသည်။

လေကြမ်းနှင့်အတူ မိုးသီးမိုးပေါက်တွေကပါ ရောနှော၍ ပါလာပါသည်။

"ဟော . . . မိုးသည်းလာပြီ၊ အဆောင်ထဲကို ဝင်ကြရအောင်"

ပြောပြောဆိုဆို သုံးယောက်သား စစ်တိုင်းဆောင်ထဲသို့ ပြေးဝင်လိုက်ကြပါသည်။

ကိုယ့်အခန်းကိုယ်ပြန်ရောက်တော့ ဆံပင်များကို မျက်နှာသုတ်ပဝါဖြင့် ခြောက်အောင်သုတ်ကာ အဝတ်အစားများကို လဲဖယ်လိုက်ပါသည်။

နန်းဝေနှင့် တောင်ငူသား ကျော်ဝင်းက တစ်ခန်းတည်းဖြစ်ပြီး မြင့်သိန်းနှင့် စိုးကြည်က ကျောချင်းကပ်အခန်းမှ ဖြစ်ပါသည်။

"မင်းတို့ ခုန ဘယ်သွားနေတာလဲ"

ခုတင်ပေါ်တွင် ဝမ်းလျားမှောက်ရင်း စာဖတ်နေသော ကျော်ဝင်းက မေးလိုက်ပါသည်။

"ဦးချစ်ဆိုင်မှာ လက်ဖက်ရည်သွားသောက်တာ"





"ငါ့ကိုတောင် မခေါ်ဘူး"

"မင်းကိုခေါ်ရအောင် မင်းက အခန်းထဲမှာရှိနေလို့လား၊ မင်းနော် . . . မစ်တမ်း (အောက်တိုဘာနှစ်လည်စာမေးပွဲ)လည်း နီးနေပြီ ရှာလည်ပြီး ဖဲရိုက်နေတုန်းပဲ"

"ခင်းက အလကားနေ နာမည်ဖျက်နေပြန်ပါပြီ၊ ငါ ဖဲကစားတာ မဟုတ်ပါဘူး၊ ကျော်သိန်းတို့ အခန်းမှာ ဟောလိဝုဒ် သွားကစားနေတာပါကွ"

"သိပ်တော့ မထူးပါဘူးကွာ၊ ကုလားကြီးနဲ့ အရာကြီးပါ"

"ဒေါက် . . . ဒေါက် . . . ဒေါက်"

သူတို့ စကားပြောနေစဉ် အပြင်မှ တံခါးခေါက်သံ ပေါ်ထွက်၍ လာပါသည်။

"ဘယ်သူလဲကွ"

"ငါတို့ပါ"

စိုးကြည်နှင့် မြင့်သိန်း၏အသံကြောင့် အခန်းတံခါးကို ဖွင့်ပေးလိုက်ပါသည်။

"ဘာကိစ္စလဲကွ"

"စောစောက မင်းစကား မဆုံးသေးဘူးလေကွာ"

"ဘာများတုန်း"

"စကြာမင်း အကြောင်းလေ"

ကျော်ဝင်းက သူတို့သုံးယောက်၏ မျက်နှာကို တစ်လှည့်စီ လိုက်၍ ကြည့်နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . မင်းတို့က မာမက်ဟူစိန်အကြောင်းကို ပြောနေကြတာလား"

"ကျွတ် . . . ဒီတောင်ငူသားကလည်း အရေးထဲမှာ ဘာတွေ ရှုးကြောင်မှူးကြောင် လျှောက်ပြောနေမှန်း မသိပါဘူး"

မာမက်ဟူစိန်ဆိုသည်က လှည်းတန်းအဝိုင်းရှိ GLOBE တေလာခေါ် ကမ္ဘာလုံးအပ်ချုပ်ဆိုင်ပိုင်ရှင်ဖြစ်ပြီး သူတို့ တက္ကသိုလ်ကျောင်းသားအများစုက ရှပ်အင်္ကျီ ဘောင်းဘီ စသည်များကို အပ်နှံချုပ်လုပ်ခိုင်းနေသူ ဖြစ်ပါသည်။ လက်ရာကောင်းပါ သော်လည်း ချိန်းဆိုသည့်ရက်တွင် ဘယ်တော့မှမရဘဲ အကြိမ်ကြိမ်အလီလီ ချိန်းဆိုတတ်ပါသည်။

အင်္ဂါတစ်ထည်၊ ဘောင်းဘီတစ်ထည် ချုပ်ပြီးပါမည့်အရေး အချိန်အတန်[illegible]အောင် စောင့်ရတတ်ပြီး သူ့စက်တွင် ရက်တွေကြာနေတတ်သဖြင့် မာမက်ဟူစိန်ကို ကျောင်းသားတွေက ကြောမင်းဟု နောက်ပြောင်ခေါ်ဝေါ်လေ့ရှိပါသည်။ ကျော်ဝင်းက စိုးကြည်နှင့် မြင့်သိန်းတို့ ပြောဆိုသည့် ကြောင်းဆိုသည်မှာ ဇလုပ် အပ်ချုပ်ဆိုင်က မာမက်ဟူစိန်ကို ပြောသည်ထင်ပြီး ဘာမှန်းမသိ ညာမှန်းမသိ ပြောလိုက်ခြင်းဖြစ်ပါသည်။

"ဘာလို့မသိရမှာလဲ ကြောမင်း၊ အဲ . . . အဲဒီ မာမက်ဟူစိန်ရဲ့ မယားကြီးက ဖိုင်တွန်ဘီဘီတဲ့၊ ကလေးငါးယောက်နဲ့ ဗိုလ်တာလေးဈေး လမ်းထဲမှာ နေတယ်။ အခု ရထားတဲ့ဇနီးမက မမြရွှေတဲ့၊ အရင် လှည်းတန်းဈေးထိပ်မှ ဝက်ဆီဖတ်ရောင်းတယ်၊ ခု ကိုမာမက်ကြီးနဲ့ရတော့ တိုမာမက်က ဝက်ဆီဖတ်မရောင်းခိုင်းတော့ဘူး။ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းပြီး အိမ်မှာပဲ လှလှပပ နေရတယ်။ အဲဒီ မမြရွှေကိုတော့ ဝဋ္ဋိထဲမှာ ဖိမ်ခန်းငှားပေးထားတယ်၊ ကဲ . . . နောက်ထပ် ဘာသိချင်သေးလဲ"

ကျော်ဝင်းက မလျှော့၊ သူထင်ရာမြင်ရာကို စွတ်၍ပြောဆိုနေပါသည်။

"တဲပါကွာ . . . ဒီနေ့ညတော့ အချိန်မရှိတော့ဘူး၊ မနက်ဖြန်ကျမှပဲ ငါပြောပြပါ့မယ်၊ တခြားအခန်းက လူတွေ စာကျက်နေကြတော့ အနှောင့်အယှက်မဖြစ်စေချင်ဘူးကွာ"

"ဒါဆိုရင် မနက်ဖြန်ကျ ဆက်ဆက်နော်"

"အေးပါကွာ"

စိုးကြည်နှင့် မြင့်သိန်းတို့နှစ်ယောက် ပြန်ထွက်သွားပါသည်။

"တောကောင် နန်းဝေ၊ သူတို့သိချင်တဲ့ ကြောမင်းဆိုတာ ဘယ်သူ့ကိုပြော တာလဲ၊ မာမက်ဟူစိန် မဟုတ်ဘူးလား"

"ရာရာစစကွာ . . . ငါပြောမယ့် ကြောမင်းဆိုတာက တုန်းဘောင်သုမိုင်းထဲက ညောင်ရမ်းမြို့စား ကြောမင်းသားလေးကွ"

"ဒီကောင်တွေက အဲဒီကြောမင်းအကြောင်းကို ဘာကိစ္စနဲ့ သိချင်ရတာလဲ"

'အဲဒါတော့ မင်းပဲ သူတို့ကို မေးကြည့်ပေတော့၊ တဲ . . . တောတုမကီသား မင်းလည်းစာကြည့်တော့၊ ငါလည်း ဘုရား[illegible]ပြုလိုက်ဦးမယ် တုတ်ပြီလား"





www.burmeseclassic.com

www.burmeseclassic.com

ဘုရားဝတ်ပြုတော့မည်ဆိုပါ၍ ဘယ်ဘူဘာမေးမေး ရတော့မည်မဟုတ်သည့် နန်းဝေ၏ အကင့်ကို သိထားသည်မို့ ကျော်ဝင်းတစ်ယောက် နန်းဝေကို မျက်ခစောင်းကြီးထိုးကာ စောစောတုန်းက ဖတ်လက်စစာအုပ်ကို ဆက်၍ဖတ်နေလိုက်ပါတော့သည်၊

* * *

## အခန်း (၃)
## ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်များ

ဒီကနေ့ စနေနေ့လည်းဖြစ်၊ သူ့အသက်နှစ်ဆယ့်တစ်နှစ်ပြည့်လည်း တိုက်ဆိုင်ခဲ့သည့်အတွက် ဘုရားသို့ သွားကာ ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုချင်ခဲ့ပါသော်လည်း မနက်ပိုင်း တစ်ချိန်လုံး ကျောင်းတွင် ကျူတိုရီရယ်နှစ်ချိန်နှင့် ပါမောက္ခ၏ လင်ချာတစ်ချိန်ရှိသည်မို့ ကျောင်းဖျက်၍မရခဲ့ပါ။ (ထိုခေတ်ကာလက တက္ကသိုလ်တွင် စနေ နေ့[illegible] သင်တန်းများ ရှိသလို ရုံးဌာနများမှာလည်း စနေ နေ့ဝက် ရုံး[illegible]ရပါသည်)

www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲကလည်း နီးကပ်နေပြီမို့ ဤလိုအချိန်မျိုးတွင် အရေးကြီးသည့် သင်ခန်းစာများကို ရွေးချယ်၍ သင်ကြားပေးတတ်သည့်အတွက်လည်း နဂိုက ကျောင်းလစ်တတ်ကြသည့် စိုးကြည်တို့၊ မြင့်သိန်းတို့ ကျော်ဝင်းတို့တစ်တွေသည်ပင် စနေတစ်မနက် လုံး ဗိုင်းတောင်းကျောက်ဖိ ပုံစံလေးတွေနှင့် ကျောင်းတက်၍နေကြပါသည်။

နေ့လယ် ကျောင်းဆင်းသွားပြီးပြန်တော့လည်း သူ့အခန်းတွင် လူစုကာ အပြန်အလှန် စာတွေအမေးအဖြေ ပြုလုပ်နေကြသည့်အတွက် အဆောင်မှ ညစာ ထမင်းကျွေးချိန်ရောက်မှပင် လူစုကွဲသွားကြပါသည်။

ညပိုင်းကျတော့ သူ့အခန်းသို့ မြင့်သိန်းနှင့် စိုးကြည် ရောက်၍လာပါသည်။ အပြင်မှာက မိုးကတဖွဲဖွဲနှင့် ရွာ၍နေပါသည်။

စိုးကြည်က ကျော်ဝင်း၏ ကုတင်ပေါ်တွင် ဝင်၍ ထိုင်လိုက်သလို မြင့်သိန်းက နန်းဝေ၏ ခုတင်ပေါ်တွင် အသီးသီးဝင်၍ တိုင်လိုက်ကြပါသည်။

"မင်းတို့က ဘယ်လိုချီတက်ကြမလို့လဲ"

"ဦးချစ်ဆိုင်ကို သွားရကောင်းမလားလို့"

"မိုးက စိုတိစိုစွတ်နဲ့ မသွားချင်ပါဘူးကွာ"

နန်းဝေက တန့်ကွက်လိုက်ပါသည်။

"မင်းကလည်း မြစ်ဝကျွန်းပေါ်သားဖြစ်ပြီး မိုးကို ကြောက်နေရပြန်ပြီ၊ မိုးရွာတော့ ဘာဖြစ်လဲ၊ ဟိုးခေါင်းသွားရတဲ့ဥစ္စာကြီးကို"

ကျော်ဝင်းက မြင့်သိန်းတို့ဘက်မှ ကူ၍ပြောလိုက်ပါသည်။





"ဒါဆိုရင် ဒီလိုလုပ်ကွာ၊ မင်း မနေ့ညက ပြောဖို့ကျန်သွားတဲ့ စကြာမင်း အကြောင်းကို ဆက်ပြောရင်း မိုးအတိတ်ကို စောင့်ကြမယ်၊ မိုးတိတ်တော့မှ ဦးချစ်ဆိုင်ကို သွားကြတာပေါ့"

"အေး . . . ဟုတ်တယ်၊ အဲဒီအစီအစဉ်ကောင်းတယ်၊ ခုလောလောဆယ် ဟိုး ငှက်ပျောခိုင်က မှည့်ပြီမဟုတ်လား၊ ဟော့ကောင် စိုးကြည် လေးငါးလုံးလောက် သွားပြီးဖြုတ်စမ်းကွာ"

တောင်ငူရှိ ကျော်ဝင်း၏အိမ်မှ လူကြုံနှင့် ပို့လိုက်သော ရွှေငှက်ပျောခိုင်ကြီးက အခန်းထောင့်တွင် ထောင်၍ထားပါသည်။

စိုးကြည်က ရွှေငှက်ပျောသီး ငါးလုံးကို အခိုင်မှ ဖြုတ်ယူလာကာ စားပွဲပေါ်သို့ တင်ထားလိုက်ပါသည်။

မြင့်သိန်းက ဗိုးဗိုးဇတ်ဇတ်နှင့် ငှက်ပျောသီးတစ်လုံးကို အရင်ယူကာ အခွံခွာပြီး ပလုပ်ပလောင်းနှင့် စားလိုက်ပါသည်။

"အား . . . မင်းတို့တောင်ငူက ငှက်ပျောသီးက တကယ် ကောင်းတယ်ကွာ၊ အဆောင်ရှေ့မှာရောင်းတဲ့ ငှက်ပျောသီးတွေနဲ့ ဘာမှ မဆိုင်ဘူး၊ ချိုမှချိုပဲ"

"ကောင်းမှာပေါ့ မြင့်သိန်းရာ၊ အလကားစားရတာကို"

"မင်း ဘာသိလို့လဲ စိုးကြည့်ရ၊ ကျော်ဝင်းတို့ တောင်ငူက ရေခံမြေခံသိပ် ကောင်းတာ၊ အသီးအနှံတွေတင် ကောင်းတာမဟုတ်ဘူး၊ သူ့အိမ်ကပို့လိုက်တဲ့ ကြက်ဥတွေဆိုရင်လည်း ရန်ကုန်က ကြက်ဥတွေ ထက် အလုံးလည်းကြီး အရသာလည်း ပိုရှိတယ်၊ ပုရစ်ကြော်ဆိုရင်လည်း ချိုဆိမ့်နေတာပဲ၊ ဆတ်သားခြောက်ဆိုရင်လည်း ဆတ်သားစိလွန်းလို့



www.burmeseclassic.com

www.burmeseclassic.com

စားနေရင်း ပန်းကန်ထဲကနေ ဆတ်အော်သလိုမို့ ဘူးခနဲများ ထအော်မလားမှတ်ရတယ်"

"တဲ . . . ကျော်ဝင်းရေ ဒီကောင် ဒီလောက်တောင် ညွှန်းနေမှတော့ မင်း အိမ်ကပို့ပေးလိုက်တဲ့ ပဲကြီးလှော်နဲ့ ထန်းလျက်ဖြူဆုပ်ပါ ထုတ်ကျွေးလိုက်ပါတော့ကွာ"

ကြားထဲမှ ဝင်၍ပြောလိုက်သော နှန်းဝေ၏ စကားကြောင့် အားလုံး ဝိုင်း၍ ရယ်မောလိုက်ကြပါသည်။

"တဲ . . . နှန်းဝေ မင်းရဲ့စကြာမင်းဇာတ်လမ်းကို ပြောပါဦး၊ ဒီည ဦးချစ် ဆိုင်မှာ ငါ ဒကာခံပါ့မယ်ကွာ"

မြင့်သိန်းက အားတက်သရော ပြောလိုက်ပါသည်။

နှန်းဝေက ခုတင်ပေါ်တွင် တင်ပလ္လင်ခွေထိုင်လိုက်ကာ ခေါင်းအုံးကို သူ့ပေါင် ပေါ်တွင် တင်၍ထားလိုက်ပါသည်။

"ဒီလိုကွ . . . ညောင်ရမ်းမြို့စားဖြစ်မယ့် စကြာမင်းလေးကို မမွေးခင်မှာ

'ပူးမင်းကြီးသား ရွှေထီးဘွား

သားမြတ်ခြင်္သေ့ ဖြစ်လိမ့်မည်

သားခြင်္သေ့ကျော် ဂုဏ်ထင်ပေါ်

ဆွေတော် ချင်းချင်း နှိမ်လိမ့်မည် . . .'

ဆိုတဲ့ တဘောင် ဒါမှမဟုတ် သိုက်စာက အရင်ပေါ်ခဲ့တယ်ကွ။

ပူးမင်းကြီးသားဆိုတာက ဖန်နန်းရှင်ဘကြီးတော်က သောကြာသားလေ၊ သောကြာရဲ့သင်္ကေတက ပူးမဟုတ်လား။ အဲဒီ ဘကြီးတော်နဲ့





ဆင်ဖြူမယ်မိဖုရားကနေ ၁၁၇၄ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၇) ရက်နေ့မှာ စကြာမင်းသားလေးကို ဖွားမြင်ခဲ့တယ်ကွ . . .

စကြာမင်းလေးကို မဖွားခင်မှာ လျှော် ပြင်းပြင်းထန်ထန် လှုပ်ခဲ့တာတို့၊ သစ်ပင်ကနေ ရေတွေထွက်ကျလာတာတို့ စတဲ့ အတိတ်နိမိတ်ကြီးတွေ ပြခဲ့တယ်။ စကြာမင်းသားလေးက အင်္ဂါသားဆိုတော့ ခြင်္သေ့ပေါ့ကွာ၊ အဲ . . . ဘထွေးတော်. သာယာဝတီမင်းလက်ထက်မှာ တော်လှန်ပုန်ကန်ဖို့ ကြံစည်တဲ့အထဲမှာ ပါတယ်ဆိုပြီး သက္ကရာဇ် ၁၂၀၀ ပြည့် တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်နေ့မှာ စကြာမင်းသားလေးကို ကတ္တီပါအိတ်နဲ့ထွပ်ပြီး ရွှေကြက်ယက်ဘုရားအနီးက ရောဝတီမြစ်ဆိပ်မှာ ရေချကွပ်မျက်ခဲ့တယ်လေ၊ အဲဒီလို ရေချကွပ်မျက်တဲ့အချိန်မှာ မြေလျှော်အပြင်းအထန်လှုပ်တယ်၊ မိုးကြီးလေကြီးကျတယ်၊ ရေတွင်းရေကန်ထဲက ရေတွေဟာ သွေးအတိပြီးသွားတယ်လို့ ဆိုကြတယ်၊ အဲ . . . စကြာမင်းသားလေးရဲ့ ဖွားဘက်တော် ရွှေလရောင်ဆိုတဲ့ မြင်းကြီးလည်း မြင်းဇောင်းထဲကနေ အလိုလို ပျောက်ကွယ်လို့ သွားခဲ့တယ်ကွ . . .

အဲဒီတော့ကွာ သိုက်စာထဲမှာ ပါသလို သားခြင်္သေ့ကျော် ဂုဏ်ထင်ပေါ် ဆွေတော်ချင်းချင်း နှိမ်လိမ့်မည်ဆိုတဲ့စကားက မှန်မသွားပေဘူးလား။ အဲဒီလို စကြာ မင်းလေးကို ရေချကွပ်မျက်ပြီးတဲ့အချိန်မှာပဲ တဘောင်တွေ ပေါ်လာပြန်ပါရော . . .

'ကတ္တီပါရွှေအိတ်နှင့်

ရေဆိပ်မှာ သေဟန်ဆောင်

စောဦးထိပ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



ရာကျော်လျှင် ဖောင်တော်စီးပါလိမ့်
စောပုမောင်ကြီး'
ဆိုတာတို့ . . .
'ဆင်ဖြူမသား ရေသို့လား
နဂါးလည်းယူလတ္တံ့၊ သိကြားလည်း ဆောင်လတ္တံ့၊
ရာကျော်မှဆောင်တော်ခင်၊ စောဦးမောင်ရင်
ဘိုးတော်ကား တောင်နန်းမြင့်ကမျှော်
ရွှေစက်တော်လာမည့်လမ်း နှင်းရေနှင့်ဖျန်း၊
တပေါင်းလရာသီ၊ ဘောင်းဘီနှင့်ဖွေးဖွေး
ဓားလွယ်ရွှေကွပ်နှင့် မြေညွတ်အောင်လာမည့်ရေး
ဘိုးတော်ရင်သွေး'
ဆိုတာတို့ပေါ့ကွာ။

အဲဒီအချိန်တုန်းက ပြည်သူတွေက စကြာမင်းလေးဟာ ကတ္တီပါ အိတ်စွပ်ပြီး ရေမှာဖျောက်ဖျက်ခံခဲ့ရပေမယ့် မသေဘူး၊ နဂါးတွေက နဂါးပြည်ကို ယူဆောင်သွားတယ်၊ သိကြားမင်းက ကယ်သွားတယ်။ ရသေ့ဦးအောင်က ခေါ်သွားတယ်။ တချို့ကလည်း စကြာမင်းလေးဟာ သူ့ရဲ့မြင်း ရွှေလရောင်ကို စီးပြီး ရဇိက တောင်တန်းဘက်ဆီကို ထွက်သွားတယ်နဲ့ အမျိုးမျိုးပြောဆိုနေကြတာပေါ့ . . .

အဲဒီအထဲမှာ ထူးခြားတဲ့အချက်တစ်ချက်ကတော့ စကြာမင်းရဲ့ မြင်းခံတော် မောင်ညိုဆိုတဲ့ လူငယ်လေးဟာ သူ့အရှင်သခင် အသတ်ခံရပြီးတဲ့နောက်မှာ မင်းကွန်း မှာရှိတဲ့ စကြာမင်းသားလေး တည်ထားခဲ့တဲ့





မြသိန်းတန်ဘုရားကိုသွားပြီး ခုနစ်ရက်လုံးလုံး ဥပုသ်သီတင်းဆောက်တည်နေတယ်တဲ့၊ အဲ . . . ခုနစ်ရက်ပြည့်တဲ့နေ့မှာ စကြာမင်းသားလေးဟာ သူ့ရဲ့စီးတော်မြင်း ရွှေလရောင်ကိုစီးပြီး မောင်ညို့ဆီကို ရောက် လာပြီးတော့ . .

'မောင်ညို . . . ငါမသေဘူး၊ ငါ့ကို ရသေ့ဦးအောင်က ခေါ်သွားလို့ အခု ရဇိတတောင်တန်းမှာ ရောက်နေတယ်၊ ငါ့အတွက် ဘာမှ စိတ်သောကရောက်မနေနဲ့' ဆိုပြီး ပြောသတဲ့၊ မောင်ညိုလည်း သူ့အိမ်ကိုပြန်သွားပြီး တွေ့တဲ့လူတိုင်းကို ဝမ်းသာ အားရနဲ့ သူ့အရှင်သခင် စကြာမင်း မသေသေးတဲ့အကြောင်း၊ ရသေ့ဦးအောင်က ခေါ်ယူသွားတဲ့အကြောင်းတွေကို လျှောက်ပြောတာပေါ့၊ အဲဒါကို သာယာဝတီမင်းက ကြားသွားတော့ မောင်ညိုကို ဒီသတင်း ဟုတ်မဟုတ် ခေါ်မေးတာပေါ့၊ မောင်ညိုကလည်း သူမြင်တွေ့တဲ့အတိုင်း ရှင်ဘုရင်ကို ပြန်လျှောက်တော့ ဘုရင်က မောင်ညိုကို အလိုမကျဖြစ်ပြီး ကွပ်မျက်လိုက်ပြန်တာပေါ့။

အဲဒီအချိန်ကစပြီး စကြာမင်းအကြောင်းကို ဘယ်သူမှ စကားဟဟ မပြောရဲကြတော့ဘူးပေါ့၊ မုဆိုးဖိုလ်သား တစ်ကျိပ် ငါးစဥ့် လျှားသိုက်ပဆွေးဆိုတဲ့ သိုက်စာမှာ ပါရှိတဲ့အတိုင်း ကုန်းဘောင်မင်းဆက်က ၁၅ ဆက်ရှိမယ်လို့ ဆိုထားခဲ့တယ်၊ ကဲ . . . ၁၁ ဆက်မြောက်ဖြစ်တဲ့ သီပေါမင်းက ပါတော်မူသွားခဲ့တယ်မဟုတ်လား၊ အဲဒီတော့ မိစ္ဆာကုလားဖြူတွေရဲ့ စိုးမိုးအုပ်ချုပ်ခြင်းကို ခံနေရတဲ့ တို့မြန်မာလူမျိုးတွေဟာ နောက်လာမယ့် ၁၂ ဆက်မြောက် မင်းဟာ စကြာမင်းဖြစ်လာမယ်လို့ ယုံကြည်ပြီး စကြာမင်းကို မျှော်ခဲ့ကြတယ်လေ . . .



www.burmeseclassic.com

www.burmeseclassic.com

'သော . . . သတ် . . . အဌ . . . နဝ . . . သချ်ာ

စွန်း ကောဇာတွင် မိစ္ဆာလွှမ်းမိုး

စက်ရောင်ညှိုး

မုဆိုးပွဲကြီး သိမ်းလိမ့်မည်

ပွဲကြီးသိမ်းလျှင် ဘုန်းမီးနေလ

ထီးနန်းရ ဗုဒ္ဓရာဇာ ဘွဲ့မည်သာနှင့်

စကြာမင်းလောင်းပေါ်လိမ့်မည် ဆိုတဲ့ သိုက်စာကိုပဲကြည့်လေ'

ခုနေအချိန်မှာ ဆိုရင်တော့ ဒါတွေဟာ မယုံကြည်စရာလိုလို ခပ်ကြောင်ကြောင် အယူအဆ အစွဲအလမ်းတွေလိုလို ထင်ရပေမယ့် သူ့အချိန် သူ့အခါကတော့ နယ်ချဲ့ကုလားဖြူတွေကို တွန်းလှန်တိုက်ခိုက်တဲ့နေရာမှာ မင်းလောင်းကိုမျှော်တဲ့ အယူ အဆ ယုံကြည်မှုတွေဟာ အလွန်ကြီးမားတဲ့ တွန်းအားနဲ့ စွမ်းပကားကို ပေးခဲ့တယ်ဆိုတာ အမျိုးချစ်တဲ့လူတိုင်း ဘယ်သူမှ မငြင်းနိုင်ခဲ့ဘူးကွ၊ ဘာသာမျိုးခြား တိုင်းတစ်ပါးသားလက်အောက်မှာ ကျွန်သားပေါက်ဘဝနဲ့ မနေနိုင်တဲ့ ဗုဒ္ဓဘာသာမြန်မာမင်းရဲ့ အုပ်ချုပ်မှုကိုပဲ မျှော်လင့်တောင့်တတဲ့ မျိုးချစ် စိတ်တွေနဲ့ အတူ နယ်ချဲ့တွေကို တွန်းလှန်ဖယ်ရှားနိုင်ခဲ့လို့ အခု မင်းတို့ငါတို့ ကိုယ့်မင်းကိုယ့်ချင်းနဲ့ လွတ်လပ်တဲ့ နိုင်ငံသားတွေ ဖြစ်ခဲ့တာပေါ့ကွာ"

"ဒါဆိုရင် စကြာမင်း တကယ်မသေဘူးဆိုတာကို မင်း ယုံလား"

"ယုံတယ်"

"ဟော့ကောင် ကျော်ဝင်း မင်း ဒီကောင်ကို ပေးမနေနဲ့လေ၊ မြဲသူက ဘိုးတော်မဟုတ်လား၊ ဒီကိစ္စမျိုးတွေကို ယုံကြည်တာ ဘာဆန်းတာ





လိုက်လို့"

"ဒါကတော့ ကိုယ့်အမြင် ကိုယ့်အယူအဆပေါ့ မြင့်သိန်းရာ၊ လောကကြီးမှာ ငါတို့ မင်းတို့လို သာပန်ဦးနှောက်တွေနဲ့ လိုက်မမီတဲ့ အရာတွေ အများကြီးရှိတယ် သူငယ်ချင်း . . .

နောင်ပွင့်တော်မူလာမယ့် အရိမေတ္တယျ မြတ်စွာဘုရားကို စောင့်မျှော်ရင်း သာသနာပြုနေကြတဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေ၊ ဝိဇ္ဇာတွေလည်း အများကြီးရှိသလို၊ ဗုဒ္ဓမြတ်စွာရဲ့ ပရိယတ္တိ၊ ပရိပတ္တိ၊ ပရိဝေဒ သာသနာတော်သုံးရပ်ကို ပြန့်ပွားစည်ပင်အောင် ဆောင်ရွက်နေကြတဲ့ ဝေဘူဆရာတော်ကြီးတို့လို၊ တောင်ပုလု ဆရာ တော်ကြီးတို့လို၊ မဟာစည်ဆရာတော်ဘုရားကြီးတို့လို ရဟန္တာပုဂ္ဂိုလ်ကြီးများလည်း ဒေသအနှံ့အပြားမှာ ပေါ်ပေါက်ခဲ့ကြတယ် သူငယ်ချင်း . . .

သိသူဖော်စား၊ မသိသူ ကျော်သွားပေါ့တွာ၊ အဲဒီပုဂ္ဂိုလ်ကြီးတွေရဲ့ သီလ သမာဓိ ပညာဂုဏ်နဲ့တကွ ပါရမီအဆင့်ဆင့်ကို သိမြင်ကြတဲ့ ရဟန်းရှင်လူတွေကတော့ ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ကြရ၊ မေတ္တာစတ်တွေကို မျှဝေခံစားကြရ၊ ဟောပြောသင် ပြမှုတွေကို နာယူလိုက်နာကြရတာပေါ့ . . .

ကြုံကြိုက်လို့ မင်းတို့ကို ပြောရဦးမယ်၊ ငါ ရှစ်တန်းကျောင်းသားဘဝတုန်းကပေါ့၊ အဲဒီတုန်းက ဝေဘူဆရာတော်ဘုရားကြီးက မြစ်ဝကျွန်းပေါ် မြို့တစ်မြို့ဖြစ်တဲ့ ဟသ်ာတကို ကြွခဲ့တယ်။ ငါကလည်း တိုက်တိုက် ဆိုင်ဆိုင်ပဲ ငါ့အမေနဲ့အတူ ဟသ်ာတကို ကုန်ရောင်းသွားရင်း ပြီးသွားတာပေါ့၊ ငါတို့ တည်းခိုတဲ့အိမ်က ဟသ်ာတမြို့လယ်ခေါင် ဗိုလ်ချုပ်လမ်း


www.burmeseclassic.com

www.burmeseclassic.com

မှာရှိတဲ့ ဗဟိုမီးသတ်အဆောက်အဦးရဲ့ ရှေ့တည့်တည့်မှာရှိတဲ့ အဖေ့မိတ်ဆွေရဲ့ အိမ်မှာပေါ့ . . .

ရဟန္တာပုဂ္ဂိုလ်ကြီး တစ်ပါးအဖြစ်နဲ့ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ကျော်ကြားနေတဲ့ ဆရာတော်ကြီးမို့ လူတွေဟာ အိမ်တွေ၊ လမ်းမပေါ်တွေမှာ အထပ်ထပ်နဲ့ ကြိတ်ကြိတ်တိုးနေတာပေါ့။ ဘယ်လောက်တောင်မှ လူပရိသတ်များသလဲဆိုရင် အဲဒီ ဗိုလ်ချုပ်လမ်းမကြီးရဲ့ အလယ်ခေါင်မှာ လူသုံးဆောက်ယှဉ်ပြီး လျှောက်နိုင်ရုံ လမ်းအကျယ်သာကျန်ပြီး လူပရိသတ်ကတော့ ရှေ့ဆုံးက ထိုင်ပြီးဖူးကြတာက သုံးထပ်လောက် နေ[illegible]နေ မတ်တပ်ရပ်ပြီး ဖူးတာက သုံးထပ်လောက်၊ အဲဒီနောက်တမှ ခုံပေ[illegible]ားပွဲပေါ်တွေမှာရပ်ပြီး ဖူးကြတာက သုံးထပ်လောက်နဲ့ [illegible]ပ်ညပ် [illegible]ပေါ့ . . . အဲဒီလို လမ်းတစ်ဖက်တစ်ချက်မှာ လူတွေအထပ်ထပ်နဲ့ [illegible]ကာနေတဲ့အတွက် နောက်ဘက်မှာရှိနေတဲ့ အိမ်ထဲလူတွေက [illegible]ကိုကြည့်လို့မမြင်သလို အပြင်ကလူကလည်း အိမ်ထဲကို လုံးဝမမြင် [illegible]တော့ဘူးပေါ့။ ဒီလိုနဲ့ ဝေဘူဆရာတော် ဘုရားကြီးက ငါတို့ တည်းခိုနေ[illegible]ဲ့ အိမ်ရှေ့ကို ရောက်လာပါလေရော၊ ငါနဲ့ ငါ့အမေရယ်၊ အိမ်ရှင် မိသားစုရယ်ကတော့ အစောကြီးကတည်းက အိမ်ရှေ့မှာ ဖျာတို့၊ ကော်ဇောတို့ခင်းပြီး လှူဖွယ်ပစ္စည်းတွေနဲ့ ထိုင်ဖူးရတာမို့ ဝေဘူဆရာတော် ဘုရားကြီးကို အနီးကပ်ပြီး ဖူးလိုက်ရတာပေါ့ကွာ . . . ဆရာတော် ဘုရားကြီးရဲ့ ဘေးပတ်ချာလည်မှာလည်း အလှူခံပစ္စည်းတွေကို သိမ်းယူဖို့နဲ့ ဆရာတော်ဘုရားကြီးရဲ့ ဝေယျာဝစ္စတွေကို လုပ်ကိုင်ပေးဖို့ ဥပသိကာတွေကလည်း ဝိုင်းအုံပြီး လိုက်ပါလာတာပေါ့၊ အဲ . . . ငါတို့





ရှေ့တည့်တည့်ကိုလည်း ရောက်ရော ဆရာတော်[illegible]ရားကြီးက ရပ် လိုက်ပြီး သူ့ဘေးက လိုက်ပါလာတဲ့ ကပ္ပိ[illegible]တဲ့လူကို 'ယာဘက်က အိမ်ထဲမှာရှိနေတဲ့ ရဟန်းနှစ်ပါးနဲ့ [illegible]ယ်းတစ်ပါးကို သင်္ကန်း သုံးစုံ သွားပြီး လှူလိုက်ပါ'လို့ အမိန့်ရှိလိုက်တယ်ကွ၊ ဆရာတော်ဘုရားကြီးဟာ စကျွက္ခုမြေကိုချထားတဲ့အပြင် ဘေးဘယ်ညာကိုလည်း လုံးဝကြည့်တာ မဟုတ်ဘူး၊ အကယ်၍ ကြည့်ခဲ့ရင်လည်း လူတွေအထပ်ထပ်နဲ့မို့ အဲဒီလူအုပ်ကြီးရဲ့နောက်မှာ ရှိနေတဲ့ အိမ်ထဲက ကြမ်းပြင်ပေါ်မှာထိုင်ပြီး ဆရာတော်ဘုရားကြီးကို ဝတ်ပြုနေတဲ့ ဦးပဥ္စင်းနှစ်ပါးနဲ့ ကိုရင်လေး တစ်ပါးကို ဘယ်လိုမှ မြင်နိုင်မှာမဟုတ်ဘူးလေ . . .

[illegible]နားမှာရှိနေတဲ့ လူတွေအားလုံးလည်း အံ့ဩသွားကြတာပေါ့။ ငါတို့တည်းတဲ့ အိမ်ရှင်ကလည်း သူ့အိမ်ထဲမှာ ဘုန်းကြီးသုံး[illegible]း ရောက်နေတာကို မသိဘူး၊ နောက်တော့မှ အဲဒီ ဘုန်းကြီးသုံးပါးက[illegible]ည်း ဝေဘူဆရာတော်ဘုရားကြီးကို ဖူးချင် လို့ လူအုပ်ကြီးကို တိုးလို့မရနိုင်တာနဲ့ ရောက်တဲ့နေရာက အိမ်ထဲကိုခဏဝင်ပြီး ဆရာတော်ဘုရားကြီးကို စိတ်မှန်းနဲ့ ဝတ်ပြုနေကြတာပေါ့ . . .

ဒါက အသေးအမွှားကိစ္စလေးတစ်ခုပဲ ရှိသေးတာနော်၊ ကောင်းကင်မှာ ဈာန်သမာပတ်ဝင်စားပြီး ဆွမ်းခံကြွသွားတဲ့ ရဟန္တာ ပုဂ္ဂိုလ်ထူးကို အမှတ်မထင်ဖူးတွေ့ မြင်လိုက်မိတဲ့ နိုင်ငံခြား[illegible]ား လေယာဉ်မှူးတစ်ဦးဟာ နောက်ပိုင်းမှာ ဗုဒ္ဓဘာသာဝင် [illegible]သွားခဲ့ တာတွေ၊ အလှူရှင်နှစ်ဦးက တစ်ရက်တည်း တစ်ချိန်တ[illegible]မှာ ဆွမ်းစား


www.burmeseclassic.com

www.burmeseclassic.com



ပင့်တဲ့အတွက် တောင်ပုလုဆရာတော်ကြီးကိုယ်တိုင် လေးငါးဆယ် မိုင်ဝေးတဲ့ နေရာနှစ်ခုကို အဲဒီတစ်ရက်တည်းပဲ တစ်ချိန်တည်းမှာပဲ အရောက်သွားပြီး ဆွမ်းစားကြွခဲ့တဲ့ အကြောင်းတွေကို မင်းတို့ ဘယ်လို ဝေဖန်မလဲဟင် . . .

ဝိဇ္ဇာဆိုတဲ့နေရာမှာလည်း သမထနဲ့တင်ရပ်နေတဲ့ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာဆိုတဲ့ သာမန်ဝိဇ္ဇာတွေအပြင် ဝိပဿနာကို ပါရဂူမြောက် ကျင့်ကြံအားထုတ်ပြီး အနာဂါမ်အဆင့်ကို ရောက်နေကြတဲ့ အရိယာမဇ္ဈိမဝိဇ္ဇာတွေလည်း ရှိသေးတယ်ကွ၊ လောကကြီးမှာ ဘုန်းရှင် ကံရှင် ပါရမီရှင်တွေ အများကြီးရှိတယ် သူငယ်ချင်း၊ တချို့ကိစ္စတွေဟာ မြင်ထိုက်မှ မြင်ရ၊ သိထိုက်မှ သိရ၊ ဆုံစည်းထိုက်မှ ဆုံစည်းကြရ တာတွေ ရှိတယ်၊ ကိုယ်မသိတာ မမြင်တာနဲ့ဘဲ အားလုံးကို မရှိဘူးလို့ ပြောလို့မရ ဘူးလေ"

သူတို့ စကားပြောနေစဉ်မှာပင် မိုးကတိတ်သွားပါသည်။

"ကဲ . . . မိုးလည်းတိတ်သွားပြီ ဘိုးတော်လည်း တရားဟောရ တာ မောလှပြီ၊ ဦးချစ်ဆိုင်ကို ချီတက်ကြစို့ကွာ"

ကျော်ဝင်းက လောဆော်လိုက်သည့်အတွက် သူတို့စကားဝိုင်း က ဤနေရာမှာပင် ရပ်၍သွားပါသည်။



## အခန်း (၄)
## ဘဝဟောင်းက ချစ်တဲ့သူ

တနင်္ဂနွေနေ့မနက်တွင် နန်းဝေက အိပ်ရာမှ အစောကြီးထကာ ရေမိုးချိုး၊ အဝတ်အစားလဲပြီးနောက် အဆောင်မှ ထွက်လာခဲ့ပါသည်။

အမရဆောင်ရှေ့သို့ ရောက်သည့်အခါ ကြည့်မြင်တိုင် ရန်ကင်း ပြေးဆွဲနေသည့် ဘတ်(စ်)ကားကိုစီး၍ ကုက္ကိုင်းအထိလာပြီး ကုက္ကိုင်း လမ်းဆုံသို့ ရောက်သည့်အခါ မြောက်ဥက္ကလာ ဆူးလေ ကားကို ပြောင်း၍ စီးပြီး ရေခဲဆိုင်မှတ်တိုင်တွင် ဆင်းခဲ့ပါသည်။

(မှတ်ချက် ။ ။ ထိုအချိန်ကာလက ယခုကဲ့သို့ လယ်ယာ



www.burmeseclassic.com

www.burmeseclassic.com

မောင်းစနစ်မဟုတ်ဘဲ ယာဉ်များအားလုံး လက်ဝဲမောင်းစနစ် ဖြစ်ပါသည်)

ယင်းနောက် ရွှေတိဂုံကုန်းတော်ပေါ်သို့ အရှေ့ဘက်မုခ်ပေါက်မှ ခြေကျင်လျှောက်၍ တက်လာခဲ့ပါသည်။

နန်းဝေက ထုံးစံအတိုင်း ပန်းရောင်းသည့်ဆိုင်တွင် သူ့ဖိနပ်ကို အပ်နှံခဲ့ပြီး ဖရောင်းတိုင်၊ အမွှေးတိုင်နှင့် သပြေပန်း၊ နှင်းဆီပန်းများကို ဝယ်ယူကာ ရွှေတိဂုံ ကုန်းတော်ပေါ်ရှိ အောင်မြေကိုးဌာနတွင် တစ်ခုအပါ အဝင်ဖြစ်သည့် စနေထောင့်ရှိ နေနဲ့လဘုရားတွင် ပန်း၊ ဆီမီး၊ အမွှေးတိုင်များကို ကပ်ညှိပူဇော်လိုက်ပါသည်။

ပြီးနောက် ဘုရားကို ဝတ်ပြုကာ ငါးပါးသီလ ဆောက်တည်ခြင်း၊ သံသရာအဆက်ဆက်က တော်စပ်ခဲ့သော မိဘဆွေမျိုးဉာတကာများ သုခိတ ကို့တ ဝေနေယျ သတ္တဝါများကို သူပြုခဲ့သည့် ကုသိုလ်ဒါန များ ဆောက်တည်ခဲ့သည့် သီလများအတွက် အမျှအတမ်း ပေးဝေခြင်းစသည့် ပရိကံအမှုများကို ပြုလုပ်လိုက်ပါသည်။

"အားလုံး ကြားကြားသမျှ . . အမျှ . . အမျှ . . အမျှ ယူတော်မူကြပါကုန်"

"သာဓု . . . သာဓု . . . သာဓု"

သူအမျှပေးဝေသံက သူတစ်ကိုယ် ကြားရုံ ခပ်တိုးတိုးဖြစ်သလို သူ့အနားမှကပ်၍ သာဓုခေါ်လိုက်သံလေးကလည်း သူ့နားထဲတွင် ကြားသည်ဆိုရုံမျှလေး တိုးညင်းလှပါသည်။ ပြီးတော့ တစ်ချိန်တည်းမှာပင် အလွန်သင်းပျံ့လှသော မွှေးရနံ့တစ်ခုကိုလည်း ရှူရှိုက်လိုက်ရပါသည်။

နန်းဝေက အံ့အားတသင့်နှင့် သူ့ဘေးဘက်ကို လှည့်၍ကြည့်လိုက်မိပါသည်။

"ဟင်"

သူ့ဘက်ကို လုံးဝမကြည့်ဘဲ မျက်စိကိုစုံမှိတ်ကာ ဘုရားကို အာရုံပြုနေသည့် သူနှင့် မတိမ်းမယိမ်းအရွယ်ရှိ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည့်အတွက် အံ့ဩ၍သွားရပါသည်။

ပုလဲနှစ်လို ဝင်းမွတ်သန့်စင်နေသည့် အသားအရေ၊ စိုရွှန်းထွေးနေသော နှုတ်ခမ်းဖူးဖူးလေးတစ်စုံ၊ နက်မှောင်နေသည့် မျက်ခုံးတုတ်တုတ်များအောက်မှ ရှည်လျား ကော့ညွတ်နေသော မျက်တောင်ကြီးများ . . .

တင်ပါးဖုံးအုပ်သည်အထိ ပျော့ပျောင်းအိအိနှင့် ကျနေသော ပိတုန်းရောင် ဆံကေသာများ။

ကြော့ကြော့ရှင်းရှင်း ပြည့်ပြည့်တင်းတင်းနှင့် အချိုးအဆက်ကျနလှပလွန်းသော ကိုယ်လုံးလေး။

နန်းဝေက မိန်းကလေးကို ဘေးတိုက်အနေအထားဖြင့် တစ်ဝကြီး သေသေချာချာ စူးစူးရဲရဲနှင့် အကြာကြီး ကြည့်နေမိပါသည်။

"အကြည့်ကလည်း ရဲလိုက်တာနော်"

မိန်းကလေးက ဘုရားကို မျက်နှာမူ၍ မျက်စိအစုံကို မှိတ်ထားလျက်က ယခုလိုမျိုး အားမနာတမ်း သူကြည့်ရှုနေသည်ကို ဘယ်လိုများ သိသွားသည်မသိပါ။

နှုတ်မှ တိုးတိုးလေး ရေရွတ်လိုက်သော်လည်း သူမ၏ မျက်နှာလေးပေါ်တွင် မကျေနပ်သည့် ဟန်ပန်လုံးဝမရှိ၊ မပြုံ့ ပြုံးတုံ့လေးပင် ဖြစ်၍နေပါသည်။




www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေး ချောချောလှလှလေးပေါင်း မြောက်မြားစွာကို မြင်ဖူးတွေ့ဖူး တရင်းတနှီး ဆက်ဆံခဲ့ဖူးပါသော်လည်း ယခုလိုမျိုး ရင်ခုန်ခြင်းဝေဒနာမျိုးကို မခံစားခဲ့ရဘူးပါ။

အခု သည်မိန်းကလေးကိုတော့ မြင်တွေ့မိလျှင် တွေ့မိချင်း ဘာကြောင့်မှန်းမသိ သူ့ရင်ထဲက တသိမ့်သိမ့် တငြိမ့်ငြိမ့်၊ တဖျတ်ဖျတ် တလှပ်လှပ် နေအောင်ပင် ကတိမ်းကပါး ဖြစ်ခဲ့ရပါသည်။

ဘာပဲဖြစ်ဖြစ် သူ၏ စူးစူးရဲရဲအကြည့်များကြောင့် မိန်းကလေးကို အားနာသွားပြီး ခပ်တိုးတိုးပင် တောင်းပန်စကား ဆိုလိုက်ပါသည်။

"တို့အကြည့်တွေ ရိုင်းသွားရင် ခွင့်လွှတ်ပါ၊ တို့စိတ်ထဲမှာ မင်းကို နှစ်ပေါင်းများစွာက အရမ်းရင်းနှီးခဲ့တဲ့ သူတစ်ဦးလို ခံစားရလို့ ကြည့်နေမိတာပါကွာ"

စီစဉ်ထားခြင်းမရှိပါဘဲနှင့် သူ့ရင်ထဲက စကားလုံးတွေက အစီအရီ ထွက်သွားပါသည်။

"ဟုတ်ပါတယ်လေ . . . မောင်နဲ့ကျွန်မက နှစ်ပေါင်းများစွာ အတူနေလာခဲ့ ကြသူတွေဆိုတော့ မောင့်မနောအာရုံထဲမှာ ကျွန်မကို ရင်းနှီးနေတာ မထူးဆန်းပါဘူးလေ"

"ဘာ . . . ဘယ်လို . . . ဘယ်တုန်းက"

သူ့ထံမှ အသံတွေက ဗလုံးဗထွေးနှင့် ထွက်သွားပါသည်။

"မင်း . . . မင်းနဲ့ တို့နဲ့ ဘယ်တုန်းက အတူနေလာခဲ့ကြတာလဲဟင်"

မိန်းကလေးက လက်ကလေးနှစ်ဖက်ကို ကြမ်းပေါ်ထို့





ထောက်လိုက်ပြီး ကျို့ကျို့လေးထိုင်နေသည့်အတိုင်း သူ့ဘက်သို့ လှည့်လိုက်ပါသည်။

"အဲဒီအကြောင်းတွေကို ခုနေပြောပြဖို့ ကျွန်မ အချိန်မရဘူး မောင်၊ တစ်နေ့ နေ့ကျရင် မောင်နဲ့ ကျွန်မ အေးအေးဆေးဆေးတွေ့ပြီး အဲဒီအကြောင်းတွေကို ပြောပြပါ့မယ်"

"အဲဒီ တစ်နေ့နေ့ဆိုတာ ဘယ်တော့လဲဟင်"

"မောင် . . . သမိန်ထောရွာကြီးကို ပြန်ရောက်တဲ့အခါပေါ့"

"ဟင် . . . တို့ သမိန်ထောရွာမှာ နေတယ်ဆိုတာကို မင်း . . . မင်း ဘယ်လို လုပ်ပြီးသိနေတာလဲ"

"သိဆို . . . ကျွန်မက ကျွန်းညိုကြီးနဲ့ မိန်းမလှကျွန်းကို အမြဲ ကူးလူးသွားလာနေတဲ့သူပဲရှင်၊ ပြီးတော့ မောင်နဲ့ပတ်သက်လို့လည်း အမြဲတန်း မောင့်သတင်းကို စုံစမ်းနေခဲ့တာမို့လား၊ ခုဆိုရင် မောင်လည်း အသက်နှစ်ဆယ့်တစ်နှစ်ပြည့်လို့ နှစ်ဆယ့် နှစ်နှစ်ထဲကို ရောက်နေခဲ့ပြီနော်၊ အင်း . . . မောင်နဲ့ကျွန်မ အတူပြန်နေကြရဖို့ ရက်ကလည်း သိပ်ပြီးမလိုတော့ပါဘူးလေ"

သူ့ကိုပဲ ရည်ရွယ်၍ပြောနေသည်လား၊ သို့တည်းမဟုတ် သူမ ဘာသာသူမ တစ်ယောက်တည်း ညည်းညူသလို ပြောဆိုနေသည်လား မသိပါ။ သည်ကြားထဲက သူ့အသက်နှစ်ဆယ့်တစ်နှစ် ပြည့်သွားသည်ကိုလည်း သည်မိန်းကလေးက ဘယ်နည်းနှင့်များ သိသွားသည်လည်း မသိပါ။

"ကဲ . . . မောင် ကျွန်မသွားတော့မယ်နော်"


www.burmeseclassic.com

www.burmeseclassic.com

သည့်အကြောင်းကို သူက မေးတော့မည် ဆဲဆဲတွင် ကောင်မလေးက နေရာမှ ဒူးလေးထောက်၍ထတော့မည်ဟန် ပြင်ရင်း နန်းဝေကို နှုတ်ဆက်လိုက်ပါသည်။

"ခဏလောက်နေလို့ မရဘူးလားကွာ"

နန်းဝေ၏ ကောင်မလေး၏ လက်ကောက်ဝတ်လေးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ တောင်းပန်လိုက်ပါသည်။

ကောင်မလေး၏ အထိအတွေ့က ဝါဂွမ်းဆိုင်လေးကို ကိုင်လိုက်ရသလို နူးညံ့အိစက်၍ နေပါသည်။

"ကျွန်မလည်း မောင့်ကို ခွဲမသွားချင်ပါဘူး မောင်ရယ်၊ ခုလို လာပြီးခဏလေး တွေ့ရဖို့အရေးကိုတောင် အဘိုးဆီမှာ မနည်းကြီးကို ခွင့်ပန်လာခဲ့ရတာပါကွယ်"

"အဘိုး . . . ဟုတ်လား၊ ဘယ်ကအဘိုးလဲဟင်"

"နောက်တော့ မောင် သိလာမှာပါလေ၊ ခုနေတော့ အဘိုးဟာ အဘိုးပဲပေါ့ မောင်ရယ်၊ ကဲ . . . လွှတ်တော့နော် ကျွန်မသွားတော့မယ်"

နန်းဝေက ကောင်မလေး၏လက်ကလေး နှစ်ဖက်ကို မလွှတ်ချင်လွှတ်ချင် နှင့် လွှတ်ပေးလိုက်ပါသည်။

ပြီးတော့ နှစ်ဦးစလုံး မတ်တတ်ထ၍ ရပ်လိုက်ကြပါသည်။

"ဪ . . . မောင့်ကို ကျွန်မ မသွားခင် ကတိသုံးခု တောင်းချင်တယ်၊ မောင် ပေးနိုင်မလားဟင်၊ ကျွန်မတောင်းမယ့် ကတိတွေကလည်း မောင်ပေးနိုင်မယ့် ကတိတွေပါလေ"





"အို . . . ဘာကတိပဲဖြစ်ဖြစ် ပေးနိုင်တယ်၊ ကဲ . . . ပြော"

"တခြားတော့ မဟုတ်ပါဘူး၊ ပထမ ကတိက မောင် ဒီနေ့က စပြီး အသက်သတ်လွတ် စားရမယ်၊ တစ်သက်လုံးနော်"

"တစ်သက်မဟုတ်ဘူး၊ ဆယ်သက်ကွာ"

"နောက် . . . ကျွန်မနဲ့ ခုလိုတွေ့ခဲ့တဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောရဘူး၊ ကုန်ကုန်ပြောမယ် သမိန်ထောရွာက မောင့်အမေ ဒေါ်အေးငြိမ်းကိုတောင် မပြောရဘူး၊ ဘယ်နဲ့လဲ"

"စိတ်ချ၊ မပြောဘူးကွာ"

"အဲ . . . နောက်ဆုံးကတိကတော့ မောင် ကျောင်းပိတ်လို့ သမိန်ထောကို ပြန်ရောက်တဲ့နေ့မှာ ကျွန်မနဲ့ လာတွေ့ရမယ်နော်"

"တွေ့မယ် . . . တွေ့မယ်၊ သေသေချာချာကို လာတွေ့မယ်၊ အဲ . . . ဘယ် နေရာကို လာတွေ့ရမယ်ဆိုတာကိုသာပြော"

"ဘုရားမှာပေါ့"

"စိတ်ချ . . . သမိန်ထောကို ပြန်ရောက်ရောက်ချင်း မင်းဆီကို လာတွေ့ပါ့မယ်"

နန်းဝေက ကောင်မလေး၏ လက်မောင်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက် ပြန်ပါသည်။

"မင်း ဘယ်ကိုပြန်မှာလဲဟင်"

"ခုလောလောဆယ်မှာတော့ မော်တင်စွန်းမှာနေတယ်လို့ပဲ သိထားပါ မောင်ရယ်နော်၊ ဟိုမှာ မောင်နဲ့တွေ့တော့မှပဲ အကြောင်းစုံ ပြောပြပါ့မယ်၊ ကျွန်မ သွားတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးက မျက်ရည်ကလေးများရစ်ဝဲကာ နန်းဝေ၏ ရှေ့မှ ချာခနဲ ထွက်၍သွားပါသည်။

"ဟော့ . . . ဟော့ . . . ခဏ . . . ခဏ"

ကောင်မလေးက ရပ်ပြီး လှည့်ကြည့်လိုက်ပါသည်။

"ဘာလဲ မောင်"

"ဟိုလေ . . . မင်းနာမည်ကို တို့မသိရသေးဘူး၊ ပြောခဲ့ဦးလေ"

"ကျွန်မနာမည် မြတ်လေးငုံတဲ့"

သူ့နာမည်ကို ပြောပြီးသည်နှင့် မြတ်လေးငုံဆိုသည့် ကောင်မလေးက လှစ်ခနဲပင် ပြေးထွက်၍သွားပါသည်။

"မြတ်လေးငုံ"

မြတ် . . . လေး . . . ငုံ

နန်းဝေက ကောင်မလေး၏နာမည်ကို နှုတ်မှ တဖွဖွရွတ်ဆို ကြည့်နေမိပါသည်။ သည်နာမည်မျိုးကို သူ တစ်နေရာမှာ ကြားဖူးခဲ့သလိုလို အတော်ကြီးကို ရင်းနှီးမှုရှိနေသလိုမျိုး ခံစားလိုက်ရပါသည်၊

သူ သတိရ၍ ကောင်မလေးကို ကြည့်လိုက်သည့်အခါမှာတော့ သူ့ရှေ့ မြင်ကွင်းထဲတွင် လုံးဝမတွေ့ရပါတော့ . . . နန်းဝေက ချက်ချင်း ကြီးပင် အရူးတစ်ယောက်လို ဘုရားရင်ပြင်အနှံ့ ကောင်မလေးကို လိုက်လံ ရှာဖွေကြည့်လိုက်ပါသည်။ မြတ်လေးငုံဆိုသည့် ကောင်မလေး၏ အရိပ် အယောင်ကိုမျှကိုပင် မတွေ့ရပါတော့။

ထိုနေ့က ခါတိုင်းလိုမျိုး အင်္ဂါ ၄ ဌာနတွင် ပုတီးစိပ်ဖို့ မဆိုထားဘိ တစ်နေရာ တစ်ဌာနမှာပင် ပုတီးစိပ်ဖို့အတွက် သူ့အာရုံများ



ကို စုစည်း၍မရခဲ့ပါ။

နောက်ဆုံးမှာတော့ နန်းဝေတစ်ယောက် အဆောင်သို့ ဘတ်(စ်)ကားစီး၍ပင် မပြန်နိုင်တော့ဘဲ သုံးဘီးတစ်စီးကို စီး၍ပြန်လာ ခဲ့ရပါသည်။

ဒါကို အဆောင်ပေါ်မှနေ၍ မြင်တွေ့လိုက်သော စိုးကြည်က နောက်ဖြစ်အောင် နောက်လိုက်ပါသေးသည်။

"အဟီး . . . ငါတို့ ဘိုးတော်က မဆိုးဘူးကွ၊ ဈာန်နဲ့ ကောင်းကင်ကနေ ပျံလာရင် နေပူလောင်မှာစိုးလို့ သုံးဘီးကားငှားစီး လာတယ်ကွ မြင့်သိန်းရ"

နန်းဝေက သူ့ကို လှောင်ပြောင်နေသော သူငယ်ချင်းများကို ဘာမှ ခွန်းတုံ့ပြန်မနေတော့ဘဲ သူ့အခန်းထဲသို့တန်းဝင်ကာ အိပ်ရာ ပေါ်တွင် လှဲချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## ပြန်ရတော့မည် ဌာနေဆီ

ခုတလော သူတို့နှင့်လည်း ခါတိုင်းလို ရောရောနှောနှော မနေ၊ စကားကိုပင် ခပ်ဟဟ မပြောတော့ဘဲ အားလျှင် အိပ်ရာထဲသို့ဝင်ကာ စောင်ကြီးကို ခေါင်းမြီးခြုံလျက် အိပ်နေသည်လား၊ ပုတီးပဲစိပ်နေသည်လား၊ ဝင်လေထွက်လေကို ရှုမှတ်ကာ အာနာပါနာ နုဿတိ အလုပ်ကိုပဲ လုပ်နေသည်လား အပြောရခက်လှပါသည်။

အမြဲတမ်း နောက်ပြောင်နေတတ်သော စိုးကြည်ကပင် မနေနိုင်ဘဲ . . .





"ဟော့ကောင် နန်းဝေ၊ ခုတလော မင်း ငါတို့ကို သိပ်ပြီး ဟတ်ဟက်ပက်ပက်မရှိတာ ဘာဖြစ်လို့လဲ၊ မင်းကို ဘိုးတော်တို့ဘာတို့ဆိုပြီး နောက်တာကို စိတ်ဆိုးလို့လား"

"မဟုတ်ပါဘူးကွာ"

"မဟုတ်ရင် မင်း အခုဘာဖြစ်နေတာလဲ"

"ငါက ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ မင်း ဟိုတလောက တနင်္ဂနွေနေ့ကြီး ရွှေတိဂုံဘုရားကနေ ခါတိုင်းလိုမဟုတ်ဘဲ အစောကြီး ပြန်လာတယ်လေ၊ အဲဒီနေ့ကစပြီး မင်းအမူအရာတွေ တစ်မျိုးကြီးဖြစ်နေတယ်လို့ ကျော်ဝင်းက ပြောတာပဲ"

"ငါ ဘာမှမဖြစ်ဘူး၊ အရင်အတိုင်းပဲ၊ မင်းတို့ထင်လို့ ဖြစ်လိမ့်မယ်"

"အေးလေ . . . ဘာမှမဖြစ်ဘူးဆိုရင်လည်း ပြီးတာပါပဲ၊ ငါတို့ထင်နေတာက မင်းကို ငါတို့က နောက်လွန်းပြောင်လွန်းလို့ ငါတို့ကောင်တွေကို စိတ်ဆိုးနေတာဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ဗိုလ်တထောင်ဘုရားမှာ ဌာပနာပစ္စည်းတွေ လာလှူသွားတဲ့ ဥစ္စာစောင့် မြနန်းနွယ်ဆိုတဲ့ တပျိုးသမီးလို ရွှေတိဂုံဘုရားပေါ်မှာလည်း ဒုတိယ မြနန်းနွယ်နဲ့ တွေ့ခဲ့သလားလို့ပါ"

စိုးကြည်၏စကားကြောင့် နန်းဝေ ကွက်ခနဲ မျက်နှာပျက်သွားပါသည်။ ဒါကို စိုးကြည်က သတိမထားမိလိုက်ပါ။

ဒုတိယ မြနန်းနွယ်တော့ မဟုတ်ဘူးသူငယ်ချင်းရေ့ ဒါတွေ့ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မြတ်လေးငုံတဲ့။ .

နန်းဝေက ရင်တွင်းမှ တိုးညင်းစွာ ပြောလိုက်ပါသည်။

သည်လိုနှင့်ပင် နှစ်ဝက် စာမေးပွဲကြီး ပြီးဆုံး၍သွားပြီး သီတင်းကျွတ် ကျောင်းတစ်လ ပိတ်လိုက်ပါသည်။

စာမေးပွဲက ဗုဒ္ဓဟူးနေ့တွင် ပြီးဆုံးသွားသည်မို့ စိုးကြည်နှင့် မြင့်သိန်းက ကြာသပတေးနေ့တစ်ရက် ရန်ကုန်တွင် ဈေးဝယ်၊ ရုပ်ရှင်ကြည့်၊ လျှောက်လည်ကြပြီး သောကြာနေ့မှ ပြန်ရန် အဆိုပြုလာပါသည်၊

"မနက်ဖြန်ပဲ ပြန်ကြရအောင်ကွာ"

နန်းဝေက သူတို့နှစ်ယောက်၏ အဆိုကို ကန့်ကွက်လိုက်ပါသည်။

"သန်ဘက်ခါမှ အေးအေးဆေးဆေး ပြန်တာပေါ့ နန်းဝေရ အိမ်က ထွက်ပြေးမှာကျနေတာပဲ"

"သန်ဘက်ခါက သောကြာနေ့ကွ"

"သောကြာနေ့ကော ဘာဖြစ်တုန်း"

"သောကြာရေကြောင်း မသွားကောင်းတဲ့"

"ကျွတ် . . . မင်းလိုသာဆိုရင် မြန်မာပြည်တင်မဟုတ်ဘူး တစ်ကမ္ဘာလုံး သောကြာနေ့ဆိုရင် လှေသင်္ဘောတွေ မထွက်ကြရတော့ဘူးတဲ့လား"

မြင့်သိန်းက မကျေမနပ်နှင့် အငေါ်တူးလိုက်ပါသည်။

"ဒီမှာ နန်းဝေ၊ မင်းတို့ထွက် ရက်ရာဇာတဲ့ကွ"

"ကောင်းတာ မှန်တာလုပ်တဲ့လူတွေအတွက် နေ့တိုင်းဟာ





ရက်ရာဇာချည်းပဲ၊ အဲ . . . မဟုတ်တာ မမှန်တာ လုပ်တဲ့လူတွေအတွက်ကတော့ နေ့တိုင်းဟာ ပြဿဒါးချည်းပဲ သူငယ်ချင်း"

"တို့က ဘုရားဟောပဲယုံတယ်၊ လောကီအယူအဆတွေကို လုံးဝလက်မခံနိုင်ဘူး၊ မင်းလိုသာဆိုရင် သောကြာနေ့မှာ ရေလမ်းခရီးသွားတဲ့လူတိုင်း ဒုက္ခရောက်ရတော့မှာလား"

"ဒီကောင့်ကို ပြောမနေနဲ့ မြင့်သိန်း၊ ဒီကောင်က ရေချိုးတာ တအစ

ငါ့သားရွှေတောင် ရေကိုရှောင်၊ အောင်စံဖြိုး ရေချိုးရက် လုပ်နေတဲ့ကောင် . . . ခေါင်းလျှော်ရင်လည်း ကုရင်သားမွေး ခေါင်းမဆေးနဲ့ ဗိုးစည်တီး ပြီးအောင် လျှော်ဆိုတဲ့ကောင်မျိုး၊ ဘယ်ကရထားတဲ့ အဆိုအမိန့်တွေမှန်း မသိဘူး၊ ဘာကိုပဲလုပ်လုပ် အဲဒီ ဆောင်ရန် ရှောင်ရန်ဆိုတဲ့ လင်္ကာတွေကို ဆိုပြီးမှ အဲဒီထဲက အညွှန်းအတိုင်း လုပ်တဲ့ကောင်"

"အေးကွာ. . . ဥပါဒါန်အစွဲအလန်းတွေရဲ့ လောင်းရိပ်အောက်မှာ အကျဉ်းကျနေတဲ့ မင်းဘဝကို စဉ်းစားကြည့်ရင် သနားစရာပဲ"

"ကဲပါ စိုးကြည်ရာ ကျောင်းတက်ဖို့ လာကြတုန်းကလည်း အတူ၊ ပြန်တော့လည်း အတူတူပြန်ကြတာပေါ့၊ အိမ်အတွက် ပစ္စည်းလေးဘာလေးဝယ်ဖို့ အခုလည်း အချိန်ရပါသေးတယ်၊ ရေမိုးချိုးပြီး ထွက်လိုက်ကြရအောင်၊ နန်းဝေ မင်းလည်း တို့နဲ့ မြို့ထဲလိုက်ခဲ့မယ်မဟုတ်လား"

"ငါ . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် မငြင်းနဲ့တော့၊ ငါတို့နှစ်ယောက်က သန်ဘက်ခါ ပြန်ချင်တာကို မင်းအလိုလိုက်ပြီး မနက်ဖြန်ပြန်ပေးရတာနော်၊ အဲဒီတော့ ခု ငါတို့ဆန္ဒကို ငြင်းမယ်မကြံနဲ့၊ မြို့ထဲကို သွားကြမယ်၊ လေဟာပြင်ဈေးမှာ လိုတာလေးတွေ ဝယ်မယ်၊ အဲဒီမှာ ထမင်းစားမယ်၊ ပြီးရင် ရုပ်ရှင်ကြည့်မယ်၊ ရုပ်ရှင်ကြည့်ပြီးမှ အဆောင်ကိုပြန်·မယ်၊ ဘယ်နဲ့လဲ"

"အေးပါကွာ . . . မင်းတို့သဘောပါ"

"ဒီလိုမှပေါ့ နန်းဝေရ"



## အခန်း (၆)
## အရိပ်မဲ့ချစ်သူ

နောက်တစ်နေ့ နေ့လယ်အချိန်တွင် နန်းဝေတို့ သုံးယောက် လမ်းမတော် ဆိပ်ကမ်းမှနေ၍ ရန်ကုန်-ဘိုကလေး ပြေးဆွဲနေသော ပင်းနန္ဒာ နှစ်ထပ်သင်္ဘောကြီး ဖြင့် ပြန်ခဲ့ကြပါသည်။

"ဟေ့ကောင် နန်းဝေ"

"ဟင်"

သင်္ဘောကုန်းပတ်တွင် ခင်းထားသည့် အိပ်ရာပေါ်တွင် လှဲလျက် ပုတီးစိပ်ရင်း လိုက်ပါလာသော နန်းဝေက သူ့ဘေးတွင်



www.burmeseclassic.com

www.burmeseclassic.com


အိပ်နေသည့် မြင့်သိန်း၏ ခေါင်းသံကြောင့် ပုတီးပတ်ကို ရပ်ထားလိုက်ရာက ထူးလိုက်ပါသည်။

"ဒီလမှာ နဂါးဦးခေါင်းက ဘယ်ဘက်ကို လှည့်သလဲကွ"

"မင်းက ဘာလုပ်မလို့လဲ"

"ငါသိချင်လို့ပါ"

"အင်း . . . ပေါင်းကူးဆုန်နေခ်က် န-ဝါ-ဝါ-မြောက်၊ တော်ကျွတ် မုန်း ရှေ့ နတ် ပြာ တွဲ တောင် အမြဲဆောင် အိုအောင်မှတ်ကွဲ့ နဂါးလှည့်လို့ ဆိုထားတော့ ဒီလမှာ နဂါးခေါင်းက အရှေ့ဘက်ကို လှည့်နေတယ်လေ"

"ဒါဆိုရင် ခု တို့သွားနေတာက ရန်ကုန်ကနေဆိုရင် အနောက်ဘက်ခရီး ေတော့ နဂါးခံတွင်းထဲကို ဝင်နေတာပေါ့နော်"

"အင်း"

"နဂါးက ဘာစားလဲဟင်"

ပေါက်တတ်ကရတွေကို အမြဲပြောတတ်သော မြင့်သိန်း၏ အကြောင်းကို သိထားသည်မို့ နန်းဝေက ဘာမှပြန်၍မပြောတော့ ပုတီးကိုစိပ်ပြစိပ်၍နေပါသည်။

"အင်း . . . နဂါးဆိုတာ မြွေမျိုးဆိုတော့ ရေထဲမှာနေရင် ငါး စားမှာပဲ၊ ကုန်းပေါ်မှာနေရင်လည်း ကြွက်ကအစ စားလို့ရတဲ့အကော မှန်သမျှ အကုန်မျိုတတ်တဲ့သတ္တဝါမို့ သူ့ဗိုက်ထဲမှာ အမြဲတမ်း အပ အစပ်တွေနဲ့ နံနေမှာနော်၊ ဟုတ်တယ်မို့လား"

ကိုယ့်ဘာသာ ပြောရုံမဟုတ် ပုတီးစိပ်၍နေသော နန်းဝေ ခုံးကို တွန်းလိုက်၍ ပြောနေသည့်အတွက် နန်းဝေခမျာ စိပ်ပုတီးကို ဟသာချထားလိုက်ရပါသည်။

"အဲဒီတော့ ဘာဖြစ်လဲ မြင့်သိန်းရာ၊ မင်း တော်တော်စကားများတဲ့ကောင်ပဲ"

"ဟုတ်ဘူးလေကွာ . . . ငါတို့က ခု နဂါးခံတွင်းထဲ ဝင်လာနေတာ ဟုတ် မဟုတ် ဆန်းစစ်နေတာ၊ အေး . . . ခံတွင်းထဲ ဝင်တာဖြစ်လည်းဖြစ်နိုင်တယ်၊ မင်း ပုပ်စော်မနံဘူးလား"

"အင်း . . . တစ်ခါတလေတော့ နံသလိုလိုပဲ"

"ဒါဆို ကျိန်းသေပြီ၊ တို့တွေ နဂါးခံတွင်းထဲကို ဝင်နေတာပဲ"

"မင်းကြီးဒေါ်ကြီး နဂါးခံတွင်းထဲကို ဝင်ရမှာလား၊ ငါ့ဘေးက ဒိန်းမကြီး သဘော်ပေါ်မှာ လျှောက်ရောင်းနေတဲ့ လျက်ဆားကို ာလကားတောင်းစားပြီး လေလည်နေတာကွ၊ ဒီမှာ ငါ ခေါင်းမြီးခြုံ ထားရလို့ အသက်ရှူကျပ်ပြီး သေတော့မယ် သိလား၊ ဟွန်း . . . ပသေခင်ပုပ်နေတဲ့ မိန်းမကြီး"

စောစောတုန်းက မြင့်သိန်း၏ဘေးတွင် ခေါင်းမြီးခြုံကာ ာိပ်နေသော စိုးကြည်က စိတ်ဆိုးမာန်ဆိုးနှင့် အိပ်ရာမှ ရုတ်တရက် ထကာ မြင့်သိန်းကို ပြောလိုက်ပါသည်။

"ဘာ . . . ဘာပြောတယ်"

စိုးကြည်နှင့် ကပ်လျက်သား နေရာယူထားပြီး စောစောတုန်း ာစ်ဖက်သို့ လှည့်၍ အိပ်နေဟန်တူသော မိန်းမဝဝကြီးကလည်း ိုးကြည်လိုပင် အိပ်ရာမှ လူးလဲထလိုက်ပါသည်။


ကြောင်နှစ်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

"ငါ့ဘာသာငါ လေလည်တာ ဘာဖြစ်လဲ၊ နင့်ဖင်ကိုငှားပြီး လေလည်သမို့လား၊ ဒါ ကျန်းမာရေးဟဲ့၊ ကျန်းမာရေး၊ ဟွန်း . . . လူလေးကဖြင့် ငါမွေးထားရင် ငါ့သားလောက်ရှိသေးတယ်၊ အပြောအဆို က မိုက်ရိုင်းလိုက်တာ၊ ငါ့ကိုများ မသေခင် ပုပ်နေတဲ့ မိန်းမကြီးတဲ့၊ ဒီမှာ သူငယ်ရဲ့ သတ္တဝါမှန်သမျှ အပုပ်ကောင်တွေ ရုပ်ဆောင်နေကြတာ ချည်းပဲ၊ မင်းရည်းစားကောင်မလေး မွှေးတယ်ကြိုင်တယ်ဆိုတာက ရေချိုးထားလို့၊ အမွှေးနံ့သာတွေ လိမ်းကျံချယ်သထားလို့ဟေ့၊ သူ့ကို ရေမချိုးခိုင်းဘဲ တစ်ရက်လောက်ထားပြီး နောက်နေ့ကျ အနားကို ကပ်ကြည့်ပါလား၊ မွှေးသေးလားလို့၊ သူ့ကိုယ်ကထွက်တဲ့ အညစ်အကြေး တွေကို မင်း ရှုကြည့်ပါလား၊ ဟွန်း . . . ငါမပြောလိုက်ချင်ဘူး၊ စောစောတုန်းက မင်း ငါ့ဘက်လှည့်ပြီး အိပ်နေတုန်းက မင်းပါးစပ်ကနေ လေတွေတဖူးဖူးနဲ့ မှုတ်ထုတ်နေတုန်းကများ ဘယ်လောက် အာပုပ် စော်နံလိုက်သလဲလို့၊ ဟွန်း . . . ပြောရင်းနဲ့တောင် အော့နှလုံးနာလာပြီ"

"ကန်တော့ . . . ကန်တော့ အဒေါ်ကြီးရာ၊ ကျွန်တော်က အဒေါ်ကြီး အိပ်နေတယ်မှတ်လို့ ပြောမိတာပါ၊ ကန်တော့နော်၊ ဟဲ . . . ဟဲ"

"အဒေါ်ကြီးပြောတာ မှန်ပါတယ်၊ ဒီအရွယ်ဆိုတာ လေလာမှ နေသာ သလို လေထိုးရင် အနေဆိုးပြီး လေထွက်မှ အနေမခက်မှာပါ၊ ဟုတ်တယ်နော်"

မြင့်သိန်းနှင့် နန်းဝေတို့နှစ်ယောက်ကတော့ စောင်ကိုခေါင်းမြီး ခြုံရင်း တခွိခွိ နှင့် ရယ်မောလိုက်ကြပါသည်။





သည်လိုနှင့်ပင် မင်းနန္ဒာသင်္ဘောကြီးက တိုးမြစ်အတိုင်း ဝင်လာပြီး တိုးမြစ်၏ မြစ်လက်တက်ဖြစ်သည့် ဖိုးတုတ်မြစ်ကို စုန်လာခဲ့ ပါသည်။ ဖိုးတုတ်မြစ်ကို သည်ဘက်ပိုင်းတွင် ဘိုးကလေးမြစ်ဟုလည်း ခေါ်ကြပါသည်။

မြင့်သိန်းက ကျိုက်လတ်တွင်လည်းကောင်း၊ မိုးကြည်က မြင်းကကုန်းတွင်လည်းကောင်း ဆင်းသွားကြပြီး နန်းဝေကတော့ ဘိုကလေးအထိ လိုက်ပါလာခဲ့ပြီး ဘိုကလေးမှတစ်ဆင့် ဂါးဖြင့် သူ့ဇာတိ သမိန်ထောရွာကြီးသို့ ခရီးဆက်ခဲ့ပါသည်။

သူငယ်ချင်းသုံးယောက် ကျောင်းပြန်ဖွင့်မည့်ရက်အတွက်လည်း ရန်ကုန်သို့ အတူပြန်ရန် ချိန်းဆိုပြီးခဲ့ကြပါသည်။

သမိန်ထောရွာကြီးက ကျွန်းညိုကြီးအပိုင်တွင်ရှိပြီး အများစုက ရေလုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

သင်ဖြူးဖျာရက်သူ၊ မီးသွေးဖုတ်သူ၊ ကြိုးကြိမ်လုပ်ငန်းလုပ်သူ၊ လယ်ယာ ကိုင်းကျွန်းလုပ်ကိုင်သူ အချို့လည်း ရှိကြပါသည်။

နန်းဝေ၏ မိခင် ဒေါ်အေးငြိမ်းကတော့ ခင်ပွန်းဖြစ်သူ ဦးမြတ်သာ ရှိစဉ်က ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ဆီ၊ ဆန်၊ အား၊ ငရုတ်၊ ကြက်သွန်မှအစ ထင်း မီးသွေးအဆုံး ကုန်စုံဆိုင်ကြီး ဖွင့်လှစ် ရောင်းချခဲ့ပြီး ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားပြီးနောက်မှာတော့ ငွေတိုးပေး သည့်အလုပ်တစ်ခုတည်းကိုသာ လုပ်ကိုင်ခဲ့ပါသည်။

ကြွယ်ပိုးကြွယ်ဝရှိခြင်း၊ စိတ်ရင်းစေတနာကောင်းခြင်း၊ အတိုးနှုန်းထားကလည်း နည်းပါးခြင်း၊ ဆွေမျိုးအုပ်စုကလည်း


www.burmeseclassic.com

www.burmeseclassic.com

တောင့်တင်းခြင်းတို့ကြောင့် ဒေါ်အေးငြိမ်းအဖို့ ငွေချေးလိုက်သည့်အတွက် တစ်ခါဖူးမျှ ဆုံးရှုံးခဲ့ခြင်းမရှိခဲ့သလို သူမထံမှ ငွေချေးယူကြ သူများမှာလည်း ရိုးသားဖြောင့်မတ်ကြပြီး ကျေးဇူးတရားကို သိနားလည်ကြသူများမို့ နှစ်ဦးနှစ်ဖက် အဆင်ပြေကာ ဒေါ်အေးငြိမ်းမှာလည်း တရိပ်ရိပ်နှင့် စီးပွားဥစ္စာ တိုးတက်၍ လာခဲ့ပါသည်။

"ဟယ် . . . မောင်လေးပြန်လာ . . . အမေရေ . . . အမေ ဒီမှာ မောင်လေးပြန်လာပြီ"

"ဟေ . . . ဟုတ်လား၊ လာပြီ လာပြီ"

နေ့လယ်နေ့ခင်း အိပ်ခန်းထဲတွင် တစ်ရေးတစ်မော အိပ်နေစဉ် အိမ်ရှေ့မှနေ၍ သမီးဖြစ်သူ၏ ဝမ်းသာအားရ အော်ဟစ်ပြောဆိုသံကြောင့် ဒေါ်အေးငြိမ်းတစ်ယောက် အိပ်ခန်းထဲမှနေ၍ အပြင်သို့ ကသောကမျော ပြေးထွက်၍လာခဲ့ပါသည်။

"သားရယ် . . . ပြန်လာမယ်ဆိုရင်လည်း စာလေးဘာလေး ကြိုရေးလိုက်ပေါ့၊ အမေတို့ မြစ်ဆိပ်မှာ လာမကြိုရပါလား"

"အမေတို့၊ မညိုတို့ အလုပ်ရှုပ်နေမှာ စိုးလို့ပါ၊ မြစ်ဆိပ်နဲ့ အိမ်နဲ့ကလည်း ဘာမှမဝေးတာ အမေရယ်"

"အစ်ကိုစိန်တိုးရေ အဲဒီပစ္စည်းတွေကို အိမ်ပေါ်တင်ခဲ့ဗျာ"

စိန်တိုးဆိုသူက အဝတ်အစားထည့်ထားသည့် ယူနီဖောင်းသေတ္တာခေါ် သံသေတ္တာကြီးကို ပခုံးတစ်ဖက်တွင်ထမ်း၊ တစ်ဖက်က အိပ်ရာလိပ်ကိုဆွဲ၍ အိမ်ပေါ်သို့ တက်လာကာ ပစ္စည်းများကို အိပ်ခန်းနံရံတွင်ကပ်၍ ချထားလိုက်ပါသည်။





နန်းဝေ လွယ်လာသည့် လက်ဆွဲသားရေအိတ်နှင့် ကြိမ်ခြင်းနှင့် ...ည့်လာသော စားသောက်ဖွယ်ရာပစ္စည်းများကိုတော့ အစ်မဖြစ်သူ ...ယဉ်ညိုက သယ်ယူသွားပါသည်။

"အမေ နေကောင်းလားဟင်"

"ကောင်းတယ်လို့ပဲ ပြောရမှာပေါ့ သားရယ်၊ အသက်အရွယ် ...ြီးလာတော့ အရင်တုန်းကလိုတော့ ဘယ်ဟုတ်ပါတော့မလဲ၊ ဟိုကနာ . . . ဒီကကိုက်နဲ့ ရွှေတစ်နေ့ ငွေတစ်နေ့ပေါ့၊ ကိုယ့်ဘာသာကိုယ် ...နကောင်းအောင် ကြည့်နေရတာပဲ"

"ကဲ . . . အစ်ကိုစိန်တိုးရေ ခင်ဗျားအတွက် လုပ်အားခ"

"ဟာ . . . မဟုတ်တာပဲ ဖိုးဝေရာ၊ မယူပါရစေနဲ့ကွာ၊ ...ာမှလည်း ပင်ပန်းတာမဟုတ်"

"ယူပါ အစ်ကိုစိန်တိုးရ၊ အလေးကြီးသယ်လာရတဲ့ဥစ္စာ၊ ...ုန်ကုန်မှာဆို အလုပ်သမားခက ဒီထက်ဆယ်ဆလောက် ပေးရတာဗျ"

"ယူသွားလိုက်ပါကွယ် . . . မင်းညီ စိတ်မကောင်းဖြစ်နေပါ့ ...ယ်၊ ဪ. . . မင်းပြန်ရင် ရေအိုးစင်နားမှာ ချိတ်ထားတဲ့ ဖီးကြမ်း ...က်ပျောဖီးကို ယူသွားချေ။ ဘိုးမင်း ခေါင်ပွဲကျလေ၊ အန္တရာယ်ကင်းတယ်၊ ...ိမ်ကျ ကလေးတွေကိုလည်း ကျွေးလိုက်ဦး၊ ကြားလား"

"ဟုတ်ကဲ့ပါ အရီးလေး"

"ကဲ . . . ဖိုးဝေရေ ငါ ပြန်လိုက်ဦးမယ်ကွာ၊ နေ့ပိုင်း မင်းအား... ...ပ် တို့အိမ်ဘက်ကို လျှောက်ခဲ့ဦးကွာ၊ ရေနွေးကြမ်းသောက်ရင်း ...ေးနဲ့ ...ကားပြောရဆိုရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ အစ်ကိုစိန်တိုး၊ ကျွန်တော်အားရင် လာခဲ့ပါ့မယ်"

ကိုစိန်တိုးဆိုသူ ဆိပ်ကမ်းအလုပ်သမားက အားလုံးကိုနှုတ်ဆက်၍ ပြန်သွားပါသည်။

"မောင်လေး ထမင်းစားတော့မလား၊ ပုစွန်ချက်ရယ်၊ ရေငန်းသီး ငါးပိချက်ရယ်၊ ဂုံမင်းဟင်းခါးရယ် ရှိတယ်၊ မမညို ပြင်လိုက်မယ်လေ"

"ငါးရံ့ခြောက်ကလေး တစ်ပြားလောက် ဖုတ်လိုက်ပါလား သမီးရယ်၊ မီး ရှိသေးတယ်မို့လား'

"ရှိတယ် အမေ၊ ဒါဆို ခဏလောက်စောင့်လိုက်နော် မောင်လေး"

"မစားတော့ဘူး မမညို၊ ကျွန်တော် လမ်းမှာစားလာခဲ့ပြီ"

"အို . . . မဟုတ်တာဘဲ၊ နည်းနည်းလောက်တော့ ထပ်စား လိုက်ဦးပေါ့"

"ကျွန်တော် တကယ်မစားချင်တော့လို့ပါ၊ ဟိုလေ . . . ဘုရားကို ခဏလောက်သွားလိုက်ဦးမယ်နော် အမေ"

"အမယ်လေး . . . သားရယ် ရောက်ရောက်ချင်းပဲလား၊ ခဏ တစ်ဖြုတ်လောက် နားနားနေနေများ နေပါဦးတော့လားကွယ်၊ ညနေ နေညိုချိန်လောက်ရောက်တော့မှ သွားပါတော့လား"

"ဟုတ်သားပဲ ဖိုးမောင်လေးကလည်း အမေနဲ့ အလွမ်းပြေ စကားလေး ဘာလေး ပြောပါဦးလား၊ အမေကဖြင့် ပြက္ခဒိန်ကြည့်ကြည့်ပြီး ခုလောက်ဆို ငါ့သားလေး စာမေးပွဲဖြေရတော့မယ်၊ စာမေးပွဲဖြေနေလောက်ပြီ၊ စာမေးပွဲပြီးတော့မယ်၊ အိမ်ပြန်လာတော့မယ်၊ ငါ့သားလေး ပြန်လာမှ စကားတွေတစ်ဝကြီး ပြောလိုက်မယ်နဲ့ နေ့တိုင်း ပြောနေတာ ပဲ"

"ခဏလေးပါ မမညိုရေ၊ တစ်နာရီလောက်ပဲ ကြာမှာပါ၊ ညကျ တော့မှ စကားအေးအေးဆေးဆေး ပြောကြတာပေါ့"

နန်းဝေက သူ့အစ်မနှင့် အမေဖြစ်သူတို့ ဘာမှမပြောနိုင်ခင် မှာပင် အိမ်ပေါ်မှ လှစ်ခနဲ ဆင်းလာခဲ့ပါသည်။

"ဟဲ့ကောင်လေး နေပူတယ်၊ အဆောင်းလေးဘာလေး ဆောင်း သွားဦးလေ"

နန်းဝေ တစ်ယောက်ကတော့ အစ်မဖြစ်သူ၏အသံကို မကြား၊ ဟိုး အဝေးကြီးကို ရောက်သွားပြီဖြစ်ပါသည်။

နန်းဝေတို့ သမိန်ထောရွာကြီးက အိမ်ခြေ ၁၃၀၀ ကျော်ခန့်ရှိပြီး ရဲစခန်း၊ အလယ်တန်းကျောင်းနှင့် တိုက်နယ်ဆေးရုံတစ်ရုံလည်း ရှိပါသည်။ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာ အချက် အချာကျသည့် ကျေးရွာကြီးတစ်ရွာမို့လည်း စည်ကားလှပါသည်။

သမိန်ထောရွာကြီး၏ မြောက်ဘက်အစွန်းတွင် ကျိုက်ဒေးအပ် ဟုမည်ရ ဘုရားတစ်ဆူနှင့် ရွာ၏အရှေ့တောင်ထောင့် ပင်လယ်ကမ်း နဖူးတွင်တည်ရှိသည့် ရေသူမ်ဘုရားခေါ် ပြဒါးရှင်ဘုရားဟူ၍ ထင်ရှား သည့် ဘုရားနှစ်ဆူရှိပါသည်။

ရွာ၏အလယ်တွင် ဘိုးပန်းမြိုင်ဇရပ်ဆိုသည့် သစ်သားဇရပ် အဟောင်းကြီး တစ်ဆောင်ရှိပြီး အဆိုပါ ကျိုက်ဒေးအပ်ဘုရားနှင့် ပြဒါးရှင်ဘုရားသို့ သွားရာ လမ်းဆုံလည်းဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

နန်းဝေက ဘိုးပန်းမြိုင်ဇရပ်သို့ ရောက်သည့်အခါ ကျိုက်ဒေးအပ်ဘုရားကို ပင် သွားရမည်လား၊ ရေသူမဘုရားသို့ပင် သွားရမည်လား ဝေခွဲမရ ဖြစ်နေပါသည်။

သူက ဇရပ်ရှေ့က အုတ်လှေကား အောက်ဆုံးထစ်တွင် ထိုင်ချလိုက်ပြီးနောက် မည်သည့်ဘုရားသို့ သွားရမည်ဆိုသည်ကို စဉ်းစားရင်း အကြံအိုက်နေပါသည်။

ရွှေတိဂုံဘုရားမှာတုန်းက မြတ်လေးငုံဆိုသည့် ကောင်မလေးကို ဘယ်ဘုရားမှာ လာတွေ့ရမည်ဆိုသည်ကို အသေအချာ မမေးခဲ့မိသည့် မိမိကိုယ်ကိုသာ အပြစ်တင်လိုက်မိပါသည်။

ရွာလယ်ခေါင်ဆိုပါသော်လည်း လူနေအိမ်ခြေအများစုက ဖိုးတုတ်မြစ်ကမ်း ဘက်တွင်သာရှိပြီး သည်ဘက်ပိုင်းမှာတော့ ခြံကြီးဝင်းကျယ်များနှင့် ကြက်ဝက်မွေးမြူ သူ ဥယျာဉ်ခြံစိုက်ပျိုးသူတွေသာ အများဆုံးနေထိုင်ကြသည်မို့ လူသွားလူလာ ကျဲပါးလှပါသည်။

ဘိုးပန်းမြိုင် ဇရပ်ခေါင်းရင်းရှိ ညောင်မုတ်ဆိတ်ပင်ကြီးမှ ညောင်ရွက်လေတိုးသံ ထရှဲရှဲနှင့် ပန်းတိမ်ငှက်တစ်ကောင်၏ တတိန်တိန်နှင့် အော်သံကလွဲပြီး တိတ်ဆိတ်ငြိမ်နေပါသည်။

ကျိုက်ဒေးအပ်ဘုရားက ပုသိမ်မှ မွန်မင်းသမီး ဥမ္မာဒန္တီနှင့် မောင်ဖြစ်သူတို့ နန်းတွင်းရေးကြောင့် ထွက်ပြေးလာစဉ် ရောက်ရာအရပ်များ၌ တည်ထားခဲ့သော ဘုရားတစ်ဆူဖြစ်ပြီး ရေသူမဘုရားကတော့ ဟိုးယခင်က ဤနေရာတစ်ဝိုက်တွင် ကျွန်းညိုကြီးမှလွဲ၍ နေရာအားလုံး ရေအတိဖုံးနေစဉ် ရေသူမများက ရေအောက်မှ ရတနာများကို





ယူဆောင်လာသလို ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ်တစ်ဦးကလည်း ပြဒါးရှင်လုံးကို ယူဆောင်လာကာ ဤဘုရား၏အောက်ခြေ မြေအောက်အနက် အယ့်ရှစ်တောင်တွင် ရေသူမများ ယူဆောင်လာသည့် ရတနာများနှင့် ပြဒါးရှင်လုံးကို ဌာပနာကာ အပေါ်မှနေ၍ ကိုးတောင်အမြင့်ရှိ စေတီတစ်ဆူတည်ထားခဲ့ကြောင်းနှင့် နှောင်းလူတို့က ထို ကိုးတောင်အမြင့်ရှိ စေတီတော်ကိုငုံ၍ နှစ်ဆယ့်ခုနစ်တောင်အမြင့်ရှိ ယခု စေတီကို တည်ထားခဲ့ကြောင်း . . .

ထို့ကြောင့် ဤဘုရားကို တချို့က ရေသူမဘုရား တချို့က ပြဒါးရှင်ဘုရားဟု ခေါ်ဝေါ်ကြောင်းကို ဤဒေသတဝိုက်ရှိ လူအများက သိရှိထားကြပါသည်။

ထို့အပြင်လည်း တစ်ခါတစ်ရံ လပြည့်ညများတွင် ရေသူမများက ပင်လယ်မှ လူအသွင်နှင့် တက်လာကာ ဤဘုရားကြီးကို လာရောက်ဖူးမျှော်တတ်ကြောင်း ပုံပြင်လိုလို ဒဏ္ဍာရီလိုလို ပြောကြားခဲ့သည့် ဇာတ်လမ်းများကိုလည်း နန်းဝေတို့ငယ်စဉ်က တည်းကပင် နားရေဝအောင် ကြားခဲ့ဖူးပြီးဖြစ်ပါသည်။

နေက အနောက်ရိုးမဘက်ဆီသို့ တဖြည်းဖြည်းနှင့် လျောကျ၍ သွားပြီဖြစ်သည့်အတွက် သစ်ပင်ကြီးငယ်တို့၏ အရိပ်များက ရှည်လျားစွာ ထွက်ပေါ်၍နေပါသည်။

နောက်ဆုံးတော့ သူ ထိုင်နေသည့်နေရာမှ မဝေးကွာလှသည့် ကျိုက်ဒေးအပ် စေတီဘက်ဆီသို့ ဦးတည်လိုက်ပါတော့သည်။

ကျိုက်ဒေးအပ် စေတီတွင် မြတ်လေးငုံနှင့် ဒီကနေ့ မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com

လျှင် မနက်ဖြန် ရေသူမဘုရားသို့ သွားရဲ့သာရှိသည်ပေါ့။

မှောင်ရိပ်ဖြိုးမှ နွားရိုင်းသွင်းချိန်လောက်အထိ ကျိုက်ဒေးအပ ဘုရားတွင် သူ စောင့်မျှော်၍နေခဲ့ပါသော်လည်း မြတ်လေးငုံဆိုသည့် မိန်းကလေးက ပေါ်မလာခဲ့ပါ။

နောက်ဆုံးမှာတော့ သူ အိမ်ကိုပင် ပြန်လာခဲ့ပါသည်။

"ကြာလိုက်တာသားရယ်၊ အမေတို့ ထမင်းပွဲပြင်ပြီးသားကို စောင့်နေတာ၊ သားပြန်လာမှ အတူတူစားကြမယ်လို့လေ၊ ကဲ . . . သား ရေမိုးချိုးလိုက်ဦးနော်"

"ခုညနေ သားကြိုက်တဲ့ ငါးစည်ပေါင်းသုပ်ရယ်၊ ပုစွန်ထုပ်ကြီး ဆီပြန်ဟင်း ရယ်၊ ပြီးတော့ . . ."

"အမေ"

သူ့အမေ စကားမဆုံးခင် သူက အတင်းကြားဖြတ်၍ ခေါ်လိုက်ပါသည်။

"ဘာလဲ သား"

"ကျွန်တော် သက်သတ်လွတ်စားနေတာ ကြာပြီ အမေ၊ အဲဒီ အသားငါး ဟင်းတွေကို မစားတော့ဘူး"

"အိုကွယ် . . . အမေက တကူးတက . ."

"ကိစ္စမရှိပါဘူး အမေရယ်၊ အမေနဲ့ မမညိုပဲ စားလိုက်ကြပါ။ ကျွန်တော့်အတွက်ကို ဘာမှ ကရိကထခံပြီး လုပ်မနေကြပါနဲ့၊ ပဲကြော်ပဲ ရှိရှိ၊ မြေပဲကြော်ပဲရှိရှိ စားလို့ရပါတယ်၊ ဘာမှမရှိရင်လည်း ဆီနဲ့ဆားနဲ့ စားလို့ရပါတယ်"





"အို . . . မဟုတ်တာဘဲသားရယ်၊ အိမ်မှာ ပဲခြမ်းလည်းရှိတယ်၊ မြေပဲလည်း ရှိတယ်၊ အဲ . . . အာလူးလေးစိပ်ပြီး ကြော်ပေးမယ်သိလား၊ ဟဲ့ . . . ညိုညို၊ သမီး . . . အာလူးသုံးလုံးလောက် အခွံနွှာထား၊ ကြက်သွန်နီသုံးဥလောက်လည်း ပါးပါးလှီးပြီး ရေစိမ်လိုက်နော်"

"ဟုတ်ကဲ့ အမေ"

သူ ရေချိုးပြီး ခဏအကြာ သူ့အတွက် သက်သတ်လွတ် ဟင်းများ ပြီးစီး၍ သွားပါသည်။

"မနက်ဖြန်မှ အမေ ဖွယ်ဖွယ်ရာရာလေး လုပ်ပေးမယ်နော်"

"မလုပ်နဲ့အမေ၊ တန်စွန်းရွက်ကြော်တစ်ခွက်နဲ့ပဲ ဖြစ်ဖြစ်၊ ပဲဟင်းတစ်ခွက်နဲ့ ပဲဖြစ်ဖြစ်၊ ကျွန်တော် စားလို့ရပါတယ်၊ ကျွန်တော့် အတွက် ဗာဟီရတွေမများပါနဲ့ အမေရယ်"

ဒေါ်အေးငြိမ်းက အာလူးကြော်၊ မြေပဲကြော်၊ ပဲခြမ်းကြော် သုပ်နှင့် ထမင်းကို တို့ကဆိတ်တို့ကနန်း စားနေသော သားဖြစ်သူကို ကြည့်ကာ အရင်တုန်းက သူ့သား အလွန်ကြိုက်ခဲ့သည့် ပုစွန်ထုပ်ကြီး ဆီပြန်ဟင်း၊ ငါးစည်ပေါင်းသုပ်၊ ငါးသလောက်ဥ ကြော်တို့နှင့် စားနေရင်းက မျိုမကျသလို ရင်ထဲတွင် တစ်ဆို့ဆို့ကြီး ဖြစ်ခဲ့ရပါသည်။

"သား"

"ခင်ဗျာ"

"မင်း . . . စားသောက်ပြီးရင် ထားထားတို့အိမ်ဘက်ကို ခဏတဖြုတ်လောက် ဖြစ်ဖြစ် သွားလိုက်ဦးနော်"

"ဟုတ်ကဲ့ပါ . . . အမေ၊ သူတို့အိမ်အတွက် ရိုန်ကုန်က



www.burmeseclassic.com

www.burmeseclassic.com


ဝယ်လာတဲ့ လက်ဆောင်လေးတွေလည်း သွားပြီးပေးရဦးမှာပါ"

"ကောင်းပါလေ့ကွယ် . . . ဒါဆိုရင်လည်း စောစောသွားလိုက် ပေါ့သားရယ်၊ ညဘက်ဆိုတော့ မြွေပါးကင်းပါး ကြောက်ရတယ်၊ တုတ်မီးလေးလည်း ယူသွားဦးနော်"

"ဟုတ်ကဲ့ပါ အမေ"

နန်းဝေက ခင်ထားရီတို့အိမ်အတွက် ဝယ်လာသည့် ဒူးရင်းယို၊ စပျစ်သီး၊ လိမ္မော်သီး၊ ရှားမီးကိတ်မုန့်၊ ရှားမီးသကြားလုံး စသည်တို့ ထည့်ထားသည့် ခြင်းကို တစ်ဖက်ကဆွဲ၊ လက်တစ်ဖက်က လက်နှိပ်ဓာတ်မီးတစ်လက်နှင့် ခင်ထားရီတို့အိမ်ဘက်သို့ ထွက်လာခဲ့ပါသည်။

ကျေးလက်တောရွာတို့၏ ထုံးစံအတိုင်း မိုးချုပ်ပြီဆိုသည်နှင့် မိမိတို့ အိမ်ခြံ ဝိုင်းများကို ပိတ်လိုက်ကြသလို တစ်အိမ်နှင့်တစ်အိမ်လည်း အကြောင်းမဲ့ အကူးအလူး မရှိကြတော့ပါ။

လမ်းပေါ်တွင် ရွာခွေးတချို့ ထွက်၍ ဟောင်နေသည်မှလွဲ၍ လူအသွားအလာ ရှင်းလင်းလှပါသည်။

အကြောင်းကိစ္စရှိ၍ တစ်အိမ်မှတစ်အိမ်သို့ သွားသည့် အခါတွင်လည်း မုန့်သေတ္တာပုံးအဟောင်းကို အထဲမှ ရေနံဆီမီးခွက် ထည့်ပြီး အပေါ်မှ သံကြိုးဆိုင်း၍ ကိုင် ဆောင်ပြီး သွားလာလေ့ရှိကြ ပါသည်။

သူတို့ငယ်ငယ် ကလေးဘဝတုန်းကတော့ ဒီလိုအချိန်မျိုးဆိုလျှင် အိမ်ထဲက အိမ်ပြင်ကို မထွက်ဝံ့ကြပါတော့။ နေဝင်ရီတရောအချိန်ကို တချို့က နွားရိုင်းသွင်းချိန်၊ ညီအစ်ကို မသိတသိအချိန်ဟု ဆိုကြပါသည်။



လူကြီးသူမများက ဤအချိန်မျိုးကို တစ္ဆေမှင်စာတို့ ပျော်မြူးချိန်၊ ဖုတ်တဘက် တို့ ထွက်လာချိန်ဟု ပြောဆိုကာ ကလေးများကို အိမ်ထဲက အိမ်ပြင်သို့ ပေးမလွှတ် ကြပါ။

မိုးချုပ်နေဝင် အပြင်မထွက်နဲ့။

သူရဲတဘက် ဆွဲတတ်တယ် . . . ဆိုသည့် သီချင်းလိုလို လင်္ကာလိုလို စာချိုးလေးကလည်း ဘယ်ခေတ်ဘယ်အချိန်က ပေါ်လာခဲ့သည် မသိ။ သူတို့ကလေးတွေအတွက် အမှောင်ကို ကြောက်တတ်အောင် စွမ်းဆောင်နိုင်ပါဘိသည်။

အဲ . . . လူပျိုပေါက် အပျိုပေါက် ဖြစ်လာချိန်မှာတော့ ခုလိုမျိုး မှောင်ရိပ်ကိုခိုကာ ကိုယ်သဘောကျနေသည့် ကောင်မလေး အိမ်ရှေ့သို့ သွားရောက်လျက် ချောင်းကြည့်၊ ပြုံးပြန်၊ ခွေးဟောင်ပြန်ပြေး လုပ်ခဲ့ရ ရင်ခုန်ခဲ့ရသည်ကပင် အရသာတစ်မျိုး ဖြစ်ခဲ့ပါသည်။

လသာသာ ညတွေဆိုပါလျှင် ရွာလယ်လမ်းမကြီးတွင် သူတို့ အရွယ်တွေစုကာ ထုတ်စီးထိုးကစားနည်းတို့၊ ဒိထိုးသည့်ကစားနည်းတို့ ယောကျ်ားလေးတန်မယ့် မိန်းကလေးတွေနှင့်ရောကာ ရွှေစွန်ညို ကစားခဲ့ပုံ၊ ဘီးရောင်းတန်းကစားခဲ့ပုံ၊ ဖန်ခုန်ခဲ့ပုံ၊ အဘိုးကြီးဘာတူး ရွှေငွေတူး ဆိုသည့် ကစားနည်းများကို ကစားခဲ့ကြပုံများကို စဉ်းစားမိကာ တစ်ယောက်တည်း ပြုံးလိုက်မိပါသည်။

သည်လိုနှင့်ပင်ရွာ တောင်ပိုင်းရှိ ခင်ထားရီတို့အိမ်ဝသို့ ရောက်ရှိ လာခဲ့ပါသည်။

ခင်ထားရီတို့ အိမ်ရှေ့ခန်းတွင် အောက်လင်းဓာတ်မီးကြီး၏


www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ဖြင့် ထိန်ထိန်းလင်း၍နေပါသည်။

နန်းဝေက ခြံပေါက်ဝတွင်ရပ်ကာ အိမ်ထဲသို့ လှမ်းကြည့်လိုက်ပါသည်။

အိမ်အလယ်ခန်းတွင် ခင်ထားရီ၏ မိခင် ဒေါ်နှင်းမေက ဗန်းတစ်ဗန်း ကတ်ကြေးတစ်လက်၊ ပြောင်းဖူးဖက်၊ ဆေးရိုးတွေနှင့် ဆေးလိပ်လိပ်လျက်ရှိသည်ကို လှမ်း၍မြင်ရပြီး မနီးမဝေးမှာတော့ ခင်ထားရီက စက်ချုပ်နေသည်ကို မြင်တွေ့လိုက်ရပါသည်။

"ဒေါ်လေးမေ"

"ဒေါ်လေးမေ"

ခင်ထားရီကို တွေ့နေပါသော်လည်း သူ့ခေါ် ရန် မငဲ့ရဲခဲ့ပါ။

"ဟဲ့ . . . ဘယ်သူများတုံး"

"ကျွန်တော်ပါ ဒေါ်လေးမေ၊ နန်းဝေပါ"

"ဟယ် . . . ကိုဝေပါလား၊ လာပြီ . . . လာပြီ"

သူ့အသံကို နဂိုကတည်းက ကျက်မိဟန်တူသော ခင်ထားရီက ပျာပျာသလဲနှင့် အိမ်ထဲက ပြေးထွက်၍ လာပါသည်။

ခင်ထားရီက အပြေးကလေးပင် လာရောက်၍ တံခါးဖွင့်ပေးလိုက်ပါသည်။

"ကိုဝေ ရွာကို ဘယ်တုန်းက ရောက်တာလဲဟင်"

"နေ့လယ်ကပဲ ထားထား"

"ဒါနဲ့များတောင် ခုမှပဲ ပေါ်လာတယ်၊ ထားထားက ကိုဝေ ပြန်မရောက် လောက်သေးဘူးလို့တောင် ထင်ထားတာ"





"ရော့ . . . ထားထား ရန်ကုန်ပြန်လက်ဆောင် မုန့်နဲ့ သစ်သီးတွေ"

"အတော်ပဲ မနက်ဖြန်ကျ ဆွမ်းတော်ကပ်ရင် ထည့်ကပ်လိုက်မယ်နော်၊ ကိုဝေလည်း ကုသိုလ်ရတာပေါ့"

"ဒေါ်လေးမေ နေကောင်းတယ်နော်"

"ကောင်းပါတယ် သားရယ်"

"ဦးကြီး သိန်းဇံရော"

"သိတင်းကျွတ် မီးထွန်းပွဲကိစ္စဆိုလား၊ ဘာလား မသိပါဘူးကွယ်၊ ဓမ္မာရုံမှာ ဆွေးနွေးညှိနှိုင်းရအောင်ဆိုပြီး လာခေါ်လို့ ထမင်းစားပြီး လက်ရေတောင် မစစ်သေးဘူး ထလိုက်သွားလေရဲ့"

"ဒါနဲ့ သားရော စာမေးပွဲဖြေနိုင်ရဲ့လား"

"ဖြေနိုင်ပါတယ် ဒေါ်လေးမေ"

"ကျောင်းပြီးဖို့ ဘယ်လောက်ကျန်သေးလဲကွဲ့"

"နောက် လေးငါးလလောက်ပဲ လိုပါတော့တယ်ခင်ဗျ"

"ဩော် . . . အေး . . . အေး၊ ကဲ . . . သားရေ မင်းနှမနဲ့ စကားပြောနေချည်ဦး၊ ဒေါ်လေး ဘုရားဝတ်ပြုလိုက်ဦးမယ် သိလား"

ဒေါ်နှင်းမေက အလိုက်တသိပင် ရှောင်ထွက်၍ သွားပါသည်။

အချိန်အတန်ကြာအောင်ပင် နှစ်ယောက်သား ဘာပြောရမှန်း မသိဘဲ ငုတ်တုတ်ကြီး ထိုင်နေမိကြပါသည်။

"ထားထား ပုသိမ်မှာ သင်တန်းသွားတက်ရမယ်ဆို"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကြာမှာတဲ့လဲ"

"တစ်လပါ"

"ဩော် . . . ဩော်"

စကားက ဤမျှပြတ်သွားပါသည်။ အတန်ကြာမှ . . .

"ကိုဝေတို့အဆောင်မှာ စားရသောက်ရတာ အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်"

"ဟိုတလောက ထားထား လူကြုံနဲ့ ပို့ပေးလိုက်တဲ့ ဗာလချောင်ကြော်နဲ့ ငါးပိကြော်က စားလို့ကောင်းရဲ့လားမသိဘူး"

"ကောင်း . . . ကောင်းပါတယ် ထားထားရဲ့"

"ဩော် . . . ခုမှ သတိရတယ်၊ ကိုဝေ့အတွက် လက်ဖက်သွားသုပ်လိုက် ဦးမယ်နော်၊ အေးအေးဆေးဆေးပေါ့"

"ဘာမှလုပ်မနေနဲ့ ထားထား၊ တို့ ခုလေးတင် ထမင်းစားလာပြီးတာ"

"ဒါဆိုရင် ငါးရံ့ခြောက်ဖုတ်လေးနဲ့ ရေနွေးကြမ်းနဲ့ မြည်းပေါ့၊ နောက်ဖေးမှာ အဆင်သင့်ရှိတယ် ကိုဝေရဲ့"

"နေပါစေ ထားထားရယ်၊ တို့ အသက်သတ်လွတ်စားနေလို့ပါ"

"ဩော် . . . ဟုတ်လား"

အမှန်တော့ တလောလေးကမှ ခင်ထားရီက လူကြုံနှင့် ပို့လိုက်သော ဗာလချောင်ကြော်နှင့် ငါးပိကြော်ကို သူ အသက်သတ်လွတ်စားနေပြီဖြစ်သည့်အတွက် သူငယ်ချင်းတွေကိုပေး၍ စားစေခဲ့ပြီး ဖြစ်ပါသည်။





သို့သော် ဤအကြောင်းကိုတော့ သူ ပြန်မပြောခဲ့ပါတော့၊ နောက်ထပ်ဆက်၍ ပေးနေမည်စိုးသဖြင့် ယခုကဲ့သို့ ဖွင့်ပြောလိုက်ရခြင်း ဖြစ်ပါသည်။

ရုပ်ရည်ချောမောလှပပြီး သိမ်သိမ်မွေ့မွေ့လေးနှင့် ဣန္ဒြေရှိလှသော ခင်ထားရီအပေါ်တွင် နန်းဝေက ငယ်သူငယ်ချင်းတစ်ယောက်အဖြစ်နှင့် ခင်မင်သံယောဇဉ်ရှိသည်မှ လွဲ၍ ထူးထူးခြားခြား ခံစားမှုမရှိပါ၊ လူကြီးတွေက သူနှင့်ခင်ထားရီကို သဘောတူ၍ လက်ထပ်ပေးစားခဲ့ပါလျှင်လည်း ငြင်းပယ်စရာအကြောင်း သူ့တွင်မရှိခဲ့ပါ။

ဒါကတော့ ဟိုတစ်လောဆီက ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်တွင် 'မြတ်လေး ငုံ'ဆိုသည့် မိန်းကလေးနှင့် မဆုံစည်းမီခင်က သူ့တွင် ရှိနေသည့် ခံယူချက်ဖြစ်ပါသည်။

ယခုသော်မူ . . .

"ကိုဝေ . . . ဘာတွေငိုင်ပြီး စဉ်းစားနေတာလဲဟင်"

"ဘာမှမဟုတ်ပါဘူး ထားထားရယ်၊ တို့ ခရီးနည်းနည်းပန်းလာလို့ပါ"

"အို . . . ဟုတ်သားပဲနော်၊ ကိုဝေက တစ်နေ့နဲ့ တစ်ညကြီးများတောင် သင်္ဘောစီးလာရတာ၊ သင်္ဘောပေါ်မှာဆိုတာကလည်း ကုန်တွေလူတွေနဲ့ ငါးပိသိပ် ငါးချဉ်သိပ်မို့လား၊ ကိုဝေ အနားယူရဦးမှာပေါ့"

"ဒါဆို . . . တို့ ပြန်လိုက်ဦးမယ်နော် ထားထား၊ ဒေါ်[illegible]ကိုလည်း နှုတ်ဆက်သွားတယ်လို့ ပြောလိုက်နော်"

"ဟုတ်ကဲ့ပါ ကိုဝေ"



www.burmeseclassic.com

www.burmeseclassic.com

ခင်ထားရီက နန်းဝေကို အိမ်ခြံပေါက်ဝအထိ လိုက်လံပို့ပေးလိုက်ပါသည်။

လဆန်း ၈ ရက်၊ လရောင်အောက်တွင် တဖြည်းဖြည်းနှင့် ဝေး၍ ဝေး၍သွားသော နန်းဝေ၏ ကျောပြင်ကြီးကိုကြည့်ကာ ခင်ထားရီတစ်ယောက် ငိုင်တွေတွေလေးနှင့် ကျန်ရစ်ခဲ့ပါသည်။

တကယ်တော့ နန်းဝေအပေါ်တွင် သူမက ဟိုးငယ်ငယ်လေးကတည်းက သံယောဇဉ်ရှိခဲ့ပါသည်။ အရွယ်လေးတွေ ရောက်လာတော့ သူမ၏ နှလုံးသားထဲတွင် နန်းဝေက နေရာယူထားပြီးဖြစ်သည်ကို မငြင်းမဆန် လက်ခံလိုက်ခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့ပါသော်လည်း ဣန္ဒြေရှင် မိန်းမသားတစ်ယောက်ပေမို့ နန်းဝေအပေါ်တွင် ချစ်သည့်မေတ္တာမပြသာဘဲ သိုသိပ်စွာပင် တိတ်တခိုးလေး ချစ်ခဲ့ရပါသည်။

ယခုလို နှစ်ဖက်လူကြီးတွေက သူမနှင့် နန်းဝေကို သဘောတူကြည်ဖြူကြောင်း လက်ထပ်ထိမ်းမြားပေးမည့် အကြောင်းကို ဖွင့်ပြောလာကြသည့်အခါမှာတော့ ရင်ထဲတွင် သည်းလှိုက်အူလှိုက် ကျေနပ်ပီတိဖြစ်ခဲ့ရပါသည်။

သို့သော် နန်းဝေဘက်ကတော့ ဤကိစ္စနှင့် ပတ်သက်၍ သူမကို ပွင့်ပွင့်လင်းလင်း ဘာတစ်ခုမှ စကားစမလာခဲ့သည့်အတွက် ရင်ထဲတွင် တအုံနွေးနွေးကြီးနှင့် မအီမလည် ခံစားနေရပါသည်။

"ရှင့်သဘောကကော ဘယ်လိုလဲဟင်"ဟုလည်း ဖွင့်မေး၍ သင့်စကောင်းသည့် အရာမဟုတ်။





"အင်းလေ . . . သူက ငယ်ငယ်ကတည်းက အရက်အကြောက်ကြီးပြီး မြို့စိစိနဲ့ မထုံတက်တေး ခပ်အေးအေးနေတဲ့လူဆိုတော့ ငါ့ကိုချစ်နေရင်လည်း ချစ်နေတဲ့အကြောင်း ဖွင့်ပြောရဲမယ့်လူမျိုးမှ မဟုတ်တာ၊ ခု လူကြီးတွေ စီမံတာကို မငြင်းခဲ့တာကိုက သူ့ရင်ထဲမှာ ငါရှိနေလို့ပေါ့"

ဟု ကိုယ့်စိတ်ကို ကိုယ် ဖြေသိမ့်လိုက်ရပါတော့သည်။

အချိန်က ည ရှစ်နာရီခွဲခန့်ပင် ရှိနေပြီဖြစ်ပါသည်၊ လဆန်း ၈ ရက် လခြမ်းလေးက ကောင်းကင်ယံတွင် မှုန်ပြေပြေ သာ၍နေပါသည်၊

အစာရှာထွက်တော့မည့် ဇီးကွက်တစ်ကောင်၏ အော်မြည်သံက လမ်းဘေးရှိ ကုက္ကိုပင်အိုကြီးထက်ဆီမှ ပေါ်ထွက်လျက်ရှိပါသည်၊

ကုက္ကိုအကိုင်းအခက်များကြားမှ လရောင်ဏ ပြောက်တိပြောက်ကျား ကျရောက်လျက်ရှိနေပါသည်၊

ဝူ . . . ဝူ . . . ဝူး . . .

အိမ်တစ်အိမ်ဆီမှ ခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သံနှင့်အတူ. . .

"ဟဲ့ . . . ဟဲ့ကောင် ငနီ တိတ်စမ်း၊ တောက်"

အိမ်ရှင်ဖြစ်သူ၏ ဟန့်တားမာန်မဲသံကိုလည်း ဆက်တိုက်ကြားလိုက်ရပါသည်၊

ညဉ့်လေအေးက စိမ့်ခနဲ တိုးဝင်လိုက်သည့်အတွက် နန်းဝေက ပခုံးကိုကျုံ့လိုက်ပြီး လက်ဝါးနှစ်ဖက်ကို လေးငါးဆယ်ကြိမ်မျှ ပွတ်သပ်လိုက်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com

ရွာလမ်းမပေါ်တွင် သစ်ရွက်ခြောက်များ လေနှင့်အတူ လွင့်ပါးပွတ်တိုက်သံလား။ တစ်စုံတစ်ဦးက သူ့နောက်ကိုလိုက်၍ ချောင်းမြောင်းနေသံလားမသိ။ ခြေသံ လိုလို၊ ဘာလိုလို တဖျပ်ဖျပ်နှင့် အသံကိုကြားလိုက်မိသည့်အတွက် သူက ဆတ်ခနဲ ရပ်လိုက်ကာ သူ့နောက်ဘက်သို့ လှည့်ကြည့်လိုက်ပါသည်။

ဘယ်သူမှမတွေ့။

သူ့စိတ်ထဲတွင် တစ်စုံတစ်ဦးက သူ့အနားတွင် ကပ်၍လိုက်ပါနေသလို ခံစားနေရပါသည်။

ဝုတ် . . . ဝုတ် . . . ဝုတ်

ခွေးတစ်ကောင်က သူ့ကို အတင်းတိုး၀၍ ဟောင်လိုက်ပါသည်။

"ဟိတ် . . . ရှုတ်"

သူက ခွေးကို ဟန့်လိုက်ပါသော်လည်း ခွေးက လုံးဝမမှု၊ ဟောင်မြဲ ဆက်၍ ဟောင်နေပါသည်။

နန်းဝေက ခွေးဟောင်နေသည်ကို ဂရုစိုက်၍ မနေတော့ဘဲ ဆက်၍လျှောက်လာခဲ့ပါသည်။

"ဟင်"

သူက နှာခေါင်းတရှုံ့ရှုံ့ ဖြစ်သွားရပြန်ပါသည်။ သူ့နှာခေါင်းထဲတွင် အမွှေးနံ့ တစ်ခုကို အသေအချာကြီး ရလိုက်ပါသည်။

"ဘုရား . . . ဘုရား"

ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်တွင် မြတ်လေးငုံဆိုသည့်





ပန်းတလေးနှင့် တွေ့ခဲ့ရစဉ်အခါတုန်းက သူရှူရှိုက်မိခဲ့သည့် မွှေးရနံ့လေး၊ လုံးဝကို မမှားနိုင်ပါ။

နန်းဝေက လှမ်းနေသော ခြေလှမ်းများကို ရပ်လိုက်ကာ ဘေးဘယ်ညာသို့ လှည့်ပတ်၍ ကြည့်လိုက်ပါသည်။ မည်သူ့ကိုမျှ ပတွေ့ရပါ။

ဖျဉ်းခနဲ ကြက်သီးမွေးညင်းတွေ ထသွားသလို စိတ်ထဲကလည်း ပသိုးမသန့် ဖြစ်၍သွားပါသည်။

သူက လက်နှိပ်ဓာတ်မီးနှင့် ဟိုဟိုဒီဒီ ထိုး၍ကြည့်ကာ အိမ်ဘက်သို့ မ်ပ်သွက်သွက်လေးပင် လှမ်းလာခဲ့ပါသည်။

ဒေါ်အေးငြိမ်းက သူ့ကို အိမ်ရှေ့ဖိနပ်ချွတ် ဝရန်တာမှထွက်၍ကြိုနေသည်ကို တွေ့လိုက်ရပါသည်။

"အမေ . . . မအိပ်သေးဘူးလား၊ အပြင်မှာအေးကဲ အေးပါဘိသနဲ့ အမေ ရယ်"

"အစောကြီးရှိသေးတာ သားရယ်၊ သားပြန်အလာကို စောင့်နေတာ၊ ဟဲ့ . . ကလေး အိမ်ထဲဝင်ရင် ဖွဖက်လုပ်ဦးလေ"

သူတို့အရပ်ဒေသတွင် ဘာအကျင့်လဲတော့မသိ၊ မိုးချုပ်နေဝင်အိမ်ပြင်မှ အိမ်ထဲသို့အဝင် အိမ်ခြေပေါက်ဝတွင် ခြေထောက်နှစ်ဖက်ကို တစ်ဖက်စီ မြေပြင်ကိုဆောင့်ကာ ဖွ-ဖက်-ဖွ-ဖက် ဟု ပါးစပ်က အော်ရပါသည်။ လူကြီးတွေ အပြောအရတော့ မကောင်းဆိုး ဖုတ်တစ္ဆေ မှင်စာများ မိမိနှင့်အတူ တိတ်တဆိတ် ကပ်ငြိလိုက်ပါကာ အိမ်ထဲသို့ မဝင်နိုင်အောင် ဖယ်ထုတ်ပစ်ခြင်းဟု ပြောကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအမှုအကျင့်က တကယ်ပဲ ထိရောက်သလား မထိရောက်သလား ဆိုသည်ကိုတော့ သူမသိပါ။

နန်းဝေက အိမ်ရှေ့ဖိနပ်ချွတ်လှေကားဘေးတွင် ချထားသည့် ခြေဆေးရေအိုးထဲမှ ရေကို ရေခွက်နှင့် သုံးလေးမှုတ်ခပ်ကာ ခြေဆေး လိုက်ပြီး အိမ်ပေါ်သို့ တက်လာပါသည်။

"စောစောတုန်းက သားကို အမေလှမ်းကြည့်နေတော့လေ ခြံပေါက်ဝအထိ သားနောက်ကနေ မိန်းကလေးတစ်ယောက်များ လိုက်လာသလားလို့၊ အင်း . . . သေသေချာချာကြည့်တော့လည်း မဟုတ်ပါဘူး။ အမေပဲ မျက်စိကမကောင်းလို့ ရှီးဟိုး ရိတ်တိတ် ဝေဝေဝါးဝါးနဲ့ ဟိုဟာမြင် ဒီဟာမြင် ဖြစ်နေသလားမသိပါဘူးကွယ်၊ ဒါနဲ့ ထားထားနဲ့ တွေ့ခဲ့လား သား"

"တွေ့ခဲ့ပါတယ် အမေ၊ ဒေါ်လေးမေကိုလည်း တွေ့ခဲ့ပါတယ်၊ ဦးလေး သိန်းဇံကတော့ ဓမ္မာရုံကို သွားနေတယ်ဆိုလို့ မတွေ့ခဲ့ရဘူး"

"မနှင်းမေရော နေထိုင်ကောင်းရဲ့လား"

"ကောင်းပါတယ် အမေ"

"အင်း . . . မေးမယ့်သာ မေးရတာပါလေ၊ မနှင်းမေက အမေ့ထက် ငါးလလောက်ကြီးပေမယ့် ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည် ကောင်းမှကောင်းပဲ၊ ဆန် တစ်တင်းလောက်များ သူကိုယ်တိုင် အသားလေးရွက်ပြီး ဆရာတော်ကျောင်းကို သွားလှူနိုင် သေးတယ် သားရဲ့"

နန်းဝေက သူ့အမေကို ဘာမှဆက်၍ ပြောမနေတော့ဘဲ အိပ်ခန်းထဲသို့ ဝင်သွားပါသည်။

"ဟဲ့ . . . သား အိပ်ရာဝင်တော့မလို့လား၊ အမေတို့နဲ့ စကား လေးဘာလေး မပြောတော့ဘူးလား၊ မီးဖိုထဲမယ် မင်းအစ်မက မင်း ပြန်လာရင် စားဖို့ဆိုပြီး ပဲရေပွကြော် ကြော်နေလေရဲ့"

"မစားတော့ဘူး အမေရယ်၊ မနက်ဖြန်မှပဲ စားတာပေါ့၊ ခုတော့ ကျွန်တော် ခရီးပန်းလာလို့ အနားယူလိုက်ဦးမယ်နော် အမေ"

"ဪ . . . အေး . . . အေး . . . အေး"

ဒေါ်အေးငြိမ်းက သားဖြစ်သူ၏ ခပ်ပျက်ပျက်မျက်နှာကို ကြည့်ကာ ဘာမှ မပြောတော့ဘဲ အသာငြိမ်၍နေလိုက်ပါသည်။

မီးဖိုခန်းမှနေ၍ ရေနွေးခရားနှင့် ပဲရေပွကြော်ပန်းကန်ကို ယူ၍ထွက်လာသည်။ မယဉ်ညိုနှင့် ဒေါ်အေးငြိမ်းတို့ သားအမိနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် ငေးကြည့်လိုက်မိကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)
## ပြတ်စိန္တေဦးမှာ ဆုထူးပန်ရှယ်

နောက်တစ်နေ့မနက်စောစောတွင် ခင်ထားရီတစ်ယောက် နှင်းဆီပန်း၊ သပြေ ပန်း၊ ဒေါနပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် သူ့အိမ်သို့ ရောက်လာပါသည်။

"ဟင် . . . ထားထားပါလား၊ စောစောစီးစီး ဘယ်ကိုလဲ"

"ဘုရားကိုသွားချင်လို့ ကိုဝေ့ကို လာခေါ်တာ၊ ဒီနေ့ စနေနေ့ ဆိုတော့ ထားထားတို့နှစ်ယောက်ရဲ့ မွေးနေ့နဲ့လည်း တိုက်ဆိုင်နေလို့ရယ်၊ ပြီးတော့ . . ."





ခင်ထားရီက သူ့စကားကို ဆက်၍ ပြောသင့်မပြောသင့် ချိန်ဆ၍နေပါသည်။

"ပြီးတော့ ဘာဖြစ်လဲဟင် ထားထား"

"ညက အိပ်မက်မကောင်းလို့ စိတ်ညစ်လို့ပါ ကိုဝေရယ်"

"အဟင်း . . . ဟင်း ဘာအိပ်မက်များမို့လဲ ထားထားရဲ့"

ခင်ထားရီက သူယူလာသည့် ပန်းများကို စားပွဲစွန်းတွင် တင်ထားလိုက်ပြီး ဖိနပ်ချွတ်တွင်ချထားသည့် ညောင်စောင်းတွင် ဝင်၍ ထိုင်လိုက်ပါသည်။

"ဒေါ်လေးငြိမ်းတို့ရော ကိုဝေ"

"အမေနဲ့ မမညိုက မီးဖိုထဲမှာ ချက်ပြုတ်နေကြတယ်လေ"

ခင်ထားရီက ဘာမှဆက်၍မပြောဘဲ ခေါင်းလေးငုံ့ကာ ထိုင်မြဲထိုင်၍နေပါသည်။

"ပြောလေ ထားထားရဲ့၊ ထားထား အိပ်မက်က ဘာတဲ့လဲ"

"ဟိုလေ . . . အိပ်မက်ထဲမှာ ထားထားက ဟိုင်းကြီးကျွန်းကို အလုပ်နဲ့ပြောင်းရတယ်တဲ့"

"အမယ်လေး ထားထားရယ်၊ အလုပ်ပြောင်းရတယ်လို့ အိပ်မက်တာများ စိတ်ညစ်စရာလားလို့၊ ပြီးတော့ ဟိုင်းကြီးကျွန်းဆို တာကလည်း ဘာဝေးတာမှတ်လို့"

"ဟုတ်ဘူးလေ ကိုဝေရဲ့၊ အလုပ်ပြောင်းရတဲ့အတွက်တော့ ထားထား ဘယ်စိတ်ညစ်ပါ့မလဲ၊ ဝန်ထမ်းဆိုတာ သူ့ဆန်စားနေရ



www.burmeseclassic.com

www.burmeseclassic.com


တာဆိုတော့ သူလွတ်တဲ့ဆီကို သွားရမှာပေါ့၊ အဲဒီအတွက်ဆို ထားထား ဘယ်မှာ စိတ်ညစ်ပါ့မလဲလို့၊ ခုဟာက"

"ခုဟာက ဘာမို့လို့လဲဟင်"

"ထားထားက ဟိုင်းကြီးကျွန်းကို ဂါးနဲ့အသွားမှာ ထားထား စီးသွားတဲ့ ဂါးနဲ့ မလှမ်းမကမ်းမှာ ကိုဝေက ရေကူးပြီးလိုက်လာသတဲ့"

"ဟာ . . . ဒါဆိုရင် တို့က မဟာဇနက္ကလို ရေကူးချန်ပီယံ ဖြစ်ပြီပေါ့ ထားထားရဲ့"

"ဟင့်အင်း . . . ကိုဝေက ရိုးရိုးသာမန်လူ မဟုတ်ဘူး၊ ခေါင်းကနေ ခါးအထိကတော့ လူပဲ၊ အောက်ပိုင်းက ငါးကြီး"

"ဒါဆိုရင် ထားထားရဲ့ အိပ်မက်ထဲမှာ တို့က ရေသူထီးကြီးပေါ့၊ အဟတ် . . . ဟတ် . . . ဟား . . . ဟား . . . ဟား"

"မရယ်နဲ့လေ၊ သူများက အဲဒီအတွက် စိတ်ညစ်နေတဲ့ဥစ္စာ"

"အိပ်မက်ပဲ ထားထားရယ်၊ ဘာစိတ်ညစ်စရာရှိလို့လဲ၊ ဆောင်းတွင်းအိပ်မက် ကယောက်ကယက်လို့ ဆိုတယ်မို့လား၊ အဲ . . . ပြီးတော့လည်း အိပ်မက်တိတ္ထကျမ်းထဲမှာ သမုဒ္ဒရာကို ကူးတယ်လို့ အိပ်မက်မက်ရင် မင်းဖြစ်လိမ့်မယ်တဲ့ ထားထားရဲ့၊ အဲဒါ မကောင်းဘူး လား"

"အို . . . ထားထားတော့ ကိုဝေ့ကို အဲဒီလို မကိုးမကန်း ပုံစံကြီးနဲ့ အိပ်မက်မက်တာ အရမ်းစိတ်ညစ်တာပဲ ကိုဝေရယ်၊ တကယ် ပြောတာ"

"တို့ကတော့ ထားထားတွက်သလို မတွက်ဘူး၊ တကယ်လို့သာ ဟိုသာ လူတစ်ပိုင်း ငါးတစ်ပိုင်း သတ္တဝါကြီး ဖြစ်သွားရင် ရေကန်ကြီး တစ်ကန်တူးပြီးထည့်ထား၊ ပြီးတော့ ရုံဝင်ခ တစ်ယောက်တစ်ကျပ်နဲ့ ပြစားရင်တောင် ချက်ချင်းလက်ငင်း သန်းကြွယ် သူဌေးဖြစ်သွားနိုင် တယ်လေ ထားထားရဲ့၊ ဟုတ်ဖူးလား၊ အဟင်း . . . ဟင်း"

"တဲပါ . . . ကိုဝေရယ်၊ အင်္ကျီလေးဘာလေး လဲလိုက်ဦး၊ ပြီးရင် ဘုရားကို စောစောစီးစီး သွားလိုက်ကြတာပေါ့၊ ထားထား ဒေါ်လေးငြိမ်း တို့ မမညိုတို့ကို သွားပြီး နှုတ်ဆက်လိုက်ဦးမယ်"

"ကောင်းပါပြီဗျာ"

ခင်ထားရီက မီးဖိုခန်းဘက်သို့ ထွက်သွားချိန်တွင် သူက အဝတ်အစားများကို အဆင်သင့် လဲထားလိုက်ပါသည်။ ခဏအကြာတွင် မယဉ်ညိုက ခင်ထားရီ၏ ပခုံးလေးကိုဖက်လျက် အိမ်နောက်ဖေးခန်း ဘက်မှ ထွက်လာပါသည်။

"မောင်လေး . . . အပြန်ကျ ထားထားကိုပါ ခေါ်လာခဲ့နော်၊ မမညို မင်းတို့ စားဖို့ မနက်စာအဆင်သင့် လုပ်ထားမယ်သိလား"

"ဟုတ်ကဲ့"

"သွားမယ်နော် မညို"

"အေး . . . အေး"

နန်းဝေက အိမ်ပေါ်မှ အရင်ဆင်းသွားပါသည်။ ခင်ထားရီ ကတော့ စောစောက သူမ ယူလာသည့် ပန်းများကို ပွေ့ပိုက်လျက် နန်းဝေ၏ နောက်မှလိုက်သွားပါသည်။

နန်းဝေ၏ပုံစံက သူ့အစ်မရှေ့တွင် ခင်ထားရီနှင့်အတူ ယှဉ်တွဲ၍



www.burmeseclassic.com

www.burmeseclassic.com

သွားရမည်ကို ရှက်သလိုလိုပုံစံမျိုး ဖြစ်နေသည့်အတွက် မယဉ်ညိုက အသာပင်ပြုံးလိုက်မိပါသည်။

သူတို့အိမ်နှင့် ခပ်လှမ်းလှမ်းသို့ရောက်ကာမှ နန်းဝေက ခင်ထားရီကို ရပ် စောင့်လိုက်ပါသည်။

"ကဲ . . . ဘယ်ဘုရားကို သွားမှာလဲ၊ ထားထား"

"ပြဒါးရှင်ဘုရားကို သွားမယ်လေ"

"ကျိုက်ဒေးအပ်ကိုပဲ သွားပါလား ထားထားရယ်၊ ပြဒါးရှင်ဘုရားက ခုအချိန် မျိုးဆိုရင် လေတွေတအားတိုက် . ."

"ဟင့်အင်း . . . ထားထား အဲဒီဘုရားကိုပဲ သွားချင်တယ်"

"ဒါဆိုရင်လည်း ထားထားသဘောပဲ"

ငြင်း၍လည်း ရတော့မည်မဟုတ်သဖြင့် နန်းဝေက ခင်ထားရီ အလိုကျ ပြဒါးရှင်ဘုရားခေါ် ရေသူမဘုရားတက်ဆိသို့ ခြေဦးလှည့် လိုက်ရပါသည်။

ဘုရားတံတိုင်း အပြင်ဘက်တွင် ကိုင်းပွင့်ဖြူဖြူတွေနှင့် ကိုင်းတောကြီးက ထူထပ်စွာ ပေါက်ရောက်၍နေပါသည်။ ဘုရားထီးတော်ဆီမှ ဆည်းလည်းသံများကလည်း တချွင်ချွင်နှင့် ခပ်လှမ်းလှမ်းကပင် ကြားနိုင်ပါသည်။

ပင်လယ်ဘက်ဆီမှ ဆားငွေ့များပါသည့် လေ့ကြောင့် စေတီ၏ ကိုယ်လုံးတော်တွင် ရွှေများက အဝါတစ်ကွက်၊ အညိုတစ်ကွက်နှင့် ကွက်ကျားတွေ ဖြစ်၍နေပါသည်။

ဘုရားရင်ပြင်ပေါ်တွင် ဘုရားဖူးများ ကောင်းမွန်စွာ





ဘုရားဖူးနိုင်၊ ပုတီးစိပ် နိုင်၊ တရားထိုင်နိုင်အောင် သုံးပေ ငါးပေအကျယ် ထု သုံးလက်မခန့် သစ်သားခုံလေးများကို ချထားပေးပါသည်။

ဂူဘုရားဖြစ်သည်မို့ နန်းဝေ၏ လေကွယ်ရာ ဗုဒ္ဓဟူးထောင့်ရှိ ဂူပေါက်အတွင်း သို့ဝင်၍ ဘုရားရုပ်ပွားတော်ရှေ့က သစ်သားခုံပေါ်တွင် ဝင်၍ထိုင်မည်ပြုလိုက်ပါသည်။

"ကိုဝေ . . . ခဏနေဦး၊ ဒီမှာ ပန်းကိုအရင်ကပ်ပေးဦးနော်"

နန်းဝေက ခင်ထားရီ လှမ်း၍ပေးသော ပန်းများကိုယူကာ စဉ့်ပန်းအိုးကြီးနှစ် အိုးထဲတွင် ခွဲ၍ ထိုးလိုက်ပါသည်။

"ကိုဝေကလည်း တစ်အိုးထဲမှာ အကုန်ထိုးလိုက်ရင်ပြီးရော"

"ပန်းက အများကြီးလေ ထားထားရဲ့၊ ပန်းအိုးကလည်း နှစ်အိုးရှိ နေတော့ မျက်နှာလိုက်သလိုဖြစ်မှာ စိုးလို့ပါ၊ အဟင်း . . . ဟင်း"

နန်းဝေက ရယ်ကျဲကျဲနှင့် ပြောဆိုလိုက်ပြီး ဘုရားကို ကန်တော့လိုက်ပါသည်။ ခင်ထားရီကလည်း နန်းဝေနှင့်အတူ ယှဉ်တွဲ၍ ထိုင်ကာ ဘုရားကို ရှိခိုးကန်တော့လိုက်ပါသည်။

နှစ်ဦးသား တစ်ချိန်တည်းလောက်မှာပင် ဘုရားဝတ်ပြု၍ ပြီးသွားပါသည်။

"ကိုဝေ"

"ဟင်"

"ထားထား ပုတီးစိပ်လိုက်ဦးမယ်၊ ကိုဝေ ခဏစောင့်နိုင်ရဲ့ လားဟင်"

"ရတယ် ထားထား၊ အေးအေးဆေးဆေးသာ စိပ်၊ တို့



www.burmeseclassic.com

www.burmeseclassic.com

စောင့်ပေးပါ့မယ်"

ခင်ထားရီတစ်ယောက် ဘုရားရှိခိုး၊ ပရိတ်ရွတ် ပြုပြီးနောက် သူမခြူထားသည့် သိုးမွေးတဘက်အညိုလေး၏ အစွန်းကို သူမ၏ရှေ့တွင် ဖြန့်၍ခင်းကာ ဂုဏ်တော်ပုတီးကို စတင်၍ စိပ်လိုက်ပါသည်။

နန်းဝေက သူထိုင်နေလျှင် ခင်ထားရီအတွက် အနှောင့်အယှက် ဖြစ်မည်စိုးသဖြင့် နေရာမှ အသာထလိုက်ပါသည်။

ထိုအခိုက် သူ စွဲလမ်းတပ်မက်စွာ ရှူရှိုက်ခဲ့ရသော အမွှေးရနံ့ တစ်ခုက သူ့နှာခေါင်းထဲသို့ တိုးဝင်၍လာပါသည်။

"ဘုရား . . . ဘုရား သူများလား"

နန်းဝေက ဟိုဟိုဒီဒီ လှမ်း၍ကြည့်လိုက်ပါသည်။ ဘယ်သူ့ကိုမှတော့ မတွေ့ရပါ။

သူက ဗုဒ္ဓဟူးထောင့် ဂူပေါက်မှ အပြင်သို့ထွက်လာခဲ့ပါသည်၊

ဘုရားရင်ပြင်အစွန်း ခေါင်းလောင်းနှစ်လုံး ချိတ်ဆွဲထားသည့် နေရာတွင် သူ့ကိုကျောပေး၍ရပ်လျက် ပင်လယ်ပြင်ဘက်ဆီသို့ ငေးကြည့်နေသော မိန်းကလေး တစ်ယောက်ကို လှမ်း၍ မြင်တွေ့လိုက်ရပါသည်၊

နက်မှောင်ရှည်လျားသော ဆံပင်များက ပင်လယ်လေ သရမ်းကြောင့် လွင့်ပျံ လှုပ်ရှား၍ နေကြပါသည်။

"ဟင် . . . သူ . . . သူ"

နန်းဝေက ကောင်မလေးဆီသို့ အပြေးကလေးပင် သွားရောက်လိုက်ပါသည်။





အနားသို့ တဖြည်းဖြည်းနှင့် နီးကပ်သွားသည်နှင့် အမျှ မြတ်လေးငုံ ဖြစ်မှန်း သေချာသည်ထက် သေချာ၍ သွားပါသည်။

နန်းဝေက မြတ်လေးငုံ၏ ရှေ့တည့်တည့်မှနေ၍ ရပ်လိုက်ပါသည်။ မြတ်လေးငုံ၏ မျက်ဝန်းအိမ်တွင် မျက်ရည်များက ပြည့်လျှမ်း၍ နေပါသည်၊

"မြတ်လေးငုံ"

သူ့အသံက တုန်တုန်ယင်ယင် ဖြစ်၍နေပါသည်၊

"မြတ်လေးငုံ ဘယ်တုန်းကရောက်နေတာလဲဟင်"

"အဲဒါတွေ မမေးနဲ့ဦး"

မြတ်လေးငုံက ခေါင်းလေးကို ဘယ်ညာလှုပ်ရမ်း၍ သူ့စကားကို ဟန့်တား လိုက်ပါသည်။

"မောင် . . . ဒါက ဘာလုပ်တာလဲဟင်"

"ဘာကိုပြောတာလဲဟင်"

"ဟိုမိန်းမနဲ့ ဒီနေရာကို ဘာလို့အတူလာရတာလဲလို့ မေးနေတာ"

မြတ်လေးငုံ၏ မျက်နှာလေးက ဒေါသကြောင့် တင်းမာခက်ထန်၍ နေပါသည်။ ဤမျက်နှာအနေအထားလေးကပင် အတော်လေးကို ချစ်စရာကောင်း၍ နေပါသည်။

"သူက ဘုရားဖူးရအောင် ခေါ်လာလို့ အဖော်လိုက်လာခဲ့တာပါ မြတ်လေးငုံရယ်"

"မနေ့တုန်းက မောင် အဲဒီမိန်းမအိမ်ကို သွားလည်းတယ်မို့လား



www.burmeseclassic.com

www.burmeseclassic.com

ဟင်"

"ဟုတ်တယ် မြတ်လေးငုံ၊ ရန်ကုန်ပြန်လက်ဆောင်လေးတွေ သွားပြီးပို့ပေးတာလေ"

"မောင် အဲဒီအိမ်က ပြန်ထွက်လာပြီး မောင့်အိမ်ကို ပြန်ရောက်တဲ့အထိ မောင့်နောက်ကနေ ကျွန်မလိုက်လာတာ"

"ဒါနဲ့များ . . . မြတ်လေးငုံရယ်၊ တို့ကို ခေါ်လိုက်ရောပေါ့လို့"

"ခေါ်ချင်တာပေါ့ မောင်၊ သိပ်ကိုခေါ်ချင်တာပေါ့၊ ဒါပေမဲ့ ကျွန်မတို့မှာ အဘိုးရဲ့ ခွင့်ပြုချက်မရဘဲနဲ့ ဘာကိုမှ လုပ်ပိုင်ခွင့်မရှိဘူးလေ၊ လုပ်ခဲ့မိလို့ အဘိုးက ဒဏ်တပ်ခံရရင် မောင်နဲ့ အကြာကြီးထပ်ပြီး ဝေးရဦးမှာ"

"ဘယ်က အဘိုးလဲ မြတ်လေးငုံ"

"ကျွန်မတို့ကို အုပ်ချုပ်နေတဲ့ အဘိုးပေါ့၊ အမှန်တော့ မောင့်ကို အသက် ၂၂ နှစ်ပြည့်ပြီးမှ အဘိုးက ပြန်ခေါ်ရမယ်တဲ့၊ ဒါပေမဲ့ အခြေအနေတွေက စိတ်မချ စရာတွေ ဖြစ်ကုန်ပြီလေ၊ မောင်တို့ လူကြီးတွေက မောင့်ကို ဟိုမိန်းကလေးနဲ့ အိမ်ထောင် ချပေးဖို့ စီစဉ်နေကြပြီ မဟုတ်လားဟင်"

"ဟုတ်တယ် မြတ်လေးငုံ၊ အမေတို့ မမညိုတို့က တို့ကို ခင်ထားရီနဲ့ လက်ထပ်ပေးဖို့ သဘောတူထားကြတယ်၊ လောလောဆယ် စေ့စပ်ကြောင်းလမ်းထား ဖို့ စီစဉ်နေကြတယ်လေ၊ ဒါပေမဲ့ အဲဒီကိစ္စကို တို့အနေနဲ့ ခုထိ ခေါင်းမညိတ်သေးဘူး မြတ်လေးငုံ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ထားရီကို တို့က ချစ်သူတစ်ယောက်လို ခံစားလို့ မရနိုင်လို့ပဲ၊



သူ့ကိုတော့ တို့က ညီမတစ်ယောက်လို၊ သူငယ်ချင်းတစ်ယောက်လို ခင်ပါတယ်"

"ဘာပဲဖြစ်ဖြစ်လေ . . . လူကြီးတွေရဲ့ ဆန္ဒကို မောင် မလွန်ဆန်နိုင်ပါဘူး၊ အဲဒီအခါကျရင် မောင် ခင်ထားရီနဲ့ ကျိန်းသေ လက်ထပ်ရမှာပဲ၊ တကယ်လို့များ မောင် လက်ထပ်သွားပြီးပြီဆိုရင် မောင့်ကို ကျွန်မဆီ ပြန်ခေါ်ဖို့ မလွယ်တော့ဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မိဘတွေက ဘုရားဒကာ၊ ကျောင်းဒကာတွေ သီလ သမာဓိ လည်းရှိသူတွေ၊ ပြီးတော့ ဆရာတော် သမားတော်တွေ၊ ဆရာကောင်း သမားကောင်း တွေကလည်း သူတို့ကို ဝိုင်းရံနေတာ မောင်ရဲ့၊ ဒီကြားထဲမှာ တော်ကမယ်ရွာမှာနေတဲ့ မောင့်အဘိုး ဦးရွှေကြူးဆိုရင် ပယောဂဝင်နေတဲ့ လူကို ရေမန်းမတိုက်၊ ဆေးကြိမ်လုံးနဲ့ မရိုက်ဘဲ မျက်လုံးနဲ့စိုက်ကြည့်ရုံနဲ့ အဲဒီမှာကပ်ငြိနေတဲ့ အငမ့်ာင့်ပယောဂ တစ်ခါတည်း ခွာပြေးရတဲ့အထိ စရဏအားကောင်းပြီး အလွန်သီလ စင်ကြယ်တဲ့ ပုဂ္ဂိုလ်ကြီးလေ၊ ကဲ . . . မောင် ဟိုအမျိုးသမီးလာနေပြီ၊ ကျွန်မ သွားတော့မယ်၊ ဖိန်းနွဲ့ခါ အင်္ဂါနေ့မနက်မှာ မောင့်ကို ဒီနေရာကပဲ ကျွန်မ စောင့်နေမယ်နော်"

မြတ်လေးငုံက ပြောပြောဆိုဆို ခေါင်းလောင်းများကို ကွေ့ပတ်ကာ အုတ်လှေကားလေးအတိုင်း ဘုရားရင်ပြင်ပေါ်မှ ဆင်း၍သွားပါသည်။

"ဂလောက် . . . ဂလောက် . . . ဂလောက်"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းစင်ကိုပတ်၍အသွား ခေါင်းလောင်းကို ချိတ်ဆွဲထားသည့် အုတ်တိုင်တွင် ထောင်၍ထားသည့် သစ်သားခေါင်းလောင်းထိုးတံကို တိုက်မိသွားသည့်အတွက် ခေါင်းလောင်းထိုးတံက လဲကျပြီး လိမ့်ထွက်သွားပါသည်။

မြတ်လေးငုံက သူတိုက်မိ၍ လဲကျသွားသည့် ခေါင်းလောင်းထိုးတံကို ပြန်ထောင်ပေးရန် ရပ်ပြီး လှည့်ကြည့်လိုက်ပြီးမှ ဘာကို သတိရသွားသည်မသိ ပြန်၍ မထောင်တော့ဘဲ ဆက်၍ ဆင်းသွားပါသည်။

"ကိုဝေ"

"ကိုဝေ . . . ထားထား ခေါ်နေတယ်လေ"

"ဟင် . . . ဟင် . . . ထားထား ဘာလဲဟင်၊ ဘာဖြစ်လို့လဲ"

နန်းဝေ၏ တုံ့ပြန်၍ထူးသံက အလန့်တကြားနှင့် ပျာပျာသလဲ နိုင်လွန်းလှပါသည်။

"ကိုဝေ့ကို ထားထား ဟိုးကနေ လှမ်းကြည့်နေတာ ကြာပြီ၊ ကိုဝေ တစ်ယောက်တည်းရပ်ပြီး စကားတွေပြောနေသလိုပဲ၊ ဘာတွေပြောနေတာလဲဟင်"

"တို့တစ်ယောက်တည်း စကားပြောနေတယ် ဟုတ်လား"

"အင်းလေ . . . ပါးစပ်က ပွစိပွစိနဲ့ တစ်ယောက်ယောက်နဲ့ မျက်နှာချင်းဆိုင် ရပ်ပြီး စိတ်ပါလက်ပါ ပြောနေသလိုပဲ"

"ပြီးတော့ . . . ခေါင်းလောင်းထိုးတံ သစ်သားလက်ကိုင်





ကြီးကလည်း သေသေချာချာ ထောင်ထားတဲ့နေရာကနေ တစ်ယောက်ယောက်က တိုက်လိုက်သလို မျိုး လဲကျသွားပုံကြီးကလည်း ထူးဆန်းလိုက်တာ၊ ဒီအလေးချိန်၊ ဒီအနေအထားနဲ့ လေတိုက်လို့လည်း လဲကျမသွားနိုင်ပါဘူး"

နန်းဝေတစ်ယောက် မြတ်လေးငုံကို ခင်ထားရီ မြင်တွေ့သွားဟန်မတူသည့်အတွက် အံ့ဩ၍ သွားရသလို တစ်ဖက်မှလည်း ယခုလိုမျိုး မြင်တွေ့သွားခြင်းမရှိသည့်အတွက် ပြဿနာတစ်ရပ် ငြိမ်းအေးသလို ခံစားလိုက်ရပါသည်။

"ဟုတ်ပါဘူး ထားထားရဲ့၊ စောစောက တို့ ဟို . . . ဟိုလေ ပရိတ်ရွတ်နေ တာဖြစ်ပါလိမ့်မယ်"

နန်းဝေနှင့် အမူအရာနှင့် ပြောဆိုပုံများက တစ်စုံတစ်ခုကို ဖုံးကွယ်ဖို့ ကြိုးစား နေသလိုမျိုး ဖြစ်နေသည်ကို သတိထားမိပါသော်လည်း ခင်ထားရီ ဘာမှဆက်၍ မေးမနေပါတော့။

ပြဒါးရှင်ဘုရားမှ အပြန်လမ်းတစ်လျှောက်မှာတော့ နှစ်ဦးသား ပြောစရာစကား မရှိတော့သလို တိတ်ဆိတ်ငြိမ်သက်၍ နေပါသည်။

ဘိုးပန်းမြိုင်ဇရပ် လမ်းဆုံအရောက်တွင် ခင်ထားရီက သူ့ကို ပြန်တော့မယ်နော် ကိုဝေဟု နှုတ်ဆက်သည်ကို သူက ခေါင်းညိတ်၍ သာပြခဲ့ပြီး သူ့အိမ်ဘက်သို့ ချိုးကွေ့၍ ပြန်လာခဲ့ပါသည်။

"ဟဲ့ . . . မောင်လေး ထားထားရော"

"ဗျာ"

"ထားထားရောလို့ မေးနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com

“ပြန်သွားပြီ”

“ဟယ် . . . မောင်လေးကလည်း လုပ်တော့မယ်၊ မင်းတို့ ဘုရားမသွားခင်က အပြန်ကျ ထားထားကိုပါ ခေါ်လာခဲ့ပါ၊ ဒီမှာ မနက်စာအတူစားရအောင်လို့ အသေအချာ မှာလိုက်ရဲ့သားနဲ့ကွယ်”

“အာ . . . ဟုတ် . . . ဟုတ်သားပဲ”

နန်းဝေတစ်ယောက် အခုမှပင် သူ့အစ်မမှာသည့် စကားများကို သတိရလိုက်ပါသည်။

“အဟင်း . . . ဟင်း ဆောရီးပဲ မမညိုရာ”

မယဉ်ညိုက နန်းဝေကို ဘာမှမပြောတော့ဘဲ မျက်မှောင်လေးကြုတ်၍သာ ကြည့်လိုက်ပါတော့သည်။

နန်းဝေက အိပ်ခန်းထဲသို့ တောက်လျှောက်တန်းဝင်သွားပြီး အခန်းတံခါးကို ပိတ်လိုက်ပါသည်။

သူက ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် ပစ်လှဲချလိုက်ပြီးနောက် ပင့်သက်မော ကြီးတစ်ခုကို ချလိုက်ပါသည်။

“ဟင်း”

ရွှေတိဂုံဘုရားပေါ်တွင် မြတ်လေးငုံနှင့် တွေ့ဆုံခဲ့သည်မှစ၍ ယနေ့မနက် ပြဒါးရှင်ဘုရားပေါ်တွင် မြတ်လေးငုံနှင့် ပြန်လည်တွေ့ဆုံခဲ့သည်အထိ အကြောင်းအရာ များကို သူက စဉ်းစား၍နေလိုက်ပါသည်။

မြတ်လေးငုံက သူ့ကိုပြောခဲ့သည် အချို့အချို့သော စကားများနှင့် ပတ်သက်၍ အဓိပ္ပာယ်နားမလည်နိုင်သည်များ





ရှိခဲ့ပါသော်လည်း မြတ်လေးငုံကို သူပြန်၍ မမေးမိခဲ့ပါ။ သည်မိန်းကလေးနှင့် တွေ့ဆုံလိုက်ရချိန်များတွင် သူ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်၍ သူ ပြောဆိုသည့်စကားများကို နားထောင်နေချင်သည့် စိတ်များသာ သူ့ရင်ထဲတွင် အပြည့်အဝရှိနေမိပါသည်။

မြတ်လေးငုံ ပြောဆိုခဲ့သည့် စကားများထဲတွင်

“မောင်နဲ့ကျွန်မ နှစ်ပေါင်းများစွာ အတူနေခဲ့ကြသူတွေဆိုတော့ မောင့်မနော အာရုံထဲမှာ ကျွန်မတို့ ရင်းနှီးနေတာ မထူးဆန်းပါဘူးကွယ်”ဆိုသည့် စကားနှင့် “မောင့်ကို အသက် ၂၂ နှစ်ပြည့်ပြီးမှ အဘိုးက ပြန်ခေါ်ရမယ်တဲ့”ဆိုသည့် စကားတွေအတွက် သူ့မှာ မထွေးနိုင်၊ မအန်နိုင်နှင့် အတွေးရခက်၍နေပါသည်။

မြတ်လေးငုံဆိုသည့် မိန်းကလေးက သူ့အတွက် ပဟေဠိတစ်ပုဒ်လို ဖြစ်၍နေပါသည်။

“မြတ်လေးငုံဆိုသူက ဘယ်သူလဲ”

“သူ့ဇာတိက ဘယ်ကလဲ”

“သူ ဘာအလုပ်လုပ်နေတာပဲ”

“မိမိနှင့် မြတ်လေးငုံတို့ ဘယ်လိုပတ်သက်မှု ရှိခဲ့တာလဲ”

မိမိကို ခေါ်ပုံကိုက ချစ်သူချင်း၊ လင်မယားချင်း တယုတယ ဟရင်းတနှီး ခေါ်သလိုမျိုး ‘မောင်’ပဲ့လေ။

ပြီးတော့ မြတ်လေးငုံတစ်ယောက် သူ့ရှေ့တွင် ပေါ်လာပုံရော ပျောက်တွယ် သွားပုံတွေကလည်း မျက်လှည့်ပြသလိုမျိုး ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြတ်လေးငုံဆိုသည်က စိတ္တဇဝေဒနာရှင် မိန်းကလေးတစ်ဦး ပေလား။ သို့တည်းမဟုတ် မိမိသည်ပင် စိတ္တဇရောဂါ စွဲကပ်နေသည့် ဝေဒနာရှင်တစ်ဦး ဖြစ်နေပြီလား . . .

"ဘုရား . . . ဘုရား"



## အခန်း (၈)
## အရင်နဲ့တော့ မတူပါလေ

ယခုတစ်ခေါက် သားဖြစ်သူ အိမ်သို့ပြန်လာပုံက အရင်တုန်းကများနှင့်မတူ နည်းနည်းတော့ ထူးခြားသလို ဖြစ်နေသည်ကို ဒေါ်အေးငြိမ်း သတိထားနေမိပါသည်။

နန်းဝေ ကွယ်ရာတွင် သမီးကြီး မယဉ်ညိုကို ဤအကြောင်း ပြောပြသည့်အခါ တွင်လည်း မယဉ်ညိုက သူမနှင့် တစ်သဘောတည်း ဖြစ်နေပါသည်။

"ဟုတ်တယ် အမေ၊ ဘာမှန်းသာ တိတိကျကျ မပြောတတ်တာ၊


www.burmeseclassic.com

www.burmeseclassic.com

မောင်လေး ကိုကြည့်ရတာ တစ်မျိုးကြီးဖြစ်နေတယ်"

"တစ်နေ့လုံးနေလို့မှ စကားတစ်ခွန်းတောင် ခပ်ဟဟပြောချင်မှ ပြောတော့ တာ၊ ပြီးတော့ သူ့မျက်လုံးတွေကို ကြည့်ရတာ ဂနာလည်း မငြိမ်ဘူး၊ တောင်ကြည့် မြောက်ကြည့်နဲ့၊ တစ်ခါတစ်ခါကျပြန်တော့လည်း မျက်လုံးက ဘယ်မှမရွေ့တော့ဘဲ တစ်နေရာတည်းကို အကြာကြီး စိုက်ကြည့်ရင် ကြည့်နေပြန်ရော"

"အင်း . . . အမေ့အနေနဲ့ ဖွင့်မေးလိုက်ရင် သူ့စိတ်ထဲမှာ အနှောင့်အယှက်များ ဖြစ်သွားမလားမသိပါဘူးကွယ်၊ သမီးတို့ မောင်နှမချင်းပဲ နည်းနည်းပါးပါး တီးခေါက် ကြည့်ပါဦး သမီးရယ်၊ ညည်းမောင် ရန်ကုန်မှာ ရည်းစားတွေဘာတွေများ ရှိနေပြီလားမှ မသိတာ၊ ဒါမှမဟုတ် အမေကြားဖူးသလို တချို့ကျောင်းသားတွေလို ဟိုမှာ လောင်းကစားတွေဘာတွေလုပ်ရင်း ကြွေးမြီတွေများ တင်ခဲ့သလားဟု မသိတာ"

"မောင်လေးက အဲဒီလိုလူစားမျိုး မဟုတ်ပါဘူး အမေရဲ့၊ စိတ်အေးအေးနေပါ၊ သမီး မေးကြည့်လိုက်ပါ့မယ်"

"ဒါဆိုရင် အမေ ဈေးသွားလိုက်ဦးမယ်၊ သမီးမောင် အိပ်ရာက နိုးလာရင် သူ့အခြေအနေကိုကြည့်ပြီး စုံစမ်းကြည့်ပါဦး သမီးရယ်နော်၊ သူ့အတွက် ပဲပြုတ်နဲ့ ဆီထမင်းက ကြောင်အိမ်ထဲမှာရှိတယ်၊ ကာပီရေ (ကော်ဖီ)ကိုတော့ သူနိုးလာမှပဲ သမီးက ဖျော်တိုက်လိုက်နော်၊ အမေဖျော်ရင် နို့ဆီများသလေး သကြားများသလေးနဲ့ အချိုစူးလို့ သမီးမောင်က ကြိုက်မှာမဟုတ်ဘူး"





ဒေါ်အေးငြိမ်း အပြင်သို့အသွားတွင် မယဉ်ညိုက မောင်ဖြစ်သူကို မေးမြန်းလိုက်ပါသည်။

"မောင်လေး . . . နင် ရန်ကုန်မှာ ဘာစိတ်ညစ်စရာတွေ ကြုံခဲ့လို့လဲဟင်"

"ဘာဖြစ်လို့လဲ မမရဲ့"

"နင့်ကိုကြည့်ရတာ ငေးတိငိုင်တိုင် ဖြစ်နေလို့ပါ၊ အရင်က အိမ်ကိုပြန်ရောက်ပြီဆိုရင် စီလောင်ပါလောင် နင့်အသံကို မိုးလင်းက မိုးချုပ် ကြားနေရသလို၊ ဟိုသွားလိုက် ဒီလာလိုက် တက်လိုက်ဆင်းလိုက်နဲ့ မျက်စိနောက်အောင် နေလာတဲ့လူက အခုကျတော့ စပါးကြီးမြွေကြီး စားပိုးနင့်နေသလိုမျိုး၊ မလှုပ်မယှက်နဲ့ ဘာလဲ . . . ဟိုမှာ ရည်းစားသနာ ရှိနေပြီလား"

"ဟာဗျာ . . . ကပ်သီးကပ်သပ်"

"အင်း . . . မေးမယ့်သာ မေးရတာပေါ့လေ၊ ငါ့မောင်က လိမ္မာပါတယ်၊ ဒီမှာ အမေသဘောတူထားတဲ့ ခင်ထားရီလေးလည်း ရှိနေပြီဆိုတော့ တခြားမဖွယ်မရာ ပေါ့ပေါ့ရမ်းရမ်း အလုပ်မျိုးတွေလည်း လုပ်လိမ့်မယ်လို့ မမ မထင်ပါဘူး။

အင်း . . . ခင်ထားရီဆိုလို့ ပြောရဦးမယ်၊ ပြီးခဲ့တဲ့လပြည့်နေ့တုန်းက အမေ နဲ့မမ ဆရာတော့်ကျောင်းကို ဆွမ်းပို့သွားကြရင်း ခင်ထားရီတို့သားအမိကလည်း ကျောင်း မှာ ဥပုသ်လာယူရင်းနဲ့ ဆုံကြတော့လေ. . .



www.burmeseclassic.com

www.burmeseclassic.com



ခင်ထားရီလေးက ရွှေလထဲလောက်မှာ ပုသိမ်ကို မွမ်းမံသင်တန်းတစ်ခု တက်ရအောင် သွားရမယ်တဲ့ မောင်လေးရဲ့၊ အဲဒါသင်တန်းမတက်ခင် သူ့မိဘများက မင်းနဲ့ စေ့စပ်ကြောင်းလမ်းထားချင်တယ်ဆိုတဲ့အကြောင်း အမေ့ကို ပြောနေသံ ကြား လိုက်ရတယ်၊ အမေကလည်း မင်းပြန်လာရင် အဲဒီကိစ္စကို စိစဉ်ကြဖို့ ပြန်ပြောလိုက်တယ် မောင်လေးရဲ့၊ အဟင်း . . . ဟင်း သူက ခင်ထားရီလေးနဲ့ မင်းကို အမြန်ဆုံး နိုးစပ်ချင်နေပြီလေ။

တစ်နေ့တုန်းကတောင် ဒွေးလေးသိန်းချစ်သမီး မရွှေတင်လေးကလေးမီးဖွားတာကို သွားမေးပြီး ပြန်လာမှာ၊ ဘာပြောတယ်မှတ်သလဲ. . .

အင်း . . . ငါလည်း မြေးအရင်းလေးတစ်ယောက်လောက် ချီချင်လှပြီတဲ့လေ၊ အဟင်း . . . ဟင်း

အဲဒါကြောင့်ထင်တယ်၊ အဘွားကြီးက မင်းနဲ့ ခင်ထားရီကိစ္စကို အမြန်ဖြစ်စေချင်နေတာ မောင်လေးရဲ့"

"ဟာဗျာ . . . မမညိုကလည်း ကျွန်တော်က အငယ်ပဲဥစ္စာ၊ မမနဲ့အစ်ကို အောင်မော်ကြီးကိစ္စကို အရင်စီစဉ်ပါလားလို့"

"အို . . . ငါတို့က နောက်နှစ်နှစ်လောက်မှ ယူကြမှာ၊ အေးအေးဆေးဆေး ပဲလေ"

"ဒါဆိုရင် . . . ကျွန်တော့်ကျတော့ ဘာလို့ ဒီလောက်လောဆော်နေရတာလဲလို့"





"အမေက နင့်ကို စိတ်မချတာလည်း ပါတာပေါ့ မောင်လေးရယ်"

"ကျွတ် . . . စိတ်မချရအောင် ကျွန်တော်က ဘာတွေမဟုတ်တာ လုပ်နေလို့လဲ မမညိုရာ"

"ဘာမှတော့ မလုပ်ဘူးပေါ့ကွယ်၊ ဒါပေမဲ့ ခင်ထားရီတို့ဘက်က ရှိသေးတယ်မဟုတ်လား၊ သမီးမိန်းကလေးကို အလုပ်လုပ်ရအောင် တစ်ရပ်တစ်ရွာကို လွှတ်ထားရတော့ စိတ်မချတာလည်း ပါမှာပေါ့၊ စိတ်မချဘူးဆိုဂျာကလည်း ခင်ထားရီလေးရဲ့ ကိုယ်ကျင့်သိက္ခာကို စိတ်မချတာမဟုတ်ဘူး"

"သူစိမ်းတစ်ရံ စာတွေရှိတဲ့ အရပ်မှာမို့ သူများက အနှောင့်အယှက်မပေးနိုင်အောင် အဟန့်အတား ဖြစ်စေချင်တဲ့သဘောနေမှာပေါ့"

"ပြီးတော့ . . . နင်သိတဲ့အတိုင်းပဲ၊ တို့ တောသူတောင်သားတွေဆိုတာက အလွန်ရိုးသားပြီး အရှက်အကြောက်ကြီးကြတာမဟုတ်လား"

"ခုဆိုရင် . . . မောင်လေးနဲ့ ထားထားကိစ္စက တစ်ရပ်လုံးတစ်ရွာလုံး သိနေကြပြီလေ"

"အဲဒါကတော့ မမညိုတို့က လျှောက်ပြီး မောင်းခတ်နေတာကို"

"ဟဲ့ . . . ဒီကိစ္စမျိုးဆိုတာက ရေရှည်ဖုံးဖိထားလို့ ရကောင်းတဲ့ကိစ္စမျိုးမှ မဟုတ်တာ၊ တစ်နေ့မသိ တစ်နေ့သိကြမှာပဲ"

"နင် . . . ထားထားလို မိန်းကလေးမျိုးရတာ သိပ်ကံကောင်းကယ်နော်၊ ထားထားက ရုပ်ကလေးကလည်း ဘာမှပြောစရာမရှိအောင်



www.burmeseclassic.com

www.burmeseclassic.com


လှသလို စိတ်သဘော ထားကလည်း အရမ်းဖြူစင်တယ်၊ လူကြီးမိဘတွေ အပေါ်မှာလည်း ရိုသေလေးစားမှု ဂါရဝနိဝါတ တရားရှိတယ်၊ ကိုယ်နဲ့ဆိုရင်လည်း ဟိုး ပလူမွှေးပလူတောင်က ပေါင်းသင်းလာလို့ အတွင်းသိ အစင်းသိ၊ အစိကကတော့ နင့်အပေါ်မှာ ဟိုးငယ်ငယ်လေး ကတည်းက အနွံတာခံ ပေါင်းသင်းလာတဲ့ ငယ်သူငယ်ချင်းလေ၊ နင်တို့ ရန်ကုန်က ဆပ်ကော့လပ်ကော့ မိန်းကလေးတွေများတော့ မဆိုင်ရေးချ မဆိုင်ဘဲ၊ ထားထားကိုသာ ယူရင် မင်းတစ်သက်လုံး စိတ်ချမ်းသာမှာ ငါ့မောင်"

"ကဲပါ မမညိုရယ်၊ ထားထား ချီးမွမ်းခန်းက ဆုံးပဲမဆုံး နိုင်တော့ဘူးလား"

"ငါက အကောင်းပြောနေတာ မောင်လေး၊ လူကြီးတွေက နှုတ်လွှန်ပြီးထား ကုန်ကြပြီ၊ တော်ကြာ မင်းက မကိုးမကန်း ထလုပ်မှာစိုးလို့ သတိပေးနေရတာ"

"စိတ်ညစ်ပါတယ် မမညိုရာ"

"နင်က ဘာစိတ်ညစ်စရာရှိလို့လဲ"

"ရှိတာပေါ့ မမညိုရ၊ ကျွန်တော်မှ အိမ်ထောင်မပြုချင်သေးတာ၊ ပြီးတော့ ထားထားအပေါ်မှာလည်း ထွေလီကာလီစိတ်မျိုးတွေ ထားလို့ မရဘူးလေ၊ နောက်တစ်ချက်ကတော့ ကျွန်တော် ကျောင်းပြီးဖို့လိုသေး တယ်"

"လိုတော့ ဘာဖြစ်လဲ၊ ခုဟာက မင်္ဂလာဆောင်တာမှ မဟုတ်ဘဲ၊ စေ့စပ်ထားဖို့လေ၊ ဒီလိုမှလည်း သူ့အိမ်ကိုယ့်အိမ် ဝင်ထွက်သွားလာရတာ

တင့်တယ်တာပေါ့"

"အရင်ကလည်း ဒီလိုပဲ ဝင်ထွက်သွားလာနေကြတာ မဟုတ်လား မမညိုရ"

"ဟဲ့ . . . အရင်နဲ့ အခုနဲ့က မတူဘူးလေ၊ နင်တို့နှစ်ယောက်ကို ပေးစားဖို့ ရည်ရွယ်ထားကြပြီ မဟုတ်လား၊ အဲဒီကိစ္စကို လူသိရှင်ကြား အကောင်အထည်ဖော်ရတော့မှာပေါ့"

"ကဲပါ . . . မမညိုရာ၊ အဲဒီကိစ္စတွေ နောက်မှပြောတော့၊ ခု ကျွန်တော် အုပြင်ကို ခဏသွားလိုက်ဦးမယ်"

"ဘယ်ကိုသွားမှာတုံး"

"ဟိုနား ဒီနားပါ"

"သိပ်နေမမြင့်စေနဲ့နော်၊ ထမင်းစားချိန်အမီ ပြန်လာ၊ ကြားလား"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## ချိန်းတဲ့ရက်မှာ သူ မလာ

ဒီကနေ့က မြတ်လေးငုံနှင့် ချိန်းဆိုထားသည့် အင်္ဂါနေ့ . . .

အစ်မဖြစ်သူက စကားတွေအများကြီးပြောနေသည့်အတွက် အိမ်ကအထွက် ပင် နောက်ကျနေပြီလားမသိ။ နန်းဝေက ခြေလှမ်းများကို ခပ်သွက်သွက်ပင် လှမ်းလိုက် ပါသည်။

"ဟေ့ကောင် ဖိုးဝေ"

"ဟာ . . . အစ်ကိုစိန်တိုးကြီးပါလား"

"ဒါက ဘယ်ကိုလဲ"





"ဒီနားတင်ပါဗျာ"

"မင်းကွာ . . . တော်တော်နေနိုင်တဲ့ကောင်၊ ငါ့အိမ်ဘက်ကို တောင် တစ်ချက်ကလေး လှည့်မလာဘူး"

"လာပါ့မယ် အစ်ကိုစိန်တိုးရာ၊ ကျွန်တော် နည်းနည်း အလုပ်ရှုပ်နေလို့ပါ"

"ဘာလဲကွ . . . အာဝါဟဝိဝါဟ ကိစ္စအတွက်လား"

"ဟာဗျာ . . . မဟုတ်ပါဘူး"

"ကောင်လေး . . . မင်း မလိမ်နဲ့နော်၊ မင်းနဲ့ဆရာမလေး ကိစ္စကို ငါတို့တစ်ရွာ လုံးသိပြီးသား၊ ဘာပဲဖြစ်ဖြစ်ကွာ ကြိုတင် ခဲဖိုးအနေနဲ့ ညကျရင် 'ကို့လူ'နှစ်လုံးဖိုးနဲ့ အမြည်းဖိုးအတွက် ငွေတစ်ဆယ်လောက် တော့ လာပေးချေ၊ ကြားလား"

(သူတို့ဒေသထွက် ချက်လုပ်သည့် အရက်တစ်မျိုးကို 'ကို့လူ'ဟု ခေါ် ဆိုပါသည်)

"စိတ်ချ အစ်ကိုစိန်တိုး၊ ညနေကျရင် တစ်ဆယ်မဟုတ်ဘူး၊ နှစ်ဆယ်လာပေးမယ် ဟုတ်ပြီလား"

"နှစ်ဆယ်ကြီးများတောင် မလိုပါဘူး ဖိုးဝေရာ၊ တစ်ဆယ်ဆို လုံလောက်ပါတယ်၊ မင်းဆက်ဆက်လာခဲ့နော်"

"စိတ်ချပါဗျာ . . . လာခဲ့မယ်"

ကိုစိန်တိုးနှင့် စကားကို ကပျာကယာဖြတ်ခဲ့ပြီး ဘုရားကို ခြေကုန်သုတ်၍ လာခဲ့ပါသည်။

ပြဒါးရှင်ဘုရားအဝင်မုခ်ပေါက်ကို ရောက်ရော့ ဟောဟဲပင်



www.burmeseclassic.com

www.burmeseclassic.com

လိုက်၍နေပါ သည်။

နန်းဝေက ဘုရားကိုပင် မကန်တော့အားဘဲ ဘုရားရင်ပြင် ပေါ်ကို လက်ျာရစ်တစ်ပတ်ပြည့်အောင် လှည့်ပတ်၍ မြတ်လေးငုံကို ရှာဖွေလိုက်ပါသည်။ သို့သော် မြတ်လေးငုံ၏ အရိပ်အယောင်ကိုပင် မတွေ့ရပါ။

သူက နောက်တစ်ပတ် ပတ်၍ ရှာလိုက်ပြန်ပါသည်။

"ဟင်း . . . ငါ့အလာနောက်ကျလို့ ပြန်များသွားပြီလား မသိဘူး"

နန်းဝေက သူ့အလာနောက်ကျ၍ မြတ်လေးငုံကို မတွေ့လိုက်ရ ထင်ပြီး အိမ်က အစ်မဖြစ်သူ မယဉ်ညိုကိုရော၊ လမ်းတွင် တွေ့ခဲ့ရသည့် ကိုစိန်တိုး ါရော ကျိန်မြီးတို၍ သွားပါသည်။

"ကျွတ် . . . အရေးထဲမှာကွာ"

ဘုရားကို တတိယပြောက် ထပ်၍ပတ်အပြီးတွင် နန်းဝေက ဘုရားရင်ပြင်ပေါ်သို့ မြစ်ဘက်မှ အတက်အဆင်းလုပ်သည့် နတ်လမ်း ဘေးက အုတ်ခုံပေါ်တွင် ခေတ္တထိုင်၍ အမောဖြေလိုက်ပါသည်။

ပင်လယ်ဘက်ဆီမှ ဆောင်းလေက တဟူးဟူးနှင့် တိုက်ခတ် ၍နေပါသည်။ ဘုရားရင်ပြင်ပေါ်သို့ အဆင်းအတက်လမ်းတစ်လျှောက် မှာတော့ ပုန်းညက်ပင်တွေက အစီအရီ ပေါက်ရောက်လျက်ရှိနေပြီး ပုန်းညက်ပွင့်တို့၏ သင်းပျံ့ပျံ့ရနံ့က အနီးအနားတစ်ဝိုက်တွင် ပျံ့လွင့်၍ နေပါသည်။

ဟိုးအောက်ဘက်တွင် သဲသောင်ပြင် ဖြူလွှလွှနှင့် သောင်ပြင်၏





အဆုံးမှာတော့ ကျောက်စွယ်ကျောက်တန်းအချို့ ပြီးတော့ ယင်းကျောက် စွယ်ကျောက်တန်း များဆီသို့ တလိမ့်လိမ့်နှင့် ပြေးလာရိုက်ခတ်နေသည့် လှိုင်းခေါင်းဖြူဖြူကြီးများ၊ ဖွာခနဲ ဖွာခနဲ ကွဲကြေသွားသော ရေစက်ရေမွှာ များ၊ နိမ့်ချည်မြင့်ချည်နှင့် ပျံသန်းနေကြသည့် စင်ရော်ငှက်များ စသည် တို့ကို ငေးမောကြည့်ရှုနေမိပါသည်။

ထိုအခိုက်မှာပင် လှေကားအောက်ခြေမှနေ၍ တရွေ့ရွေ့နှင့် တက်လာသော ဝတ်ဖြူစင်ကြယ်နှင့် လူကြီးတစ်ယောက်ကို လှမ်း၍ မြင်တွေ့လိုက်ရပါသည်။

သည်ကနေ မြင်ရပုံအရတော့ ထိုအဘိုးကြီး၏ အသက်မှာ ရှစ်ဆယ်ဝန်းကျင်လောက်ရှိပုံရပါသည်။ အဝတ်ဖြူခေါင်းပေါင်းကို ပေါင်းထားသည့်ကြားမှ ဘော်ငွေရောင် ဆံပင်များက နား သယ်နှစ်ဖက် တွင် ထွက်၍နေကြပါသည်။

သူ့အနားကိုရောက်တော့ အဘိုးကြီးက ရှေ့ဆက်၍မသွား တော့ဘဲ သူ့ဘေးက နေရာလွတ်တွင် ဝင်၍ထိုင်လိုက်ပါသည်။

နန်းဝေကတော့ အဘိုးကြီး၏ သွင်ပြင်နှင့် လှုပ်ရှားမှုများကို ပသိမသာ အကဲခတ်နေမိပါသည်။ လူချင်း နီးနီးကပ်ကပ်ရှိတော့မှ အဘိုးကြီး၏ အသက်အရွယ်က စောစောတုန်းက သူထင်ထားသလောက် ကြီးပုံမရဘဲ ၆၅၊ ၇၀ လောက်သာ ရှိလိမ့်မည်ဖြစ်ကြောင်း သိလိုက်ရ ပါသည်။

အဘိုးကြီး၏ ဥပမိရုပ်က ခန့်ငြားလှပါသည်။ မျက်ခုံးမွေး၊


www.burmeseclassic.com

www.burmeseclassic.com


မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများက ဆွတ်ဆွတ်ဖြူနေပါသော်လည်း မျက်နှာပေါ်တွင် အရေးကြောင်းက သိပ်ပြီးမရှိ၊

မျက်လုံးအစုံက တောက်ပ၍နေပြီး စူးရှထက်မြက်လှပါသည်။ နှုတ်ခမ်းက ပါးပါးနှင့် ကွမ်းစားထားသလို နီးတွေး၍နေပါသည်။

လက်ထဲတွင် တောင်ဝှေးကို ကိုင်ထားပါသော်လည်း ခါးမကုန်း၊ ကတုန်ကယင်မရှိ၊ တောင့်တောင့်တင်းတင်း မာမာချာချာ သွက်သွက်လက်လက်ကြီးပင်။

"ဒီနေ့ မြတ်လေးငုံ မလာနိုင်ဘူးကွဲ့"

"ဗျာ"

ရုတ်တရက် ထွက်ပေါ်လာသော အဘိုးကြီးထံမှ စကားသံကြောင့် နန်းဝေခမျာ ထိတ်လန့်အံ့ဩ၍ သွားရပါသည်။

"ဪ . . . ငါ့မြေးလေး ခရီးလွန်နေလို့ မင်းချိန်းထားတဲ့ဆီကို မလာနိုင်ဘူးလို့ ပြောတာပါ"

"ဟို . . . ဟိုဒင်း အဘိုးက ဘယ်သူလဲဟင်"

"အဘိုးက အဘိုးပဲပေါ့ ငါ့လူရာ၊ ဟဲ . . . ဟဲ"

ဒီထက် ရှင်းလင်းသည့်စကား မရှိတော့ပြီမို့ နန်းဝေက အဘိုးကြီးကို ငိုင်တွေတွေနှင့် ကြည့်နေမိပါသည်။

"အင်း . . . စိတ်မပျက်ပါနဲ့ လူလေးရာ၊ မိန်းကလေးက ကိစ္စတစ်ခုနဲ့ အဘိုးခိုင်းထားလို့ ခရီးထွက်နေရတယ်ကွဲ့၊ အဲ . . . သီတင်းကျွတ်လပြည့်နေ့ကျရင်တော့ ပြန်ရောက်ပါလိမ့်မယ်"



နန်းဝေက ယောင်တောင်ပေါင်တောင်နှင့် ခေါင်းညိတ်၍ပြလိုက်ပါသည်။

"မင်းက ပေးထားတဲ့ကတိတော့ တည်သားပဲ၊ ယောကျ်ားကောင်းဆိုတာ ဒီလိုမှပေါ့ကွာ"

"ခင်ဗျာ"

"ဪ . . . သမီးနဲ့ သိင်္ဂုတ္တရကုန်းတော်ပေါ်မှာ တွေ့ကြစဉ်အခါက သမီးက မင်းဆီမှာ ကတိတောင်းခဲ့တယ်လေ၊ ဒီနေ့ဒီအချိန်က စပြီး သတ္တဝါတွေရဲ့အသားကို မစားတော့ပါဘူးလို့"

"ဟုတ် . . . ဟုတ်ကဲ့"

"အဲ . . . အဲဒီကတိအတိုင်း ကနေ့အထိ မင်းက အသက်သတ်လွတ် စားသုံးနေတဲ့အတွက် အဘိုးက မင်းကို ကတိကြည်တယ်လို့ ပြောတာပါ၊ အင်း . . . တချို့ ပုဂ္ဂိုလ်များက ခုလိုမျိုး အသက်သတ်လွတ်စားတာတို့၊ ဒေဝဒတ်ဂိုဏ်းဝင်ရယ်လို့ ရှုံ့စွပ်ကြတယ် လူလေးရဲ့၊ တို့များမြတ်စွာဘုရားသခင်က အသက်သတ်လွတ်ပဲ စားရမယ်၊ အသားငါးမစားရဘူးလို့ ပောကြားတားမြစ်ခြင်း မရှိခဲ့ပါဘူး၊ အသားကြီး ဆယ်ပါးနဲ့ အစွန်းသုံးပါးက လွတ်တဲ့အသားကိုစားဖို့ ငါခွင့်ပြုပြီးဖြစ်တယ်လို့ ရဟန်းတွေကို မိန့်မှာခဲ့တယ်။ အဲ . . . လူတွေအတွက်တော့ မတားခဲ့ပါဘူး၊ အရိယဝံသတရားလေးပါးမှာလည်း 'ပိဏ္ဍပါတသန္တောသ ကောင်းကောင်းဆိုးဆိုး ရသမျှဆွမ်းဖြင့် တင်းတိမ်ရောင့်ရဲရ မယ်'လို့ ဆိုထားပါတယ်၊ အသားငါးမစားရဘူး၊ အသက်သတ်လွတ်ပဲ စားရမယ်လို့ မပါဘူး။ အဲဒီလိုမှမဟုတ်ဘဲ ရသတဏှာနောက်ကို လိုက်ခဲ့ရင်တော့ ပါယ်ဆိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြမှာပဲလေ . . .

ခု အဘိုးတို့ အသက်သတ်လွတ်စားတယ်ဆိုတာက သတ္တဝါတွေရဲ့ အသွေးအသားကို စားမိပြီးတော့မှ မိမိခန္ဓာကိုယ်ကြီး ရှင်သန်ကြီးထွားအောင် မတည်ဆောက် ချင်လို့ပဲ လူလေးရဲ့၊ ခြေလေးချောင်းပဲရှိရှိ၊ ခြေနှစ်ချောင်းပဲရှိရှိ ခြေလက်အင်္ဂါ ပါပါ မပါပါ အသက်ရှိတဲ့ သတ္တဝါတိုင်းဟာ သူလည်း သတ္တဝါ၊ ကိုယ်လည်း သတ္တဝါမို့ သတ္တဝါချင်း သူ့အသားကို ကိုယ်ကမစားချင်ဘူးပေါ့ လူလေးရယ်။ အသားငါးတွေကို စားပြန်တော့လည်း ဟိုအသားက ကောင်းတယ်၊ ဒီအသားက ကောင်းတယ်ဆိုတဲ့ ရသတဏှာ လည်း ပွားနိုင်သလို သူတို့နဲ့ ဆက်နွယ်နေတဲ့ ရောဂါဘယတွေလည်း ထူပြောလာနိုင်တာပေါ့၊ နောက်ပြီး အဲ့ဒီ အသွေးအသားကြောင့် ဒေါသစိတ် အကုသိုလ် စိတ်တွေလည်း အနည်းနဲ့ အများဆိုသလို ဝင်လာနိုင်သလို ခန္ဓာကိုယ်ကလည်း သွေးညှိ စော်တွေ နံလာနိုင်တယ် လူလေး၊ မေတ္တာတရား ကိုယ်ချင်းစာတရားတွေလည်း ပိုပြီးပွားများနိုင်တာပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ်ပါလေ မင်းကိုယ်တိုင်ပေးခဲ့တဲ့ ကတိတစ်လုံးကို ခုလိုမျိုး စောင့်ထိန်းနိုင်တဲ့အတွက် အဘိုး သာဓုခေါ်ပါတယ်၊ သာဓု . . . သာဓု . . . သာဓု"

ပြောပြောဆိုဆို အဘိုးကြီးက နေရာမှထကာ လာလိမ်းအတိုင်း ပြန်၍ဆင်းသွားပါသည်။

နန်းဝေက အာစေးထည့်ထားသလို အဘိုးကြီးကို ဘာစကားမှ ပြန်၍မပြောနိုင်ဘဲ သူ့ကို ကျောပေး၍ဆင်းသွားသည့် ထိုဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးကိုသာ အငေးသားကြည့်နေမိပါသည်။





သူကြည့်နေစဉ်မှာပင် အဘိုးကြီး၏ ပုံသဏ္ဍာန်က တစ်စစနှင့် မှုန်ဝါး၍ သူမြင်ကွင်းမှ ပျောက်ကွယ်သွားပါတော့သည်။

နန်းဝေက အခုမှပင် နေရာမှ ပြူးတဲပြာတဲနှင့် ထကာ အဘိုးကြီးကို ရှာဖွေ ကြည့်ရှုလိုက်ပါသည်။

ဒီရေတက်ချိန်မို့ ကျောက်ဆောင်ကျောက်တန်းတွေက ရေပြင်ပေါ်တွင် တစ်ထွာ တစ်မိုက်မျှသာ ပေါ်၍နေပါသည်။

သဲသောင်ပြင်ကြီးနှင့် ကျောက်ဆောင်များ။ ပြီးတော့ ပင်လယ်ရေပြင်ကျယ်ကြီး လူတစ်ဦးတစ်ယောက် ပုန်းကွယ်ခိုနားရန် နေရာဟူ၍ လုံးဝမရှိ။ မြင်ကွင်းက ရှင်းရှင်းလင်းလင်းကြီးပင်။

ရေထဲသို့ ဆင်းသွားရအောင်ကလည်း တလိပ်လိပ်နှင့် တက်လာပြီး တဝုန်းဝုန်းနှင့် ရိုက်ခတ်နေသော လှိုင်းလုံးများကြားတွင် ဒီအသက်အရွယ်ရှိ အဘိုးကြီး တစ်ယောက်အတွက် လုံးဝစဉ်းစား၍ပင် ရစကောင်းသော အရာမဟုတ်။

သူမျက်စိကို ပွတ်သပ်၍ ထပ်ကာ ထပ်ကာ ကြည့်ပြန်တော့လည်း သည်မြင်ကွင်းများကလွဲ၍ တခြားဘာမှအပိုမရှိ။ စောစောက ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီး ဘယ်ဆီများ ရောက်ရှိသွားပြီမသိပါ။

နန်းဝေအတွက်ကတော့ တွေ့ကြုံခဲ့ရသမျှ အရာအားလုံးမှာ အထူးအဆန်းချည်းလိုကြီး ဖြစ်၍နေပါသည်။

သူက လေးကန်လှသော ခြေလှမ်းများဖြင့် အိမ်ဘက်သို့ ပြန်လာခဲ့ပါသည်၊ အချိန်က မနက် ဆယ်နာရီခွဲပင် ရှိနေပါပြီ။


www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို ပြန်ရောက်တော့ သူ့အမေက သူ့ကို ထမင်းပွဲပြင်လျက် စောင့်နေသည်ကို တွေ့လိုက်ရပါသည်။

"သားပြန်လာတာနဲ့ အတော်ပဲ၊ တစ်ခါတည်း ထမင်းစား လိုက်တော့နော်"

နန်းဝေက လက်ဆေးကာ ထမင်းပွဲတွင် တစ်ခါတည်း ဝင်၍ ထိုင်လိုက်ပါသည်။

"အမေတို့ရော မစားသေးဘူးလား"

"မနက်က ပဲပြုတ်နဲ့ထမင်းကြော် စားတာ များသွားလို့ ရင် နည်းနည်းခံနေ တယ်သားရဲ့၊ ပြီးတော့မှပဲ စားတော့မယ်"

မယဉ်ညိုက နောက်ဖေးခန်းမှနေ၍ ဟင်းရွက်စုံ ကြော်ချက် တစ်ခွက်ကို သယ်ယူလာပါသည်။

"ဟင်းရည်ဆူတာနဲ့ မောင်လေးရောက်လာတာနဲ့ အတော်ပဲ၊ ပူပူနွေးနွေးလေး စားလိုက်နော်"

"မမညိုရော"

"ကိုယ့်ဘာသာပဲ စားပါကွယ်၊ မင်းက အသက်သတ်လွတ် စားတော့ မင်းနဲ့ တစ်ဝိုင်းတည်း ထိုင်စားရမှာ အားနာတယ်လေ၊ ငါတို့က ငါးပိရည်၊ တို့စရာ မပါရင် ထမင်းမစားတတ်ဘူး ဖိုးဝေရဲ့"

"ရပါတယ် မမညိုကလည်း သားငါးဟင်းတွေကို ကိုယ်က မစားပေမယ့် ပသီကုလား ဝက်သားကြောက်သလိုမျိုး ကြောက်တာမှ မဟုတ်တာ"





"ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ်သာ စားပါကွယ်။ အဲဒါက ပဲကြီးသနပ် ဒါက နှမ်းဖတ်ချဉ်သုပ်၊ ဒါက ခရမ်းချဉ်သီးချက်၊ ဒါက ပဲပုပ်ကြော်၊ ဒါက အာလူးပိုးတီ ကြော်နှပ်"

"နောက်ကို အဲဒီလောက် အမယ်တွေများများ မချက်ပါနဲ့ မမညိုရာ၊ တစ်မျိုး အများဆုံး နှစ်မျိုးဆို စားလို့ရပါတယ်"

"မင်းက ဘယ်အထိ အသက်သတ်လွတ် စားမှာလဲသား"

"တစ်သက်လုံး အမေ"

"အင်း . . . အသက်သတ်လွတ် စားနိုင်တာကတော့ ကောင်းပါတယ် သား ရယ်၊ ဒါပေမဲ့ အားတွေဘာတွေ ပြတ်ကုန်ရင် ဘယ့်နဲ့လုပ်ပါ့မလဲ"

"ဆင်တို့၊ နွားတို့ဟာ အသက်သတ်လွတ် စားကြတဲ့ သတ္တဝါ တွေပဲ အမေရ၊ ဒါပေမဲ့ အစားစုံစားတဲ့ လူတွေထက် ပိုပြီးသန်မာကြ၊ အားခွန်ဗလရှိကြတယ်လေ"

"ဟဲ့ . . . မောင်လေးရဲ့ ဒါကတော့ သူတို့က ဟိုအစက တည်းက သူ့သဘာဝ နဲ့သူ စားလာတာလေ၊ မင်းက မနေ့တစ်နေ့ကအထိ သားငါးအစုံစားပြီး ခုမှ အသက်သတ်လွတ်ကို ပြောင်းစားတော့ အမေပြောသလိုမျိုး အားပြတ်နိုင်တာပေါ့"

"ရပါတယ် မမညိုရာ ဒါ...ည်း အကျင့်တစ်ခုပဲမဟုတ်လား၊ သားငါးစားမှ အားရှိတာမဟုတ်ပါဘူး၊ ကျွန်တော်စားနေတဲ့ ပဲတို့ အာလူးတို့၊ အသီးအရွက်တို့မှာလည်း ပရိုတင်းဓာတ်တွေ၊ ကယ်လိုရီတွေ၊ ဗီတာမင်တွေ အစုံပါပါတယ်။ ပဲပုတ်ထဲမှာဆိုရင် ပရိုတင်းဓာတ်က


www.burmeseclassic.com

www.burmeseclassic.com

အများကြီးပါတာဗျ"

မယဉ်ညိုက မောင်ဖြစ်သူနှင့် ဘက်ပြိုင်၍ ပြောမနေပါတော့။

ထမင်းစားပြီးနောက် ထန်းလျက်ခဲနှင့် ရေနွေးကြမ်း သောက်နေသော သားဖြစ်သူ၏ အနားသို့ ဒေါ်အေးငြိမ်း ရောက်ရှိ၍လာပါသည်။

"သား . . . မနက်တုန်းက ဘယ်သွားနေတာလဲ"

"ဘုရားကိုပါ အမေ"

"အင်း . . . သား အပြင်ကိုသွားနေတုန်း ခင်ထားရီတို့အမေ အိမ်ကိုလာသွားတယ်"

"ဟုတ်လား အမေ"

"ဟုတ်တယ် သား၊ သားနဲ့ ခင်ထားရီတို့ကိစ္စကို သီတင်းကျွတ် လပြည့်ကျော် ငါးရက်နေ့လောက်မှာ စီစဉ်ချင်သတဲ့လေ"

နန်းဝေက သောက်နေသော ရေနွေးခွက်ကို ချထားကာ သူ့အမေ၏ မျက်နှာကို ကြည့်လိုက်ပါသည်။

"အဲဒီတော့ အမေက ဘာပြန်ပြောလိုက်သလဲဟင်"

"ဘာပြောရမလဲ သားရယ်၊ အဲဒီရက်ကို သတ်မှတ်တာ ကောင်းတယ်လို့ပဲ ပြန်ပြောလိုက်တာပေါ့"

"ဟာဗျာ . . . အမေကလည်း"

"ဟာဗျာ . . . မလုပ်နဲ့လေ သားရဲ့၊ ဒီစကားက အမေတို့ကနေ မနှင်းမေတို့ကို သွားပြောရမှာ၊ ခုတော့ သူတို့က လာပြောနေရတယ်၊ ကြီးကြီးကျယ်ကျယ်လည်း မှုဟုတ်ပါဘူး၊ အမေတို့ဘက်က လူကြီးသုံးလေးယောက်လောက်ခေါ်ပြီး လာမြန်းဖို့ပဲ၊ လပြည့်ကျော် ငါးရက်က





ရက်ရာဇာလည်း ကျတယ်လေ"

"အမေကလည်းဗျာ ဘာလို့ ဒီကိစ္စကို ဒီလောက် လောလော လောလော လုပ်ရတာလဲလို့"

"ဟဲ့ . . . ဘယ်မှာလောလောလောလော လုပ်လို့လဲ၊ ဒီကိစ္စက ခုမှ စိတ်ကူးရလို့ ထစီစဉ်တဲ့ကိစ္စမှမဟုတ်တာ၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကတည်းက သူ့ဘက် ကိုယ့်ဘက် ပြောထားဆိုထားတာ ပင်းလည်းအသိပဲ"

"ဒီမှာသား . . . မင်း အိညောင်အိညောင်နဲ့ အမေတို့ စီစဉ်ထားတဲ့ကိစ္စကို ထွေလီကာလီ လုပ်မယ်တော့ မကြံနဲ့နော်၊ အဲဒီကိစ္စကို ပြောကြဆိုကြစဉ်အခါတုန်းက မင်းကိုလည်း ဖွင့်ပြီးအသိပေးခဲ့ကြတယ် မဟုတ်လား။ မင်းကိုယ်တိုင်ကလည်း မငြင်း တဲ့အပြင် အမေတို့သဘော ပဲဗျာဆိုလို့ ဟိုဘက်ကို တရားဝင်အသိပေးခဲ့ကြတာ"

"တို့ရပ်တို့ရွာဆိုတာကလည်း ဒီဘက်ရွာထိပ်က လေလည်လိုက်ရင်တောင် ဟိုဘက်ရွာထိပ်က ကြားရတဲ့အထိ ဂျင်ကလယ်လေးပယ်၊ ခုနေ ကိုယ့်ဘက်က မထော်မကန်းလုပ်လိုက်ရင် ဟိုခမျာတွေဘက် ပယ် ဘယ်လောက် အရှက်တကွဲ အကျိုး နည်းဖြစ်ပြီး နစ်နာလိုက် ပလဲလို့ . . .

ခုဟာကလည်း မင်းတို့ကို ချက်ချင်းလက်ငင်းကြီး ပေးစားမှာ မဟုတ်သေးဘူး။ အများအမြင်မှာ ပြောစရာ၊ ကဲ့ရဲ့စရာမဖြစ်အောင် နှစ်ဦးနှစ်ဖက် သိက္ခာရှိအောင် လူသိရှင်ကြား စေ့စပ်ထားရုံလုပ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ပါတယ် အမေရာ"

"ဘာလဲ . . . သားက ဒီတစ်သက်မှာ မိန်းမမယူဘဲ နေတော့မှာလား၊ ဘုန်းကြီးဝတ်မှာလား"

"ဟာ. . . ဗျာ အမေကလည်း"

"အဟင်း . . . ဟင်း ဟန်ဆောင်ပန်ဆောင်တွေ လုပ်မနေပါနဲ့ သားရယ်၊ မင်းအကြောင်းများ မသိတာကျနေတာပဲ"

ဒေါ်အေးငြိမ်းက နန်းဝေတစ်ယောက် ခင်ထားရီကို ချစ်ခင်စုံမက်ပါလျက် သားနှင့် လူကြီးတွေရှေ့မှာ တမင်တကာ အိမ်ထောင်ပြုရမှာကို ဝန်လေးနေသယောင် ယောင် ဟန်ဆောင်ပန်ဆောင် လုပ်နေသည်ဟု ထင်မြင်ယူဆထားပုံရပါသည်။

"အင်း . . . နောက်နှစ်ရက်သုံးရက်ဆိုရင် အဖေ့ဆီကို လိုက်သွားရဦးမယ်၊ အဖေနဲ့ မမသိန်းကို အကျိုးအကြောင်းသွားပြောပြီး အဲဒီနေ့မှ အဖေ့ကို မင်္ဂလာကိစ္စ အတွက် ကမကထ လာလုပ်ပေးဖို့ ဖိတ်ခဲ့ရမယ်သားရဲ့"

ဒေါ်အေးငြိမ်း၏ ဖခင်ဖြစ်သူ ဦးရွှေကြူးက သမိန်တောမှ ရေလမ်းခရီးဖြင့် လေးနာရီမျှသွားရသည့် တော်ကမယ်ဆိုသည့် ရွာကြီးတွင် သမီးကြီးဖြစ်သူ ဒေါ်အေးသိန်းနှင့်အတူ နေထိုင်ပါသည်၊

"အမေသွားရင် သားလည်းလိုက်ခဲ့ပါလား၊ တစ်ညအိပ်လောက်ပဲ၊ သား အဘိုးနဲ့ မတွေ့ရတာလည်း ကြာပြီလေ"

"ဟင့်အင်း . . . မလိုက်တော့ဘူး၊ အမေရယ် အဘိုးလည်း





ဲကိုလာမှပဲဥစ္စာ၊ ဒီရက်ထဲမှာ ကျွန်တော် အလုပ်ကလေးတွေ နည်းနည်းရှုပ်နေလို့ပါ"

"ဘာအလုပ်များမို့တုန်း သားရဲ့"

"ဘွဲ့ယူစာတမ်းပြုစုဖို့ ရှိတယ်အမေ၊ ကျောင်းပြန်ဖွင့်ရင် အဲဒီစာတမ်းကို တင်ရမှာလေ၊ အဲဒီအတွက် စာတွေဖတ်ဖို့ မှတ်ဖို့ ရေးဖို့ရှိနေလို့ပါ"

"အေးလေ . . . ဒါဆိုရင်လည်း အမေ့ဘာသာပဲ အမေသွားလိုက်ပါတော့မယ်"

ညနေပိုင်းတွင် နန်းဝေက ကိုစိန်တိုးနှင့် ချိန်းထားသည်ကို သတိရသည့်အတွက် ကိုစိန်တိုး နေထိုင်သည့် ပိုက်တန်းဘက်သို့ ထွက်လာခဲ့ပါသည်။

ကိုစိန်တိုး တို့နေသည့် ရပ်ကွက်တွင် ရေလုပ်ငန်း လုပ်ကိုင်သူများဆုံး နေထိုင်ပြီးငါးဖမ်းပိုက်များကို ယက်လုပ်ကြသည့်အတွက် ပိုက်တန်းဟု ခေါ်ပါသည်။

အိမ်ရှေ့တွင် မအူပင်များ စီတန်းပေါက်ရောက်နေပြီး ခွဲ့ညို့ပွက်တွေအပေါ်တွင် သစ်တိုသစ်စများ၊ အုတ်ကျိုး၊ အုတ်ပဲ့များကို ခနော်နီခနော်နဲ့ ခင်းထားသောလမ်းကို ဂရုတစိုက် ဖြတ်၍ လျှောက်လာရင်းမှ ကိုစိန်တိုး၏အိမ်သို့ ရောက်ရှိသွားပါသည်။

"ဟာ. . . ဖိုးဝေလား၊ လာ. . ငါက မင်းမလာတော့ဘူးလို့တောင် ထင်နေတာ"

"လာမှာပေါ့ဗျ၊ သေသေချာချာ ကတိပေးထားတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူတုတ်ရေ ဒီမှာ ဖိုးဝေ လာတယ်ကွ"

ကိုစိန်တိုးက တစ်ဆက်တည်းပင် နောက်ဘက်သို့ လှမ်း၍ အော်လိုက်ပါသည်။

"လာပြီ . . . လာပြီ"

ခဏအကြာ အသားညိုညို၊ ပိန်ပိန်ကပ်ကပ် မိန်းမတစ်ယောက် တစ်နှစ်သားခန့်ကလေးငယ်ကို ခါးထစ်ခွင် ချီကာ အိမ်ရှေ့သို့ ထွက်လာခဲ့ပါသည်။

"အမယ်လေး ဖိုးဝေရယ်၊ ငါ့မောင် ရောက်နေတာကို နင့်အစ်ကို စိန်တိုးပြောလို့ သိရတယ်။ အိမ်ဘက်လှည့်လာခဲ့မယ်ဆိုလို့ ဟိုရက် ကတည်းက မျှော်နေတာ၊ နင်က ခုမှပဲ ပေါ်လာတော့တယ်။ အေးလေ မိန်းမရတော့မယ်ဆိုတော့ ဇနီးလောင်း အိမ်မှာပဲ စတည်းချနေရမှာပေါ့၊ တို့ဆီကိုတော့ ဘယ်လာနိုင်ပါ့မလဲ"

"ဟာဗျာ . . . အစ်မဖြူတုတ်ကလည်း မဟုတ်တာ"

"ခုညနေလည်း ကိုစိန်တိုးက ငါ့မောင်လာလိမ့်မယ်လို့ ပြောထားပေမယ့် ငါကတော့ မယုံဘူးလေ၊ ရှင့်လူလာမှာ မဟုတ်ပါဘူးလို့ နင့်အစ်ကိုကိုတောင် ပြောခဲ့မိ သေးတယ်၊ အေးပါလေ . . . တို့က ဆင်းရဲသားမို့လား၊ နင့်လို သူဌေးသား တက္ကသိုလ် ကျောင်းသား တစ်ယောက်က ဘယ်လာလည်ချင်ပါ့မလဲ အရေးလုပ်ပါ့မလဲ"

"ကျွန်တော် အလုပ်တွေများနေလို့ပါ အစ်မဖြူတုတ်ရယ်၊ တခြား ဘာအကြောင်းမှ မရှိပါဘူး"

"ဒါနဲ့ နင် မိန်းမယူတော့မယ်ဆို"



"ကဲ . . . ဖြူတုတ် နင့် တော်တော်စပ်စုပါလား၊ နောက်ဖေးက ဟင်းအိုး တူးကပ်ကုန်ဦးမယ်နော်"

"မတူးပါဘူးတော်၊ ခုမှ ရေလည့်လာတာ"

"ကဲ . . . အစ်ကိုစိန်တိုး၊ ရော့ . . ခင်ဗျားကြိုက်တာသွား ဝယ်ချေ"

နန်းဝေက စိန်တိုးကို ဆယ်တန်ငါးရွက် ထုတ်ပေးလိုက်ပါသည်။

"ဟာ . . . အဲဒီလောက်မလိုပါဘူးကွာ၊ ငါးကျပ်တစ်ဆယ် ဆိုရင် ဖြစ်ပါတယ်၊ ကိုယ့်လူတစ်လုံးမှ တစ်ကျပ်ခွဲရယ်ပါ၊ မင်းလည်း သောက်မယ်မို့လား"

"ရှင့်ဟာရှင် သောက်ချင်သောက်နော် ကိုစိန်တိုး၊ ကလေးကို သွားပြီး မဖျက်ဆီးပါနဲ့၊ နောက်ပြီး ဖိုးဝေ ရှင်နဲ့အတူ အရက်သောက်တယ် လို့များ အရီးလေးအေးငြိမ်း သိသွားရင် ကျွန်မတို့ ဘယ်လိုလုပ်ပြီး မျက်နှာ ပြရမလဲ"

"အစ်ကိုစိန်တိုးပဲ သောက်ပါ၊ ကျွန်တော် အရက်မသောက် တတ်မှန်းလည်း သိသားနဲ့"

"ဒါဆို အမြည်းစားကွာ၊ ဖြူတုတ်ရေ နောက်ဖေးက မင်းဟင်းကို အရင်ခပ်ယူလာခဲ့ကွာ၊ အဟဲ . . . မင်းလာမယ်ဆိုလို့ ကြက်သား ကာလသားချက် အရည်သောက်လေးချက်ထားတယ် ဖိုးဝေရ"

နန်းဝေ သိလိုက်ပါသည်။ ကိုစိန်တိုး ချက်ထားသည့် ကြ[illegible]မှာ သူသည် အိမ်ဝိုင်းထဲကို ဝင်လာစဉ်က အိမ်ရှေ့က မအ[illegible]ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် သွားလာလှုပ်ရှားနေကြသော ကြက်အုပ်ထဲမှ တစ်ကောင်ကောင် ဖြစ်ပါလိမ့်မည်။

"ကျွန်တော် အသက်သတ်လွတ်စားနေတာ ကြာပြီ အစ်ကိုစိန်တိုးရ"

"ဟော"

"အမယ်လေး . . . ကြားရတာ နားချမ်းသာလိုက်တာ၊ သာဓုပါတော် . . . သာဓုပါ၊ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ လိမ္မာလိုက်တာ၊ အရက်မသောက် ဘာမသောက်၊ အသက်သတ်လွတ်များ စားလိုက်သေး၊ ဒီအိမ်က သေခါနီးကတော့ အားရင်အားသလို မြူးထောင်ပိုက်ဆဲ၊ အဖော်ကောင်းရင် ဝက်ပေါ် အမဲပေါ်နဲ့ သောက်လိုက်တာကလည်း ပြောမနေနဲ့၊ သူ အလုပ်[illegible]လို့ ရသမျှရဲ့ တစ်ဝက်လောက်က အဲဒီအပင်းရည်ဆိုတာနဲ့ ကုန်တာပါပဲ ငါ့မောင်ရယ်"

"ဒီမှာ ဖြူတုတ် . . . ငါလည်း ဒီအကုသိုလ်အလုပ်တွေကို [illegible]ချင်လို့ လုပ်နေတယ်များ မင်းထင်နေသလားဟင်၊ အဲဒီလိုမှမလုပ်ရင် မင်း နေ့တိုင်း ငါးပိရည်နဲ့ တို့စရာပဲ စားနေရမှာပေ့ါ၊ မင်းကိုရော ကလေးတွေကိုရော အသားလေးငါးလေး ကျွေးချင်လို့ ဒီအလုပ်တွေကို လုပ်နေရတယ်ဆိုတာ မှတ်လိုက်ပါ ဖြူတုတ်ရာ၊ အဲ. . . ငါ့အလုပ်က ဆိပ်ကမ်းမှာ ငါးတောင်းထမ်း၊ ကုန်ထမ်းတဲ့အလုပ်လေကွာ၊ ဒီလို တစ်နေကုန် အလေးအပင်ကြီးတွေကို သယ်ပိုးနေရတဲ့လူတစ်ယောက်အနေနဲ့ ဒီလောက်လေးမှ အပန်းမဖြေရရင်လည်း သေဖို့ပဲရှိတော့တာပေ့ါ၊





ဟုတ်ဖူးလား ငါ့ညီရာ"

နန်းဝေကတော့ သူတို့လင်မယားကို ကြည့်၍ ရယ်မောနေလိုက်ပါသည်။

"ကဲ . . . ဖြူကုတ် အိမ်မှာလုပ်စရာရှိတဲ့အလုပ် ငါ့ဘာသာငါလုပ်လိုက်မယ်၊ မင်း ကိုအောင်ကုလားတို့ဆိုင်မှာ ကို့လူနှစ်ပုလင်းသွားဝယ်ချေ၊ ပြီးရင် ဖိုးဝေအတွက် ကရင်ဆိုဒါတစ်လုံးနဲ့ စားစရာမုန့်လေးဘာလေး ကြည့်ဝယ်ခဲ့ကွာ"

မဖြူတုတ်က ဘာမှပြောမနေတော့ဘဲ ကိုစိန်တိုးပေးသည့် ငွေတစ်ဆယ်နှင့် လွယ်အိတ်ဟောင်းလေးတစ်လုံးကို ယူကာ ကလေးငယ်ကို ခါးထစ်ခွင်ချီလျက် ထွက်သွားပါသည်။

"အေးကွာ . . . ဖိုးဝေရာ ပြောသာပြောရတယ် ဖြူတုတ်ခမျာလည်း ငါနဲ့ရတာ ဝဋ်ခံနေရတာပဲ၊ မင်းမြင်တဲ့အတိုင်း သူအပျိုဘဝတုန်းက ဖြူဖြူတုတ်တုတ်လေးမို့ သူနာမည်ရင်း မလုံးတင်ကနေ ဖြူတုတ်ဖြူတုတ်နဲ့ ခေါ်ရာက နှုတ်ကျိုးသွားကြတာမို့လား၊ ခု ငါနဲ့လည်းရရော ခမျာမှာလည်း လင့်တာဝန်၊ သားတာဝန်နဲ့ ဈေးတောင်း ခေါင်းရွက်ပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရှာရတာ ခုဆိုရင် အရင်တုန်းက ရုပ်ရည်ဆိုတာ တစ်စက်ကလေးမှ မရှိတော့ဘဲ မည်းပြီး ပိန်ကပ်သွားတဲ့အထိပဲလေ။ သူနာမည်ကိုတောင် ဖြူတုတ်အစား မည်းပိန်လို့ ပြောင်းရကောင်းမလားပဲ ဟဲ . . . ဟဲ"

ကိုစိန်တိုးက စောစောကတည်းက ရေချိန်ကိုက်[illegible]တူပါသည်။ မမူးလျှင် စကားကို ခပ်ဟဟပင် မပြောဘဲ [illegible]လို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားများလည်း မမေးနှင့် စကားတောင်စားက အဘခေါ်ရပါလိမ့်မည်။

"ခဏကွာနော်"

ကိုစိန်တိုးက အိမ်နောက်ဘက်သို့ ဝင်သွားပြီး မကြာမီမှာပင် အငွေ့တထောင်းထောင်းနှင့် သံဇလုံတစ်လုံး၊ ခွက်တစ်လုံးကို ယူလာပါသည်။

"မင်းကလည်း အသက်သတ်လွတ်စားနေဆိုတော့ ခက်သားလား ဖိုးဝေရာ၊ ဒီကြက်သားဟင်းက လတ်လတ်ဆတ်ဆတ်ဆိုတော့ လွတ် . . . ချိုတယ် ငါ့ညီရ၊ မင်းတို့ရန်ကုန်က ရေခဲရိုက်ကြက်သားနဲ့ ဘာမှမဆိုင်ဘူး"

ပြောရင်းက ဟင်းရည်တစ်ဇွန်းကို ခပ်ယူကာ ရှူးခနဲ သောက်လိုက်ပါသည်။

"စားပါ ကိုစိန်တိုးရ၊ ခင်ဗျား စိတ်ချမ်းသာသလိုနေပါ၊ ကျွန်တော်က ခင်ဗျားနဲ့ စကားပြောရုံသက်သက်ပါ။ ဒါနဲ့ အစ်ကိုစိန်တိုးသားရော"

"ဖိုးချွန်လား . . . ဒီကောင် ရွာရိုးကိုးပေါက် လျှောက်ဆော့နေတာပေါ့ကွာ၊ မိုးချုပ်မှ အိပ်တန်းပြန်တက်မှာ"

"ဖိုးချွန်ကို ကျောင်းထားပြီလား"

"အင်း . . . လာမယ့်နှစ်မှာ ထားရတော့မယ်လေ၊ ဒါပေမဲ့ ဖိုးဝေရာ သေစာရှင်စာလောက်တတ်-ရုံပဲ ရှိမှာပေါ့"

"ဘာဖြစ်လို့လဲ အစ်ကိုစိန်တိုးရ"





"ဟ . . . သူ့ကို ရွာကျောင်းမှာ လေးတန်းအောင်ရုံလောက်အပြင် ငါက ဆက်ပြီးထားနိုင်လို့လား၊ ကလေးတစ်ယောက် ကျောင်းထားရတဲ့ စရိတ်ဘယ်လောက်ဆိုတာ မင်းသိလို့လား။ ဒါတောင် အလတ်မလေးက မွေးပြီး နှစ်လနဲ့ ဆုံးသွားလို့ ငါ့လူ၊ ခုဆို ငါ့မှာ ကလေးနှစ်ယောက် လူကြီး နှစ်ယောက်၊ ဒီပါးစပ်ပေါက် လေးပေါက်ကို အချိန်မှန်အစာကျွေးဖို့ ကြိုးရုန်းလုပ်နေရတာ မင်းအသိပဲ ငါ့ညီရာ၊ မင်း . . . မိဖျိုင်းကဗျာလေးကို ဖတ်ဖူးလား၊ ငါက အစိပ္ပာယ်တော့ မှတ်မိတယ်၊ ကဗျာကိုတော့ မေ့နေပြီ"

ကိုစိန်တိုးက ဟိုစဉ်က ခုနစ်တန်းအထိ ကျောင်းနေခဲ့ဖူးပြီး စာဖတ်အလွန် ဝါသနာပါခဲ့သူ ဖြစ်ပါသည်။ ယခုလို အရက်ကလေး ပူးယစ်ရီဝေနေချိန်ဆိုပါလျှင် သူ့ဆီက ထူးထူးဆန်းဆန်း စကားလေးတွေကို ကြားရတတ်ပါသည်။

"ဆိုစမ်းပါဦး မိဖျိုင်းကဗျာဆိုတာ"

"ဒီလိုကွာ . . . မိဖျိုင်းလေးကငယ်ငယ်၊ သူ့အမေက အကြော်ရောင်းတယ်၊ စာလည်းမတတ်ဘူး၊ မိဖျိုင်းက သူ့အမေကြော်တဲ့ အကြော်ကို ရွာထဲလည်ရောင်းရတယ်၊ ဒီလိုနဲ့ မိဖျိုင်း အရွယ်ရောက်လာတယ်။ စာမတတ်တော့ သူ့ကို သူ့လိုပဲ ဆင်းရဲသားကောင်လေးကပေးတဲ့ ရည်းစားစာကို သူများပေးပြီး ဖတ်ခိုင်းရတယ် . . .

နောက် အဲဒီဆင်းရဲသားလေးနဲ့ မိဖျိုင်း ညားတယ်ကွာ၊ ဂျူနီယာ မိဖျိုင်းလေး မွေးလာတယ်၊ အမေမိဖျိုင်းကြီးက အကြော်ကြော်တယ်၊ ဂျူနီယာ မိဖျိုင်းလေးက သူ့အမေ ငယ်ငယ်ကလိုပဲ ရွာထဲလှည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အကြော်ရောင်းရပြန်တယ်။ စာမတတ်ဘူး၊ ဒ်လိုနဲ့ အပျိုအရွယ်လေးဖြစ်လာတဲ့အခါ သူ့လိုပဲ ဆင်းရဲသားနဲ့ အိမ်ထောင်ကျပြန်တာ ပေါ့၊ ဆိုလိုတာက အမေအဖေ ဆင်းရဲလို့ စာမတတ်၊ သားသမီးကျတော့ ဆင်းရဲပြီး စာမတတ်ပြန်နဲ့ အဲဒီမျိုးဆက်သံသရာကြီးက လည်နေမှာပဲ ငါ့လူ၊ မင်းတို့ကတော့ ပြောမှာ ဒီဒုက္ခ၊ ဒီအခက်အခဲတွေက ကျော်လွှားဖောက်ထွက်ပြီး ကြီးကျယ်မြင့်မြတ် ထည်ဝါချမ်းသာတဲ့ မျိုးဆက်ကြီးတစ်ရပ်ကို ထူထောင်ပါလားလို့ပေါ့ . . .

ဟော့ကောင် ဖိုးဝေ၊ အဲဒီစကားတွေ ပြောတဲ့လူတွေအားလုံးဟာ လူကြားကောင်းအောင် ပြောနေကြတဲ့ အာလူးကြီးတွေ၊ အာဖန်ကွိုးကြီးတွေပဲကွ သိလား၊ တကယ့်လက်တွေ့ဘဝမှာ မလွယ်ပါဘူးကွာ၊ မင်းကို ငါပြောပြီးမင့် မဟုတ်လား၊ ဒီပါးစပ်လေးပေါက်ထဲကို ထမင်းလုတ်ကလေး မှန်မှန်သွပ်ဖို့ လုပ်ရတာနဲ့တင် သေတော့ မယ် ငါ့ညီရ . . .

စာတွေထဲမှာတော့ ကလေးတွေကို ငွေကုန်ကြေးကျခံပြီး အစားကောင်း အသောက်ကောင်းတွေစားမှ အာဟာရပြည့်ဝတာ မဟုတ်ပါဘူး၊ ဖွဲနုကိုကျွေးရင်၊ ကုလားပဲကျွေးရင်၊ ငါးပိရည်ကျွေးရင်၊ ကန်စွန်းရွက်ကျွေးရင် ကယ်လိုရီက ဘယ်လောက်၊ ပရိုတင်းက ဘယ်လောက်၊ ဘီတာမင်အေက ဘယ်လောက်၊ ဘီက ဘယ်လောက်၊ စီကဘယ်လောက်နဲ့ ဟုတ္တိပတ္တိ ရေးကြတဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ သူတို့သားသမီးတွေကျတော့ အဲဒါတွေ ကျွေးသလားလို့ သွားကြည့်ပါလား၊ အဟင်း ဟင်း နိုင်ငံခြားကလာတဲ့ ချော့ကလက်တို့၊ ဘီစကွတ်တို့၊ ဟောလစ်တို့၊ နို့တို့၊ ကြက်ဥ ကြက်သား၊ နွားနို့ စတဲ့အစားတို့





ကောင်းပေ့ဆိုတဲ့ အားဆေးတို့ကို ကျွေးတာကွ . . .

သူတို့မပြောလည်းဘဲ မရှိဆင်းရဲလို့ တို့စားနေရတဲ့ ပဲစားရင် ဗိုက်ပျက်တယ်၊ ဝမ်းပျက်တယ်၊ ငါးပိရည်စားရင် ဝက်ခြံထွက်မယ်၊ သွေးတိုးမယ်၊ မသန့်ရှင်းဘူး၊ ကန်စွန်းရွက်က ရေမသန့်လို့ သံကောင်ပိုးတွေပါမယ်နဲ့ ရှောင်ကြပါတယ်ကွာ . . .

အဲဒီတော့ ဖိုးဝေရာ အဲဒီ ဦးငပြောကြီးတွေအနေနဲ့ လက်တွေ့ဘဝနဲ့ မနီးစပ်နိုင်တဲ့ စကားတွေ ပြောနေရေးနေမယ့်အစား ငှက်ပျောသီးတစ်ဖီး လာပေးတာကမှ ငါတို့မှာ အကျိုးရှိဦးမယ်လေကွာ၊ ဟဲ . . . ဟဲ . . .

အဲဒီတော့ကွာ စိန်တိုးသား ဖိုးချွန်ဟာ တစ်နေ့ကျရင် သူ့အဖေစိန်တိုးလိုပဲ ငါးနို့က်၊ ဖားနှိုက်၊ ကြက်သတ်၊ ဝက်သ...၊ ကူလီထမ်းကြိုရာကျပန်းအလုပ်ကိုပဲ လုပ်ရမှာပါ၊ နောက်ပြီး . . . ညတ်သွားရာကတ်သက်ပါဆိုပြီး ငါ့မိဘတွေက ငါ့ကို စိန်တိုးလို့ မှည့်ကြတယ်လေ၊ ဟိုတုန်းက ငါ့မိဘတွေကလည်း ဒီ သမိန်ထောရွာကြီး မှာ မင်းတို့မိဘတွေလို ဆိုင်နဲ့ ကနွားနဲ့၊ ငွေနဲ့ ကြေးနဲ့ နေလာခဲ့ကြတာပဲ ငါ့ညီရ၊ နောက်ဖဖေသေ၊ အမေက မလုပ်တတ်မကိုင်တတ် ငါတို့ညီအစ်ကိုတွေကလည်း ...ရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်၊ ကျွဲတိုက်နဲ့ လုပ်လိုက်ကြတာ ...မ်တိုင်တောင် ချွတ်ရောင်းရတဲ့အထိ မွဲပြာကျသွားခဲ့တယ်မဟုတ်လား။ ...ားတွေကို ရွှေတိုး ငွေတိုး စိန်တိုးဆိုပြီး ရွှေတွေ၊ ငွေတွေ၊ စိန်တွေ ...ိုးအောင် နာမည်ရွှေးပြီး မှည့်လိုက်တာ အများကြီးမှားပါပကော... ...ိုပြီး အဖေ သေရွာက ထလာပြီး ဖနောင့်နဲ့ပေါက်ချင်မှာပဲ ...ညီ"


www.burmeseclassic.com

www.burmeseclassic.com

နန်းဝေက ကိုစိန်တိုး၏ စကားကြောင့် ပြုံးလိုက်မိပါသည်၊ သူတို့ စကားပြောနေစဉ်မှာပင် မဖြူတုတ် ပြန်ရောက်လာပါသည်။

"ရှင့် ကိုအော်ကုလားက တစ်လုံးက တစ်ကျပ်ခွဲမရတော့ဘူးတဲ့တော်ရေ၊ ယစ်မျိုးဘက်က အဖမ်းအဆီးများလို့ နှစ်ကျပ်အထိ ဈေးတက်သွားပြီတဲ့။ အဲဒါ ကျပ်က နှစ်ကျပ်မတ်တင်း မနည်းဆစ်ပြီး ဝယ်ခဲ့ရတယ်"

"တွေ့လား ငါ့ညီ၊ နောက်ဆုံးတော့ အဲဒီ အကုသိုလ်အလုပ်နဲ့ လုပ်ကိုင်စားတဲ့ကောင်တွေပဲ ကြီးပွားချမ်းသာကုန်တာပဲ။ အော်ကုလား ကိုကြည့်၊ ဒီရွာကိုရောက်လာ တုန်းက ခါးဝတ်ခါးစားလောက်ပဲ ရှိတဲ့လူ ဟော . . . ခုဆိုရင် အရက်ရောင်းပြီး ချမ်းသာသွားပြီ၊ အိမ်ကြီးရကျိုင်နဲ့ နောက်ယူထားတဲ့ မြန်မာမိန်းမက သူ့သမီးအကြီးမ လောက်ပဲ ရှိတာကွ၊ အဲ . . . ကိုကျင်ဟုတ်ကျတော့ရော ဘာထူးလဲ၊ တို့ရွာကို ရောက် တာ မသကာရှိလှ ဆယ်နှစ်ပေါ့၊ ဝက်မွေး၊ ဘဲမွေးပြီး ချမ်းသာသွားတာ၊ သူ့သားသမီး တွေဆိုရင် ရန်ကုန်ပို့ပြီး ကျောင်းအိပ်ကျောင်းစားတောင် ထားနိုင်တယ်၊ ရွာမှာ အလှူအတန်းရှိရင်လည်း ပိုးခနဲ ပက်ခနဲ ထည့်နိုင်တော့ ဘာပဲဖြစ်ဖြစ် ရှေ့တန်းရောက်တာပေါ့ကွာ"

မဖြူတုတ်က သူမဝယ်လာသည့် ကို့လူနှစ်လုံးကို ကိုစိန်တိုး၏ရှေ့တွင် ချထားပေးသလို ကရင်(မ်)ဆိုဒါပုလင်းနှင့် ဖန်ခွက်တစ်ခွက်ကိုလည်း ချထားပေးလိုက်ပါသည်။

"ကျွန်မ မဖွင့်တတ်ဘူး၊ တော့်ဘာသာတော်ဖွင့်"

"အေးပါကွာ"





ကိုစိန်တိုးက ပုလင်းဖုံးကို သွားနှင့်ကိုက်၍ ဖွင့်လိုက်ပါသည်၊ ပြီးတော့ ဖန်ခွက်ထဲသို့ ထည့်ပေးလိုက်ပါသည်၊

"သောက်ကွာ ဖိုးဝေ၊ မင်းပိုက်ဆံနဲ့ မင်းကို ပြန်ပြီးဧည့်ခံရတာ ပျက်နှာတော့ အပူသား"

"ခင်ဗျားကလည်းဗျာ သူစိမ်းတွေကျနေတာပဲ"

ခဏအကြာ မဖြူတုတ်က ဒါးလှီးမုန့်၊ ကြက်ဥမုန့်များ ထည့်ထားသည့် ပန်းကန်ကို လာ၍ချပေးပါသည်၊

"အဲဒါတွေ ကလေးတွေကိုလည်း ကျွေးလိုက်ပါအစ်မရယ်၊ ကျွန်တော် မစားပါဘူး"

"အေးကွ . . . ဒါတွေက ကုန်စုံဆိုင်က မုန့်တွေဆိုတော့ မင်းတို့ ရန်ကုန်က မုန့်တွေလို ဘယ်မှာ အဆင့်ရှိပါ့မလဲ ဖိုးဝေရာ၊ ဟုတ်တယ် စားနဲ့၊ မစားနဲ့၊ သူတို့ဆိုင်မှာ တစ်လကိုးသီတင်း မရောင်းရဘဲ အတိုင်းထားရင်း မှိုတက်နေတဲ့ဟာတွေ၊ ဒီလိုလုပ်ကွာ မိန်းမရာ၊ ကောင်အတွက် ပဲကြမ်းလေးကို ကြက်သွန်လေးနဲ့ သုပ်ပေးကွာ၊ အင်း လိုမှန်းသိရင် ဖြူတုတ်ရဲ့ ပဲပြုတ်ကို မနက်က ချန်ထားလိုက်ရင် ကောင်းသား"

"အစ်မဖြူတုတ်က ပဲပြုတ်ရောင်းသလား"

"အား . . . မင်းအစ်မ ပဲပြုတ်က ဒီရွာမှာ နာမည်ကြီးကွ၊ ားတော်ပဲကို သေသေချာချာဖောက်ပြီးမှ ပြုတ်တာဆိုတော့ အစို ညှောင့်လေးတွေထွက်ပြီး ပဲက စားချင်စဖွယ်ဖြစ်တာပေါ့ကွာ၊ နက်ငါးနာရီလောက် ထွက်ရောင်းလိုက်ရင် ခုနစ်နာရီ ...က်ဆို

www.burmeseclassic.com

www.burmeseclassic.com

ကုန်တယ်ကွ၊ ခက်တာက တစ်နေ့တစ်ပြည်ခွဲကုန်လို့ ပိုရောင်းကောင်းမယ် ထင်ပြီး နှစ်ပြည် မပြုတ်လိုက်နဲ့၊ အဲဒါဆို အကျန်များပြီး အမြတ်ထဲက ပါသွားပြန်ရော ငါ့ညီရ၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ခုလို ဖြုတ်တုတ် ဈေးလေး ဘာလေး ထွက်ရောင်းနေလို့ တပ္ပလာနိမ်းခါနာနိမ်း မဖြစ်တာပေါ့၊ မယ်မင်းကြီးမ ကျေးဇူးကြီးပါပေတယ်"

ကိုစိန်တိုးက စကားပြောနေရင်းမှ လက်ထဲတွင်ကိုင်ထားသည့် အရက်ထည့်ထားသည့် ရေနွေးကြမ်းခွက်ကို ဘေးတွင်ချကာ မလွှမ်း အကမ်းတွင်ထိုင်၍ ကလေးနို့ တိုက်နေသော မဖြုတုတ်ကို လက်အုပ်ချီ လိုက်ပါသည်။

"အိုး . . . ကိုစိန်တိုး အဲဒါဘာလုပ်တာလဲ၊ ကျွန်မ ငရဲငအုံတွေ ကြီးကုန်ပါ့မယ်တော်၊ အဲဒါသာကြည့်တော့ ငါ့မောင်ရ၊ မင်းအစ်ကိုက မူးလာရင် သူများလို မကြမ်းဘူး၊ နူရွသွားရော သိလား"

"အဲဒါကြောင့် မင်းအစ်မ ငါ့ကို အပြစ်မမြင်ဘဲ အချစ်တွေ ဝင်နေတာ ဆိုပါတော့"

"ပေါက်ပေါက်ရှာရှာတော် ရှင်မို့ အရှက်မရှိ သရက်စိ(စေ့) စကားတွေပြောဝံ့တယ်၊ အလကား ငါ့မောင်ရဲ့ သူမူးလာရင် ရှူးကြောင်မူး ကြောင် အပြောတွေကို ပြောလာတာကို အစ်မကပြောတာ"

နန်းဝေက ကိုစိန်တိုးတို့ လင်မယားကို ကြည့်၍ သဘောကျ နေပါသည်။

"နေဦး ဖိုးဝေရ၊ မင်းနဲ့ ဆရာမလေးနဲ့ ခုသီတင်းကျွတ်ရင် ယူကြတော့မယ်ဆိုတာ တကယ်လား"





"မယူသေးပါဘူးဗျာ၊ ကျွန်တော်က ကျောင်းမှ မပြီးသေးဘဲ၊ ခုဟာက နားဖောက်ထားဖို့ပါ"

"ကောင်းပါတယ်ကွာ . . . မင်းတို့နှစ်ယောက်က နေနဲ့လ ရွှေနဲ့မြ အင်မတန် လိုက်ဖက်ပါတယ်။ ဆရာမလေးကလည်း ချောက ချောပါဘိနဲ့၊ နောက်ပြီး အနေအထိုင်လည်း အင်မတန်ပိရိသိမ်မွေ့၊ စိတ်ကောင်းနှလုံးကောင်းလည်းရှိတော့ မင်း မိန်းမရွေးတာ မှန်ပါတယ်"

"ကျွန်တော်ရွေးတာမဟုတ်ဘူး အစ်ကိုစိန်တိုးရ၊ အမေတို့ ပမည်ိုတို့ရွေးတာ"

"ဘယ်သူရွေးရွေး ဆရာမလေးလို မိန်းကလေးမျိုးရတာ ပင်းလည်း ကံကောင်း၊ ဒွေးလေးငြိမ်းတို့လည်း ကံကောင်းတာပေါ့၊ ခုနေ ပင်းက တစ်ရပ်တစ်ရွာ သူကို ယူမယ်ဆိုရင် ဆံထုံးနောက် သျှောင်ပါပြီး ပင်း ဒီရွာကနေ ခွာရမှာကွ၊ ခုတော့ ကိုယ့်ရွာသူ ကိုယ့်ငယ်မွေးခြံပေါက် မိန်းကလေးကိုရတော့ ဒီရွာကနေ ခွာစရာမလိုတော့ ဘူးပေါ့၊ တို့လည်း ပင်းကို မလွမ်း ရတော့ဘူးပေါ့ကွာ"

"ဟုတ်တယ် ဖိုးဝေရဲ့၊ မင်းအစ်ကိုပြောတာ မှန်တယ်၊ မြို့က မိန်းကလေးတွေဆိုရင် ဆပ်ကော့လပ်ကော့နဲ့ သိပ်ပြီးခေတ်ဆန်လွန်း နေရင် မင်းနဲ့ အဆင်ပြေမှာမဟုတ်ဘူး၊ ခင်ထားရီလေးက အရမ်း ယုံကြည်ရှိပြီး ချစ်စရာအရမ်းကောင်းတာပဲ ဘာသာတရား လည်း ကိုင်းရှိုင်း တယ်၊ အလိမ္မာအိမ်ပါ အမေနဲ့လည်း တည့်ဆိုတဲ့ မိန်းကလေးမျိုး ငါ့မောင်ရဲ့၊ အစ်မတော့ ဆရာမလေးနဲ့ မင်းကို အရမ်းသဘောတူတယ်၊ မင်းတို့ မင်္ဂလာဆောင်ကျရင်လေ တခြားဘာမှမလုပ်နဲ့၊ မြို့ကနေ ဗီဒီယိုတိတ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



သုံးထုပ်ငှားပြီး မိုးလင်းပြလိုက်၊ ဟွန်း . . . တစ်ရွာလုံး ဝက်ဝက်ကွဲသွားမယ်သိလား"

မဖြူတုတ်က အားတက်သရောနှင့် ပြောနေသလောက် နန်းဝေခမျှာ ရင်ထဲတွင် မအီမလည်ကြီးနဲ့ စိတ်ဆင်းရဲ၍နေပါသည်။

သူတို့ စကားပြောနေစဉ် အပြင်မှနေ၍ ဖိုးချွန် ပြန်ရောက်လာပါသည်။ တစ်ကိုယ်လုံး ပေညစ်နေကာ ချွေးသံတလုံးလုံး ဖြစ်နေပါသည်။

"ဟော့ကောင် ဖိုးချွန်၊ မင်း အခုမှ ပြန်လာတာလား"

"ဟုတ်တယ်ဗျ"

ဖိုးချွန်က သူ့အမေရှေ့တွင် ချထားသည့် ပန်းကန်ထဲမှ ဒါးလှီးမုန့်တစ်ခုကို ဆတ်ခနဲ ကောက်ယူလိုက်ပါသည်။

"ဟဲ့ကောင်လေး ခုချထားလိုက်"

"စားပါစေ ဖြူတုတ်ရာ"

"စားတာ စားလေ၊ ရှင်မမြင်ဘူးလား သူ့လက်က ညစ်ပေနေတာ"

"ဟဲ့ကောင်လေး သွား . . . ရေမိုးချိုးပြီးမှစား၊ မဟုတ်ရင်တော့ နင် နာမယ် မှတ်"

ဖိုးချွန်က သူ့အမေကို မျက်စောင်းကြီးထိုးကာ အိမ်နောက်ဖက်သို့ ဆောင့်ဆောင့်အောင့်အောင့်နှင့် ဝင်၍သွားပါသည်။

"ကဲ . . . အစ်ကိုစိန်တိုးနဲ့ အစ်မ ကျွန်တော် ပြန်ဦးမယ်ဗျာ"

"အေးကွာ . . . ဖိုးဝေရာ ငါက မင်းကို အသားလေး ငါးလေးနဲ့





ဖွယ်ဖွယ်ရာ ရာ ချက်ကျွေးဧည့်ခံချင်ပေမယ့် မင်းက အသက်သတ်လွတ်စားနေတဲ့ကောင်ဆိုတော့ ခက်တာပေါ့ ဖိုးဝေရာ၊ ခုလိုမျိုး ငါတို့အိမ်ကိုလည်း အရောက်လာ၊ ငါ့ကိုလည်း မြူစုသွားတဲ့အတွက် ကျေးဇူးပဲငါ့ညီရာ"

"အေး . . . မင်းနဲ့ ဆရာမလေးနဲ့ မင်္ဂလာဆောင်တဲ့ရင် ငါတို့လင်မယားကို ခိုင်းချင်တာခေါ်ခိုင်းကွာ၊ မဏ္ဍပ်တိုင်တူးတာကအစ ထမင်းချက် ဟင်းချက်၊ ရေနွေးအိုးတည်၊ ထင်းခွဲတဲ့ကိစ္စအဆုံး အကုန်လုပ်ပေးမယ်သိလား"

"ကျေးဇူးပါပဲဗျာ၊ သွားမယ်နော်"

ကိုစိန်တိုးတို့အိမ်မှာ အပြန်မှာတော့ နေပင် အတန်ငယ်စောင်း၍သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## ဝိဇ္ဇာရှင်းတမ်း

"ရေင်တရိုး . . . ပိုင်စံငယ်စိုး၊ တန်ခိုးထင်ပေါ် အောက်ခရိုင် တစ်ဝိုက်၊ ကျောက်တိုင်စိုက်၊ သမိုက်မှာကျော်၊ နတ်မော်ဘုရင် ဘူပထဗျာတသီး၊ လူတကာမှီးရပါတဲ့ စောင်းတော်ကြီးသခင် နတ်ဦးရှင်ခင်ဗျား . . .

ဆွမ်းဒါယိကာ ဒါယိကာမအပေါင်းတို့က ဆွမ်းများ ကပ်လှူလိုပါသဖြင့် ကျောင်းဝိဟာစံဌာနဆီသို့ အပေါင်းတပည့်ပါ မြန်မကြာ ကြွဖို့ရန် ပန်ထွာသ၍ ပင့်လျှောက်လိုက်ပါသည်။ များမြောင်စွာ





သဟာယတို့နှင့် ကျွန်းညီခေါ် စံဌာနဆီက မြန်မကြာ တစ်ခဏ ကြွရောက်တော်မူပါ စောင်းတော်ကြီးသခင် နတ်ဦးရှင်ခင်ဗျား"

သူ အိမ်ခြံဝသို့အရောက်တွင် သူတို့အိမ်ဝိုင်းထဲမှ ကြားလိုက်ရသော ဦးရှင်ကြီး ပင့်လျှောက်သံကြောင့် အိမ်တွင် ဒီကနေ့ ဦးရှင်ကြီး တင်မှန်း သိလိုက်ရပါသည်။

၎င်းအလေ့အထက သူတို့နေထိုင်သည် အောက်ပြည် အောက်ရွာ ရေင်နယ်တစ်ဝိုက်သာမက မြန်မာပြည် မြေလတ်ဒေသ ရပ်ရွာများနှင့် အထက်အညာအထိပါ ပြန့်ပွားထွန်းတားခဲ့သည့် ဓလေ့ထုံးစံတစ်ခု ဖြစ်ပါသည်။

ခုလိုမျိုး ဝါဝင်ခါနီးနှင့် ဝါထွက်ကာလများတွင် အိမ်တိုင်းလိုပင် ဦးရှင်ကြီး နတ်ကို မုန့်ဆမ်း၊ အုန်းသီး၊ ငှက်ပျောသီး၊ လက်ဖက်၊ ကောက်ညှင်း၊ ထန်းလျက် စသည်တို့ဖြင့် တင်လှူတတ်ကြပါသည်။

ဦးရှင်ကြီးတင်ပြီဆိုလျှင် အနီးအနားရှိ ကလေးများက ရုံးစုရုံးစုနှင့် ဦးရှင်ကြီး ပွဲအစွန့်ကို စောင့်တတ်ကြပါသည်။

ဆွမ်းတင်သည့်အိမ်မှာ ခွဲဝေပေးသော မုန့်ဆမ်းများ၊ ငှက်ပျောသီးများကို တစ်ဦးနှင့်တစ်ဦး လုယက်၍ စားရသည်မှာလည်း ကလေးဘဝ၏ ပျော်စရာပုံရိပ်တစ်ခု ပင်။

ခုလည်း သူတို့ခြံရှေ့တွင် အနီးအနားမှ ဆယ့်လေးငါးယောက် လောက် ကလေးအုပ်က လှုပ်လှုပ်ရွရွနှင့် ဦးရှင်ကြီးပွဲအစွန့်ကို လုရန်စောင့်နေကြသည်ကို မြင်တွေ့လိုက်သည့်အတွက် နန်းငယ်က ငယ်ဘဝကို သတိရမိပြီး ပြုံးလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com


"အစ်ကို ဘယ်ကပြန်လာတာလဲ"

ကလေးအုပ်ထဲမှ အသက် (၁၂) နှစ်ခန့်ရှိ နီတွတ်ဆိုသည့် ကောင်လေးက သူ့ကိုလှမ်း၍ နှုတ်ဆက်လိုက်ပါသည်။

"ဟိုနား ဒီနားပေါ့ကွာ"

နန်းဝေက နီတွတ်၏ ဦးခေါင်းကို လက်ဝါးနှင့် အသာအယာ ပုတ်ကာ ခြံထဲသို့ ဝင်လိုက်ပါသည်။

"လက်ဖက်နှင့်ကွမ်းယာ လိုရာရာမရှိ အုန်းငှက်ပျော စုံလင်စွာ ဖြင့် တစ်ဖုံပြင်ကာ ပန်းဆီမီးတို့ဖြင့် ကွမ်းစင်မှာ ဆွမ်းတင်လိုက်ပါပေ့၊ ရှင်လန်းစွာ သုံးဆောင်တော်မူပါ၊ ကျွန်းညီပိုင်သခင် နတ်ဦးရှင်ခင်ဗျာ"

ဆွမ်းအငှားလိုက်၍ တင်သည့် ဦးဘကွန်းက မတ်တပ်ရပ်ပြီး လက်အုပ်ချီ၍ အော်နေရာမှ မြေပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ ကန်တော့လိုက်ပါသည်။

"ဟယ် . . . မောင်လေးပြန်လာတာနဲ့ အတော်ပဲ၊ လာ လာ ဒီမှာလာပြီး ကန်တော့ချေ"

ဦးရှင်ကြီးဆွမ်းတင်သည့် ဆွမ်းစင်နှင့် မလှမ်းမကမ်းရှိ ဖျာကြမ်းတစ်ချပ်ပေါ်တွင် မိခင်ဖြစ်သူနှင့်အတူ ထိုင်ကာ ကန်တော့နေသည့် မယဉ်ညိုက နန်းဝေကို လှမ်း၍ခေါ်လိုက်ပါသည်။

နန်းဝေက သူ့အစ်မ၏နောက်တွင် ထိုင်မည်ပြုလိုက်ပါသည်။

"မောင်လေး . . . ရှေ့ကိုသွားလေ"

မယဉ်ညိုက ဖင်ရွှေ့ဖင်ရွှေ့နှင့် နောက်ကိုဆုတ်ပေးပြီး နန်းဝေအတွက် နေရာလုပ်ပေးလိုက်ပါသည်။



နန်းဝေက အမေနှင့် အစ်မရှေ့တွင် ထိုင်ကာ ကန်တော့လိုက်ပါသည်။

သူ့အမေနှင့် အစ်မကတော့ ဘာတွေဆုတောင်းနေသည်မသိ မျက်စိကို မှိတ်ကာ ပါးစပ်မှ ပွစိပွစိနှင့် ရွတ်ဆို၍နေပါသည်။

နန်းဝေကတော့ ထုံးစံအတိုင်း ကန်တော့ကာ ထလာခဲ့ပါသည်။ ဦးဘကွန်းက သူ့အိမ်ဖိနပ်ချွတ်က ညောင်စောင်းတွင် ရေနွေးကြမ်း တစ်အိုးနှင့် ထိုင်၍နေပါသည်။

ထုံးစံအတိုင်း ဦးရှင်ကြီးကိုပင့်၍ ခုလိုဆွမ်းတင်အပြီးတွင် အနည်းဆုံး ဆယ့်ငါး မိနစ်တော့ စောင့်ရပါသည်။ ဦးရှင်ကြီးနတ်နှင့်တကွ သူနှင့်အတူ ပါလာသည့် တပည့် လက်သားများ စားသောက်နေသည်ကို စောင့်ရသည့်သဘောပင်။

ဤအခြေအနေသို့ ရောက်ပြီဆိုပါက မကြာမီ ဆွမ်းများကို စွန့်တော့မည့် အချိန် နီးကပ်လာပြီမို့ ခြံပြင်ရှိ ကလေးတစ်သိုက်၏အသံက ပို၍ ကျွတ်စီကျွတ်စီ ဖြစ်လာနေပါသည်။

နန်းဝေက ဦးဘကွန်းနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်၍ ထိုင်လိုက်ပါသည်။

"အင်း . . . ငါ့တူက တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေလို့ လားမသိဘူး၊ တသွေးတမွေးကြီးနဲ့ ခတ်ရှင်မင်းသားလား မှတ်ရတယ်"

နန်းဝေက ဦးဘကွန်း၏စကားကြောင့် ရယ်၍နေလိုက်ပါသည်။ ဦးဘကွန်းက အသက်ရှစ်ဆယ်ခန့်ရှိပြီဖြစ်ပြီး သူတို့ သမိန်ထောရွာကြီးတွင် တစ်ဦးတည်းသော ဆွမ်းတင်စားသူ၊ ဘုရားကိုးဆူဆရာ၊ ဂမ္ဘီရဆရာ


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

မျက်စိမမှုန်၊ လက်မတုန်၊ နားမထိုင်း၊ ခါးမကိုင်း၊ သွားမကျိုး၊ ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပုဂ္ဂိုလ်ကြီး။

သားကြီးက ကျားပါးငပ်ပိုက်ကြီးများဖြင့် ရေလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်လျက်ရှိပြီး ကြွယ်ဝိုးကြွယ်ဝရှိသလို သားအလတ်ကလည်း ဝါးခယ်မမှ မမွေး ဆိုသည့် တရုတ်မတစ်ယောက်နှင့် အိမ်ထောင်ကျတာ ဟိုမှာပင် ခေါက်ဆွဲဆိုင်နှင့် အရက်ဆိုင်ကို တွဲဖွင့်ရင်း ကြီးပွားချမ်းသာ၍ နေပါသည်။

သမီးအငယ်ဆုံးကတော့ ရဲတပ်ကြပ်ကြီးတစ်ဦးနှင့် အိမ်ထောင်ကျပြီး မကြာမီကမှ ဘိုကလေးမှနေ၍ ပုသိမ်သို့ ပြောင်းရွှေ့သွားပါသည်။

သားသမီးတွေက မုဆိုးဖိုဖြစ်သည့် ဖခင်အိုကြီးကို သူတို့နှင့် အတူ အေးအေး ဆေးဆေး လာရောက်နေထိုင်ပါရန် ခေါ်ပါသော်လည်း ဦးဘကွန်းက မဖြူစင်သည့်အလုပ်၊ အကုသိုလ်အလုပ်၊ သမာအာဇီဝ မဟုတ်သည့် အလုပ်များဖြင့် လုပ်ကိုင်၍ ရရှိလာမည့်ငွေဖြင့် မစားသောက်လိုဟုဆိုကာ အညာစုရပ်ကွက်ထဲရှိ သူ့အိမ်လေးတွင် တစ်ယောက်တည်း နေထိုင်လျက်ရှိသူ ဖြစ်ပါသည်။

"နေ့ . . . အခု မင်းက ဘယ်နှတန်းကို ရောက်ပြီလဲ"

"ဖိုင်နယ်ရီးယားပါ ဘကြီး"

"ဟုတ်ဘူးလေကွယ် . . . မင်းရောက်နေတဲ့အတန်းက တို့ဗမာလို ဘယ်နှစ်တန်းလဲဆိုတာ သိချင်တာ"

"အင်း . . . ၁၄ တန်းပေါ့ ဘကြီးရဲ့"





"၁၄ တန်း ဟုတ်လား၊ ကျွတ် . . . ကျွတ် . . . ကျွတ် မနည်းမနော အတန်းပဲကိုး။ ငါတို့ ငယ်ငယ်တုန်းကများဆို အင်္ဂလိပ်ကျောင်းမှာ ခုနစ်တန်းလောက် အောင်တဲ့လူက အရေးပိုင်ရုံးမှာ အလုပ်ဝင်ရင် အောက်တန်းစာရေး အလုပ်တစပြီးရတယ်ကွဲ့၊ ဘီးလစ်စာရေးကြီးဆိုလား၊ ဘာဆိုလား အဲဒီအထိ ဖြစ်နိုင်ဆိုပဲ"

"ခု . . . မင်းလိုမျိုး ၁၄ တန်းလောက်အောင်ရင် ဘုရင်ခံအလုပ်များတောင် တန်းပြီးရမလားမသိဘူး"

ဦးဘကွန်း၏ အပြောကြောင့် နန်းဝေက အားရပါးရ ရယ်မောလိုက်ပါသည်။

"နေဦး လူလေးရဲ့ မင်း အဲဒီ ၁၄ တန်းအောင်ရင် ဘွဲ့ရမယ်ဆို"

"ဟုတ်ပါတယ် ဘကြီး၊ ဘီအေဘွဲ့ ရမှာပါ"

"ဘီအေဆိုတာ ဘာလဲကွဲ့"

"ဟိုလေ . . . ဝိဇ္ဇာဘွဲ့ကိုပြောတာပါ"

"ဝိဇ္ဇာဘွဲ့ . . . ဟုတ်လား၊ ဘာဝိဇ္ဇာလဲ"

ဦးဘကွန်းက စိတ်ဝင်တစား အားတက်သရော မေးလိုက်ပါသည်။ နန်းဝေမျာ ဦးဘကွန်နားလည်အောင် ဘယ်လိုပြန်ဖြေရမည် မသိတော့ပါ။

"ဒီလိုလေကွာ ဝိဇ္ဇာဆိုတဲ့နေရာမှာ စူဠဂန္ဓာရီဝိဇ္ဇာနဲ့ မဟာဂန္ဓာရီဝိဇ္ဇာဆိုပြီး နှစ်မျိုးရှိတယ် လူလေးရဲ့၊ အဲ . . စူဠဂန္ဓာရီဝိဇ္ဇာမှာလည်း ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ နဲ့ လောကီယဝိဇ္ဇာဆိုပြီး လေးမျိုး လေးစားရှိပြန်ရော"

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . . ဟင်း ကျွန်တော်က ဘကြီးပြောတဲ့ အဲဒီဝိဇ္ဇာမျိုး မဟုတ်ပါဘူး"

"ဒါဖြင့် မင်းက ဘာဝိဇ္ဇာလဲ"

"စာပေဝိဇ္ဇာပါ"

"စာပေဝိဇ္ဇာ . . . ဟုတ်လား၊ အင်း အခေါ်အဝေါ်ကြီးက တစ်မျိုးတော့ တစ်မျိုးကြီးပဲ၊ ငါထင်တာကတော့ မင်းဥစ္စာက ဝေဒဝိဇ္ဇာဓိုရ် ဖြစ်လိမ့်မယ်၊ ဝေဒဝိဇ္ဇာ ဆိုတာက သာမကျမ်း၊ ယဇုကျမ်း၊ ဣရုဗ္ဗေဒကျမ်း၊ အာထဗ္ဗနကျမ်းတွေကို ကျွမ်းကျင်ပြီးမှ ဖြစ်လာရတဲ့ ဝိဇ္ဇာဓိုရ်ဆိုတော့ ခု မင်းပြောတဲ့ စာပေဝိဇ္ဇာဆိုတာ ဝေဒဝိဇ္ဇာအနွယ်ပဲ ဖြစ်လိမ့်မယ် . . .

အဲဒါဆိုရင်တော့ သိပ်ပြီးမနိပ်သေးပါဘူး ငါ့လူရာ၊ ဝိဇ္ဇာဓိုရ်ထဲမှာ အဲဒီဝေဒ ဝိဇ္ဇာက အန္တရကပ် တစ်ကပ်လောက်ပဲ အသက်ရှည်တာဆိုတော့ နောင်ပွင့်တော်မူလာမယ့် အရိမေတ္တေယျ မြတ်စွာဘုရားကို မမီနိုင်ဘူးကွာ၊

ဘာကြောင့်လဲဆိုတော့ အရိမေတ္တေယျ မြတ်စွာဘုရားက ခု ဖြစ်တည်ဆဲ ဘဒ္ဒကမ္ဘာနဲ့ တွက်မယ်ဆိုရင် အန္တရကပ် နှစ်ဆယ်ကို ရောက်မှ ပွင့်တော်မူမှာ လူလေးရ၊ ဒါကြောင့် ရှေးရှေးဆရာကြီးများက ဘယ်လိုဆိုခဲ့ကြတုန်းဆိုရင် . . .

အင်း . . . ဆေးပါ၊ သံပြဒါးရယ်နဲ့ လေးပါးစုံဝိဇ္ဇာအစုတို့ရယ်၊ အာယုဝဍ္ဍနကျန်းနှင့် ရွှတ်မန်းကာ ဘယ်လိုမှတ်သော်လည်း ထိုရှုပ်နာမ်ကမ္ဘာမတည်ဘူး။ ဖြတ္တာလို ဇာဓိုရ်ဝိဇ်ကယ်တို့ အနိစ္စ ဒုက္ခ ကမဋ္ဌာန်းရယ်နှင့် အနတ္တာမပြတ်ခါ ဘာဝနာအစွမ်းပေမို့ ပဋ္ဌနာပန်းဆင်

အရှင်မေတ္တေယျဘုရားကို အရိယာမဝင် ဝိဇ္ဇာငယ်လေးတို့မှာ မေတ္တေယျအရှင်ဖိန အတွေးရယ်နှင့် ဝေးလှချည်သေး . . . တဲ့ကွ"

ဦးဘကွန်းက နန်းဝေကို အာဘောင်အာရင်းသန်သန်နှင့် ရွတ်ဆိုပြောပြနေသည့်အတွက် အချိန်က ကုန်မှန်းမသိ ကုန်၍သွားပါသည်။

"မုန့်တွေ စွန့်ပါတော့ဗျို့"

အိမ်ရှေ့တွင် ဦးရှင်ကြီးဆွမ်းပွဲအစွန့်ကို စောင့်မျှော်နေကြသော ကလေးများက စိတ်မရှည်စွာ အော်ဟစ်လိုက်သံကို ကြားလိုက်ရကာမှ ဦးဘကွန်းက သူ့အလုပ်တာဝန်ကို သူ သတိရလိုက်ပါသည်။

"ဟ . . . နင့်မေကလွှား ဟုတ်သားပဲ၊ မင်းအားရင် ဘကြီးဆီ လာခဲ့ဦးကွာ၊ မင်းနဲ့ ဆွေးနွေးစရာလေးတွေရှိသေးလို့ ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ ဘကြီး"

ဦးဘကွန်းက အိမ်ပေါ်မှ ကပျာကသီဆင်းသွားကာ ဆွမ်းစင်နားတွင် လက်အုပ်ချီ၍ ရပ်လိုက်ပါသည်။

"ကွမ်းစင်မှာ ဆွမ်းတင်လို့ ပြီးပါပေါ့၊ ကျွန်းညိုကြီး ဒိရေယာဉ်သို့ လျင်မကြာ ခြေတော်တင်လျက် ငွေသဇင် ရွှေကညင်သာသည့်လမ်းကို နတ်နန်းပျော် စောင်းတော်မပြီး ကျောင်းတော်သို့ ကြွတော်မူနိုင်ပေါ့၊ တန်ခိုးထင်ထင် မေတဇာတော်ပြင်းပါတဲ့ နတ်ဦးရှင်ခင်ဗျား"

"ဝေး"

"ဟေး"

ခြံဝမှ ကလေးတစ်သိုက်၏ ဝမ်းသာအားရ အော်[illegible]သံက





www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ ထွက်ပေါ်၍လာပါသည်။

"ဟဲ့ . . . နီတွတ်တို့ သံခဲတို့ စံနက်ကျော်တို့ ဒီလာကြ၊ လာကြ"

ဒေါ်အေးငြိမ်းက ငှက်ပျောဖက်၊ ငှက်ပျောရွက်နှင့် ခွက်ပြု လုပ်ထားသည့် အထဲတွင် မုန့်ဆမ်းများ၊ ငှက်ပျောသီးများကို ထည့်လျက် ကလေးများကို ထပ်မံ၍ ဝေလိုက်ပါသည်။

သည်လိုနှင့်ပင် မိုးကြိုးစုပ်စုပ်ချုပ်၍ သွားပါသည်။



## အခန်း (၁၁)
## ယတြာ

ဒေါ်အေးငြိမ်းက ခင်ပွန်းဖြစ်သူ ဦးမြတ်သာ၏ မွေးနေ့ဖြစ်သည့် ကြာသပတေးနေ့တိုင်း သူတို့ သမိန်ထောရွာကြီးမှ ဘုန်းကြီးကျောင်း နှစ်ကျောင်းဖြစ်သည့် မဟာဗောဓိ ကျောင်းနှင့် အရိယမဂ္ဂင်ကျောင်းများသို့ တစ်လှည့်စီ ဆွမ်းနှင့် ဆွမ်းဟင်းများကို ပေးပို့လှူဒါန်းလေ့ရှိပါသည်။

သည်တစ်ပတ်က မဟာဗောဓိကျောင်းသို့ ဆွမ်းပို့ရမည့် အလှည့်။ သို့ပါသော်လည်း သားဖြစ်သူ နန်းဝေလည်း ရောက်ရှိနေသည့် အတွက် သားအမိသုံးယောက် နှစ်နေရာခွဲလျက် နှစ်ကျောင်းစလုံးသို့


www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းပို့ရန် စီစဉ်ခဲ့ပါသည်။

"ကဲ . . . သားက မဟာဗောဓိကျောင်းကို ဆွမ်းပို့ချေ၊ အမေနဲ့ မင်းအစ်မက အရိယမဂ္ဂင်ကျောင်းကို ဆွမ်းပို့မယ်၊ မင်းကျောင်းတက်နေတုန်းက ဆရာတော်က မင်းပြန်ရောက်ရင် သူ့ဆီကို လွှတ်လိုက်ပါဦးလို့ အမေ့ကို သေသေချာချာမှာထားတာ သား၊ သားလည်း ဆရာတော်ဘုရားကို ဖူးရင်း သွားလိုက်ဦးနော်"

"ဟုတ်ကဲ့ပါ အမေ"

နန်းဝေ ကိုရင်ဝတ်စဉ်ကရော ပဉ္စင်းတက်စဉ်ကပါ မဟာဗောဓိကျောင်းမှာပင် ကိုရင်ဝတ်၊ ပဉ္စင်းတက်ခဲ့သည့်အတွက် ကျောင်းရှိ ဆရာတော်ကြီးမှအစ ကိုရင်ငယ်၊ ကျောင်းသား၊ ကပ္ပိယအဆုံး အကုန်လုံးနှင့် ခင်မင်နေပါသည်။

နန်းဝေက ဆရာတော်အား ဆွမ်းနှင့် ဆွမ်းဟင်းများကို ကပ်လှူပြီးနောက် ဆရာတော်ချီးမြှင့်သည့် ရှစ်ပါးသီလကို ခံယူဆောက်တည် တရားနာပြီးနောက် ပြုပြုသမျှ ကုသိုလ်ဒါနများအတွက် ကွယ်လွန်သူ ဖခင်ကြီး ဦးမြတ်သာကို အမှူးထား၍ သုံးဆယ့်တစ်ဘုံရှိ သုခိတဒုက္ခိတဝေနေယျ သတ္တဝါများအား အမျှအတန်းပေးဝေလိုက်ပါသည်။

"အင်း . . . မင်းလည်းပဲ အမေကလွှတ်မှပဲ ငါ့ကျောင်းကို ရောက်တော့တာပဲ ကိုး"

"တပည့်တော် အစကတည်းက လာချင်ပါတယ်ဘုရား၊ ဒါပေမဲ့ ဗာဟီရလေးတွေများနေလို့ အေးအေးဆေးဆေးမှ ဘုန်းဘုန်းဆီလာ





တော့မယ်လို့ စဉ်းစားထားတာပါ"

"အေးလေ . . . နားရှိတော့လည်း ကြားရတာပေါ့ နန်းဝေရာ၊ ခုခေတ်ကလေးတွေဟာ ဓာတ်ရှင်တို့၊ အငြိမ့်ပွဲတို့၊ ဇာတ်ပွဲတို့မှာ ကြိတ်ကြိတ်တိုးနေကြပေမယ့် ဘုရားကျောင်းကန်ကို လာဖို့ဆိုရင် တယ်ပြီး နောက်တွန့်ကြတာကိုး"

"အဲဒီအထဲမှာ တပည့်တော်မပါပါဘူး ဘုရား"

"ဒီလိုဆိုရင်တော့ သာဓု ခေါ်ပါတယ်မောင်၊ နို့ နေစမ်းပါဦး မင်းကျောင်းက ဒီနှစ်ပြီးပြီဆို"

"မှန်ပါ့ဘုရား"

"ကျောင်းပြီးတာနဲ့ အလုပ်ကလေးဘာလေးလုပ်ပြီး မိဘကို တစ်လှည့်တစ်ပြန် လုပ်ကျွေးဖို့ မစဉ်းစားဘဲ အိမ်ထောင်ပြုတော့မယ်ဆို"

အင်း . . . သတင်းကလည်း မြန်လှချည်လား၊ ဆရာတော်ဘုရားကျောင်းကိုတောင် ရောက်နေပြီကိုးဟု နန်းဝေက ကြိတ်၍ တွေးလိုက်မိပါသည်။

"တင်ပါ့ . . . တပည့်တော် ဆန္ဒမပါပါဘူး ဘုရား၊ အမေတို့ အစ်မတို့ စီစဉ်တာပါဘုရား"

"အေးလေ . . . ဘာပဲဖြစ်ဖြစ် မိဘကိုတော့ ကြည့်ရှုစောင့်ရှောက်ပါကွာ၊ မိဘကို ပြုစုလုပ်ကျွေးခွင့်ရတာ သားသမီးတွေအတွက် မဟာဒုလ္လဘတရားကြီးပါ နန်းဝေရာ"

"မှန်ပါ့ဘုရား"

"မင်းလည်းပဲ ရွာကိုပြန်ရောက်တုန်းရောက်ခိုက် ငါ့ကျောင်းမှာ


www.burmeseclassic.com

www.burmeseclassic.com

လာပြီး တရားလေးဘာလေး အားထုတ်ဦးလေကွာ"

"တပည့်တော် ကြိုးစားပါ့မယ်ဘုရား"

"ဘာလဲ . . . မင်းက တရားအားထုတ်ဖို့ဟာ ဒီအရွယ်ငယ်သေးတယ်လို့ ထင်နေလို့လား"

"အဟင်း . . . ဟင်း ဘယ်သူမှ ငါဘယ်နေ့သေမယ် အဲဒီနေ့ကျမှ မင်း ငါ့ကိုလာခေါ်နော်ဆိုပြီး သေမင်းနဲ့ သစ္စာနှံထားတာမရှိဘူး နန်းဝေ"

"သမုတိခန္ဓာကြီးအတွင်းက ရုပ်နာမ်ဓမ္မသဘာဝတွေ အားလုံးဟာ သခ်ီရချည်းပဲ၊ စက္ကန့်မလပ်ချုပ်ငြိမ်းနေကြတာကွ၊ အဲဒါတွေကို သတိပဋ္ဌာန်တရားနဲ့ ဆင်ခြင်ကြည့်မှ သိနိုင်တာ ငါ့လူ"

"မင်းတို့ ငါတို့ အားလုံးဟာ စက္ကန့်မလပ် သေနေတာကွ၊ အဲဒါကို အသေးစား အသေလို့ ခေါ်တယ်။ ဗိုင်းဆို နှလုံးခုန်ရပ် အသက်မရှူတော့ဘဲ ဆန့်ဆန့်ကြီး ငြိမ်သက်သွားတော့မှ သေတာလို့ခေါ်တာမဟုတ်ဘူးနော်၊ အဲဒါမျိုးက အကြီးစားအသေပေါ့ကွာ၊ တစ်နည်းအားဖြင့်တော့ အနုစားအသေနဲ့ အကြမ်းစားအသေပဲပေါ့"

"အမှည့်တဝင်းဝင်း အကင်းတပြိုက်ပြိုက်ဆိုတဲ့ စကားလည်းရှိတယ်မို့လား၊ ကိုယ် ဘယ်နေ့သေမယ်ဆိုတာ သိမထားကြဘူးလေ၊ ဒါကြောင့် တို့များရဲ့ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားက"

အခုပင်လျှင် မအိုခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့၊
အခုပင်လျှင် မနာခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့၊
အခုပင်လျှင် မသေခင်က ကြိုတင်ကောင်းမှု ကြိုးစားပြုလော့၊





ကြိုးစားပြုပေါ့လို့ သတိပေးဆုံးမခဲ့တာ ငါ့လူရ"

"မှန်ပါ့ဘုရား"

"တဲ . . . ကဲ ငါလည်း ဆွမ်းမစားခင် ရေချိုးလိုက်ဦးမယ်၊ မင်း ပြန်သေးဘူးမို့လား"

"မပြန်သေးပါဘူး ဘုရား"

"ဒါဆိုရင် ဒီမှာ ထမင်းစားပြီး အေးအေးဆေးဆေးမှ ပြန်ပေါ့ကွာ"

ဆရာတော် ဦးပညာစက္ကက ရေချိုးရန်ထ၍ အသွားတွင် နန်းဝေက ကျောင်းအောက်သို့ ဆင်း၍လာခဲ့ပါသည်။

ကျောင်းဝိုင်းကြီးက နှစ်ကောခန့်ကျယ်ဝန်းပြီး သရက်၊ ပိန္နဲ၊ ကနစိုပင်ကြီးများ၊ ရှောက်၊ သံပုရာ၊ မာလကာ စသည့်ပင်လတ်များနှင့် ကုန်းပင်၊ ကွမ်းသီးပင် စသည့်အပင်များဖြင့် အုပ်ဆိုင်း၍နေပါသည်။

ကျောင်းပတ်လည်တွင် တရားကျင့်ကြံအားထုတ်ရန်အတွက် ယစ်သားအဆောက်အဦငယ်လေး ဆယ်လုံးလည်း အစီအရီရှိနေပါသည်။

နန်းဝေက ဆရာတော်ကျောင်း၏ အောက်ထပ်ရှိ ကပ္ပိယကြီး ဦးရွှေမိုးရှိရာ အခန်းလေးသို့ သွားရောက်လိုက်ပါသည်။

ဦးရွှေမိုးက ဦးပဥ္ဇင်းလေးတစ်ပါးနှင့်အတူ ကျောင်းရှိ သံဃာများအတွက် ဆွမ်းဟင်း ထမင်းများကို ခွဲခြမ်းစီစဉ်၍နေပါသည်။

ဦးပဥ္ဇင်းလေးက အခြားနယ်မှ ရောက်လာသည်မှာ မကြာလှသေးသည်မို့ နန်းဝေကို မသိပါ။

"ဟော့ . . . နန်းဝေပါလား၊ လာကွာ ဒီဆွမ်းချိုင့်က မင်းလာပို့



www.burmeseclassic.com

www.burmeseclassic.com


တာလား၊ အေး . . . စောစောကတော့ ဦးပဥ္စင်းလေးက အပြောသား၊ ဒကာလေးတစ်ယောက် ဆရာတော်ဘုရားဆီကို လာပို့တဲ့ဆွမ်းချိုင့်တွေတဲ့၊ ငါက မင်းမှန်းမသိလိုက်ဘူး၊ မင်း ဘယ်တုန်းက ပြန်ရောက်နေတာလဲ"

"ဘယ်ရက်လောက်ရှိပြီး ဘကြီးမိုးရ"

"ဒါနဲ့များတောင် ကျောင်းကို ခုမှလာရသတဲ့လားကွာ၊ မင်း အတော်နေနိုင်တာပဲ"

"ခုနလေးတင်ပဲ ဘုန်းဘုန်းကလည်း ကျွန်တော့်ကို အပြစ်တင်ပြီးပြီ ဘကြီးမိုးရ၊ ကျွန်တော် အလုပ်လေးနည်းနည်းရှုပ်နေလို့ မလာနိုင်တာပါ ဘကြီးမိုးရာ"

"ဘာလဲ . . . အာဝါဟ ဝိဝါဟ အလုပ်လား"

"ဗျာ"

"ဟဲ . . . ဟဲ မင်းနဲ့ ကိုသိန်းဇံရဲ့သမီး ကျောင်းဆရာမလေးနဲ့ လက်ထပ်တော့မယ်ဆို"

"သတင်းရတာကလည်း မြန်လှချည်လား ဘကြီးမိုးရ"

မင်းကလည်း သမိန်ထောဆိုတာက အိမ်ခြေဘယ်လောက်ရှိတာမှတ်လို့ကွာ၊ ပြီး မင်းတို့မိသားစုရော ကိုသိန်းဇံတို့ရော ဆရာတော်ရဲ့ တပည့်ဒါယကာ၊ ဒါယိကာမ တွေပဲဥစ္စာ၊ မင်းတို့အိမ်တွေမှာ ဘာကိစ္စဘာအကြောင်းပဲရှိရှိ ဆရာတော့်ကျောင်းကို အရင်ရောက်တာ မဟုတ်လား ငါ့လူရ"

"ကဲ . . . ဦးပဥ္စင်း ကိုရင်တွေကိုခေါ်ပြီး ဆွမ်းပွဲတွေကို သယ်သွားလို့ရပြီ"



ကိုရင်လေးသုံးပါးနှင့် ကျောင်းသား ငါးယောက်တို့က ဆွမ်းပွဲများပြင်ထားသည့် စားပွဲခုံများကို သယ်သွားကြပါသည်။

"ကဲ . . . လာကွာ နန်းဝေ၊ ငါ့အခန်းကို သွားကြရအောင်"

ဦးရွှေမိုး၏ အခန်းထဲတွင် အိပ်ရာခင်းထားသည့် ကွပ်ပျစ်တစ်လုံး၊ ထင်းရှူး သေတ္တာတစ်လုံး၊ စားပွဲအပုလေးတစ်လုံး၊ စာအုပ်ဆယ်အုပ်ခန့်နှင့် သမင်ချိုတွင် ချိတ်ထား သည့် ယောဂီအင်္ကျီတစ်ထည်၊ ရှပ်လက်ရှည် အဖြူရောင်ညစ်နွမ်းနွမ်းတစ်ထည်၊ ပင်နီ တိုက်ပုံတစ်ထည်၊ ပြီးတော့ ကြိုးတန်းတွင် လှမ်းထားသည့် မျက်နှာသုတ်ပဝါအဟောင်းတစ်ထည်၊ ပုဆိုးတစ်ထည် ဒါပဲရှိပါသည်။

"ထိုင်ကွာ နန်းဝေ"

နန်းဝေက စားပွဲခုံပုလေးနားတွင် ထိုင်ချလိုက်ကာ စာအုပ်ပုံပေါ်တွင် တွေ့လိုက်ရသည့် မြောင်းမြ ဝေဠုဝတီ ဆရာတော်ဘုရားကြီး၏ ဝေဠုဝတီ ဝိပဿနာ ပထမတွဲစာအုပ်ကိုယူ၍ ဟိုလှန်ဒီလှန် လုပ်နေပါသည်။

"မင်းကို ငါပြောစရာရှိလို့ကွ၊ ခု မင်းရောက်လာတာနဲ့ အတော်ပဲပေါ့ကွာ"

"ဟုတ်ကဲ့၊ ပြောပါ ဘကြီးမိုး"

"ဒီလိုကွာ . . . ဟိုတစ်နေ့က မင်းအမေ ကျောင်းကို ရောက်လာတယ်၊ ဒီတစ်ခါ တော့ ခါတိုင်းလို ဆရာတော်ဆီကိုလာတာ မဟုတ်ဘဲ ငါ့ဆီကို ထူးထူးခြားခြား ရောက်လာတာကွ၊ တိုတိုပြောရရင်တော့ကွာ မင်းနဲ့ မင်းကောင်မလေးရဲ့ မွေးနေ့ရက်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုပေးပြီး ဇာတာစစ်ခိုင်းတာပေါ့ကွာ"

ကပ္ပိယကြီး ဦးရွှေမိုးက ဗေဒင်ပညာကို အတော်အတ
တတ်ကျွမ်းနားလည်ပြီး သူ့ကို အကူအညီတောင်းလာပါလျှင် အဖိ
အခမယူဘဲ ဗေဒင်တွက်ပေးခြင်း၊ ယတြာချေပေးခြင်း စသည့်အလု
များကို လုပ်ကိုင်လည်း ပေးတတ်ပါသေးသည်။

"အမှန်အတိုင်းပြောရရင် မင်းတို့နှစ်ယောက်ရဲ့ ဇာတာ
စစ်ဆေးကြည့်တဲ့ အခါ သိပ်ပြီးသဘောမတွေ့လှဘူးကွ၊ အဲ . . .
မင်းအမေကိုတော့ ငါတွေ့သလောက် မြင်သလောက် မပြောလိုက်ပါဘူ
ကောင်းတာ အဆင်ပြေတာလေးတွေလောက်ပဲ ရွေးပြီး ပြောလို
တယ်ဆိုပါတော့"

"ဘာတွေများ တွေ့လို့လဲ ဘကြီးမိုးရ"

"ဒီလိုနန်းဝေရ . . . မင်းရဲ့ဇာတာက ဒီနှစ်ထဲမှာ အိမ်ထော
ကျကိန်းရှိပေမယ့် ခင်ထားရီရဲ့ ဇာတာမှာတော့ နောက်ငါးနှစ်အတွ
အိမ်ထောင်ကျကိန်း မတွေ့ရဘူးကွ"

"ဗျာ"

"အိမ်ထောင်ကျတာတောင်မှ တစ်ခုလပ်၊ ဒါမှမဟုတ် မုဆိုး
အိမ်ထောင်ကျကိန်းမြင်တယ် ငါ့လူ"

"ဗျာ"

ဦးရွှေမိုး၏ စကားများအတွက် ယုံရမည်လား၊ မယုံရမ
လားမသိ။ သူ့စိတ်ထဲတွင် အံ့ဩတုန်လှုပ်မိသည်ကတော့ အမှန်ပင်၊

ဦးရွှေမိုးက ဗလာစာအုပ် အဟောင်းလေးတစ်အုပ်ကို ယူ





သုံးလေးရွက် လောက် လှန်လိုက်ပြီးနောက် တစ်နေရာသို့အရောက်တွင်
သူ တွက်ချက်ထားသော ဇယားကွက်များကိုကြည့်ရင်း ခေါင်းကို
လေးတွဲစွာ ခါရမ်းလိုက်ပါသည်။

"နဂါးနှင့်မြွေ ရန်မိုးစွေ နှောင့်လေမေတ္တာဝေးဆိုတဲ့ စကားကို
လည်း မယုံမရှိနဲ့ ငါ့လူရ၊ မင်းကလည်း စနေ၊ သူကလည်း စနေဆိုတော့
မြွေနဲ့နဂါး တယ်ပြီး မစားသာဘူးကွ"

"အဲဒါဆိုရင် ကျွန်တော် ဘာလုပ်ရမလဲဟင် ဘကြီးမိုး"

"တစ်ခုတော့ရှိတယ်ပေါ့ ငါ့လူရာ၊ ဒါတွေက လောကီအလို
တွေပါ။ ဘုရားအလို မဟုတ်ပါဘူး။ အဲဒါကြောင့် ဥပါဒါန်ကြောင့်
တော့ဖြင့် ဥပဒ်မရောက်စေချင်ဘူး၊ ပြီးတော့ ယတြာကောင်းရင်
မင်းလောင်းတောင် ပျောက်ရတယ်ဆိုတဲ့ စကားလည်း ရှိတယ်မို့လား၊
အဲဒီယတြာဆိုတာကလည်း ခက်ခက်ခဲခဲ ထွေထွေထူးထူး တော့ မဟုတ်ပါ
ဘူး၊ ဘုရားယတြာပေါ့ကွာ . . .

ဘုရားကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာ စတာတွေနဲ့
နေ့စဉ် ပူဇော်ဆက်ကပ်သလို ဘုရားရှေ့မှာ အနည်းဆုံး ငါးပါးသီလကို
ခံယူဆောက်တည်ပြီး ဂုဏ်တော်ပုတီးကို စိပ်ပေါ့။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဘကြီးမိုး"

"နောက်တစ်ခု ဘကြီး ပြောချင်တာကတော့ မင်းရဲ့ဇာတာ
အရဆိုရင် ရာဟုထဲမှာ သက်ရောက်နေတယ်ဆိုတော့ . .

ရာဟုအဝင် . . . ညာပုခင် ဗျာတုအင်ဆွေး ခွေ့အရိုင်
ရွှေပန်းခိုင်တို့ရယ် ပွေလမ်းတိုင်ရေးပါတဲ့ ရွှေးပမာ ကိုးနဝရတ်



www.burmeseclassic.com

www.burmeseclassic.com


တန်ခိုးလျှပ် မိုးရပ်ထံက သက္ကသိကြား သဘောမမှန် အကောစံဖြင့် ဒေါသမာန်ပွားပြီးလျှင် ပယ်ရှားသူရာ မငြိမ်တလတွန့် ဝတိန်စွန်းက တိန်းချကာဖြင့် ဘုံပါစောက်ထိုးပြီး မထနိုင်ဟီးချမှိုင်၊ ယိုင်ကာကျိုး၍ ညှိုးစွကြမ္မာ၊ သကတ်မသေး၊ မြတ်သူဌေးသော်မှ၊ တစ်ရပ်တစ်ကျေး ခွာရသတဲ့၊ ညာတကာပေါင်း၊ အခင်းမရဏ သွင်းခန္ဓာ ယွင်းမကွာ ပြောင်းတတ်သတဲ့ . .

အဲဒီတော့ ဒီလိုလုပ်ကွာ၊ ဒီလပိုင်းအတွင်းမှာ ငါ့လူက ကံနိမ့်နေတာဆိုတော့ ကံကိုပြင်ပေးရမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဘကြီးမိုး၊ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကိုသာ ပြောပါ"

"မင်း ဘာလုပ်ရမလဲဆိုတော့ စောစောက ဘကြီးပြောတဲ့ ဘုရားယကြာကို အရင်လုပ်ကွာ"

"ဟုတ်ကဲ့"

"အဲ . . . ပြီးရင် ကြာဖြူကန်မှာ သွားပြီး အမှိုက်သရိုက် ဒိုက်သရောတွေကို ဆယ်ကွာ၊ ကံဆယ်တဲ့သဘောနဲ့ ကန်ကိုဆယ်ရမယ်၊ ဘယ်နဲ့လဲ"

"ဟုတ်ကဲ့ပါ ဘကြီးမိုး၊ အဲဒါ ဘယ်အချိန် လုပ်ရမှာလဲ"

"ဘယ်အချိန်ဖြစ်ဖြစ် ရပါတယ်၊ အဲ . . . နေဦးကွ ဒီနေ့ ဘာနေ့ပါလိမ့်"

"ကြာသပတေးနေ့ပါ ဘကြီးမိုး"

"ဟုတ်ပေသားပဲ သတင်းကျွတ်လပြည့်က စနေဆိုတော့ မနက်ဖြန်က အဖိတ်နေ့၊ သောကြာနေ့၊ ဒီလိုလုပ်ကွာ သီတင်းကျွတ်လပြည့်နေ့က စနေနေ့ဆိုတော့ မင်းမွေးနေ့နဲ့လည်း ကိုက်တယ်၊ အဲဒီနေ့မှာ လုပ်လိုက်ပေါ့၊ မွေးနေ့ဆောင် အောင်တဲ့၊ အဲ . . . မနက်ဖြန်မှာတော့ . . "

ဦးရွှေမိုးက ဘာမှဆက်မပြောသေးဘဲ အံတနင်ငယ် စဉ်းစား၍ နေပါသည်။

"မနက်ဖြန် ဘာဖြစ်လဲ ဘကြီးမိုး"

"ဒီလိုလုပ်ကွာ မနက်ဖြန်ကျရင် မင်းရဲ့ခြေသည်း လက်သည်းတွေကိုညှပ်၊ မင်းရဲ့ဆံပင် ခုနစ်ချောင်းကိုဖြတ်၊ ပြီးတော့ မင်းရဲ့ အရပ်နဲ့တိုင်းပြီး အပ်ချည်ကြိုးကိုဖြတ်၊ နောက် မင်းရဲ့အကျီဟောင်း၊ ပုဆိုးဟောင်းနဲ့ အဲဒါတွေကို ထုပ်ပြီး မြစ်ထဲမှာ သွားမျှော ချကွာ၊ မင်း ငှက်ပျောဖောင် လုပ်တတ်လား"

"ဘယ်အရွယ်လဲ ဘကြီးမိုး"

"တစ်တောင်လောက်အရှည် ငှက်ပျောတုံးသုံးတုံးကို ပိုင်းပြီး ဟိုဘက်ထိပ်ကတစ်ချက် ဒီဘက်ထိပ်ကတစ်ချက် ဝါးစိမ်းဝါးကိုချွန်ပြီး ငါးကင်သလိုမျိုး တံစို့ထိုးပြီး သီလိုက်ပေါ့ကွာ၊ ပြီးရင် စောစောက ငါပြောတဲ့ အကျီပုဆိုးဟောင်း အထုပ်ကို ဖောင်ပေါ်မှာတင်၊ ပြီး မျှောလိုက်ပေတော့။ မျှောတဲ့အခါမှာလည်း ကျွန်ုပ်မှာ ကပ်ငြိနေသော မကောင်းသော အတိတ်နိမိတ်၊ မကောင်းသော အနိဋ္ဌာရုံ၊ ဖြိုဟ်ဆိုး၊ ကြမ္မာဆိုး အားလုံး ဤမည်သော လက်သည်း၊ ခြေသည်း၊ ဆံပင်၊ အကျီဟောင်း၊ ပုဆိုးဟောင်း စသည့် ကျွန်ုပ်ကိုယ်ပွား ပစ္စည်းများနှင့်အတူ ဝေးရာသို့



www.burmeseclassic.com

www.burmeseclassic.com

မျှောပါသွားပါစေ ဆိုပြီး ဆုတောင်းလိုက်၊ ကြားလား"

"ဟုတ်ကဲ့ ဘကြီးမိုး"

"ကဲ . . . နန်းဝေရေ ခုလောက်ဆိုရင် ဘုန်းကြီးတွေလည်း ဆွမ်းစားလို့ ပြီးလောက်ပြီ၊ သွားပြီး သိမ်းလိုက်ကြရအောင်၊ ပြီးရင် မင်းနဲ့ငါနဲ့ ဆက်ပြီးစားကြတာပေါ့"

ဘုန်းကြီးများ အချိုပွဲကို ဆက်၍ ဘုန်းပေးနေချိန်မှာတော့ ဦးရွှေမိုး နန်းဝေနှင့် ဘုန်းကြီးကျောင်းသားလေးများက ကျောင်းနောက်ဘက်တွင် ဆွမ်းကျန်ဟင်းကျန်များနှင့် ထမင်းဆက်၍ စားလိုက်ကြပါသည်။

ပဲပြုတ်ကြော်၊ ပဲပြား၊ ပဲပင်ပေါက်ကြော်၊ ပြောင်းဖူးကြော်၊ ကန်စွန်းရွက်ကြော်၊ ပဲရေပွကြော်၊ ခရမ်းသီးမီးဖုတ်/သုပ် စသည့် အသက်သတ်လွတ်ဟင်းများကိုသာ အများ ဆုံး လောင်းလှူနိုင်သည့် အရပ်ပေမို့ နန်းဝေအတွက် စားရေးသောက်ရေး အဆင်ပြေသွားပါသည်။

"မင်း အသက်သတ်လွတ် စားတာကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူး၊ တစ်လကျော် နှစ်လလောက်ပဲ ရှိပါသေးတယ် ဘကြီးမိုး"

"အေးကွာ . . . အသက်သတ်လွတ်စားလို့ ကုသိုလ်ရတယ်ဆိုတဲ့ အဆိုအမိန့်တော့ မရှိပါဘူး၊ ဒါပေမဲ့ သီလတစ်ခုကို စောင့်ထိန်းတဲ့ အနေနဲ့တော့ဖြင့် အလွန်ကောင်းတဲ့ အလေ့အကျင့်တစ်ခုပါပဲ၊ အာဟာရနဲ့ ပတ်သက်တဲ့ လောဘရမ္မက်တစ်ခုလည်း နည်းပါးသွားတာပေါ့ . .





အင်း . . . ပြောရမယ်ဆိုရင် ငါ ငယ်ငယ်တုန်းက အမဲသားဟင်းကို အရမ်းကြိုက်ခဲ့တာပေါ့ ငါ့လူရာ၊ ဟမဲသားဟင်းနဲ့ ထမင်းစားရမယ်ဆိုလို့ကတော့ အို . . . ဘာ ပြောကောင်းမလဲ ထမင်းမစားခင် ကျွမ်းနှစ်ပတ်လောက်တောင် ထပြီး ထိုးမိသေးတယ် . .

နောက် . . . ဘယ်အချိန်ကျတော့မှ အဲဒီ အမဲသားစားချင်တဲ့ အာလျှာရ ပြတ်သွားသလဲဆိုရင် တစ်နေ့ ဆရာတော်က ရန်ကုန်ကို ကြွဖို့ ကိစ္စပေါ်လာလို့ ဆရာတော်နဲ့အတူ ငါက ရန်ကုန်ကို လိုက်ခဲ့ရတာပေါ့ . .

တို့တည်းတဲ့ကျောင်းက ရန်ကုန်က အမဲဈေးနားက နော်မန်ကျောင်းကြီးတိုက် မှာပေါ့ကွာ၊ တစ်နေ့ ငါကလည်း အားလပ်နေတော့ ဟိုနားဒီနား လျှောက်ကြည့်မယ် ဆိုပြီး ကျောင်းအပြင်ကို ထွက်လာတာပေါ့ . .

တောသားဆိုတော့ ခပ်ဝေးဝေးလည်း မသွားရဲပါဘူး၊ ကျောင်းနားပတ်ဝန်းကျင်လောက်ကိုပဲ ဟိုငေးဒီငေးနဲ့ လျှောက်ကြည့်နေတုန်း လား . . . လား . .

နွားအုပ်ကြီးတစ်အုပ်ကို လူသုံးလေးယောက်က ကြိုးတွေနဲ့ဆွဲပြီး မောင်းလာခဲ့တာကို တွေ့လိုက်ရတာပေါ့။ တချို့နွားတွေက အဲဒီနား ရောက်တော့ အတင်းပဲ ခြေကန်ရုန်းနေတော့ ဆွဲလာတဲ့ကုလားက ဝါးဆစ်တုတ်နဲ့ တဖျောင်းဖျောင်း လိုမ့်ပြီး ရိုက်တော့တာပဲဟေ့၊ တချို့ နွားတွေရဲ့ မျက်လုံးက မျက်ရည်တွေ စီးကျနေတာကိုလည်း တွေ့ရရဲ့ . .

ဒါနဲ့ ငါ ကျောင်းကို ပြန်ရောက်သွားတော့ အဲဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com

နေ့်မန်ကျောင်းကြီး တိုက်က ဆရာတော်ကြီးရဲ့တပည့် အဲ . . . ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီးတဲ့နောက် မှာ ကျောင်းထိုင်ဖြစ်သွားတဲ့ ဦးပဥ္စင်းဖြူကို မေးကြည့်တာပေါ့ . .

ဦးပဥ္စင်းဖြူဆိုတာက ငါ ဘွဲ့မေ့သွားလို့ကွ၊ သူ့အသားက ဖြူတော့ အားလုံးက ဦးပဥ္စင်းဖြူဆိုပြီး ခေါ်တာနဲ့ ငါလည်းပဲ သူများ တကာတွေလို ဦးပဥ္စင်းဖြူလို့ ခေါ်တာလေ၊ အဲဒီဦးပဥ္စင်းဖြူက ဘယ်လို အမိန့်ရှိသလဲဆိုရင် နွားတွေကို အဲဒီ နွားဘတ်ရဲ့ ဆိကို ဆွဲခေါ်လာ တဲ့အခါမှာ အဲဒီအနားကိုရောက်ရင် သွေးညှိနဲ့ပဲရလို့လား၊ ဒါမှမဟုတ် သူဟဲ့ရဲ့အသိစိတ်မှာ အလိုလိုသိလာလို့လား မသိဘူး၊ ခြေကန်ရုန်း ကြတာပဲတဲ့။ နောက်ပြီး နွားတွေငိုတာပေါ့ကွာ။ လူတွေလို ပါးစပ်က ထုတ်ဖော်ပြီး မတောင်းပန်တတ် တဲ့အတွက် မျက်ရည်အသွယ်သွယ်ကျပြီး သူတို့ကို မသတ်ဖို့ တောင်းပန်တဲ့သဘောပေါ့၊ အဲဒီမှာတင် ငါလည်း အတော်လေးကို စိတ်ထိခိုက်သွားတာပေါ့၊ နောက်ပြီး ဦးပဥ္စင်းဖြူက ငါ့ကို ဘုတ်အုပ်လေးတစ်အုပ် ပေးဖတ်တယ်ကွ . .

အဲဒီဘုတ်အုပ်လေးက လယ်တီဆရာတော်ဘုရားကြီး ရေးစပ်ထားတဲ့ နွားမေတ္တာစာဆိုတဲ့ ဘုတ်အုပ်လေးပဲ၊ အဖွင့်မှာ ဘယ်လိုရေးထားသလဲဆိုရင် ၁၂၄၇ ခု၊ အင်္ဂလိပ်မင်းဝင်စတွင် မုံရွာမြို့၊ လူကြီးလူကောင်း အပေါင်းတို့ တောင်းပန်ချက်အရ ရေးစပ်သည် . . . တဲ့ကွ . .

စာတွေအကုန်လုံးတော့ မမှတ်မိတော့ပါဘူးကွာ၊ အဓိပ္ပာယ် ကတော့ တို့ဗမာ လူမျိုးတွေဟာ ဟိုးကမ္ဘာဦးအစကတည်းက ကျွဲနွားကို





မှီခိုပြီး ထွန်ယက်စိုက်ပျိုးစားလာတဲ့လူမျိုး၊ ကျွဲနွားဆိုတာ ကိုယ့်ရဲ့စီးပွားဖက် အဆွေခင်ပွန်း။ အဲဒီ ကျွဲနွားကြောင့် ရရှိလာတဲ့ ဆန်စပါး၊ သီးနှံတွေကို ရောင်းဝယ်ဖောက်ကားပြီး ရလာတဲ့ငွေနဲ့ ဘုရားတည် ကျောင်းဆောက်၊ အလှူဒါနပြုကြ၊ သူတို့ခမျာမှာတော့ တံပိုးကို ရုန်းရလို့ ပခုံးမှာ မီးဟုန်းဟုန်းတောက်မတတ် ပူလောင် ပင်ပန်းဆင်းရဲပေမယ့် စားရတော့ ကောက်ရိုးနဲ့ မြက် . .

အဲ . . . အဲဒီလောက် ကျေးဇူးရှိတဲ့ ကျေးဇူးရှင်မိတ်ဆွေရဲ့ အသားနဲ့ သူတို့ ရှာဖွေပေးလို့ရတဲ့ ထမင်းကို မြိန်ရည်ယှက်ရည် စားရက်ကြတာ အင်မတန်ရိုင်းစိုင်း ကျေးစွပ်ကြပါပေရဲ့ဆိုပြီး . .

ကျေးဇူးကိုမမျှော် စိတ်အချော်တိမ်းပါး . . . ဟိတ်မတော် စိမ်း ကားလျက် . . . တို့အသား တို့အသည်းတို့ အဆီရွှဲရွဲကို ထမင်းပွဲအလယ် အနင့်သားတယ်ပြီးလျှင် ရယ်ကာပြုံးကာ အရသာခံစား လင်မယား တစ်တွေ မြို့ကြသည့်အနေမှာ မြိန်နိုင်ပေ့ သူတို့ကိုယ် မျိုရက်ပေ့ သူတို့ခံတွင်း တို့လုပ်သည့် ထမင်းကို တို့ဟင်းလျာ အသားနှင့် စားကြသည့် အဖြစ်နဲ့ကို တို့အသည်းနာလိုက်တဲ့ . .

တဲ့ ငါ့လူရ ငါအလွတ်ရတာကတော့ အဲဒီစာပိုဒ်ကလေးပါပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ အဲဒီနေ့ကစပြီး ငါ ဆင်၊ မြင်း၊ ကျွဲ၊ နွား ဆိုတဲ့ အသားကြီးလေးပါးကို လုံးဝ ရှောင်ခဲ့တယ်ကွ . .

ကုန်ကုန်ပြောမယ်ကွာ၊ ခုနေ ငါမကျန်းမာလို့များ အမဲသား ကျွဲသားကိုစားမှ အသက်ရှင်မယ်ဆိုရင်တောင် ငါအသေခံမယ်။ အဲဒီအသားတွေကိုတော့ လုံးဝမစားဘူး၊ သိလား"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . ဘကြီးမိုး အချိန်လည်း အတော်လင့်သွားပြီ၊ ကျွန်တော် ပြန်လိုက်ဦးမယ်"

"အေးကွာ . . . ဘကြီးပြောတဲ့ ကိစ္စလေးတွေကိုတော့ ဂရုတစိုက်လုပ်လိုက်ကွာနော်၊ မင်းအတွက် အကျိုးရှိမှာပါ၊ တစ်ခု တော့ရှိတယ် နန်းဝေ၊ မင်း အဲဒီယတြာ ကိစ္စတွေကို လုပ်တဲ့အခါ မင်း အမေ မသိစေချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့စိတ်ထဲမှာ အစိုးရိမ် ပိုပြီး သို့လော သို့လောနဲ့ ဝိတက်ဝိစာရ များမှာစိုးလို့ပါ"

"ဟုတ်ကဲ့ပါ ဘကြီးမိုး"

နန်းဝေက ဆရာတော်ထံ သွားရောက်ဝတ်ပြုကာ နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

## အခန်း (၁၂)
## ကိုယ်ဖြစ်ကိုယ်ခံ

နောက်တစ်နေ့ အဖိတ်နေ့တွင် နန်းဝေက သူ့အမေမသိအောင် အဝတ်ယောင်းထုပ်ကိုယူ၍ ကိုစိန်တိုးတို့အိမ်ဘက်သို့ ထွက်လာခဲ့ပါသည်။

ကိုစိန်တိုးနှင့် အဆင်သင့်ပင် တွေ့သည့်အတွက် သူလိုချင်သည့် ငှက်ပျောတုံး ဖောင်လေးကို လုပ်ခိုင်းကာ မြစ်ဆိပ်သို့သွား၍ မျှောလိုက်ပါသည်။

တိုးမြစ်ရေက သမိန်ထောကျွန်းကြီးကို မြောက်ဘက်မှနေ၍ ကွေ့ပတ်ကာ အရှေ့ဘက်ဆီသို့ ဒရဟော စီးဆင်းလျက် ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြစ်ရေက သမိန်ထော၏ အရှေ့ဘက်သို့ ရောက်ရှိသွားသည့်အခါ ဘင်္ဂလားပင်လယ်ကြီးထဲသို့ စီးဝင်၍သွားပါသည်။

တိုးဝေက မြစ်ထဲသို့ အမွှာအမွှာကျနေသော လမုပင်ကြီး၏ အမြစ်များပေါ်သို့ ခွကျော်နင်း၍ သွားကာ သူသယ်လာသည့် ငှက်ပျောတုံးဖောင်ကလေးကို ရေထဲသို့ အသာချ၍ မျှောလိုက်ပါသည်။ ပါးစပ်မှလည်း ကပ္ပိယကြီး ဦးရွှေမိုး သင်ပေးသည့်အတိုင်း ခပ်တိုးတိုး ရွတ်ဆိုလိုက်ပါသည်။

ငှက်ပျောတုံး ဖောင်လေးက ရေစီးနှင့် မျောပါသွားရာမှ ဝဲကတော့တစ်ခုသို့ အရောက်တွင် သုံးလေးပတ်လည်၍နေပြီးမှ ဆက်လက်၍ မျောပါသွားပါသည်။

နန်းဝေက တဖြည်းဖြည်းနှင့် ဝေး၍ ဝေး၍သွားသော ငှက်ပျောတုံးဖောင်လေးကိုကြည့်ကာ ရေဆိပ်မှ ပြန်၍တက်လာခဲ့ပါသည်။

"မင်းက ပညာတတ်တစ်ယောက်ဖြစ်ပြီး အဲဒါမျိုးတွေကို အယုံအကြည်ရှိတာပဲလား ဖိုးဝေ"

သူ့နောက်သို့ အဖော်လိုက်လာသော ကိုစိန်တိုးက အပြန်ခရီးတွင် နန်းဝေကို မေးလိုက်ပါသည်။

"ယုံတာ မယုံတာထက် အခုလို လုပ်လိုက်ရတဲ့အတွက် စိတ်ထဲမှာ ရှင်းသွားတာ အမြတ်ပေါ့ကွာ"

"ဒါတော့ ဒါပေါ့ ငါ့ညီရာ၊ အစ်ကို့အနေနဲ့ ပြောရမယ် ဆိုရင်တော့ လောကကြီးမှာ အရာရာတိုင်းဟာ သူ့သဘောသူဆောင်ပြီး ဖြစ်ချိန်တန်ရင်ဖြစ်၊ ပျက်ချိန်တန် ရင်ပျက်တာပါပဲကွာ . .





ဖြစ်ချင်ရင်လည်း ဘယ်သူတားတား ဖြစ်မှာပဲ၊ ပျက်ချင်ရင်လည်း ဘယ်သူ တားတား ပျက်မှာပဲ၊ အစ်ကိုက မြစ်ဆိပ်မှာ ကူလီထမ်းပြီး ကြုံရာကျဘမ်းလုပ်ကိုင် စားရတဲ့လူမို့ အစ်ကို့စကားတွေကို မင်းအနေနဲ့ ဖလေးအနက်ထားကောင်းမှ ထားလိမ့်မယ်"

"ဟာဗျာ . . . ကျွန်တော့်မှာ အဲဒီစိတ်သဘောမျိုး မရှိပါဘူးဗျာ၊ ဖစ်ကိုစိန်တိုး ပြောချင်ရာပြောလို့ ရပါတယ်၊ အစ်ကိုစိန်တိုးက ကျွန်တော်တို့လို ကျောင်းခန်းထဲမှာ ပညာမသင်နိုင်ပေမယ့် လောက သဘာဝကြီးထဲမှာ ပညာသင်နေတဲ့လူဆိုတာ ကျွန်တော် နားလည်လက်ခံပါတယ်။ ကျွန်တော်တို့ စာသင်ခန်းထဲမှာ မရနိုင်တဲ့ အသိပညာတွေ ဖတတ်ပညာတွေဟာ အစ်ကိုစိန်တိုးတို့ဆီမှာ အများကြီးရှိပါတယ်"

"မင်းက ငါ့ကိုမြှောက်နေပြန်ပါပြီ"

"တကယ်ပြောတာပါ အစ်ကိုစိန်တိုးရာ၊ ကျောင်းစာသင်ခန်း ထဲကရတဲ့ပညာ ကတကယ်တော့ ပညာဆိုတာထက် သညာတွေက များပါတယ်။ အဲ . . လောက သဘာဝ စာသင်ခန်းကြီးထဲက ရတဲ့ပညာ တွေကမှ တကယ့်ပညာအစစ်တွေပါဗျာ"

"တို့ ဘိုကလေးသင်္ဘောပေါ်မှာ သင်္ကြန်နီးလာရင် သင်္ကြန်စာ လိုက်ရောင်းတဲ့ ဦးစံမြဆိုတဲ့ လူကြီး သင်္ကြန်စာ အော်ရောင်းတာကို ငါ သွားပြီးသတိရတယ်ကွ၊ သူက ဒီနှစ်သင်္ကြန်မှာ သိကြားမင်းကြီး ဂဠုန်စီးပြီး ဆင်းမယ်၊ လက်တစ်ဖက်က သပြေပန်း၊ လက်တစ်ဖက်က သံလျက်ကိုင် ပြီး ဆင်းလိမ့်မယ်၊ တနင်္ဂနွေသားတွေ စုတ်ကြီးလာဘ်ကြီး ဝင်ဖို့ရှိတယ်။ ဒီနှစ်ထဲမှာ တနင်္ဂနွေသားသမီးတွေ ဘာပဲလုပ်လုပ် စဉ်းစားနေစရာ



www.burmeseclassic.com

www.burmeseclassic.com

တောင် မလိုပါဘူး။ လုပ်ချင်တာသာ လုပ်ချလိုက်ပါ၊ အဲ . . ကိုယ်ဖြစ်ကိုယ်ခံပေါ့တဲ့ကွ"

"အဟင်း . . . ဟင်း . . . ဟင်း"

"ဟုတ်တယ်လေ . . . လောကကြီးမှာ ကိုယ်ဖြစ်ကိုယ်ခံပဲပေါ့ ငါ့ညီ၊ သူများက ဝင်ခံလို့မရဘူး၊ မင်း ကြားဖူးချင် ကြားဖူးပါလိမ့်မယ်၊ နန်းမတော်မယ်နုကို ပုန်ကန်ဖို့ ကြံစည်တယ်ဆိုပြီး စလင်းမင်းသားကြီး မောင်အိုနဲ့အတူ သာယာဝတီမင်းက ကွပ်မျက်ဖို့လုပ်တယ် မဟုတ်လား . .

အာဏာပါးကွက်သားတွေက နန်းမတော် မယ်နုကို သတ်ဖို့ခေါ်အသွားမှာ မင်္ဂလာဘုံကျော် ကျောင်းတိုက်ကို ဝင်ပြီး သူ ကိုးကွယ်နေတဲ့ ဆရာတော် ဦးဗုဓ်ကို ဖူးမျှော်ခွင့်တောင်းလို့ ခွင့်ပြုလိုက်ကြတယ်ကွ၊ အဲဒီအချိန်မှာ ဆရာတော်က စာဖတ်နေတယ်။ နန်းမတော်မယ်နုက ဆရာတော်ကို ဦးသုံးကြိမ်ချပြီး၊ 'ဆရာတော် ဘုရား . . . တပည့်တော်မသည် ကုန်းဘောင်မင်း၏ အာဏာစက်ဖြင့် ကွပ်မျက်ခံရပါတော့မယ်ဘုရား'လို့ လျှောက်တင်တဲ့အခါမှာ . .

ဆရာတော်က စာကြည့်နေရာက နန်းမတော်မယ်နုဘက်ကို လှည့်လိုက်ပြီး 'ဟဲ့ မိနု . . . သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်'လို့ အမိန့်ရှိလိုက်တယ်တဲ့ . .

အဲဒီစကားဟာ တို့များ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည် လက်ခံနေကြတဲ့ သူတွေအဖို့ သိပ်ကို တန်ဖိုးရှိတဲ့စကားပဲ ငါ့ညီ၊ မင်းတို့ ငါတို့တွေဟာ လူ့လောကကြီးကို ရောက်လာတာ အကြွေးဆပ်ဖို့ပဲ





ငါ့ညီ၊ ခု ငါ ပင်ပင်ပန်းပန်းနဲ့ လုပ်ကိုင်ပြီး သားမယားကို ရှာကျွေးနေရတာဟာ ဟိုဘဝက သူတို့ကြွေးရှိခဲ့လို့ပဲမှတ် . .

ဒီခန္ဓာကြီးကို ရနေတာကလည်း ဟိုဘဝက တို့ပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်တွေအတွက် ခန္ဓာဝန်ကြွေးတွေကို ဆပ်နေတာပဲ ကိုယ့်လူ . .

အဲဒီတော့ကာ မင်း အခုန ယတြာချေတာတွေ ဘာတွေဆိုတဲ့ အလုပ်တွေဟာ တကယ်တမ်းမှာ ထိရောက်မှု ရှိမရှိဆိုတာကိုတော့ မင်းဟာမင်း စဉ်းစားပေါ့ ငါ့ညီရာ . .

အဓိကကတော့ ကြုံတွေ့လာမယ့် အခြေအနေအရပ်ရပ်ကို သတ္တိရှိရှိ မှန်မှန်ကန်ကန်နဲ့ အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ပဲ ငါ့ညီ"

"ဟုတ်ကဲ့ . . . အခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ် အစ်ကိုစိန်တိုး၊ အစ်ကိုစိန်တိုး ပြောတဲ့စကားတွေအားလုံးဟာ အမှန်တွေချည်းပါပဲ၊ အဲ ဒါပေမဲ့ စောစောက ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်တွေဟာ အမြင့်ကနေ အောက်ကိုကျတဲ့အခါ ခွေးကျမကျဘဲ ကြောင်ကျကျအောင် အနည်းနဲ့အများ ခုသာခံသာရှိအောင် လုပ်တဲ့ အလုပ်ပါ"

"အေးပါကွာ. . . မင်းက ပညာတွေအများကြီး တတ်ထားတဲ့ ကောင်ပဲ၊ ငါတို့က တစ်ထွာလောက်မြင်တဲ့နေရာမှာ မင်းက တစ်လံလောက် မြင်နိုင်စွမ်းအား ရှိပါတယ်"

စကားတပြောပြောနှင့် နှစ်ယောက်သား ကူးတို့ဆိပ်နားသို့ ရောက်လာခဲ့ကြပါသည်။ မြစ်လယ်မှနေ၍ မော်တော်တစ်စီးက ဥသြသံပေးကာ တမ်းဘက်သို့ ကပ်လာနေသည်ကို မြင်တွေ့လိုက်ရပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ ဖိုးဝေရ၊ မော်တော်တစ်စီး ဝင်လာနေပြီ၊ ငါ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့၊ ဒါဆိုရင် ကျွန်တော်လည်း ပြန်တော့မယ်"

နန်းဝေက ကူးတို့ဆိပ်မှာပင် ကိုစိန်တိုးနှင့် လူချင်းခွဲ၍ ပြန်လာခဲ့ပါသည်။

အိမ်ကိုပြန်ရောက်တော့ မယဉ်ညိုက ပုသိမ်ဟာလဝါဘူး၊ ကြည်ကြည် ဘီစကွပ်မုန့်ထုပ်၊ ဖယောင်းတိုင်ထုပ်၊ ရွှေငှက်ပျောဖီး စသည်တို့ကို ကြိမ်ခြင်းတစ်လုံးနှင့် ထည့်၍နေပါသည်။

"စောစောစီးစီး ဘယ်သွားနေတာလဲ မောင်လေး"

"တမ်းနားဘက်ကို လမ်းလျှောက်ထွက်တာပါ"

"ဒါဆိုရင် မနက်စာ စားလိုက်ဦး၊ ပြီးရင် ဦးလေးသိန်းဇံတို့အိမ်ကို သွားပြီး ကန်တော့ချေ"

သူတို့အရပ်ဒေသတွင် ခုလိုမျိုး ဝါထွက်ကာနီးပြီဆိုပါလျှင် မိဘဆွေမျိုး သက်ကြီးဝါကြီးများကို ကန်တော့ရသည့် အလေ့အထ ရှိပါသည်။

ငယ်ငယ်တုန်းကတော့ ခုလိုများ လူကြီးတွေကို သွားရောက်ကန်တော့သည့်အခါ ကန်တော့ခံရသည့် လူကြီးတွေက သူတို့ကို မုန့်ဖိုးအဖြစ် ပိုက်ဆံတစ်ကျပ် နှစ်ကျပ် စသည်ဖြင့် ပြန်လည်၍ မုန့်ဖိုးပေးတတ်ပါသည်။ ဤရသည့်ပိုက်ဆံဖြင့် ရွာထဲ တွင် ကပြသည့် ရုပ်သေးပွဲ၊ အငြိမ့်ပွဲ၊ ပွဲဈေးတန်းတွင် မုန့်လေပွေ၊ ကောက်ညှင်းကျည်တောက်၊ ကောက်လှိုင်းတီမုန့်၊ မုန့်ဆီကြော်၊ ဆတ်သဖူးမုန့် စသည်များကို





တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လှည့်လည်၍ ဝယ်စားရသည်က ပျော်စရာကောင်းလှပါသည်။ အဲ . . . အရွယ်လေး ရောက်လာသည့်အခါ ယခုလိုမျိုး လူကြီးမိဘများကို ကန်တော့ ခိုင်းခဲ့ပါလျှင် ဟိုလိုလို သည်လိုလို အကြောင်းပြ၍ ရှောင်တိမ်းတတ်လာပါသည်။

ယခု အစ်မဖြစ်သူက ကန်တော့ပစ္စည်းများကို အသေအချာပြင်ဆင်၍ ပေးသည့်အခါမှာတော့ ရှောင်တိမ်းရန် ခွင့်မသာပါတော့။ ပြီးတော့ သူကန်တော့ရမည့် သူက မကြာခင် သူနှင့်တော်စပ်ရမည့် ယောက္ခမလောင်းများ ဖြစ်နေကြသည် မဟုတ်ပါ လား။

နန်းဝေက မနက်စာစား၊ ရေမိုးချိုး အဝတ်အစားလဲကာ ခင်ထားရီတို့အိမ် ဘက်သို့ ထွက်လာခဲ့ပါသည်။

"ဟင်"

"အဲတော့"

ဘိုးပန်းမြိုင်ဇရပ်အလွန် ရွာလယ်လမ်းမပေါ်တွင် သူ့လိုပင် ခြင်းတောင်းလေးကို ဆွဲ၍လာသော ခင်ထားရီနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့လိုက်ပါသည်။

"ထားထား ဘယ်သွားမလို့လဲ"

"ကိုဝေတို့အိမ်ကို သွားမလို့၊ ကိုဝေရော"

"တို့လည်း ထားထားတို့အိမ်ကို သွားမလို့၊ ဦးလေးသိန်းဇံနဲ့ ဒေါ်လေးမေကို ကန်တော့မလို့လေ"

"အဟင်း ဟင်း ထားထားလည်း ဒေါ်လေးငြိမ်းနဲ့ မညိုကို ကန်တော့မလို့ ကိုဝေရဲ့၊ နေဦး . . . ဒီလိုလုပ်ခဲ့မယ်၊ ပြီးတဲ့အခါကျတော့



www.burmeseclassic.com

www.burmeseclassic.com

ကိုဝေပြန်ရင် ထားထားက ကိုဝေနဲ့အတူ လိုက်ခဲ့မယ်ပေ့ါ၊ ဘယ်နဲ့လဲ"

"ထားထား သဘောပဲလေ"

"ဒါဆိုရင် သွားကြစို့"

ခင်ထားရီတို့အိမ်သို့ ရောက်သည့်အခါ ဒေါ်နှင်းမေက သူတို့နှစ်ယောက် ကိုကြည့်၍ အံ့ဩသွားပါသည်။

"ဟင် . . . ဒါက ဘယ်လိုဖြစ်တာလဲ"

"ကိုဝေက အဖေနဲ့အမေကို ကန်တော့ရအောင် လာတာလေ၊ လမ်းမှာ သမီးနဲ့တွေ့လို့ ပြန်လိုက်လာတာ၊ ကိုဝေပြန်တော့မှ ဒေါ်လေးငြိမ်းကို ကန်တော့ဖို့ ပြန်လိုက်သွားတော့မယ်"

နန်းဝေက ခင်ထားရီထံမှ လင်ပန်းတစ်ချပ်ကို တောင်းယူကာ သူယူလာသည့် ပစ္စည်းများကို ထည့်၍ ဦးသိန်းဇံနှင့် ဒေါ်နှင်းမေကို ကန်တော့လိုက်ပါသည်။

"ကိုဝေ ကန်တော့တာနဲ့ ကြုံတုန်း သမီးပါ အဖေနဲ့အမေကို ဝင်ကန်တော့ လိုက်မယ်နော်"

ခင်ထားရီ ဘာရယ်မဟုတ် သူ့အဖေနှင့်အမေကို လာရောက် ကန်တော့ သူ့ရှိချိန်တွင် သူကပါ ဝင်၍ ကန်တော့လိုက်ခြင်းဖြစ်ပါသည်။

ဒေါ်နှင်းမေက နန်းဝေနှင့် ခင်ထားရီတို့နှစ်ယောက် အတူတူ ကန်တော့ နေကြသည်ကိုကြည့်ကာ ပီတိဖြစ်၍နေပါသည်။

ဦးသိန်းဇံက ရှည်လျားစွာ ဆုပေးပြီးနောက် နိဂုံးချုပ်မှာ တော့ . .

"အမျိုးဘာသာ သာသနာရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်





တဲ့ သားကောင်းသမီးကောင်းတွေ ဖြစ်ကြပါစေကွာ"

ဆိုသည့် ဆုပေးစကားဖြင့် နိဂုံးချုပ်လိုက်ပါသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

နှစ်ဦးသား ပြိုင်တူဆိုလိုက်ကြပြီးနောက် နန်းဝေတို့အိမ်သို့ ထွက်လာ ခဲ့ကြပါသည်။

"ပေးလေ ထားထား၊ တို့ ဆွဲခဲ့ပါ့မယ်"

"ရပါတယ် ကိုဝေရဲ့"

"ပေးပါ ထားထားရဲ့၊ အိမ်ကိုရောက်ဖို့ အဝေးကြီးလိုသေးတာ"

နန်းဝေက ခင်ထားရီ၏ လက်ထဲမှ ခြင်းတောင်းလေးကို ဆွဲယူ လိုက်ပါသည်။

"ဒီနားကိုရောက်တော့ ငယ်ငယ်ကအကြောင်းတွေကို အရမ်းသတိရတာ ပဲနော်"

ဘိုးပန်းမြိုင်ဇရပ်နားသို့ အရောက်တွင် ခင်ထားရီက လွမ်းလွမ်းတတနှင့် ပြောလိုက်ပါသည်။

မှန်ပါသည်။ သူတို့ငယ်စဉ်က မုန့်စားကျောင်းဆင်းပြီ ဆိုသည်နှင့် ဤဇရပ်ကြီး သို့ အပြေးအလွှား လာရောက်ဆော့ကစားလေ့ ရှိကြပါသည်၊

တူပုန်းတမ်း၊ လိပ်ဥဖွက်တမ်း၊ ဖန်ခုန်တမ်း၊ ထုတ်စည်းတိုးတမ်း၊ ခွက်စုတ်ပစ်တမ်းမှအစ ဇယ်ခတ် ကြက်ခွပ်အဆုံး အကုန်ကစားခဲ့ကြ ပါသည်။

တစ်ယောက်နှင့်တစ်ယောက် ငြင်းကြခုန်ကြ၊ ရန်လုံးကြ၊


www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ကြ၊ ပြီးတော့ လည်ပင်းဖက်၍ ပြီးဆုံးသွားကြနှင့် ပျော်စရာအတိ ဖြစ်ခဲ့ကြပါသည်။

သူတို့တက်ခဲ့ကြသည့် ဆရာကြီး ဦးသာဒွန်း၏ မူလတန်းကျောင်းကလေးက ဖိုးပန်းမြိုင်ဇရပ်နှင့် ကျောခြင်းကပ်မို့ ကျောင်းတက်ခေါင်းလောင်းထိုးသံကိုကြားကာမှ ဖုတ်ဖက်ခါ၍ ကျောင်းသို့ပြန်ပြေးကြပါသည်။

ရာသီစာ အသီးအနှံများနှင့် မုန့်ပဲသွားရေစာ ရောင်းချသည့် ဈေးသဘ်များ ကလည်း ဤဇရပ်အနီးတွင် လာ၍ ရောင်းချကြသည်မို့ ဘိုးပန်းမြိုင်ဇရပ်ကြီးက သူတို့ကလေးများအတွက် မုန့်စားရာ၊ နားခိုရာ၊ ဆော့ကစားရာ ဗိမာန်ကြီး ဖြစ်ခဲ့ပါသည်။

"အဲဒီအုတ်ခုံလေးကိုကော မှတ်မိသေးလား ကိုဝေ"

"မှတ်မိတာပေါ့ ထားထားရဲ့"

ခင်ထားရီက သူမ၏ အိမ်မှပါလာသည့် ဆတ်သဖူးမုန့်များကို နန်းဝေနှင့်အတူ ဇရပ်အုတ်လှေကား အပေါ်ဆုံးအထစ်တွင် ထိုင်ကာ ခွဲဝေစားသောက်ခဲ့သည်ကို ရည်ညွှန်း ၍ ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။

ခုတော့ ဆရာကြီး ဦးသာဒွန်း၏ မူလတန်းကျောင်းလေးက ဤနေရာတွင် မရှိတော့ပြီ။ အညာစုရပ်ကွက်သို့ ပြောင်းရွှေ့သွားပြီးနောက် အလယ်တန်းကျောင်းအဖြစ် တိုးမြှင့်သွားပြီဖြစ်ပါသည်။

သူတို့ အိမ်သို့ရောက်ပြန်တော့လည်း နန်းဝေ တစ်ယောက် ခင်ထားရီတို့ အိမ်မှာတုန်းကလိုပင် ခင်ထားရီနှင့် အတူရော၍ သူ့အမေကိုရော အစ်မဖြစ်သူကိုရော ကန်တော့ခဲ့ရပြန်သည်။





မယဉ်ညိုကတော့ ဘာဆုတွေပေးသည် မသိ။ ပါးစပ်က ပွစိပွစိနှင့် အသံမထွက်ဘဲ တလှုပ်လှုပ်ရွတ်ဆိုနေပြီး ဒေါ်အေးငြိမ်းထံကတော့

"ဒီသားနဲ့ ဒီသမီးတို့ အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်"

ဆိုသည့် အသံခပ်ကျယ်ကျယ်လေး ထွက်ပေါ်လာသည့်အတွက် နန်းဝေက ခင်ထားရီကို အားတုံ့အားနာနှင့် လှည့်ကြည့်လိုက်ပါသည်။

ခင်ထားရီ၏ မျက်နှာပေါ်တွင် ကျေနပ်ပီတိပြုံးကလေးကို ဖျတ်ခနဲ လှမ်း၍ မြင်တွေ့လိုက်ရပါသည်။

"ညကျရင် ပွဲဈေးတန်းဘက်ကို လျှောက်ချင်လို့ ကိုဝေ ထားထားကို လာခေါ်ပေးပါလားဟင်"

နန်းဝေက ညဘက်တွင် မြဒါးရှင်ဘုရားသို့သွားရန် ရည်ရွယ်ထားသည်မို့ အခက်တွေ့သွားပါသည်။

အမှတ်တမဲ့ ငိုင်တွေ၍သွားသော နန်းဝေ၏ အမူအရာကို ခင်ထားရီက သတိထားလိုက်မိပါသည်။

"ဟိုလေ . . . ကိုဝေ တခြားသွားစရာရှိလို့ မအားရင်တော့ ကိစ္စမရှိပါဘူး၊ ပထမတုန်းက ထားထားက အိမ်နားက သူငယ်ချင်းတွေနဲ့ သွားဖို့ ချိန်းထားတာပါ၊ ဒါပေမယ့် သူတို့က ညလုံးပေါက် ပွဲကြည့်ကြမှာဆိုတော့ ပွဲခင်းထဲမှာ ဖျာခင်းထားပြီး အစောကြီးကတည်းက သွားထိုင်နေကြမှာမို့ ထားထားမှာ အဖော်မရှိတော့ဘူးလေ၊ ထားထားက



www.burmeseclassic.com

www.burmeseclassic.com



ခဏာတဖြုတ်လောက်နေ ပြီး ပြန်မှာဆိုတော့ သူတို့နဲ့အတူ ပွဲခင်းကြီးထဲမှာ သွားပြီးလည်း ထိုင်မနေချင်တော့ဘူး"

"မောင်လေး . . . နင် အားနေတာပဲဥစ္စာ၊ ထားထားကို အဖော်လုပ်ပေးလိုက်ပါဟယ်"

အီလည်လည်လုပ်နေသော နန်းဝေ၏ အမူအရာကိုကြည့်ကာ မယဉ်ညိုက အားမလိုအားမရ ဝင်၍ပြောလိုက်ပါသည်။

"တို့ ဘယ်အချိန်လာခေါ်ရမလဲဟင် ထားထား"

"ကိုဝေ အားမှပါနော်"

"အား . . . အားပါတယ် ထားထားရဲ့"

"ဒါဆိုရင် ရှစ်နာရီလောက်ကို လာခေါ်ပေါ့နော်၊ နောက် အကျဆုံး ဆယ်နာရီ လောက်ဆို ပြန်ကြတာပေါ့"

"ကောင်းပြီလေ၊ ရှစ်နာရီမှာ တို့လာခေါ်မယ်နော်"

ခင်ထားရီက အားလုံးကိုနှုတ်ဆက်၍ ပြန်သွားပါသည်။



## အခန်း (၁၃)
## မီးမြင့်မိုရ်ပွဲ တူယှဉ်နွဲ

သမိန်ထောရွှာကြီးတွင် ယခုလို သီတင်းကျွတ်လဆန်း ဆယ့်လေးရက်နေ့ဆိုပါလျှင် ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့်အတူ အငြိမ့်ပွဲ၊ ရုပ်သေးပွဲ၊ သို့မဟုတ် ရုပ်ရှင်ကား များကို အလှည့်ကျ ပြသလေ့ရှိပါသည်။

သည်ညက ရန်ကုန်မှ ငှားရမ်းထားသည့် ဝင်းဝင်းအေး၏ ဆောင်းအငြိမ့် ကပြမည့်နေ့မို့ ဓမ္မာရုံရှေ့က ကွင်းကြီးထဲတွင် ကလေး လူကြီး ပရိသတ်များက ညနေ စောင်းကတည်းပင် ပြည့်လျှံ၍နေ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

သည်လိုအချိန်မျိုးမှလွဲ၍ ပျော်ပွဲရွှင်ပွဲဟူ၍ မရှိသည့် အရပ်ဒေသမို့လည်း သမိန်ထော ရွာကြီးမှတင် မဟုတ်ဘဲ အနီးအနားရှိ ပန်းတောကြီး၊ နဲသမိန်၊ နဘဲကုန်း၊ စလူချောင်း စသည့် ရွာများကပါ လာရောက်ကြည့်ရှုကြသည့်အတွက် တစ်ရွာလုံး ပျားပန်းခတ်သလို လှုပ်လှုပ်ရွရွနှင့် စည်ကား၍ နေပါသည်။

နေ့လယ်ခင်းလောက်ကတည်းက ပွဲဈေးတန်းဘက်ဆီမှ အသံချဲ့စက်ဖြင့် သီချင်းဖွင့်သံများ၊ ဆေးကြော်ငြာပစ္စည်း ကြော်ငြာသံများ၊ မျက်လှည့်ဝိုင်းမှ တဒိန်းဒိန်းနှင့် ဘင်ထုသံများက ဆူညံ၍နေသလို

အငြိမ့်စင်ရှေ့တွင် ဖျာအလုအယက်ခင်းရင်း ရန်ဖြစ်သံများ၊ ကလေးချင်း နပမ်းထ၍လုံးနေကြသော မြင်ကွင်းများ ပြေးလွှားဆော့ ကစားနေကြသော ကလေးများ၊ အငြိမ့်မထွက်မီ ဖွင့်ထားသည့် အသံချဲ့စက်မှ သီချင်းသံများဖြင့် ကွေးနေအောင် ကနေကြသော ကလေးများဖြင့် ရှုပ်ယှက်ခတ် ရုတ်ရုတ်သဲသဲ ဖြစ်နေကြပါသည်။

နေဝင်သွားသည်နှင့် အိမ်တိုင်းဆီမှ မီးခွက်ကို တတ်နိုင်သလောက် အတိုင်း အတာဖြင့် ဆီမီးများ၊ ရောင်စုံမီးပုံးများကို ချိတ်ဆွဲ၍ ထွန်းညှိလိုက်ကြပါသည်။

သမိန်ထောရွာမှ အပျိုမလေးတွေက ဝတ်ကောင်းစားလှများကို ဝတ်ဆင်၊ မျက်နှာပေါ်တွင် အလှအပများကို ချယ်မှုန်း၍ လမ်းသလား နေကြသလို ရွယ်တူကာလ သားများကလည်း ခေါင်းမှာဆီအရွှဲသား၊ မျက်နှာတွင် ပေါင်ဒါအဖွေးသား၊ ထောင်မလဲ သဲကော်၊ ကော်တွေ





တောင့်နေပြီး ခေါက်ရိုးမကျိုးသည့် ရှပ်အကျီများ၊ ပုဆိုးအသစ် ထိုးထိုးထောင်ထောင်တွင် အသစ် မှန်းသိသာအောင် တံဆိပ်ကိုမခွာဘဲ တင်ပါး သို့မဟုတ် ခါးဘေးတွင် လူမြင်အောင် ဝတ်ဆင်ကာ ဟန်ရေးပြနေကြပါသည်။

သည်လိုညမျိုးတွင် အချို့အချို့သော သမီးရည်းစားများက တစ်ယောက်နှင့် တစ်ယောက် အချိတ်အဆက်လုပ်ထားရင် ပွဲခင်းထဲတွင် ရောက်နေသည့် မိကြီး၊ ဖေါ်ကြီးများ အနားမှ တပိုတပါးထွက်သလို ဘာလိုလိုနှင့် လစ်ထွက်ကာ ရည်းစား ဖြစ်သူနှင့် ချိန်းတွေ့သူကတွေ့ကြ၊ မအောင့်နိုင် မအည်းနိုင်ဖြစ်ကြသူတွေက ခိုးရာလိုက်၍ ပြေးကြ။

အဲ . . . အစ်ကိုမောင်ဖားတွေ သိသွား၍ တုတ်တစ်ပြက် ဓားတစ်ပြက်နှင့် ဆေးရုံရောက်ကြ၊ ဂါတ်တဲကိုရောက်ကြ။ သည်ကလည်း နှစ်စဉ်နှစ်တိုင်း တွေ့ကြုံနေကျ အဖြစ်အပျက်များပင်။

"ဟဲလို . . . ဟဲလို တက်စတင်၊ ဝမ်း . . . တူး. . . သရီး . . . ဖိုး"

"ဟဲလို . . . ဟဲလို တက်စတင်၊ ဝမ်း . . . တူး. . . သရီး . . . ဖိုး"

တက်စတင်ဆိုသည့် စကား၏အဓိပ္ပာယ်ကို ဘာမှန်းမသိ ဝမ်း တူး သရီး ဖိုး ဆိုသည်က မြန်မာလို တစ်နှစ်သုံးလေး ဆိုသည်လောက် ကိုသာသိသည့် ကျေးရွာ လူကြီး ဦးညွန့်ရွှေ၏တပည့် တာတီးဆိုသူက အငြိမ့်စင်မှ မိုက်ကရိုဖုန်းကို ကိုင်ကာ အရက်ကလေး ခပ်ရွှေ့ရွှေ့ဖြင့် အလကားနေရင်း ဟဲလို . . . ဟဲလို တက်စတင်၊ ဝမ်း . . . တူး. . . သရီး



www.burmeseclassic.com

www.burmeseclassic.com

. . . ဖိုး ဆိုသည့်စကားကို ခပ်တည်တည် သုံးလေးကြိမ်မက ရွတ်ဆို၍ နေပါသည်။

သူ့အသံကြောင့်လားမသိ စောစောတုန်းက ပြေးလွှားဆော့ကစား အော်ဟစ် မြူးတူးနေကြသော ကလေးပရိသတ်မှာ ခေတ္တခဏတော့ ငြိမ်သက်၍သွားပါသည်။

"အဟမ်း . . . အဟမ်း"

လုံးဝချောင်းမဆိုးချင်ပါပဲနှင့် အတင်းဖျစ်ညှစ်၍ ချောင်းနှစ်ချက် ဆိုးလိုက်ပါသည်။

"ပွဲခင်းလုံခြုံရေးအတွက် တာဝန်ချထားတဲ့ အေးမောင်၊ သိန်းဟန်၊ စံကွန်း၊ သောင်းတင်၊ ငှက်ကြီး၊ ကုလားပု၊ ဖိုးထောင် ခုချက်ချင်း ငါ့ဆီကို အမြန်လာသတင်းပို့ပါ"

"သာထွန်းဖြူ . . . မင်းမိန်းမ စောရှင် မွေးတော့မယ်၊ ဗိုက်နာနေပြီလို့ပြော တယ် အိမ်ကို အမြန်ပြန်ပါ"

"ဝါး . . . ဟား . . . ဟား"

သူ့စကားအဆုံးတွင် ကြားရသူအပေါင်းက အော်ဟစ်ရယ်လိုက်ကြသလို စောစောက ခဏတဖြုတ် ငြိမ်သက်သွားသော ကလေးများက အစဉ်အလာမပျက် ဆက်၍ဆူညံနေကြပါသည်။

"ဟဲလို . . . ဟဲလို တက်စတင် ဝမ်း တူး သရီး ဖိုး"

တာတီးထံမှ နောက်တစ်ကြိမ် ဟဲလိုတက်စတင် သံကြီးက ထွက်ပေါ်လာပြန်ပါသည်။

"ဟဲလို . . . ဟဲလို တက်စတင်၊ ဝမ်း . . . တူး. . . သရီး . . .





ဖိုး"

ပွဲခင်းရှိ ကလေးများက ဇာတ်တိုက်မထားရပါဘဲနှင့် ဟဲလိုတက်စတင်ကြီးကို ဝိုင်း၍ တစ်ကြိမ်မက အကြိမ်ကြိမ်ဆက်၍ အော်လိုက်သည့်အတွက် မိုက်ခဲ၊ တားတီးတစ်ယောက် ပါးစပ်ကြီး အဟောင်းသားနှင့် ခေတ္တငြိမ်သက်၍သွားပါသည်။

ပြီးတော့မှ အငြိမ့်စင်ပေါ်မှနေ၍ ကလေးများကိုကြည့်ကာ မအေနှမကုန် အောင် ကလော်တုတ်လိုက်ပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

# ၁

မိုက်ကရိုဖုန်းကိုကိုင်လျက်သားနှင့် အော်၍ဆဲလိုက်သံကြောင့် သူ့ဆဲသံကြီးက တစ်ရွာလုံးကို လွှမ်းခြုံ၍ သွားပါတော့သည်။

အရှေ့ဘက်ဆီမှ ဝါဝါထိန်ထိန် လမင်းကြီးက တရိပ်ရိပ်နှင့် မြင့်တက်၍လာ နေပါသည်။

'ပွဲခင်းဘက်ဆီမှ အသံဗလံများက လေသင့်လျှင် ကျယ်လာလိုက် ပြီးတော့ တိုးသွားလိုက် ဖြစ်နေပါသည်။

"ကိုဝေ နေမကောင်းလို့လားဟင်"

"ကောင်းပါတယ် ထားထားရဲ့၊ ဘာဖြစ်လို့လဲ"

မိမိက ပျော်ရွှင်တက်ကြွနေသလောက် နန်းဝေ၏ အမူအရာက ငူငူငိုင်ငိုင်ဖြစ်နေသည့်အတွက် ခင်ထားရီက မေးလိုက်ခြင်းဖြစ်ပါသည်။





"ကိုဝေ့ကိုကြည့်ရတာ တစ်မျိုးကြီး ဖြစ်နေသလားလို့ပါ"

"ဘာမှမဖြစ်ပါဘူး ထားထားရယ်၊ အဲ . . နေ့လယ်တုန်းက အိပ်လိုက်တာ ညနေ ငါးနာရီလောက်မှ အိပ်ရာကနိုးတယ်၊ နေ့လယ် နေ့ခင်း အိပ်လေ့အိပ်ထသိပ် မရှိတော့ အိပ်ရာက နိုးလာတဲ့အခါ လူက သွေးလေးနေပြီး လန်းလန်းဆန်းဆန်း မရှိတာနဲ့ ရေကောက်ချိုးလိုက်တာ နေရထိုင်ရတာ တစ်မျိုးကြီးဖြစ်သွားတာပဲ ထားထား ရဲ့"

"ဆောင်းတွင်းဘက်ရောက်ရင် နေ့ခင်းဘက် အိပ်တာ သိပ်မကောင်းဘူး ကိုဝေရဲ့၊ နေထိုင်မကောင်း ဖြစ်တတ်တယ်။ ဒီကြားထဲ အိပ်ရာက နိုးနိုးချင်း ရေချိုး လိုက်တော့ အအေးများ မိသွားသလားမှ မသိတာ"

"ရပါတယ် လမ်းလျှောက်လိုက်ရင် သွေးတွေဘာတွေပူ၊ ချွေးတွေ ဘာကြောင့်ထွက်ပြီး နေလို့ထိုင်လို့ ကောင်းသွားမှာပါ"

"ကိုဝေ ညစာ စားပြီးပြီလားဟင်"

"ဟင့်အင်း . . . ရင်ထဲမှာ ပြည့်နေတာနဲ့ မစားခဲ့ဘူး ထားထား ရဲ့"

"ဒါဆိုရင် ခုလို လမ်းလျှောက်လိုက်တော့ အစာကြေသွားမယ်၊ အဲ . . . ပွဲဈေးတန်းရောက်တဲ့အခါကို ရေမုန့်တို့၊ ဆတ်သဖူးမုန့်တို့ကို စားလို့ ရပြီပေါ့နော်"

"အဟင်း . . . ဟင်း ထားထားက အဲဒီဆတ်သဖူးမုန့်တွေ၊ ရေမုန့်တို့၊ ကရေ ကရာတို့ကို ခုထိကြိုက်တုန်းပဲနော်"

"ပြော် . . . ကိုဝေရယ်၊ အကြိုက် ... မျိုးက



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏပြောင်းလဲလို့ရ တာမျိုးမှ မဟုတ်တာ၊ အဲဒီမုန့်တွေကို ထားထား ငယ်ငယ်တုန်းကလည်း ကြိုက်ခဲ့တယ်၊ ခုလည်း ကြိုက်တယ်၊ နောင်လည်း ဆက်ပြီးကြိုက်သွားဦးမှာပဲလေ"

နန်းဝေနှင့် ခင်ထားရီတို့နှစ်ယောက် ပွဲခင်းထဲသို့ မဝင်တော့ဘဲ ပွဲခင်းအပြင်ရှိ မုန့်ဆိုင်တန်းက ရေမုန့်ဆိုင်သို့ဝင်ကာ မုန့်အတူ စားခဲ့ကြပါသည်။

"စားဦးလေးကိုဝေရဲ့ . . . ထားထားလေ ရေမုန့်အဝစားမယ်ဆိုပြီး ညစာ ထမင်းကိုတောင် နည်းနည်းလေးပဲ စားခဲ့တာသိလား"

နန်းဝေကို ရေမုန့်နှစ်ခုကို မနည်းကြီးကုန်အောင် စားနေရချိန်တွင် ခင်ထားရီက ရေမုန့်ငါးခုကုန်၍သွားပါသည်။

"အဟင်းဟင်း ထားထား ရှက်တောင်လာပြီ"

"ဘာဖြစ်လဲ ထားထားရယ်၊ ဒီမုန့်က ထမင်းမစားဘဲစားမယ်ဆိုရင် အခုနှစ် ဆယ်လောက်တော့ အသာလေး၊ ခု တို့က ရင်ပြည့်နေ လို့သိလား"

ထားထားနှင့် မုန့်ဆိုင်တွင် ထိုင်နေရင်းမှ ရင်ထဲက တလိမ့်လိမ့်နှင့် ချမ်းလာသည့်အတွက် ရေနွေးပူပူတစ်ခွက်ကိုငှဲ့ကာ တဖူးဖူးနှင့်မှုတ်၍ သောက်လိုက်ရပါသည်။ ထားထားကတော့ သူ့အဖြစ်အပျက်ကို ဘာမှမ သိလိုက်ပါ။

သူတို့ ပွဲဈေးတန်းမှ ပြန်လည်ပြုစဉ်မှာပင် အငြိမ့်စင်မှ ပွဲဦးထွက် နတ်ကတော်ခန်းထွက်၍ လာပါသည်၊

×××အတုလေးရယ်တဲ့ ယုဥ်ကာပြိုင် ×××ယှဉ်ကာပြိုင်၊ ပန်းမွှေးရာ ရွှေကော်ဇော ×××ရောနှောလို့ထိုင်"

××× ပျိုတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင် ×××နှင်းဆီခိုင် ခွင်လုံးပိုင်တဲ့ ဇာတ်တော်သား ×××ဝေးရာကရှား ×××

ဇမ္ဗူဒီပါ ဟိုအရင်အဟောင်းရယ်နှင့် မတူပြီတစ်ခါ သဘင်ပထမ ကောင်းစေဖို့ ကူညီညာ စောင့်လေး စောင်မပါ ×××

မြို့တော်ကို အရှင်စောင့်တယ် ××× ရွာတော်ကို သခင်စောင့်တယ် ××× ဝိုင်းလေးလေး ××× ဝိုင်းလေးစောင့်မပါ



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)
## ဥမ္မာဒန္တီနှင့် ကြာဖြူကန်

ပွဲဈေးတန်းမှပြန်၍ ခင်ထားရီကို သူ့အိမ်သို့ပြန်ပို့ပေးအပြီး. . . အပြန်လမ်းမှာ ကတည်းက မျက်စိတွေပူ. . . အာခေါင်တွေပူလာပြီး ကိုယ်ကလည်း တခိုက်ခိုက်နှင့် ချမ်းတုန်လျှက်တက်လာပါသည်။

အိမ်ကိုပြန်ရောက်တော့ ဘာမှမဖြစ်ခဲ့သလို ဟန်ဆောင်ပန်ဆောင်နေလိုက်ပြီး အခန်းထဲသို့ဝင်ကာ တခါတည်းတန်းလျှက်အိပ်လိုက်ပါသည်။

တစ်ညလုံး အဖျားတွေတက်နေပါသော်လည်း ဘယ်သူ့ကိုမှ





အသိမပေးဘဲ ကြိတ်မှိတ်၍ ခံနေလိုက်ပါသည်။

"အမေ. . . အမေထပါဦး"

နန်းဝေ၏ အိပ်ခန်းထဲမှ တဟီးဟီးနှင့်ညည်းသံကြောင့် မယဉ်ညိုက မိခင်ဖြစ် သူကို အိပ်ယာမှအသာလှုပ်၍ နှိုးလိုက်ပါသည်။

"အမေလည်း. . . ကြားတယ်သမီး၊ ဘာသံများလဲလို့ အမေလည်း နားထောင်နေတာ"

"သွားကြည့်ကြရအောင်နော် အမေ"

မယဉ်ညိုက အိပ်ရာဘေးရှိ မှန်တင်ခုံပေါ်တွင် အဆင်သင့်တင်ထားသော မီးခြစ်ကိုစမ်း၍ယူလိုက်ကာ မီးတိုင်ခွက်တွင် ထွန်းညှိလိုက်ပါသည်။

သားအမိနှစ်ယောက် နန်းဝေ၏အခန်းထဲသို့ ရောက်သွားသောအခါ ကိုယ်တွေခြစ်ခြစ်တောက်ပူ၍ တဟီးဟီး တအင်းအင်းနှင့် အဖျားတွေတက်နေသော နန်းဝေကိုတွေ့လိုက်ရပါသည်။

"ဘုရား ဘုရား ကိုယ်တွေကလည်း မတရားကို ပူနေပါလား သမီးရယ်၊ ကဲ သမီး ရေနွေးတစ်အိုး မြန်မြန်သွားတယ်ချေ"

ရေနွေးဆူသည့်အခါ ဒေါ်အေးငြိမ်းက ကွမ်းရွက်သုံးရွက်ကို ခြေ၍ ခွက်တစ်ခု ထဲသို့ထည့်ပြီး ရေနွေးကိုလောင်းထည့်လိုက်သည်။

ပြီးသည့်အခါ နန်းဝေကိုနှိုးလိုက်ပြီး သူ့ဖခင် ဦးရွှေကြူး ဖော်စပ်ပေးထားသည့် ငန်းနီကျော် အပူချဈေးထုတ်ဆေးမှုန့်ကို စေစေက ကွမ်းရွက်ပြုတ်ရေနှင့်ရောကာ တိုက်လိုက်ပါသည်။

"ရေနွေးပူပူလေးကို တစ်ခွက်လောက်ထပ်ပြီး သောက်လိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com

နေ့်သား. . . ဈေးထွက်သွားရင် အပူကျသွားမှာပါ၊ အမေ သားအနား မှာ စောင့်နေပေးမယ်သိလား"

"ရပါတယ်အမေရယ်. . . ကျွန်တော်ကလေးမှမဟုတ်တာ၊ အမေသွားအိပ်ပါ. . . မမညို အမေ့ကို ခေါ်သွားနော် ခဏနေရင် ကျွန်တော်လည်းအိပ်ပျော်သွားမှာပါ"

"ဟုတ်တယ် မနက်ဖြန် ဥပုသ်နေ့ဆိုတော့ အမေ အရုဏ်ဆွမ်း လောင်းဖို့ အစောကြီးထရဦးမှာ၊ သမီးပဲ မောင်လေးကို စောင့်နေ လိုက်မယ်"

"ဟာဗျာ မမညိုကလည်း ဒါအာဂန္တုအဖျားပါ. . . တော်ကြာ နေ ပျောက်သွားမှာပါ၊ အမေရော မမညိုရော ပြန်အိပ်ကြပါဗျာ"

နန်းဝေက. . . အတင်းကြီးပင်ပြန်လွှတ်နေသည်မို့ သားအမိ နှစ်ယောက် နန်းဝေကို စောင်နှစ်ထပ်ခြုံ ခြင်ထောင်ချပေးကာ ကိုယ့်အခန်းကိုယ် ပြန်လာခဲ့ကြပါသည်။

မနက်လေးနာရီခွဲလောက် အာရုံဆွမ်းထ၍ချက်ချိန်တွင် ဒေါ်အေးငြိမ်းက နန်းဝေအခန်းသို့ ပြန်လာကြည့်သည့်အခါ ချွေးများ ရွှဲနစ်၍နေပြီး ကိုယ်ရေကိုယ်သားလည်း အေးနေသည်ကို တွေ့ရသည့် အတွက် အဝတ်အစားများ အသစ်လဲလှယ် ပေးလိုက်ပါသည်။

မနက်မိုးလင်းသည့်အခါမှာတော့ နန်းဝေတစ်ယောက် အဖျား လုံးဝပျောက် ကင်းသွားပါသည်။ သို့သော်လည်း ခေါင်းက မထူနိုင်အောင် ကိုက်နေသည့်အတွက် အိပ်ရာထဲမှာပင် လှဲနေရပါသည်။

နေ့လည်စာ နွားနို့ဆန်ပြုတ်လေးတစ်ခွက် သောက်ပြီးသည့်





အခါမှာတော့ လူကအတော်အတန် နေသာထိုင်သာရှိသွားပါသည်။

နန်းဝေက နာရီတကြည့်ကြည့်နှင့် ဖြစ်နေပါသည်. . . နေ့လယ်နေ့ခင်း အချိန်ရှိတုန်း ကြာဖြူကန်သို့သွားက ကပ္ပိယကြီး ဦးရွှေမိုးခိုင်းသည့် ကန်ဆယ်သည့် အလုပ်ကို လုပ်ရပါလိမ့်ဦးမည်၊

ပြီးတော့ . . .

ဟိုတလောက ပြဒါးရှင်ဘုရားပေါ်တွင် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးဆိုသူပြော ပြချက်အရ ဒီကနေ့ သီတင်းကျွတ်လပြည့်နေ့တွင် မြတ်လေးငုံတစ်ယောက် ခရီးသွားရာမှ ပြန်ရောက်လာလိမ့်မည် မဟုတ် ပါလား။ သည်တုန်းက မြတ်လေးငုံနှင့်သူ ဘယ်နေရာ ဘယ်ဒေသတွင် ဘယ်အချိန်တွေ့ရမည်ကို အဘိုးကမပြောခဲ့သလို သူကလည်းမမေးခဲ့မိ၊

ဘာပဲဖြစ်ဖြစ် မြတ်လေးငုံတစ်ယောက် ပြဒါးရှင်ဘုရားသို့ တစ်ချိန်မဟုတ် တစ်ချိန်တော့ရောက်ပါလိမ့်မည်ဟု သူယုံကြည်နေ ပါသည်၊

တစ်ခါတုန်းက သူ့ကိုချိန်းဆိုခဲ့သည့်နေရာက ဤပြဒါးရှင် ဘုရားခေါ် ရေသူမ ဘုရားဖြစ်သလို မြတ်လေးငုံနှင့် သူတွေ့ခဲ့ကြရသည် ကလည်း ဤပြဒါးရှင်ဘုရားပင် မဟုတ်ပါလား။

နန်းဝေက အိပ်ရာမှထကာ မျက်နှာသစ် ရေပတ်တိုက် ကိုယ်လက်သန့်စင်လိုက်ပြီးနောက် အဝတ်အစားလဲလိုက်ပါသည်၊

အချိန်က ညနေသုံးနာရီနှင့်ဆယ့်ငါးမိနစ်။

"ဟဲ့ သား. . . ဒါကဘယ်ကိုသွားဦးမလို့လဲ"

မှန်ရှေ့တွင်ရပ်ကာ ခေါင်းဖြီးနေသော နန်းဝေကို ဒေါ်ငြိမ်းအေး


www.burmeseclassic.com

www.burmeseclassic.com



က မေးလိုက်ပါသည်။

"တမ်းနားဘက်ကို လမ်းလျှောက်ထွက်မလို့ပါ အမေ"

"ဘယ်ဖြစ်ပါ့မလဲသားရယ်. . . မင်းက နေမှမကောင်းသေးတာ"

"အမေကလည်း ဒီမှာစမ်းကြည့်ပါဦး၊ ကိုယ်တွေက အေးစက်နေတာပဲ လုံးဝကို ကောင်းသွားပါပြီ အမေရ"

"သားရယ် ကောင်းတယ်ဆိုပေမယ့် ခုလိုမျိုး နေကောင်းခါစ အချိန်မှာ အပြင်ထွက်လို့ ဘယ်ဖြစ်ပါ့မလဲကွယ် လေစိမ်းအတိုက်ခံလို့ မဖြစ်ဘူးလေ"၊

"ရပါတယ်အမေရဲ့ ရင်ပြည့်ပြီးဖျားသွားတဲ့ အာဂန္တုအဖျားပါ၊ နည်းနည်းပါးပါး ဟိုနားဒီနားလမ်းလျှောက်လိုက်ရင် ပိုပြီးလန်းဆန်းသွားမယ် ထင်လို့ပါ"

"ကဲ . . . ပြောမရလည်း သွား သွား ဒါပေမဲ့ အပေါ်ကနေ အနွေးထည်ထပ်ဝတ်သွားချေနော် ပြီးတော့ စောစောလေးလည်း ပြန်လာဦးနော် သား"

"ဟုတ်ကဲ့ပါ အမေ"

နန်းဝေက သမိန်ထောရွာကြီး၏ မြောက်ဘက်အစွန်ရှိ ကြာဖြူကန်ကြီးဆီသို့ တစ်ယောက်တည်းပင် ထွက်လာခဲ့ပါသည်။

သည်ရေကန်ကြီးက သူတို့ရွာသူ၊ ရွာသားတွေအဖို့ သောက်ရေအတွက် အားကိုးအားထားပြုရသည့် ရေကန်ကြီးဖြစ်ပါသည်။

သူတို့ ပင်လယ်ပိုင်းကျေးရွာတွေက ရေချိုရှားပါးသည့်ဒုက္ခကို





ခံကြရပါသည်။ တစ်ပိုးတွင်းလုံး ရွာချခဲ့သည့်မိုး ရေကို အိမ်ခေါင်မိုးမှ တစ်ဆင့် ရေတလျှောက်များဖြင့်ခံယူ ကာ စဉ့်အိုးကြီးများဖြင့် သိုလှောင်ထားပြီး ရေနွေးအိုးကြို့ရန်နှင့် သောက်သုံးရန် အသုံးပြုကြပါသည်။

ကျွဲ၊ နွားများကိုတိုက်ရန် လျှော်ဖွတ်ရန်၊ ချိုးရန်အတွက်တော့ များသော အားဖြင့် ကန်ရေကို အသုံးပြုကြရပါသည်။

ကြာဖြူကန်ဆိုသည်ကလည်း ဤကန်ထဲတွင် ကြာဖြူပန်းများသာ ပေါက်ရောက်ပြီး ကြာနီတစ်ပွင့်မှမပေါက်ပါ။ အခြားနေရာမှ ကြာနီပန်းများကို ဤကန်ထဲသို့ယူ၍ စိုက်ပါကလည်း ကြာနီပင်မှာ လုံးဝရှင်သန်၍ မလာပါ။

ဤအကြောင်းနှင့်ပတ်သက်၍ လူကြီးသူမများ ပြောကြားခဲ့သည့် သမိုင်းဖြစ်စဉ်တစ်ခုအရ နန်းတွင်းအရေးအခင်းကြောင့် ထွက်ပြေးလာရသည့် မွန်မင်းသမီး ဥမ္မာဒန္တီ၏ အစောင့်အနေတပ်များက ဤနေရာသို့ အရောက်တွင် ၎င်းတို့ကိုင်ဆောင်သည့် ဓါး၊လှံ လက်နက်များတွင် စွန်းပေနေသည့် သွေးများကို တစ်လဲ့ပတ်လည်ခွဲခန့်ရှိ စမ်းရေအိုင်လေးတွင် ဆေးကြောခဲ့ကြောင်း၊ ဤသို့ဆေးကြောရသည့် အတွက် နဂိုက ကြည်လင်နေသော စမ်းရေအိုင်လေးမှာ သွေးများဖြင့် စွန်းပေညစ်နွမ်းကာ အနီရောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့ရကြောင်း၊ ဥမ္မာဒန္တီမင်းသမီးက ဤနေရာနှင့် မလှမ်းမကမ်းတွင် ကျိုက်ဒေးအပ် ဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ဘုရားအတွက် လိုအပ်သော အုတ်များကိုဖုတ်ရန်အတွက် စမ်းတွင်းလေးနှင့်ကပ်လျက် မြေကြီးကို တူးရင်းမှ မြေကျင်းကြီးဖြစ်ပေါ်လာခဲ့ကြောင်း၊ စမ်းတွင်းလေးမှ



www.burmeseclassic.com

www.burmeseclassic.com

သွေးနီရောင်ရေများက မြေကျင်းကြီးအတွင်း စီးဝင်သွားပြီး သွေးနီရောင်ရေများနှင့်ပြည့်လျှမ်းသည့် ရေကန်ကြီးဖြစ်ပေါ်လာကြောင်း၊ ဤတွင် တစ်ဦးနှင့်တစ်ဦးသတ်ဖြတ်ညှင်းဆဲခြင်းအလုပ်ကို စက်ဆုပ်နာကြည်းမုန်းတီး နေသော ဥမ္မာဒန္တီမင်းသမီးက ကိုးရက်တိုင်တိုင် ကိုးပါးသီလစောင့်ထိန်းပြီး ဥပုသ်ခင် ကာ. . . ဤကန်ကြီးထဲတွင် အနီရောင်မှန်သမျှဘာတစ်ခုမှ မစွန်းထင်းရန်. . . အဓိဋ္ဌာန်ခဲ့ သည့်အတွက် ရေကန်ကြီးထဲရှိရေများ ကြည်လင်၍သွားသလို အနီရောင်နှင့်ပတ်သက်၍ ဤကန်ထဲတွင် ကြာနီပင်မပေါက်တော့ပဲ ကြာဖြူများသာ ပေါက်ရောက်တော့ကြောင်းကို သက်ကြီးစကားသက်ငယ်ကြားဖြင့် နားထောင်ခဲ့ရဖူးပါသည်။

မနေ့ညက ဝင်းဝင်းအေး၏ ဆောင်းအငြိမ့်ပွဲ. . . ပွဲကိုက်ထားသည့် မင်္ဂလာကွက်ကြောင့်လားမသိ ခုအချိန်ထိအောင် လမ်းပေါ်တွင် လူသွားလူလာ နည်းပါး၍နေပါသည်။

ဒီကနေ့က. . . ရှပ်ရှင်ကား သုံးထုပ် မိုးအလင်းပြမည့် ပွဲအစဉ်ရှိသည်မို့ ခုအချိန်လောက်ဆိုပါလျှင် ကလေးတွေက. . . ပိတ်ကားထောင်မည့်နေရာတွင် ဂုံနီအိတ် ဟောင်းများ၊ ဖျာစုတ်များ အလုအယက်ခင်းကာ နေရာဦးပြီးလောက်ပါပြီ။

နန်းဝေတ္တ ရွာအပြင်ကိုရောက်သည်နှင့် ကြာဖြူကန်ဘက်သို့ ဦးတည် လိုက်ပါသည်။ သူကရွာအပြင်တွင် တွေ့ရသည့် တစ်လံသာသာ ဝါးလုံးရှည်တစ်ချောင်း ကို ကောက်ယူ၍လာခဲ့ပါသည်။

ကျိုက်ဒေးအပ်စေတီက တောင်ကုန်းအမြင့်ပေါ်တွင် တည်ရှိပြီး. . . ကြာဖြူ ကန်ကတော့ ယင်းတောင်ခြေရင်းတွင်ရှိပါသည်။





လေတိုက်လေတိုင်း ကျိုက်ဒေးအပ် စေတီ၏ ထီးတော်မှ ဆည်းလည်းသံ တချွင်ချွင်ကို ကြားနေရပါသည်။ ကန်၏ပတ်ချာ လည်တွင် ကောက်လှိုင်းတီပင်များ၊ ထိကရုန်းပင်များက တောထအောင်ပေါက်၍နေပါသည်။ ကန်ထဲသို့ အရှည်ဆယ်ပေ အကျယ်ငါးပေရှိ သစ်သားရေစင်နှစ်ခုကို တစ်ခုနှင့် တစ်ခု ပေနှစ်ဆယ်ခန့်ခြား၍ ဆောက်လုပ်ထားပါသည်။

နန်းဝေက ရေစင်တစ်ခုပေါ်တွင်ထိုင်လိုက်ရင်းက လှမ်း၍ မြင်နေရသော ကျိုက်ဒေးအပ်ဘုရားကို ကန်တော့လိုက်ပါသည်။

ရေကြည်ပြာလဲ့လဲ့ ကြာရွက်စိမ်းစိမ်းနှင့် ဖွေးဖွေးဆွတ်နေသည့် ကြာဖြူ ဟောကြီးက မြင်ရသူတွေ၏ ရင်ကိုအေးမြသွားစေအောင် ဆွဲဆောင်နိုင်စွမ်းရှိလှပါသည်။ ဝတ်ရည်စုပ်ငှက်၊ ပုစဉ်းထိုးငှက်နှင့် လိပ်ပြာရောင်စုံများ၊ ပျားပိတုန်းများကလည်း ဟိုအပွင့် ကူးလိုက် ဒီအပွင့်ကူးလိုက်နှင့် နိမ့်တုံမြင့်တုံ လွန်းထိုးပျံသန်း၍နေကြပါသည်။

နန်းဝေက သူပါလာသည့် ဝါးလုံးဖြင့် ကန်စပ်က ဒိုက်ပင်၊ ဗေဒါပင်အချို့ကို ထိုးကော်၍ ကမ်းပေါ်သို့ဆယ်တင်လိုက်ပါသည်။ တကယ်တမ်းသာ ခုလိုမျိုး အမှိုက်သရိုက် ဒိုက်သရောတို့ကို ဆယ်တင်ရမည်ဆိုပါက လူဆယ်ယောက်လောက် အင်အား နှင့် တစ်မနက်လောက်တော့ လုပ်အားပေးရမည်ထင်ပါသည်။

ပွဲတော်ရက်မို့လားမသိ ကြာဖြူ ကန်အနီးတစ်ဝိုက်တွင် လူသူကင်းရှင်း၍ နေပါသည်။ ရွာထဲမှနေ၍ ကျိုက်ဒေးအပ်ဘုရားသို့သွားသည့်လမ်းနှင့် ကြာဖြူကန်သို့ သွားသည့်လမ်းက



www.burmeseclassic.com

www.burmeseclassic.com

အတန်ငယ်ကွာလှမ်းနေပြီး ကြားထဲတွင်. . . သရက်တောကြီး တစ်ခုက ဆီးကာ၍နေပါသည်။

နန်းဝေက လေးငါးဆယ်ကြိမ်မျှ ဗေဒါပင်နွယ်ပင်များကို ဆယ်တင်၍အပြီးတွင် အနည်းငယ်မောပမ်းသွားသည့်အတွက်. . . တံတားပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချ လိုက်ပါသည်။

"ပင်ပန်းသွားပြီလား မောင်"

ဘယ်အချိန်က သူ့နောက်နားသို့ ရောက်လာသည် မသိသော. . . မြတ်လေး ငုံ၏အသံကြောင့် နန်းဝေအလန့်တကြားနှင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်ပါသည်။

"ဟင်. . . မြတ်လေးငုံရယ်"

မြတ်လေးငုံက အဝါနုရောင် ပိုးလက်ရှည်အကျီလေးနှင့် ပန်းနုရောင် လီမွှော် ရောင် ရောယှက်ထားသည့် ချိတ်ထမီလေးကို ဝတ်ဆင်၍ထားပါသည်။ မျက်နှာပေါ်တွင် ဘာအလိမ်းအချယ်အသမှ မရှိသော်လည်း ပြောင်စင်ဝင်းမွတ်နေသော အသားအရေ ပေါ်က စိုစိုရွှရွှ ဖူးဖူးနီနီ နှုတ်ခမ်းလေးတစ်စုံ စိမ်းစိမ်းမှောင်မှောင် မျက်ခုံးများအောက်က ရှည်လျားကော့ပျံနေသည့် မျက်တောင်ကြီးများနှင့် ရွှန်းရွှန်းလက်လက် မျက်နက် ဝန်းလေးတစ်စုံ အို တကယ့်ကို ကြွေသားဖြင့်ထုဆစ်ထားသည့် ယမင်းရုပ်ကလေးနှယ် လှပလွန်း လှပါသည်။

နက်မှောင်နေသည့် ပိတုန်းရောင်ဆံပင်ရှည်ကြီးများကလည်း တန်ရေပြင် ပေါ်ကို ဖြတ်တိုက်လာသည့် လေနုအေးကြောင့် ဘယ်ညာ လှုပ်ရမ်း၍နေပါသည်။





မြတ်လေးငုံက နန်းဝေ၏နံဘေးတွင်ဝင်၍ ထိုင်လိုက်ပါသည်။

"လွမ်းလိုက်တာ မောင်ရယ်"

"နှစ်တွေအကြာကြီးခွဲနေကြရတုန်းက လွမ်းခဲ့တာနဲ့ အခု မောင်နဲ့ ပြန်တွေ့ကြ ပြီးမှ လွမ်းရတာ မတူဘူးမောင်ရယ်။ ဟိုတုန်း ကတော့. . . ဒီကစ်သက်မှာ အပြီးဟိုင်ခွဲကြ ရပြီဆိုတဲ့အသိနဲ့ စိတ်ကို ဒုန်းဒုန်းချပြီး လွမ်းရတဲ့ အလွမ်း၊ ခုကျတော့ မောင်နဲ့လည်း ပြန်တွေ့ရပြီ၊ ကျွန်မနဲ့မောင် ပြန်ပြီး ပေါင်းကြရဖို့လည်း အခွင့်အလမ်းကလည်းရှိလာပြီ၊ အဲဒီအချိန်ကိုရောက်ကာမှ မောင်နဲ့ တစ်ရက် တစ်မနက် တစ်စက္ကန့်တောင်မှ ပြန်ပြီး မခွဲနိုင်တော့ဘူး မောင်ရယ်"

မြတ်လေးငုံက. . . နန်းဝေ၏ ပခုံးစွန်းကိုမှီနွဲ့ကာ ပြောလိုက် ပါသည်။ ခုအချိန် ထိတောင် နန်းဝေမှာ ဘာစကားမှ ပြန်မပြောနိုင်ခဲ့ပါ။

"ဟိုတလောက ပြဒါးရှင်ဘုရားမှာ တို့ကိုချိန်းထားပြီးတော့ မြတ်လေးငုံ မလာနိုင်ခဲ့ဘူးနော်"

"ဟုတ်တယ် မောင်၊ အဲဒီနေ့ မတိုင်ခင်တစ်ရက်ကလည်း အဘိုးက ခိုင်းလို့ ခရီးသွားရသေးတယ်"

"ဘယ်ကိုလဲဟင်"

"နေရာအနှံ့ပဲ မောင်"

"ဘာလုပ်ဖို့ သွားရတာလဲဟင်"

"အဟင်း. . . ဟင်းဟင်း"

မြတ်လေးငုံက တိုးတိုးညင်းညင်းနှင့် ရယ်မောလိုက်သည်။

"ဘာကိုရယ်တာလဲ မြတ်လေးငုံရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . မောင်က. . . ဟိုတုန်းကအတိုင်းပဲ အမေးအမြန်းထူလွန်းလို့ပါ၊ ပြီးတော့ သဝန်လည်းအရမ်းတိုတတ်တာပဲ"

"ဗျာ"

"ဟုတ်တယ်မောင်ရဲ့. . . အင်းဝနဲ့ အမရပူရမှာဆိုရင် အဲဒီတုန်းက ကျွန်မ ကိုကြိုက်တဲ့လူတွေက အများသားလား"

"ဟုတ်မှာပေါ့. . . မြတ်လေးငုံက. . . အရမ်းလှတာကိုး"

"မောင်"

"ဘာလဲ မြတ်လေးငုံ"

"ကျွန်မကို ဟိုးတုန်းကအတိုင်း အငုံလို့ပဲခေါ်ပါလား မောင်ရယ်"

နန်းဝေက ခေါင်းတဆတ်ဆတ်ညိတ်၍ ပြလိုက်ပါသည်။

"[illegible]ဝတီသာက နတ်သက်တမ်းနဲ့ဆိုရင်တောင် ဘာမှမကြာလိုက်တဲ့ အချိန်ကာလလေးလို့ ဆိုရပေမယ့် လူ့ပြည်က လူတွေရဲ့သက်တမ်းနဲ့ တွက်လိုက်မယ် ဆိုရင်တော့ နှစ်ပေါင်း (၁၃၀)ကျော်ခဲ့ပြီပေါ့မောင်"

"၁၃၀ . . . ဟုတ်လား အငုံ"

"ဟုတ်ပါ့ မောင်၊ မောင်နဲ့ ကျွန်မ စပြီးတွေ့ခဲ့ကြတာ အခုဆိုရင် နှစ်ပေါင်း ၁၃၀ ရှိသွားပြီလေ"

နန်းဝေ၏ ဦးခေါင်းထဲတွင် ရှုပ်ထွေးမွေလီကာ မူးမိုက်လုမတတ် ခံစား၍သွား ရပါသည်။

"တစ်နေ့မှာပေါ့. . . မောင်ရယ် ကျွန်မက အင်းဝကနေ အမရပူရကို အမေတို့နဲ့အတူ ဈေးဝယ်လာရင်း. . . မောင်ကလည်း ရွှေညိုရောင် မြင်းကြီးကိုစီးပြီး ရဲမက်လေး ငါးယောက်နဲ့အတူ ဖြတ်သွားရာက တစ်ယောက်နဲ့တစ်ယောက် မြင်တွေ့သွားကြပြီး မေတ္တာမျှသွားကြတယ် ဆိုပါတော့ မောင် . .

အဲဒီတုန်းက . . . ကျွန်မက ဆယ့်ခုနှစ်နှစ်သမီးပဲ ရှိသေးတယ် မောင်ရဲ့၊ မထူးလှပါဘူးလေ. . . မောင်ကလည်း အသက် (၂၀)ပဲ ရှိသေးတဲ့ မင်းပျိုမင်းလွင် လေးပဲဥစ္စာ"

"ဒါ. . . ဒါဆိုရင် ခု. . . အငုံ့အသက်က ဘယ်လောက်ရှိပြီလဲ ဟင်"

"အင်း . . ကျွန်မက မြန်မာသက္ကရာဇ် ၁၁၈၁ ခုဖွားဆိုတော့ ခု ကျွန်မ အသက်က ၁၄၇ နှစ်ရှိပြီပေါ့မောင်"

"ဘာရယ်. . . ဘယ်လို . . . ၁၄၇ နှစ် ဟုတ်[illegible]း"

နန်းဝေက အံ့သြတကြီး အထိတ်တလန့်နှင့် မေးလိုက်ပါသည်။

"ဟုတ်တယ်လေ မောင် ကျွန်မကို မွေးဖွားတဲ့ခုနှစ်ကစပြီး တစ်ဆက်တစ်စပ် တည်း ရေတွက်လိုက်မယ်ဆိုရင် ခုမြန်မာလို ၁၃၂၈ ခုနှစ်ဆိုတော့ ကျွန်မရဲ့အသက် က ၁၄၇ နှစ်ရှိပြီလေ"

မြတ်လေးငုံ၏စကားတွေက တကယ်အစစ်အမှန်တွေပဲလား၊ စိတ်ကူးယဉ် ပုံပြင်တစ်ခုပေပဲလားမသိပါ၊ နန်းဝေ၏ ခေါင်းထဲမှာတော့ ထွေပြားဝေဝါး၍နေပါသည်။

"ဒါနဲ့ စောစောက တို့နဲ့ အငုံနဲ့ အမရပူရဈေးတ[illegible] ထဲမှာတွေ့ပြီးတော့ နောက်ပိုင်း ဘာတွေဆက်ဖြစ်သေးလဲဟင်"





www.burmeseclassic.com

www.burmeseclassic.com


"အင်းဝကို ပြန်တဲ့အခါ. . . ကျွန်မတို့ လှည်းတန်းကြီးနောက်ကနေ မောင်. . . ပါလာတယ်လေ၊ လှည်းနောက်ပြီးမှာ ခြေတန်းလန်းချပြီး လိုက်လာတဲ့ ကျွန်မကို နောက်ကနေ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလိုက်တာများ ဟိုးတလောတုန်းက ရွှေတိဂုံဘုရားရင်ပြင်ပေါ်မှာ ကျွန်မကို ကြည့်နေတဲ့အတိုင်းပဲသိလား . .

လှည်းပေါ်မှာ အမေနဲ့အတူ အရီးတို့ အစ်မတို့လည်း ပါလာလို့ ကျွန်မက မောင့်မျက်နှာကို ဟစ်ချက်တစ်ချက်မှာပဲ ခိုးပြီးကြည့်မိပေမယ့် ကျွန်မသိတယ်၊ မောင်က တစ်ချိန်လုံးပဲ . . . ကျွန်မကိုကြည့်ရင်း လိုက်လာခဲ့တာလေ၊ အမရပူရမှာတုန်းက မောင်နဲ့အတူ တွေ့ရတဲ့ ရဲမက်တွေကိုတော့ မတွေ့ရတော့ဘူး. . . မောင်က သူတို့ကို ထားခဲ့တာနေမှာပေါ့ . .

အဲဒီလိုနဲ့. . . အင်းဝကို ပြန်ရောက်လို့ ကျွန်မတို့ခြံဝိုင်းကြီးထဲကို ဝင်သွားတဲ့ အခါ မောင်က. . . ကျွန်မတို့အိမ်ကို လွန်သွားရုံ မြင်းကိုစီးပြီး . . . ပြန်လှည့်လာတာကို ကျွန်မတွေ့ရတာပေါ့၊ ကျွန်မတို့ အိမ်ဟုတ်မဟုတ် သေချာအောင် လေ့လာတဲ့ သဘောနေမှာပေါ့၊ ကျွန်မတို့အိမ်က အလုပ်သမားတွေက လှည်းပေါ်ကပစ္စည်း တွေကိုဝိုင်းကူချ နေတုန်းမှာ မောင်က မြင်းကြီးကိုဇက်သပ်ပြီး အိမ်ဝိုင်းပေါက်ဝကနေ အားမနာပါးမနာ ရပ်ကြည့်နေတာများ အသည်းယားဖို့ ကောင်းလိုက်တာလေ . .

အဲဒီတုန်းက ကျွန်မရဲ့အစ်ကိုကြီးနဲ့ အစ်ကိုလေးတို့ အိမ်မှာမရှိကြလို့သာပေါ့ သူတို့ကကျွန်မကို သိပ်ချစ်ကြတာ မောင်၊ ဘယ်သူ့စိမ်း ယောကျာ်းလေးကမှ ကျွန်မကို [illegible]ကြည့်တာ မကြိုက်ကြဘူးလေ၊ မတော်လို့များ သူတို့ပြန်ရောက်လာပြီး မောင့်ကို အဲဒီလိုအမူအရာမျိုးနဲ့ တွေ့လိုက်ရင် ကျိန်းသေ အချင်းများကြမှာ မောင်ရဲ့ . .

ခဏနေတော့ မောင်က မြင်းပေါ်ကနေ ကျွန်မကို ပြုံးပြတယ်၊ ပြီးတော့ ပြန်တော့မယ်ဆိုတဲ့သဘောနဲ့ ခေါင်းလေး တစ်ချက်ညိတ်ပြပြီး မြင်းကို ဒုန်းစိုင်းပြီး ပြန်သွားပါလေရော၊ အဲဒီတော့မှာပဲ ကျွန်မလည်း သက်ပြင်းချနိုင်တော့တယ်. . . အဲဒီတုန်းက မောင့်ကို မြင်သာတဲ့အထိ မျက်စိတဆုံးကြည့်ပြီး ရင်တွေတလှပ်လှပ် ခုန်အောင်ခံစားရင်း ကျန်ရစ်ခဲ့တဲ့ ကျွန်မကို အရီးရွှေအစ်က. .

"ဟွန်း . . . လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကားတဲ့ ဘယ့်အမျိုး ဘယ်အနွယ် ဘယ်သူ့သားသမီးလည်း မသိပါဘူးတော်. . . အမရပူရမှာကတည်းက သူများတကာလှည်းနောက်တနေ တကောက်ကောက်လိုက်လာလိုလာ၊ ခုလည်း အိမ်ပေါက်ဝအထိ တကောက်ကောက်ပါအောင် လိုက်လာပြီး သူများသားသမီးကို စားမတတ် ဝါးမတတ်နဲ့ အကြည့်ကလည်း ရဲတင်းလိုက်ပါဘိသနဲ့။ ဒီကြားထဲ အိမ်ကဟာမကလည်း အပျိုလေးတဲ့တော် ဣန္ဒြေကိုမရဘူး၊ တောင်သမန်အင်းထဲက ငဖျင်းသလက်ကို ကုန်းပေါ်ပစ်တင်လိုက်သလို ဖျတ်ဖျတ်ကို လူးနေတာပဲဆိုပြီး ဘူလိုက် မာန်လိုက်တာလေ မပြောပါနဲ့တော့ ခုနေပြန် တွေးကြည့်လိုက်ရင် မနေ့တစ်နေ့ကလိုပဲ ထင်ရတယ်သိလား အပဟင်းဟင်း"

"နောက်တော့ ဘာတွေဆက်ဖြစ်သေးလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း နောက်တော့ မောင်နဲ့ကျွန်မတို့ အဆင်ပြေသွားကြပါတယ်၊ အဆင်ပြေချင်တော့လည်း အဲဒီ အရိုးရှေ့အစ်ကြောင့်ပဲလေ၊ မောင်က မောင့်မိဘတွေ ကိုလွှတ်ပြီး အင်းဝမြို့ဝန်မင်းကို အကူအညီတောင်းတယ်။ အင်းဝမြို့ဝန်မင်းက အဘတို့ အမေတို့ကို အကျိုးအကြောင်း လာပြောပြတယ်။ မောင်က ကျွန်မတို့အိမ်ကို ဝင်ချင်ထွက်ချင်လို့ လူကြီးတွေဆီမှာ ခွင့်တောင်းပါသတဲ့လေ. . .

ဒီတော့မှ မောင့်ဖခမည်းတော်က ကျွန်းလှမြို့စားမင်းသေနတ်ဝန်နေမျိုး ဗလမင်းထင်ဆိုတာကို သိရပြီး မောင့်မယ်တော်ခင်လေးကြီးနဲ့ အရိုးရှေ့အစ်တို့က စစ်ကိုင်းကဝါးချက်ရွာမှာ အတူတူကြီးပြင်းခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေဆိုတာကို သိရ တယ်လေ၊ ပြီးတော့ မောင်က အမရပူရမြို့ကို တည်ခဲ့တဲ့ ပဒုံမင်းလို့ ခေါ်တဲ့ ဘိုးတော်ဘုရားရဲ့မြစ် ဖန်နန်းရှင်စစ်ကိုင်းမင်း ဘကြီးတော်နဲ့ ဆင်ဖြူမယ်တို့ ကမွေးတဲ့ ညောင်ရမ်း မြို့စား စကြာမင်းသားလေးရဲ့ ကိုယ်ရံတော်တပ်က ဗိုလ်မင်းနေလရောင်ဖြစ်နေတာကိုး . .

အရိုးရှေ့အစ်တို့များ ပြောပါတယ် စောစောတုန်းကတော့ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ပုံစံမျိုးနဲ့ ဆူလိုက်ပူလိုက် မကျေမနပ်နဲ့ မိုးမီးလောင်တော့မတတ် ပြောဆိုခဲ့ပြီး သဘောတူမယ့်တူပြန်တော့လည်း သူတို့ရဲ့တစ်ဦးတည်းသော ညီမလေးက အသက် ငယ်သေးလို့ တစ်ကြောင်း၊ ပြီးတော့ မောင့်လို ဗိုလ်မင်းအငယ်စားလေးမပြောနဲ့ ဘဝရှင်မင်းတရားကြီးက တော်ကောက်တယ်ဆိုရင်တောင် သဘောမတူနိုင်ပါဘူးလို့ ပြောဆိုတန့်ကွက်နေကြတဲ့ အစ်ကိုနှစ်ယောက်ကို သူက





ဖျောင်းဖျ နားချပြီး. . . အစ်ကိုနှစ် ယောက်က ဘော်ကြိုဘုရားပွဲကို သွားချင်တယ်လို့ ပြောခဲ့တာကို အရင်တုန်းကသူပဲ တားခဲ့ပြီး ခုကျတော့ သူကပဲ လိုလိုချင်ချင်နဲ့ တစ်ယောက်ကို ငွေဒင်္ဂါးတစ်ရာစီတောင် ပေးပြီး လွှတ်လိုက်သတဲ့ မောင်"

သူတို့စကားပြောနေစဉ် မလှမ်းမကမ်းရှိ လှည်းလမ်းမှနေ၍ ထင်းလှည်းတစ်စီး ဖြတ်၍ မောင်းသွားပါသည်။ နေက ကျိုက်ဒေးအပ်စေတီတော်၏ နောက်ဘက်က တောတန်းပေါ်တွင် မေးတင်၍နေပါပြီ။

"တိုတိုပြောပါရစေတော့မောင်၊ မောင်နဲ့ကျွန်မတို့ ချစ်သက်တမ်း နှစ်နှစ်ပြည့် တဲ့အခါ မောင်ကလည်း စကြာမင်းလေးရဲ့ ကိုယ်ရံတော် ဗိုလ်မှူးအဆင့်ကို တိုးမြှင့်တာဝန် ထမ်းဆောင်ရတဲ့နှစ်မှာ မောင်နဲ့ကျွန်မကို ထိမ်းမြားလက်ထပ်ပေးဖို့ စီစဉ်ခဲ့ကြတယ်လေ"

စကားကောင်းပြောနေရင်းမှ မြတ်လေးငုံ၏ အသံက ဆို့နစ်တိမ်ဝင်၍သွားပါသည်။

နန်းဝေက မြတ်လေးငုံ၏ မျက်နှာလေးကို ကြည့်လိုက်သည့်အခါမှာတော့ မျက်ရည်များက ဖြူနုနုပါးပြင်လေးပေါ်သို့ လိမ့်ဆင်းကျလာသည်ကို တွေ့လိုက်ရပါသည်။

"ဘာဖြစ်လို့ ငိုရတာလဲ အငုံရယ်၊ ဒီလောက်ရှုပဲ အတောင်းကြီး ရှိနေသေးတဲ့ဟာကို"

"ငိုရမယ့်အခန်းကိုရောက်လို့ ငိုမိတာပါတွယ်၊ မောင်နဲ့ ကျွန်မငိုတာကို အခုမှတွေ့ရတာကိုး၊ တကယ်တော့ ကျွန်မငိုခဲ့တာ နှစ်ပေါင်း ၁၃၀ ကျော်ခဲ့ပါပြီမောင်၊ မှတ်မှတ်ရရ မောင်နဲ့ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်တဲ့နေ့ တိတိကျကျပြောရရင် မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့် တန်ခူးလဆန်း ၆ ရက်နေ့ပေါ့ . .

ဘာမှ မကြာလိုက်ပါဘူးမောင်ရယ် မောင်နဲ့ကျွန်မ ပေါင်းကြရလို့မှ ငါးရက်ပဲ ရှိသေးတယ် သကြံန်အကြိုနေ့ကြီးမှာ သာယာဝတီမင်းက သူ့ကိုတော်လှန်ပုန်ကန်ဖို့ ကြံတယ်ဆိုပြီး စကြာမင်းသားလေးကို ဖမ်းဆီးခဲ့တယ်လေ။ ပင်စည်ကိုလှဲတော့ အကိုင်း ထင်းဖြစ်ရတယ်ဆိုသလိုပဲ မောင့်ကိုလည်း ဖမ်းဆီးခဲ့တယ် . .

အဲ . . တန်ခူးလပြည့်ကျော် ၆ရက်နေ့မှာတော့ စကြာမင်းသားလေးကို ကတ္တီပါရွှေအိတ်နဲ့စွပ်ပြီး ရွှေကြက်ယက်ဘုရားနဲ့ မနီးမဝေး ရောဝတီမြစ်ဆိပ်မှာ ရေချပြီး ကွပ်မျက်ခဲ့တယ်မောင်၊ အဲဒီနေ့မှာပဲ မောင့်ကိုလည်း . . မောင့်ကိုလည်း အင့် အဟင့် ဟင့် ဟင့်"

မြတ်လေးငုံက စကားကိုဆုံးအောင် မပြောနိုင်ဘဲ တအင့်အင့်နှင့် ငိုချလိုက်ပါသည်။

နန်းဝေက မြတ်လေးငုံ၏ ပခုံးကို အသာဖက်၍ နှစ်သိမ့်လိုက်ပါသည်။

"မငိုပါနဲ့အငုံရယ် . . . အငုံပြောခဲ့တဲ့ဇာတ်လမ်းဟာ တကယ်ဆိုရင်လည်း . . . ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က ဖြစ်ပျက်ခဲ့ပြီးပြီလေကွယ်"

မြတ်လေးငုံက နန်းဝေ၏ ပခုံးနှစ်ဖက်ကို သိုင်း၍ဖက်ကာ နန်းဝေ၏ မျက်နှာကို မျက်ရည်တွေအရွှဲသားနှင့် မော့ကြည့်လိုက်ပါသည်။

"ကျွန်မအတွက်ကတော့ နှစ်တစ်ရာကျော်ခဲ့ပေမယ့် မနေ့





တစ်နေ့ကလိုပဲ ခံစားနေရပါတယ်မောင်၊ ချစ်လို့မှမဝ ကြင်နာလို့မှမဝ ပေါင်းကြရလို့မှမဝသေးတဲ့အချိန်လေး မှာ ခုလိုမျိုး ကိုယ့်ချစ်သူနဲ့ သေကွဲကွဲလိုက်ရတော့ ဘယ်လိုလုပ်ပြီးဖြေလို့ရပါ့မလဲ မောင်"

"မောင့်ကို လူသတ်ကုန်းမှာ ကွပ်မျက်တဲ့အချိန်မှာပဲ ကျွန်မလည်း ခေါင်းဆေး ကျွန်းထိပ် ရောဝတီမြစ်ဆိပ်မှာ ကိုယ့်ကိုကိုယ် အဆုံးစီရင်ခဲ့တယ် မောင်"

"ဖြစ်ရလေတယ် အငုံရယ်"

နန်းဝေက မြတ်လေးငုံ၏ ကိုယ်လုံးကလေးကို သနားကြင်နာစွာ ထွေးဖက်၍ ထားလိုက်ပါသည်။

"မောင်မရှိမှတော့ ကျွန်မဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာတဲ့လဲ မောင်၊ မောင်ရှိလို့သာ မြတ်လေးငုံဆိုတဲ့ ကျွန်မရှိနေတာပါ မောင်ရယ်"

"ရောဝတီမြစ်ထဲမှာ စုံးစုံးမြုပ်ပြီး အသက်ရှူမွန်းကျပ်ရင်တစ်ခုလုံး ပေါက်ကွဲမတတ်ဖြစ်နေချိန်မှာပဲ ပထမဦးအောင်အမိန့်နဲ့ အဘိုးက ကျွန်မကို လာခေါ်သွား ခဲ့တယ် မောင်၊ ခုအချိန်မှာတော့ . . . ကျွန်မက အဘိုးခိုင်းတဲ့အတိုင်း သာသနာပြု အလုပ်တွေကို လုပ်ပေးနေရပါတယ် မောင်၊ ကျွန်မတို့ မြန်မာနိုင်ငံမှာ ဝိဇ္ဇာမယ သမထပညာစခန်းနဲ့ သက်ဆိုင်တဲ့ မဟာနဝင်းတော်ကြီးကိုးပါးဆိုတာ ရှိတယ်မောင်"

"မဟာနဝင်းတော်ကြီးကိုးပါး ဟုတ်လား အငုံ"

နန်းဝေက သူမကြားဖူးသည့်ကိစ္စမို့ အထူးအဆန်းအနေနှင့် မေးကြည့်လိုက်ပါသည်။

"ဟုတ်တယ် မောင်၊ အဲဒါတွေကတော့ . .



www.burmeseclassic.com

www.burmeseclassic.com



ဆံတော်ရှင် စေတီတော်ကြီး ကိုးဆူ၊ ရုပ်ပွားတော်ကြီး ကိုးဆူ၊ တောင် တော်ကြီး ကိုးတောင်၊ ရေအိုင်တော်ကြီး ကိုးအိုင်၊ ကုန်းသိုက်ကြီး ကိုးသိုက်၊ ရေသိုက်ကြီး ကိုးသိုက်၊ အာကာသ သိုက်ကြီး ကိုးသိုက်၊ သိုက်ဝင်ဆေးပင်ကြီး ကိုးပင်နဲ့ နဝင်း အတွင်းစခန်းကြီး ကိုးစခန်း ဆိုတာပဲ မောင် . .

ကျွန်မက အဲဒီမဟာနဝင်းတော်ကြီးကိုးပါးထဲမှာ အပါအဝင်ဖြစ်တဲ့ ရေသိုက် ကြီးကိုးသိုက်ကို လှည့်ပြီးစောင့်ရှောက်ရတယ် မောင်ရဲ့"

မြတ်လေးငုံ၏စကားများကြောင့် နန်းဝေတစ်ယောက် မူးနောက်ရီဝေ၍ပင် လာပါသည်။ သူ့ဦးနှောက်ထဲတွင် ဤဖြစ်ရပ်များမှာ တကယ်ပင် ဟုတ်နိုင် မဟုတ်နိုင်ကို ဒွိဟ သံသယပွား၍ နေပါသည်။

"ကျွန်မလေ . . . မောင့်ကိုတွေ့ချင်လွန်းလို့ မောင် ဘယ်ဘဝ ကို ရောက်နေလဲဆိုတာကို သိချင်လွန်းလို့ အဘိုးဆီက အခွင့်ရသခိုက်မှာ နေရာအနှံ့ရှာမိပါရဲ့။ ဒါပေမယ့်လည်း ဘယ်မှာမှ မတွေ့ရပါဘူးလေ"

"ကိုယ့်ရဲ့ စရဏအားကလည်း နည်းပါးလေတော့ နှစ်ပေါင်း ဟစ်ရာကျော် ခွဲခွာခဲ့ရတဲ့မောင့်ကို ဘယ်ဘုံဘယ်ဘဝမှာ ဘာဖြစ်နေတယ် ဆိုတာကို ဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့လဲ မောင်ရယ် . .

အဲ . . ကျွန်မခံစားနေရတဲ့ ဒုက္ခတွေနဲ့ ဘဝဖြစ်စဉ်ကို သိနေတဲ့ အဘိုးက ကျွန်မကို မောင်နဲ့ပြန်တွေ့ချင်ရင် ဆံတော်ရှင် စေတီတော်ကြီး ကိုးဆူမှာသွားပြီး တစ်ဆူကိုလေးလစီ ဝိပဿနာအလုပ်ကို သုံးနှစ်တိတိ အားထုတ်ရမယ်လို့ အမိန့်ရှိခဲ့တယ်မောင် . .





အဘိုး ညွှန်ပြအမိန့်ရှိတဲ့အတိုင်း ဆံတော်ရှင် စေတီတော်ကြီး ကိုးဆူထဲက ပထမဆုံး . .

မော်တင်စွန်းစေတီတော်မှာ လေးလ၊ ဇွဲကပင်စေတီတော်မှာ လေးလ၊ ဇင်းကျိုက်စေတီတော်မှာ လေးလ၊ ကေလာသစေတီတော်မှာ လေးလ၊ ကျိုက်ထီးရိုး စေတီတော်မှာ လေးလ၊ ပြည်ရွှေဆံတော်မှာ လေးလ၊ တွံတေးရွှေဆံတော်မှာ လေးလ၊ ရန်ကုန် ဗိုလ်တစ်ထောင် စေတီတော်မှာ လေးလနဲ့ နောက်ဆုံး ရွှေတိဂုံစေတီတော်မှာ လေးလ ဝိပဿနာကမ္မဋ္ဌာန်း တရားတွေကို ပွားများအားထုတ်ခဲ့ရပါတယ် မောင် . .

အဲ . . . နောက်ဆုံးမှာတော့ အဘိုးအမိန့်ရှိတဲ့အတိုင်းပဲ သုံးနှစ်တင်းတင်း ပြည့်တဲ့အခါမှာတော့ . . . ရွှေတိဂုံစေတီတော် ရင်ပြင်မှာ မောင်နဲ့ ပြန်ဆုံခဲ့ရတယ်လေ၊ ဗိုလ်တစ်ထောင်စေတီတော်မှာ တရားစခန်းဝင်တာ လေးလပြည့်လို့ ရွှေတိဂုံ စေတီတော်ကို ကူးတာနီးမှာ အဘိုးက ဘယ်လိုအမိန့်ရှိသလဲဆိုရင် . .

'ဝိပဿနာတရားတွေကို နှစ်နှစ်နဲ့ရှစ်လ ကျင့်ကြံအားထုတ် ပြီးတဲ့နောက် ငါ့မြေးမှာ သံသရာကိုလည်စေတဲ့ ပါပဥ္စတရားတွေ ကင်းစင်ပြီးလို့မှတ်ပါတယ်။ ဘဝဟောင်းက ခင်ပွန်းသည်အပေါ်မှာ ထားရှိတဲ့ သံယောဇဉ်တွေက ပိုပိုပြီးကြီးထွားလာ ပါလားကွယ်' တဲ့ . .

ငါ့မြေးရဲ့ ကိုယ့်ချစ်သူအပေါ်မှာထားရှိတဲ့ သဒ္ဒါစိတ် မေတ္တာစိတ်တွေနဲ့ သံယောဇဉ်တရားကို အဘိုးက စာနာသနားမိတဲ့ အတွက် ရွှေတိဂုံစေတီတော်ကို ရောက်တဲ့နေ့မှာ ငါ့မြေး၊ ငါ့မြေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို အဘိုးတွေ့ခွင့်ပေးမတဲ့လေ . .

အမယ်လေး မောင်ရယ် 'ကျွန်မဖြင့်ဝမ်းသာလိုက်တာမှ ပြောမပြတတ် အောင်ပါပဲ၊ မေတ္တာရင်းမှန်တော့ မောင်နဲ့ကျွန်မ ပြန်ပြီး ဆုံကြရတာပဲ မဟုတ်လားမောင် ဟင် . . ဟင်လို့"

မြတ်လေးငုံက နန်းဝေ၏ပခုံးကို သူမ၏ပခုံးစွန်းလေးဖြင့် တွန်းတိုက်ကာ မေးလိုက်ပါသည်။

"ဟုတ် . . ဟုတ်ပါတယ် အငုံရယ်"

"ပြီးတော့ အဘိုးကပြောတယ် မောင်နဲ့ကျွန်မ ဟိုဘဝမှာတုန်းက လက်ထပ်ခဲ့တာ မောင့်အသက်ကနှစ်ဆယ့်နှစ်နှစ် ကျွန်မ အသက်က ဆယ့်ကိုးနှစ်ထဲကိုရောက်မှ မောင့်ကို ကျွန်မနဲ့အတူနေဖို့ ခေါ်ပေးမတဲ့လေ . .

မောင့်ကို နှစ်ပေါင်း ၁၃၀ကျော်တောင် စောင့်လာနိုင်ခဲ့ပြီးမှ ဒီလပိုင်း ရက်ပိုင်းလေးကို ကျော်လွှားဖို့စောင့်ရတာ ပင်ပန်းလိုက်တာ မောင်ရယ်"

သတင်းကျွတ်လပြည့်ည၏ ပြည့်ပြည့်ဝန်းဝန်း လမင်းကြီး၏ အရိပ်က ကန်ရေပြင်တွင် စွန်းထင်၍လာနေပါပြီ။

အိပ်တန်းပြန် ကျေးငှက်တွေ၏ အသံတွေကလည်း. . . ကြာဖြူကန်တစ်ဝိုက်တွင် ဆူညံ၍နေပါသည်။ အမှောင်ရိပ်က တဖြည်းဖြည်းနှင့် ကြီးစိုး၍လာနေပါပြီ။

လေညင်းကတသုန်သုန်နှင့် တိုက်ခတ်နေသလို ကြာပန်းတို့၏ သင်းပျံ့ပျံ့ ရနံ့ကလည်း ကြာဖြူကန်တစ်ဝိုက်တွင် ပျံ့နှံ့ကြိုင်လှိုင်နေပါ





သည်၊

သမိန်ထောရွာဘက်ဆီမှ ဆိုင်းသံ ဗုံသံ သီးချင်းသံများက တစ်ခါတစ်ခါလေ သင့်တိုင်း၊ ကြာဖြူကန်ဘက်ဆီသို့ ရောက်ရှိလာတတ်ပါသည်။

နန်းဝေနှင့်မြတ်လေးငုံတို့ နှစ်ယောက်သား ထိန်ထိန်သာနေသော လမင်းကြီး၏အောက်တွင် တစ်ယောက်ကိုတစ်ယောက်မှီ၍ ထိုင်ရင်း အတန်ကြာသည်အထိ စကားမပြောဖြစ်ကြပဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်၍နေကြပါသည်။

"ဟော . . . ဟိုမှာ မောင်တို့အိမ်က လူတွေလိုက်လာကြပြီ၊ ကျွန်မလည်း ပြန်လိုက်ဦးမယ်နော်မောင်၊ မနက်ဖြန် ညနေ ၆နာရီ လောက်ကို ပြဒါးရှင်ဘုရားမှာ မောင့်ကို ကျွန်မစောင့်နေမယ် ဆက်ဆက်လာခဲ့နော် မောင်"

နန်းဝေတို့ ခေါင်းကို သုံးလေးခါညိတ်၍ ပြလိုက်ပါသည်။

"ဟိုမှာ ဟိုမှာ မောင်လေးရယ်"

မယဉ်ညိုက. . . တံတားပေါ်တွင် ထိုင်၍နေသော နန်းဝေကို အရင်ဆုံးလှမ်း၍ မြင်တွေ့သွားပါသည်။

ရပ်ကွက်ထဲမှ လူလေးငါးဦးက ရေနံချေးဖြင့် ထွန်းညှိထားသည့် ဝါးမီးတုတ် ကြီးများကို ကိုင်သူကကိုင် လက်နှိပ်ဓါတ်မီး ထိုးသူကထိုးဖြင့် နန်းဝေ၏အနားသို့ ရောက်ရှိလာကြပါသည်။

"သားရယ် . . . ညနေသုံးနာရီလောက်ကတည်းက တစ်ယောက်တည်း ထွက်သွားလိုက်တာ မိုးချုပ်အထိပြန်မလာလို့



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ စိတ်ပူပြီး လိုက်လာခဲ့တာကွယ်၊ ဒီမှာတစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ အေးကလည်း အေးပါ ဘိသနဲ့ ပြီးတော့ နေကောင်းတာစပဲ ရှိသေးတာ ပြန်ပြီး ဖျားများဖျားနေရင် မခက်ပါလားကွယ်"

"ဟုတ်သားပဲ မောင်လေးကလည်း အိမ်ကလူတွေ စိတ်ပူအောင် တော်တော်လုပ်တာပဲ၊ အမေက အိမ်ကိုမိုးမချုပ်ခင် ပြန်လာမယ် ထင်တာ၊ တော်ပါသေးရဲ့ မင်း ပြန်မလာနိုင်လို့ ဟိုမေးဒီစမ်း လုပ်နေတုန်း ဦးအေးဦးစံခနဲ့တွေ့ပြီး မင်းကို ကြာဖြူကန်မှာ တစ်ယောက်တည်း ထိုင်နေတာကို ထင်းလှည်းတိုက်ပြီးပြန်အလာမှာ တွေ့ခဲ့မိ တယ်လို့ပြောမှ ဒီက ကိုသိန်းဖေတို့ ကိုထွန်းအောင်တို့ကို . . . အကူအညီတောင်းပြီး လိုက်လာရတာသိလား"

နန်းဝေက သူ့အမေကိုရော သူ့အစ်မကိုရော ရပ်ကွက်ထဲက လူတွေကိုရော တစ်ခါမှမမြင်ဘူးသလို ကြောင်တိကြောင်တောင်နှင့် ကြည့်နေပါသည်။

"ကဲ. . . ပြန်ကြရအောင်သား၊ သိပ်ပြီးမိုးချုပ်သွားလိမ့်မယ်၊ သားကလည်း နလန်ထကာစနဲ့ ဒီမှာ ကြာကြာနေလို့ မကောင်းဘူး"

နန်းဝေက ဘာမှပြန်မပြောပဲ သူ့အိမ်ကလူများနှင့်အတူ ပြန်လိုက်လာ ခဲ့ပါသည်။

သူတို့လူအုပ် ကြာဖြူကန်နှင့် ခပ်လှမ်းလှမ်းသို့အရောက် လှည်းလမ်း မဘေးရှိ လက်ပံပင်ကြီးပေါ်မှ ငှက်ဆိုးတစ်ကောင်၏ ဂစ်ခနဲ ဆွဲဆွဲငင်ငင်အော်သံ တစ်ချက်က ထွက်ပေါ်၍ ဓါလာပါသည်။





ဒေါ်အေးငြိမ်း နန်းဝေ၏ လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်းက ဘုရားစာများကို လမ်းတစ်လျှောက်လုံး ရွတ်ဆို၍ လာခဲ့ပါသည်။

အိမ်ကို ပြန်ရောက်တော့ နန်းဝေက ထွေထွေထူးထူး ဘာစကားမှ ပြောဆို ခြင်းမရှိဘဲ သူ့အိပ်ခန်းတွင်းသို့ဝင်၍ သွားပါသည်။

ဒေါ်အေးငြိမ်းနှင့် မယဉ်ညိုတို့နှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ကျန်ရစ်ခဲ့ကြပါသည်။

"သမီး"

ဒေါ်အေးငြိမ်းက မယဉ်ညိုကို ခပ်တိုးတိုးခေါ်လိုက်ပါသည်။

"ရှင်"

"သမီးမောင်ကို သမီးဘယ်လိုမြင်သလဲဟင်"

"တစ်ခုခုတော့ တစ်ခုခုထင်တာပဲ အမေရယ်၊ ဘာရယ်လို့သာ မပြောတတ်တာ"

"အမေတော့ သူ့မှာ ထားထားမဟုတ်ဘဲ တစ်ခြားမှာ ရည်းစားသနာရှိရင်ရှိ မရှိရင်တော့ အမှောင့်ပရောဂတစ်ခုခုများ ကပ်ငြိနေသလားပဲ သမီးရယ်၊ အမေ စိတ်တွေ လေးလိုက်တာ"

"ဗိုလ်ယောက်လည်း စိတ်ပူမနေပါနဲ့ အမေရယ် အဘိုးတစ်ယောက်လုံး ရှိနေတာပဲ၊ သူ့ကို အဘိုးဆီ ခေါ်သွားလိုက်ပါလား"

"ဟိုတလောကတည်းက အဖေ့ဆီသွားမလို့ဆိုပြီး သူ့ကို ခေါ်ဖူးတယ် သမီး ညည်းမောင်က ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ မလိုက်ဘူးတဲ့လေ"

"ဒါဆိုရင် ဒီလိုလုပ်ပါလားအမေ၊ ထားထားနဲ့ လက်ထပ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းဖို့ကိစ္စ လည်းရှိနေတာ အဘိုးလည်း ဒီကိုလာရမယ့် အတူတူ စောစောစီးစီးပဲ ကြိုတင်ပြီး အဘိုးကို သွားခေါ်ရအောင်လား"

"အင်း . . သမီးအကြံကောင်းတယ်၊ အဖေ့ကို အမြန်ဆုံး သွားခေါ်လာပြီး သမီးမောင်နဲ့ ပတ်သက်ပြီး ဘာတွေလုပ်သင့်တယ်၊ ဘာလုပ်ရမယ်ဆိုတာ အဖေ့ဆီက အကြံဉာဏ်တောင်းတာ ပိုကောင်းတယ်၊ မထူးပါဘူး သမီးရယ် မနက်ဖြန်ပဲ အမေ အဖေ့ဆီကို သွားလိုက်တော့မယ်"

"အမေနေပါ၊ သမီးပဲ အဘိုးဆီကို သွားလိုက်မယ်လေ"

"ရတယ်သမီ အမေပဲသွားလိုက်မယ်၊ အိမ်ကအလုပ်တွေက သမီးမှဖြစ်မှာ၊ ပြီးတော့ အစ်မနဲ့လည်း မတွေ့ရတာကြာတော့ ပြောစရာဆိုစရာလေးတွေလည်းရှိလို့ သမီးရယ် . .

အမေ ဒီကနေ့ မနက်ဖြန် မနက်စောစော (၆) နာရီလောက်ထွက်တဲ့ မော်တော်နဲ့ လိုက်သွားမယ်လေ၊ ဟိုမှာ ခဏတဖြုတ်နားနေစားသောက်ပြီးမှ နေ့လယ် နှစ်နာရီလောက်ထွက်တဲ့ မော်တော်နဲ့ အဖေ့ကို ခေါ်ပြီးပြန်လာခဲ့မယ်၊ ဒီကို မသကာ နောက်အကျဆုံး ညနေ ခြောက်နာရီလောက်ဆို ပြန်ရောက်ပြီပေါ့၊ ရေတက်နဲ့ တွေ့ရင် ဒီထက်တောင် စောပြီးရောက်ချင်ရောက်ဦးမယ်"

"နေ့ချင်းကြီး အသွားအပြန်ဆိုတော့ အမေပင်ပန်းမှာပေါ့"

"အမယ်လေး သမီးရယ် မော်တော်ပေါ်မှာ ထိုင်လိုက်သွားရတာပဲဥစ္စာ ဘာပင်ပန်းစရာရှိလို့လဲ"

"အင်းလေ . . . အမေ့သဘောပဲပေါ့"





ထိုညက သားအမိနှစ်ယောက် မနက်ဖြန်ကိစ္စကို နှန်းဝေ မကြားအောင် တိုးတိုးကြိတ်ကြိတ် တိုင်ပင်ရင်း အိပ်ရာဝင်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)
## မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူး မောင်ရယ်

ဒီကနေ့ သီတင်းကျွတ် မီးထွန်းပွဲတော် နောက်ဆုံးရက်မို့ တစ်ရွာလုံး ရုတ်ရုတ် သဲသဲဖြစ်၍နေပါသည်။ ယနေ့ည ရွာလယ်ကွင်းကြီးထဲတွင် ပုဏ္ဏားပုံ ဦးကျော်အေး၏တပည့် အင်္ဂပူဦးတိမ်ခိုး၏ ရုပ်သေးပွဲကပြမည်ဖြစ်ပါသည်။

နန်းဝေက ညနေ ငါးနာရီခန့်တွင် ရေမိုးချိုး အဝတ်အစားလဲလိုက်ပြီး အိမ်ပေါ်မှ ဆင်းမည်ပြုလိုက်ပါသည်။

"ဟဲ့ မောင်လေး ဒါက ဘယ်ကိုလဲ ဒီမှာ ထမင်းပွဲ ပြင်တော့မယ်





လေ"

"ဒီနားတင်ပါ မမညိုရဲ့"

"ဘာလဲ . . အမေ့ကို သွားကြိုမလို့လား"

"ဟုတ်ကဲ့၊ မမညို"

နန်းဝေက ချော်လဲရောထိုင်ဖြေလိုက်ပါသည်။

"ဒါဆိုရင် အပေါ်ကနေ ဆွယ်တာလေး ဘာလေး ထပ်ဝတ်သွားဦးလေ၊ ပြီးတော့ မာဖလာလေးပါ လည်ပင်းမှာ ပတ်သွားချေ၊ ဒီအချိန်ဆိုရင် ကန်နားမှာ လေကအရမ်းတိုက်တာ။ ပြီးတော့ ဆောင်းလည်းဝင်နေပြီ၊ အပြင်မှာ အေးတယ် မောင်လေးရဲ့ မင်းက မနေ့တစ်နေ့ကမှ နေမကောင်းဖြစ်ထားတာမဟုတ်လား"

မယဉ်ညိုက မောင်ဖြစ်သူကို ကလေးပိစိကွေးလေး အမှတ်ဖြင့် စိတ်မချစွာ ပြောဆိုရင်းက အင်္ကျီချိတ်မှ အဖြူနှင့် မီးခိုးရော ပ် ချိုင်းပြတ် သိုးမွှေးဆွယ်တာလေးနှင့် သက္ကလပ်အပြာကွက် မာဖလာ လေးကို ဖြုတ်၍ ပေးလိုက်ပါသည်။

နန်းဝေက သူ့အစ်မ မယဉ်ညို သဘောကျ ဆွယ်တာချိုင်းပြတ်လေးကို ရှပ်အင်္ကျီလက်ရှည်အဖြူပေါ်မှထပ်၍ ဝတ်လိုက်ပြီး သက္ကလပ်မာဖလာလေးကိုလည်း လည်ပင်းတွင် တစ်ပတ်ပတ်လိုက်ပါသည်။

"ကဲရပြီလား မမညို"

"အေးပါ၊ ငါက စိတ်ပူလို့ ပြောနေတာပါ"

"ရရင် သွားတော့မယ်နော်"

"အေး . . . အေး"



www.burmeseclassic.com

www.burmeseclassic.com

နန်းဝေက အစ်မဖြစ်သူကို နှုတ်ဆက်ခါ အိမ်မှ ထွက်လာခဲ့ပါသည်။

သူက အသိအကျွမ်းတွေနှင့် မတွေ့လိုသဖြင့် ရွာလယ်လမ်းမကြီးကို ကွင်းရှောင်ကာ ရွာစွန် မန်ကျည်းတန်းဘက်မှနေ၍ ပြဒါးရှင်ဘုရားဆီသို့ ဦးတည်လိုက်ပါသည်။

အပြင်ထွက်ခါနီး သူ့အစ်မနှင့် စကားပြောရ၊ အနွေးထည်ထပ်၍ဝတ်ရနှင့်မို့ အချိန်က ငါးနာရီခွဲခန့်ပင် ရောက်ရှိသွားပါပြီ။

ဘယ်သူနှင့်မှ မတွေ့ချင်ကာမှ ရွာစွန်လမ်းကျဉ်းလေးအတိုင်း ကြိမ်ခြင်းတောင်းကြီးတစ်လုံးကို ခေါင်းပေါ်တွင် ရွက်လာသည့် ဒေါ်အုန်းစိန်ဆိုသည့် မိန်းမကြီးနှင့် တည့်တည့်ကြီးပင်ဝင်၍ တိုးမိပါသည်။

ဒေါ်အုန်းစိန်ကြီးက သဘောလည်း အလွန်ကောင်းသလို စကားလည်း ဟလွန်းရှုည် အလွန်များသည့် မိန်းမကြီး . . .

"ဟဲ့ ဟိုသူငယ်လေး ဒါက ဘယ်ကိုတုံး"

"ကူးတို့ဆိပ်ကို သွားမလို့ပါ အရီးစိန်"

နန်းဝေက အဆင်ပြေဆုံးစကားကို ရွေးချယ်၍ ပြောလိုက်ခြင်းဖြစ်ပါသည်။

"ဘာလဲ မင်းအမေကို သွားကြိုမလို့လား၊ ဒါဆိုရင်တော့ အိမ်ကိုပဲ ပြန်တော့၊ ခုလောက်ဆိုရင် မင်းအမေ အိမ်ကိုတောင် ပြန်ရောက်လောက်ပြီ"

"ဗျာ"

"ဟုတ်တယ်သားရဲ့ အရီးနဲ့ မင်းအမေနဲ့ မော်တော်တစ်စီးတည်း





အတူစီးပြီး ပြန်လာကြတာလေ၊ အရီးက ရေကျော်ကွင်းက ပြန်လာတာ၊ မင်းအမေက တော်ကမယ်က တက်လာတာ၊ အမယ် မင်းအဘိုးဦးကြီးရွှေကြူးတောင်မှ ပါလာသေးတယ်၊ ဦးကြီးရွှေကြူးတို့များ ဘယ်ဘဝက ဆုတောင်းကောင်းခဲ့တယ် မသိပါဘူး ကွယ်၊ ခု အသက်(၈၁)နှစ်ဆိုတာ သူ့ပါးစပ်ကနေ ပြောလို့သာ ယုံလိုက်ရတယ်။(၇၀) ပျော့ပျော့လောက်ပဲရှိမယ် ထင်ရတယ်၊ ဒေါင်ဒေါင်ကို မြည်လို့ပဲပေါ့၊ ကမ်းပေါ်ကနေ မော်တော်ပေါ်ကို အဆင်းမယ် ကုန်းဘောင်ပေါ်မှာ မင်းအမေကို သူက ပြန်ပြီး တွဲခေါ်နေရသေးတယ်ကွဲ့၊ အဟင်း . . . ဟင်း၊ အစားအသောက်လည်း ကောင်းဆိုပဲ၊ မနက်ဘက် ထမင်းကြမ်းစားတာတောင် ဆန်တစ်လုံးချက်လောက်များ အသာလေးတဲ့ တော်ရေ့ . .

ဒါနသီလကလည်းကောင်း. . . အစားအသောက်ကလည်းကောင်းဆိုတော့ ကျန်းမာပေမပေါ့ လူလေးရယ်၊ အင်း . . ငါးကလည်း စကားကောင်းနေတာနဲ့ မင်းလည်း အိမ်ပြန်နောက် ကျရော့မယ်၊ ပြန်ပြန်၊ မြန်မြန်ပြန် ခုလိုနွားရိုင်းသွင်းချိန်မျိုးမှာ အပြင်ထွက်တာ သိပ်မကောင်းဘူးကွဲ့ လူလေးရဲ့"

"ဟုတ်ကဲ့ပါ အရီးစိန်"

"ဩော် ဒီမယ် မောင်နန်းဝေ မင်းဖနောင့်က ဖုံမှုန့်လေးကို လက်ညှိုးလေးနဲ့ယူပြီး နဖူးမှာတို့ပြီးမှ သွားနော်"

"ဟုတ်ကဲ့"

"အဲ . . ကိုယ့်အိမ်ကိုဝင်ကာနီးလို့ ခြံဝရောက်ရင်လည်း ပြကြေးကို ခြေထောက်နဲ့ ဘယ်ညာသုံးလေးချက်စီလောက် ဆောင့်၊



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ကလည်း ဖွဖက်၊ ဖွဖက်နဲ့ဆိုကြား လား"

"ဟုတ်ကဲ့ပါ အရီးစိန်"

"အဲဒါဆိုရင် အိမ်ထဲကို ကိုယ်နဲ့အတူ ကပ်မြှောင်ပြီး မထော်မကန်းဟာတွေ ဘာဘာညာညာ ပုဂ္ဂိုလ်တွေ တွယ်ကပ်ပြီး လိုက်မလာနိုင်တော့ဘူးကွဲ့"

"ဟုတ် . . . ဟုတ်ကဲ့ သွားတော့မယ်နော် အရီးစိန်"

မြတ်လေးငုံနှင့် ချိန်းဆိုထားသည့်အချိန်က ရောက်လာပြီမို့ နန်းဝေက ဒေါ်အုန်း စိန်ကြီး ပြောသမျှကို ဟုတ်ကဲ့၊ ဟုတ်ကဲ့နှင့် ခေါင်းကို အတွင်ညိတ် ထောက်ခံရင်း နေရာမှ အမြန်ဆုံးထွက်ခွာ၍ လာခဲ့ပါသည်။

"ဟွန်း . . ကာလသားသမီးများ ဘာမှ နားလည်မှုမရှိကြဘူးကိုး၊ ခေတ်ပညာလေး နည်းနည်းပါးပါးတတ်ပြီဆိုရင် မိရိုးဖလာ ယုံကြည်မှုတွေ၊ ရပ်ဓလေ့ ရွာဓလေ့ ရိုးရာဓလေ့တွေကို မယုံကြည် မလေးစား အလကားထင်ကုန်ကြရောပဲ၊ ရှေ့လျှောက် တော့ ဒီကလေး တွေနဲ့ ခက်ပါသေးရဲ့တော်"

ဒေါ်အုန်းစိန်တစ်ယောက် မကျေမနပ်နှင့် ပါးစပ်မှ တတွတ်တွတ် ပြောဆိုနေ ချိန်မှာတော့ နန်းဝေက ဟိုးအဝေးကြီးကို ရောက်သွားပြီဖြစ်ပါသည်။

မြဒါးရှင် ဘုရားပုရဝုဏ်ထဲကို ဝင်သွားသည်နှင့် မွှေးကြိုင် သင်းပျံ့သော ရနံ့တစ်ခုက ဆီးကြိုလိုက်ပါသည်။

မြဒါးရှင် ဘုရားမုခ်ဦးပေါက်ရှိ တံခွန်တိုင်ကြီး၏ ပတ်ပတ်လည် မှာတော့ စံပယ်ကြက်ရုံးပင်များက ချုံတောကြီးဖြစ်အောင် ပေါက်ရောက်





၍နေပါသည်။

"မောင်"

"ဟင် . . . အငုံ"

"မောင်လာတော့မယ်မှန်းသိလို့ ကျွန်မတို့ ဒီနေရာကနေ လာစောင့်နေကြတာ"

"ကျွန်မတို့ ဟုတ်လား"

"ဟုတ်တယ် မောင်၊ ကျွန်မနဲ့ အဖော်နှစ်ယောက်ပါသေးတယ်၊ ခုနလေးမှ ကမ်းခြေဘက်ကိုဆင်းတဲ့ စောင်းတန်းထိပ်ကို ထွက်သွားကြတာ မောင်ရဲ့"

နန်းဝေက သွှဖိနပ်လေးကို ဘုရားအဝင်မုခ်ပေါက်ဝ၌ ချွတ်ထားခဲ့ပြီး မြတ်လေးငုံနှင့်အတူ ပင်လယ်ပြင်ကြီးဘက်က ယင်ပြင်ဆီသို့ လျှောက်လာခဲ့ကြပါသည်။

ခုမှပင် နန်းဝေက မြတ်လေးငုံ၏ အဝတ်အစားများကို သေသေ ချာချာ သတိပြုမိ၍ သွားပါသည်။

မြတ်လေးငုံက နန်းတွင်းသူတစ်ယောက်၏ အဝတ်အစားဟု ပြောရမည်လား၊ဇာတ်ပွဲထဲက မင်းသမီးဝတ်သည့် အဝတ်အစားဟု ပြောရမည်လားမသိ ထိုင်မသိမ်းပိုး အကျီလက်ရှည်ဖြူဖြူဆွတ်ဆွတ်နှင့် အဖြူပေါ်တွင် ပန်းနုရောင် ချိတ်ထမီကို ဝတ်ဆင် ထားပြီး၊ ရင်စည်း၏ အပေါ်ဘက် ရင်ညွှန့်အထက်မှာတော့ အနီရောင် အဖြူရောင် အပြာရောင်စသည့် ကျောက်မျက်ရတနာ ရောင်စုံလည်ဆွဲများကို ဆွဲဝတ်ဆင်၍ ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန့်ထဘီခေါ် ထိုင်မသိမ်းလုံချည်၏ အောက်နားကလည်း ရင်ပြင်ပေါ်တွင် ပုံကျ၍နေပါသည်။ ပြီးတော့ ပုဝါဖြူဖြူအရှည်ကြီးကိုလည်း လျော့တိလျော့ရဲခြုံ၍ ထားပါသေးသည်။

ဆံပင်ကတော့ ထုံးစံအတိုင်း ဖားလျားချ၍ ထားသည်မို့ လေပြင်းတိုက်ခတ်လေတိုင်း ဆံနွယ်စများက ဝေ့ဝဲလှုပ်ရှား၍ နေပါသည်။

မြဒါးရှင် ဘုရားရင်ပြင်ပေါ်မှ ကြည့်လိုက်လျှင် ဖြူလွလွသဲသောင်ပြင်ကြီးနှင့် ကျောက်ဆောင်ကျောက်တန်းများ။ ပြီးတော့ ပြာလဲ့လဲ့ ဘင်္ဂလားပင်လယ်ပြင် ကျယ်ကြီး၏ အဆုံးအစမဲ့ ရေပြင်ကျယ်ကြီးကို မြင်တွေ့နေရပါသည်။

လှိုင်းခေါင်းဖြူကြီးများက တလိပ်လိပ်နှင့် ကမ်းခြေကို ပြေးလာလိုက်၊ ရေမြှုပ်များ၊ ရေစက်ရေမွှားများ၊ ရေလှိုင်းကြက်ခွပ်များအဖြစ်နှင့် ပြန်ဆင်းပြေးလိုက်ဖြင့် စီးချက် ဝါးချက်မှန်မှန် လှုပ်ရှား၍နေပါသည်။

"မောင်"

"ဘာလဲ အင်ုံ"

"ကျွန်မ ပျော်လိုက်တာမောင်ရယ်၊ ဒီနေ့ကစပြီးလေ မောင်နဲ့ကျွန်မ ဘယ်တော့မှ မခွဲကြတော့ဘူးနော် မောင်၊ အရိမေတ္တေယျမြတ်စွာဘုရားပွင့်ရင်လည်း အတူဖူးပြီး အတူနိဗ္ဗာန်ကို ဝင်ကြမယ်နော် မောင်"

မြတ်လေးငုံ၏ မျက်နှာလေးက ပျော်လွန်း၍ ထင်ပါသည်။





ဖြိုးကြည်ဝင်းပ ရွှင်လန်းတက်ကြွ၍နေပါသည်။

"အမှန်တော့လေ မောင့်ကို ကျွန်မနဲ့အတူ ခေါ်သွားဖို့ အချိန်က နည်းနည်း လိုပါသေးတယ်မောင်၊ ဒါပေမဲ့ ဒီကနေ့ဆိုရင် မောင့်အပေက မောင့်အဘိုးကို ခေါ်လာ ပြီလေ၊ မနက်ဖြန် သန်ဘက်ခါလောက်ဆိုရင် မောင်နဲ့ခင်ထားရီတို့ စေ့စပ်ကြောင်းလမ်း ကြတော့မယ်လေ မောင် . .

အဲဒီအခါကျရင် သူနဲ့မောင်က လက်မထပ်ကြရသေးပေမယ့် အကြင် လင်မယားဖြစ်ဖို့အတွက် တရားဝင်စေ့စပ်ထားကြတဲ့ သတို့သမီးလောင်းနဲ့ သတို့သား လောင်းတွေ ဖြစ်သွားကြပြီပေါ့မောင်၊ အဲဒီအခါကျရင် ကျွန်မတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ အလေးထားပြီး စောင့်ထိန်းလိုက်နာကြတဲ့ ငါးပါးသီလထဲမှာ ကာမေသုမိစ္ဆာစာရကံကို အပြည့်အဝချိုးဖောက်ခြင်း မဟုတ်တောင် တစ်ဝက်တစ်ပျက် ချိုးဖောက်သလို ဖြစ်သွားပြီလေ . .

အဲဒီတော့မှ မောင့်ကို ခုလိုမျိုး ခေါ်သွားရမှာ ကျွန်မ လိပ်ပြာမသန့်ဘူး မောင်ရယ်၊ အဘိုးတို့ကလည်း ခွင့်ပြုမှာမဟုတ်ဘူးလေ၊ နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ ဝဋ်ဒုက္ခဆင်းရဲမျိုးကိုလည်း နောက်ထပ် မခံစားဝံ့တော့ဘူး မောင်၊ အဲဒါကြောင့် မနေ့ကပဲ အဘိုးကို တောင်းပန်အသနားခံပြီး အဘိုးရဲ့ ခွင့်ပြုချက်နဲ့ ဒီကနေ့ မောင့်ကို လာခေါ်ရတာပါ"

"မောင့်ကို ဘယ်ကို ခေါ်သွားမှာလဲဟင် အင်ုံ"

"ဘယ်ကိုပဲဖြစ်ဖြစ်ပေါ့ မောင်ရယ်၊ ကျွန်မသာ ခေါ်ရင်လေ မောင်က သွားကြစို့ အင်ုံရေလို့သာပြောလိုက် မောင့်လက်ကို ဆွဲပြီး


www.burmeseclassic.com

www.burmeseclassic.com



ငရဲကိုပဲမြစ်ဖြစ် မျက်စိစုံမှိတ်လို့ လိုက်ခဲ့ မှာပဲ သိလား"

မြတ်လေးသုံး၏ အသံလေးက ဝမ်းနည်းသံပေါက်၍ သွားပါသည်။

"အို . . . အို . . မဟုတ်ပါဘူး အငုံရယ်၊ အငုံနဲ့သာဆိုရင် မောင်ကလည်း ဘယ်နေရာဘယ်ကမ္ဘာမဆို လိုက်ရဲပါတယ်၊ တကယ် ပြောတာပါ"

"ကဲ . . . ဒါဆိုရင် သွားကြစို့နော် မောင်၊ ဟိုမှာ အဘိုးကလည်း မျှော်နေလောက်ပြီ"

မြတ်လေးငုံက နန်းဝေ၏လက်ကို ဆွဲ၍ ပင်လယ်ကမ်းခြေ ဘက်သို့ အတက်အဆင်းလုပ်သည့် စောင်းတန်းဘက်ဆီသို့ လျှောက်လာ ခဲ့ပါသည်။

သူတို့ လာနေသည်ကို မြင်သည့်အတွက် စောင်းတန်းထိပ်က လှေကားထစ် အုတ်ခုံတွင်ထိုင်နေသည့် မြတ်လေးငုံနှင့် သက်တူရွယ်တူ ခန့်ရှိ ကောင်မလေး နှစ်ယောက်က လှေကားထစ်များအတိုင်း အောက်သို့ ဆင်းသွားကြပါသည်။

"လာ . . . မောင်"

မြတ်လေးငုံက နန်းဝေ၏ လက်ဖဝါးကို သူမ၏ လက်ဖဝါး လေးဖြင့် ဆုပ်ကိုင်ကာ အရင်ဆင်းလိုက်ပါသည်။

ထိုအခိုက် လေပြင်းတစ်ချက် တိုက်ခတ်လိုက်သည့်အတွက် နန်းဝေ၏ လည်ပင်းတွင် ရစ်ပတ်ထားသည့် မာဖလာလေးက ကိုယ်ပေါ်မှ လွင့်ကျ၍ သွားပါသည်။





နန်းဝေက လွင့်ကျသွားသော မာဖလာလေးကို လှည့်၍ ကောက်ယူမည်ပြု လိုက်ပါသည်။

"နေပါစေတော့ မောင် တောက်မနေပါနဲ့တော့ အချိန်လည်း မရှိတော့ဘူးလေ၊ ဟိုမှာ မောင့်အတွက် အဝတ်အစားတွေ အားပေး သင့်ရှိပါတယ်"

နန်းဝေမျာ ဘာတစ်ခုမှ စောဒက တက်မနေသာတော့ပါ။ အမှောင်ရိပ်တို့က တစ်စထက်တစ်စ ကြီးစိုး၍လာနေပါသည်။

စောင်းတန်းလှေကားထစ် အလယ်လောက်ဆီမှ လှမ်း၍ ကြည့်လိုက်သည့်အခါ ပင်လယ်ကမ်းခြေတွင် မီးရောင်တွေ ထိန်ထိန် လင်းနေသည့် ကရဝိက်လှေကြီး တစ်စင်းကို တွေ့မြင်လိုက်ရပါသည်။

ကရဝိက်လှေဦးမှာတော့ ဟိုးတလောက သူဇော် ဆုံခဲ့ရသည့် ဆံပင်ဖြူဖြူ မုတ်ဆိတ်ကျင်စွယ်ဖြူဖြူနှင့် ဝတ်ဖြူစင်ငုံ သံဝတ်ဆင် ထားသည့် အဘိုးအိုက သူတို့ ဘက်သို့ လက်ယပ်လှမ်းခေါ်နေသည်ကို တွေ့မြင်လိုက်ရပါသည်။

သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့ည၏ လဝါဝါကြီးက အရှေ့မိုးကောင်းကင်ထက်ဆီမှ တစ်စထက်တစ်စမြင့်တက်၍ လာနေ ပါသည်။

ပင်လယ်ပြင်မှ သမိန်ထောရွာကြီးဆီသို့ ပြန်လာသည့် ငါးဖေါ် ငါးဖမ်းစက် လှေတစ်စင်းပေါ်မှ ရေလုပ်သားကြီး သုံးဦးကမူ မီးရောင် တွေ ထိန်ထိန်လင်းလျက် ပြဒါးရှင်ဘုရား၏ ကမ်းခြေမှနေ၍ အရှေ့ဘက် ဆီသို့ ဦးတည်ကာသွားနေသော ကရဝိက်လှေကြီးတစ်စင်းကို ကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com

အုံဩမဆုံးဖြစ်နေကြပါသည်။

ပို၍ အံ့ဩမိသည်က ယင်းကရဝိက်လှေကြီးမှာ ရွက်လည်း မလွှင့်၊ လှေလှော် သားလည်းမပါ၊ စက်သံလည်းမကြား ရပါဘဲနှင့် လေးညို့မှ လွှတ်လိုက်သော မြားတစ်စင်းနှယ် တရိပ်ရိပ်နှင့် ပြေးသွားနေခြင်းပင်ဖြစ်ပါသည်။

ပြီးတော့ ဤကရဝိက်လှေကြီးမျိုးက ယခုလို ပင်လယ်ခရီးကို သွားဖို့မဟုတ်ဘဲ တန်ဆောင်တိုင်မီးထွန်းပွဲအချိန်မျိုးတွင် လှေသမ္ဗာန်၊ မော်တော်အစရှိသည်တို့တွင် ဝါး၊ နှီး၊ သစ်သား ပိတ်စစက္ကူများဖြင့် ဆေးခြယ်အလှဆင်တည် ဆောက်ကာ မြစ်ထဲ ချောင်းထဲ၌ အတီးအမှုတ် အကအခုန်များဖြင့် ဆီးမီးမျှောသည့် အခါမျိုးတွင်သာ အသုံးပြုသည့်ကို တွေ့မြင်ဖူးပါသည်။

သူ[illegible]ဘစ်တွေ ကြည့်နေစဉ်အတွင်းမှာပင် ကရဝိက်လှေကြီးက တဖြည်း ဖြည်းနှင့် ဝေး၍ဝေး၍ သွားနေပြီး မကြာမီ တစ်ခဏအတွင်း မှာပင် သူတို့မြင်ကွင်းမှ ပျောက်ကွယ်၍ သွားပါတော့သတည်း။





## အခန်း (၁၆)
## ရေမှာသွား ငါးလည်းမဟုတ်

ထိုနေ့ ထိုရက်၊ ထိုအချိန်မှစကာ နန်းဝေတစ်ယောက် သမိန်[illegible] ရွာ ကြီးမှနေ၍ ပျောက်ခြင်းမလှ ပျောက်ကွယ်၍ သွားပါတော့သတို့။

သိတင်းကျွတ် နောက်ဆုံးညမှို ပြဒါးရှင်ဘုရားသို့ [illegible] ဆီမီးပူဇော်သူများ၏ သတင်းပေးချက်အရ ဘုရား[illegible] ချွတ်၍ထားခဲ့သည့် နန်းဝေ၏ ကတ္တီပါဖိနပ် [illegible] ပင်လယ်ကမ်းခြေဘက်သို့ အဆင်း[illegible] အပေါ်ဆင့်တွင် တင်ကျန်နေသည့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

အုံဩမဆုံးဖြစ်နေကြပါသည်။

ပို၍ အုံဩမိသည်က ယင်းကရဝိက်လှေကြီးမှာ ရွက်လည်းမလွှင့်၊ လှေလှော် သားလည်းမပါ၊ စက်သံလည်းမကြား ရပါဘဲနှင့် လေးညို့မှ လွှတ်လိုက်သော မြားတစ်စင်းနှယ် တရိပ်ရိပ်နှင့် ပြေးသွားနေခြင်းပင်ဖြစ်ပါသည်။

ပြီးတော့ ဤကရဝိက်လှေကြီးမျိုးက ယခုလို ပင်လယ်ခရီးကို သွားဖို့မဟုတ်ဘဲ တန်ဆောင်တိုင်မီးထွန်းပွဲအချိန်မျိုးတွင် လှေသမ္ဗာန်၊ မော်တော်အစရှိသည်တို့တွင် ဝါး၊ နှီး၊ သစ်သား ပိတ်စစက္ကူများဖြင့် ဆေးခြယ်အလှဆင်တည် ဆောက်ကာ မြစ်ထဲ ချောင်းထဲ၌ အတီးအမှုတ် အကအခုန်များဖြင့် ဆီးမီးမျှောသည့် အခါမျိုးတွင်သာ အသုံးပြုသည့်ကို တွေ့မြင်ဖူးပါသည်။

သူ(ငို့)ဘစ်တွေ ကြည့်နေစဉ်အတွင်းမှာပင် ကရဝိက်လှေကြီးက တဖြည်း ဖြည်းနှင့် ဝေး၍ဝေး၍ သွားနေပြီး မကြာမီ တစ်ခဏအတွင်းမှာပင် သူတို့မြင်ကွင်းမှ ပျောက်ကွယ်၍ သွားပါတော့သတည်း။





# အခန်း (၁၆)
## ရေမှာသွား ငါးလည်းမဟုတ်

ထိုနေ့ ထိုရက်၊ ထိုအချိန်မှစကာ နန်းဝေတစ်ယောက် သမိန်ထော ရွာ ကြီးမှနေ၍ ပျောက်ခြင်းမလှ ပျောက်ကွယ်၍ သွားပါတော့သည်။

သီတင်းကျွတ် နောက်ဆုံးညမို့ ပြဒါးရှင်ဘုရားသို့ လာရောက် ဆီမီးပူဇော်သူများ၏ သတင်းပေးချက်အရ ဘုရားအဝင်မုခ်ဦးတွင် ချွတ်၍ထားခဲ့သည့် နန်းဝေ၏ ကတ္တီပါဖိနပ် နက်ပြာလေးတစ်ရံနှင့် ပင်လယ်ကမ်းခြေဘက်သို့ အဆင်းအတက် စောင်းတန်းလှေကားခုံ အပေါ်ဆင့်တွင် တင်ကျန်နေသည့် နန်းဝေ၏ သ[illegible]ပ်အပြာကွက်



www.burmeseclassic.com

www.burmeseclassic.com

မာဖလာလေးကို ပြန်လည် တွေ့ရသည်ကလွဲ၍ နန်းဝေနှင့် ပတ်သက်သည့် နောက်ထပ် သတင်းတစ်စုံတစ်ရာကို မရရှိကြတော့ပါ။

သို့ပါသော်လည်း

နန်းဝေတစ်ယောက် သမိန်ထောရွှာကြီးမှ ရုတ်တရက်ပျောက်ကွယ်သွားခဲ့ပြီးနောက် တစ်လခန့်အကြာမှာတော့

ပြင်ခရိုင် ဟိုင်းကြီးကျွန်း၊ လိပ်ကျွန်းနှင့် မော်တင်စွန်းအနီးတဝိုက်တွင် သွားလာနေကြသော လှေ၊ သမ္ဗာန်များ၊ ဂါးများ၊ သင်္ဘောများပေါ်မှ နေ၍ သူတို့နှင့်မလှမ်းမကမ်းရှိ ပင်လယ်ပြင်တွင် ငုတ်ချည်၊ ပေါ်ချည်နှင့် ကူးခတ်သွားလာနေသော ရေသူအထီး၊ အမစုံတွဲလား၊ သို့တည်းမဟုတ် လူသဏ္ဍာန်နှင့် အလွန်နီးနီးစပ်စပ်တူညီသည့် ရေဝက်လိုလို၊ လင်းပိုင်လိုလို ရေသတ္တဝါအထီး၊ အမ စုံတွဲကို ရံဖန်ရံခါ တွေ့မြင်လိုက်ကြရသည်ဆိုသည့် သတင်းကလည်း နန်းဝေ၏သတင်းနှင့်အတူ ဤနယ်တစ်ဝိုက်တွင် အတူးအဆန်းသဘွယ် ပေါ်ပေါက်ခဲ့ပါသည်။

မင်းဘုန်းထိး

ကြောင်ရှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com